
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




www.burmeseclassic.com

www.burmeseclassic.com


၈၉၅.၈၃

မြပုလဲခင်

အမုန်းရိပ်မှာ ပုန်းအိပ်၍မရသောလိပ်ပြာ/မြပုလဲခင်။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၀၉။

၂၇၄ - စာ၊ ၁၂.၅ × ၁၈.၂ စင်တီ။

(၁) မြပုလဲခင်



## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၆၁၀၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၄၄၀၁

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊
သီတာလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်မြို့။


**ဖြန့်ချိရေး**

အောင်မြင်စာပေ၊
အမှတ်(၁)၊
အောင်ဘာလေလမ်း၊
ကျောက်မြောင်း။

ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊
နှင်လအုပ်ရေ(၅၀၀)
တန်ဖိုး(၁၆၀၀)ကျပ်

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊
အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။



www.burmeseclassic.com





# အခန်း(၁)

ရှိန်းဝေဇာ ရင်ထဲ မတင်မကျသောစိတ်ကတော့ ဖြစ်ထွန်းသွေ့တွ်ရှိသည်။

လွတ်လပ်မှုကို ခုံမင်သည့် သူ့အတွက် လူပျိုလူလွတ်ဘူသော ဂုဏ်ပုဒ်ကို လက်လွှတ်ရမှာလည်း စိုးရိမ်သည်။

မိဘ၊ ညီအစ်ကိုမောင်နှမတွေက တလေသံတည်း ညီညီညာညာ ထွက်ထားသည်က. . .

"ရှာမှရှားတဲ့ အလှစားလေး၊ လှလွန်းတာထက် အပြစ်ကင်းစင်အောင် ဖူးမွှတ်နေပုံလေးက တကယ့်ကို စွဲလန်းလောက်တဲ့ တောင်မလေး"



www.burmeseclassic.com

www.burmeseclassic.com



တူ၍ဖြစ်ခြင်းကြောင့်. . .

ရှိန်းတေဇာကလည်း သာမန်ပုထုဇဉ် လူသားပုရိသတစ်ဦး ပေပဲမို့ ညွန်းလွန်းသူကို တွေ့ချင်လာမိသည်။ ထို့ကြောင့် မိခင်၏ ခေါ်ဆောင်ရာသို့ ကောက်ကောက်ပါအောင် လိုက်ချလာခဲ့မိသည်။

"မေမေ"

ငြိမ်သက်နေမှုကို သူ မလိုလားသဖြင့် မိခင်ကို လှမ်းအသံပေးလိုက်သည်။

"ဘာလဲ. . . ဒီမှာ ဘုရားစာ ရွတ်နေတာ"

"ရွတ်ပါ. . . မနက်ကော ညကော ဘုရားခန်းမှာလည်း ရွတ်နေပြီးတော့ မပြီးသေးဘူးလား၊ သားမေးစရာရှိလို့"

"ဘုရားစာပဲ. . . ဘယ်နှစ်ခါရွတ်ရွတ်ပေါ့၊ ဘုရားတရားကို အာရုံညွတ်ထားတယ်ဆိုတာ ကုသိုလ်အလုပ်ပဲ သားရဲ့၊ ကဲပါ. . . မေး. . ဘာမေးမလို့လဲ"

"မေမေတို့ သဘောတူတဲ့ ကောင်မလေးနာမည်က ဘယ်သူ"

"နေရတနာစံတဲ့. . . ကောင်မလေး မဟုတ်ပါဘူး၊ သားထက် ငယ်လှ တစ်နှစ်ပဲ"

"ဟင်"

"ဘာလဲ. . . သားက ငယ်ငယ်ရွယ်ရွယ်လေးမှ သဘောကျတာလား"

နှုတ်ကတော့. . .

"မဟုတ်ပါဘူး မေမေရာ၊ ငယ်တော့ ကိုယ့်ကို လေးလေးစားစား ရှိမယ်ထင်လို့ပါ"





ဟု ပြောလိုက်ရသော်လည်း စိတ်ထဲမှာတော့ သူ့အသက် (၂၆)နှစ်ဆိုတော့ သူ့ထက် အနည်းဆုံး (၈)နှစ်လောက်တော့ ငယ်စေချင်သည်။ ဒါမှ သူငယ်ချင်း အပေါင်းအသင်းများကြားဝယ် ခန့်ချော၏အလှနှင့် ငယ်ဂုဏ်ကို ထုတ်ဖော်ကြွားဝံ့နိုင်မည်။

"ဒါကတော့ အိမ်ထောင်ဦးစီးက ရှိသေထိုက်အောင် နေရင် ရှိသေမှာပဲပေါ့၊ ဒါအတွက်တော့ ပူစရာမလိုပါဘူး၊ ငယ်ငယ်ကြီးကြီး မေမေတို့ ဗုဒ္ဓဘာသာ မိန်းမရှိုးဖလာအရတော့ လင်ကိုဘုရားဆိုတဲ့စကားလည်း ရှိတာပဲ၊ လူကြီးမိဘ အဆုံးအမနဲ့ ကြီးပြင်းလာခဲ့တဲ့ သမီးအငယ်ဆုံးကလေးပါကွယ်၊ သား ဘာမှ ကြောင့်ကြစရာမလိုဘူး"

ရှိန်းတေဇာ နှုတ်ဆိတ်သွားရတော့သည်။ မိခင်က ရှည်ရှည်ဝေးဝေး ရှင်းပြနေလေလေ သူ့စိတ်ထဲ နေရတနာစံကို တွေ့ချင်လာလေလေဖြစ်သည်။

"ရပြီ သား. . . ရှေ့လမ်းထဲ ညာကွေ့မယ်"

"ဟုတ်ကဲ့ မေမေ"

"သား ဒီတစ်ခါတော့ ချေးမများနဲ့တော့နော်၊ မေမေတို့လည်း မျက်နှာပျက်ရပေါင်းများပြီ"

"အပြစ်ရှိရင်တော့လည်း. . ."

မေမေက သူငယ်ချင်းမိတ်ဆွေတွေ၏သမီးပျိုလေးတွေနှင့် သူ့အား မကြာခဏ တွေ့ဆုံပေးခဲ့သည်။ သူနှစ်သက်က အိမ်ထောင်ဖက်အဖြစ် ရွေးချယ်နိုင်စေရန်ဖြစ်သည်။

၆လေးယောက် ရှိထားခဲ့ပြီး သူသဘောမကျခဲ့သဖြင့် ငြင်းဆယ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို စကားလွှန်ထားဟန်တူသော မိခင် ဒေါ်ခတ္တာလှိုင်က ဆိုလိုရင်းဖြစ်သည်။

"ဘာအပြစ်ရှိမှာလဲ. . . ဘာအပြစ်မှ မရှိဘူး၊ မေမေ သူတို့အိမ်ကို ဝင်ထွက်နေတာ လေးငါးခါ ရှိပြီ၊ သိပ်တော်ပြီး ဖြူစင်လွန်းတဲ့ မိန်းကလေး"

"တော်တယ်. . တော်တယ်ဆိုတာ. ."

ရှိန်းတေဇာ တွန့်ကနဲ ဖြစ်သွားပြီး မိခင်ကို မေးခွန်းထုတ်လိုက်သည်။ များသောအားဖြင့် ယောက်ျားများသည် မိမိတို့ထက် တော်၍ ထူးချွန်ထက်မြက်သော ဇနီးမယားကို အလိုမရှိကြ။ သူတို့၏ ဩဇာခံ ဇနီးမယားကိုသာ အလိုရှိကြသည်။ ဒါ ပုရိသတို့၏ စိတ်ကြီးဝင် တစ်ကိုယ်ကောင်းဝါဒ ထင်ပါသည်။ ရှိန်းတေဇာလည်း ထို့အတူပင်။

"သူ့အလုပ် သူ့ပညာမှာလည်း တော်တာပဲ၊ ရှေ့. . ရှေ့ခြံသား၊ တံခါးဖွင့်ထားတယ်၊ တစ်ခါတည်းသာ ချိုးဝင်လိုက်တော့"

ရှိန်းတေဇာ ကားကို မိခင်ညွှန်ပြသည့်ခြံထဲသို့ တစ်ခါတည်း ကွေ့ဝင်လိုက်သည်။

"ဝုတ်. . . ဝုတ်"

ကားက ပေါ်တီကိုအောက်အရပ်တွင် သူ့အား ဆီးကြိုဟောင်လိုက်သော ခွေးနှစ်ကောင်ကြောင့် ရှိန်းတေဇာ စိတ်အနှောင့်အယှက် ဖြစ်သွားရသည်။

"တိုးပွား. . စုတ်ဖွား. . ဒါ အန်တီ့သား၊ ငြိမ်ငြိမ်နေကြ"

မိခင်နှင့် ရွယ်တူအမျိုးသမီးကြီးက ထွက်လာပြီး ခွေးနှစ်ကောင်ကို လှမ်းပြောလိုက်သည်နှင့် ခွေးနှစ်ကောင်က သူ့အား





ကြည့်ကာ တအီအီ လုပ်၍ အမြီးနှံ့ကာ ကြိုလေသည်။

ဗုဒ္ဓေါ. . . ဒီခွေးမသားတွေက လူ့စကား အမှန်တကယ် နားလည်နေတာပါလား။

"လာ. . . ခတ္တာ၊ ခတ္တာသားက ခတ္တာနဲ့ တူလို့ထင်တယ်၊ လူချောပဲ၊ သားလည်း ဝင်ပါ"

"သား. . . မေမေပြောတဲ့ ဒေါ်ခိုင်ဇာဝင်းလေ"

"ဟုတ်ကဲ့ အန်တီ၊ တွေ့ရတာ ဝမ်းသာပါတယ်"

သူ့သမီးလိုချင်ရင် သူ့အမေကို အရင်ကြည့် ဆိုစကားကဲ့သို့ အသက်(၅၀)အရွယ် ရှိသော်လည်း နုပျိုဆဲ၊ အရွယ်မကျလှပဆဲမို့ သူ့စိတ်ထဲ အနည်းငယ်တော့ ကျေနပ်သွားသည်။

ထားတော့. . . ဒါက ရုပ်တရား၊ အရေပြားတစ်ထောက်စာ အလှ။ အမေလှ၍ သမီးလှမည်။ သို့သော်. . .

စိတ်ထားအလှက အရေးကြီးသေးသည်။

ဧည့်ခန်း ကျွန်းဆက်တီဝယ် အသီးသီး နေရာယူပြီးချိန်၌ ရှိန်းတေဇာ ခြေထောက် တွန့်ကနဲ ဖြစ်သွားရသည်။ ငုံ့ကြည့်လိုက်တော့. . လား. . လား. . ကြောင်တစ်ကောင်။ သူ့ခြေထောက်ကို သယ်ရွှေ့လိုက်သော်လည်း မရ။ စိတ်ထဲ ကသိကအောင့်နှင့် သည်းခံနေရလေသည်။

"သမီးလေးကော"

"မပြောချင်ဘူး ခတ္တာရေ၊ စောစောကပဲ သူ့ဆေးခန်းက ပြန်လာလို့ အပြေးအလွှား ထွက်သွားလေရဲ့၊ မိုးအောင် ပြန်လာခဲ့ မယ်တော့ ပြောတာပဲ"

ရှိန်းတေဇာ ရင်ထဲ 'ဟင်' ကနဲ ဖြစ်သွားသည်။ ဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com



လေလား၊ မေမေပြောသံလည်း မကြားပါဘူး၊ ဧည့်သည်လာမည် အချိန်အချက် လုပ်ထားပြီးမှ တမင်ရှောင်ထွက်သွားတာဆိုရင်တော့ သူနှင့် ပဋိပက္ခ နိဒါန်းပျိုးပေတော့မည်။

ဟော. . . ကြောင်တစ်ကောင် အိမ်ပေါ်က ကဆုန်ပေါက်ဆင်းလာလေပြီ။ တစ်ကောင်မဟုတ်၊ နောက်မှ ပေါက်စလေးနှစ်ကောင်။ မဟုတ်ဘူးဟ၊ သုံးကောင်တောင်၊ များလှချည်လား။

ရှိန်းတေဇာ စက်ဆုပ်ရွံရှာသလို ကြည့်နေမိသည်။

အိမ်အလုပ်သမား လာချပေးသော အအေးနှင့် စားဖွယ်သောက်ဖွယ်တို့ကို. . .

"မောင်ရှိန်းတေဇာ စားပါ၊ အအေးလည်း သောက်ပါဦး၊ သားမေမေနဲ့ အန်တီတို့က တွေ့ရင် စားစရာသောက်စရာလည်းမေ့၊ အားလုံးမေ့တော့တာပဲ"

လိုက်လာမိတာ မှားပြီထင်တယ်၊ အမေနှစ်ယောက်က ရေပက်မဝင် ဖြစ်နေတော့ သူ့မှာ ဝေါင်စင်းစင်းကြီး ဖြစ်နေလေသည်။

ခြေထောက်အောက်က ကောင်က သူ့ခြေထောက်ကို ဆော့ကစားရာမှာ ငုံခံလိုက်သဖြင့်. . .

"အား. . ."

သူ ဒေါကန်ကန်နှင့် ခြေထောက်နှင့် ကန်ရုန်း,ရုန်းလိုက်သည်။

"ညောင်. . ."

"ဟဲ့. . . ရွှေဝါ. . ဘာဖြစ်တာလဲ"

ကြောင်ဝါကြီး အမြီးတန်းကာ ထွက်ပြေးသွားလေတော့





သည်။ ဒေါ်ခိုင်ဇာဝင်းက ကြောင်ကို ကြည့်ပြီး သူ့ဘက် လှည့်လိုက်ရာ သူက ဘာမှမဖြစ်သလို ဂျာနယ်တစ်စောင် ယူဖတ်နေလိုက်သည်။ ကြာကြာနေ၍မရ။

"မေမေ နေခဲ့မလား၊ သားကိစ္စရှိလို့ ခဏသွားလိုက်ဦးမယ်"

"နေပါဦး သားရဲ့. . . မကြာပါဘူး"

"ခဏလေး သား၊ အန်တီ သမီးဆီ ဖုန်းဆက်လိုက်ဦးမယ်"

ရှိန်းတေဇာ ထိုင်ရနိုး ထရနိုး ဖြစ်သွားသည်။ အမေတွေကလည်း ပေါ်တင်ကြီး သားနှင့်သမီးကို ပေးတွေ့နေချင်ကြသည်။

မျက်နှာပူသလိုလို ရှိကာ ရှိန်းတိန်းဖိန်းတိန်းပင် ဖြစ်သွားသည်။

"ဟယ်လို နေနေ×××အေး. . အေး. . မြန်မြန်လာ×× ကားကိုလည်း သတိနဲ့ မောင်းဦးနော်"

ဖုန်းကို ပိတ်လိုက်ပြီး ဒေါ်ခိုင်ဇာဝင်းက သူ့ဘက် ပေါ်တင်ကြီး ကြည့်ကာ. . .

"လာပြီ. . . လမ်းရောက်နေပြီတဲ့ သား၊ ဒီလိုပဲ. . . သမီးက ပေးရှင့်တွေနဲ့ ပတ်သက်လာရင် အရမ်းစေတနာထားတာ"

လက်စသတ်တော့ ဒေါ်ခိုင်ဇာဝင်း၏သမီးက ဆရာဝန်ပေကိုး၊ ဘယ်ဆေးရုံမှာ လုပ်သလဲ ဘာညာသာရကာ မေးခွင့်မရလိုက်။ ဒေါ်ခတ္တာလှိုင်နှင့် သူ၏မယ်တော် ဒေါ်ခိုင်ဇာဝင်းတို့မှာ မပြတ်သေးသော စိန်အကြောင်း ရွှေအကြောင်းကို ရောက်သွားလေတော့သည်။

သိပ်မကြာလိုက်၊ သူ၏ပျင်းရိငြီးငွေ့နေခြင်းဆို. . .

လားလား. . . ဘာဖြစ်တာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ညောင်"

"ညောင်"

အသံမျိုးစုံနှင့် ရောင်စုံ ဆိုဒ်မျိုးစုံ ကြောင်တို့ အလျှိုလျှို အိမ်ဝဆီသို့ စုပြုံသွားသည်။ နောက်. . ခွေးတွေကလည်း. . .

"အီအီ. . . အီအီ"

အမြီးနှံ့ကာ ပေါ်တီကိုအောက်ဆီသို့ စုပြုံပြေးလာသည်။

သူ့ကားက ပေါ်တီကိုအောက် ရပ်ထားသည်ဆိုတော့ ဝင်လာသောကားကို မမြင်လိုက်ရ။

သို့သော်. . .

"ဟဲ့. . . တိုးပွား၊ နှင့်ကိုယ်ကြီးနဲ့ ကလေးတွေကို နင်းမိဦးမယ်. . . ဖယ်ဖယ်၊ ရွှေဝါ၊ ရွှေကျား၊ ဖြူမတို့ ဝင်ဝင်၊ ကိုယ့်ကလေးကိုယ်ခေါ်. . . သွားကြ"

အသံစီစီလွင်လွင်လေးနှင့်အတူ ကြောင်များခွေးများကို ခြံရံ၍ အိမ်ထဲ ဝင်လာသော အမျိုးသမီးချောကို ရှိန်းတေဇာ ထူးဆန်းတွေ့လာ အံ့သြဖွယ်ရာ မြင်ကွင်းတစ်ခု တွေ့မြင်လိုက်ရသည့်အလား မျက်လုံးအပြူးသား ငေးကြည့်မိလျက်သား ဖြစ်သွားလေတော့သည်။







## အခန်း(၂)

နေရတနာခစံ ကြောင်မဖြူမမှ ပေါက်ဖွားလာသော ကြောင်ပေါက်စလေး(၃)ကောင်ကို ပိုက်ကာ အိမ်ထဲ ဝင်လာခဲ့သည်။ ကျန်အကောင်တွေကလည်း နှင်ထုတ်၍မရတော့။ ဒီအတိုင်းပဲ ဝင်လာခဦ. . .

တွန့်နေသော ဇင်ယော်တောင်မျက်ခုံးနှစ်ဖက်အောက်မှ စူးရှသော မျက်ဝန်းနက်တစ်စုံနှင့် ရင်ဆိုင်လိုက်ရသည်။

ရင်ထဲ 'ဒိန်း' ကနဲ မြည်သံတစ်ခု ရုတ်တရက် ဖြစ်ပေါ်လာသည်။ ဒါ သံစဉ်သစ်တစ်ခုပေပဲ။

"လာ. . . နေနေ၊ သမီးကောင်တွေ ချထားပါဦး၊ အေးအေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေး စကားပြောရအောင်”

“ကလေးတွေက နှင်လို့မှ မရတာ”

နေရတနာစံ ပြောပြောဆိုဆိုနှင့် ဆိုဖာတစ်လုံး ဝင်ထိုင်လိုက်စဉ် ထုံးစံအတိုင်း သူ့ကလေးတွေက ပေါင်ပေါ်ကော၊ ဘေးမှာရော၊ ခြေရင်းမှာပါ ခယ,ဝပ်စင်းကုန်ကြလေတော့သည်။

“နေနေ. . . ဒါ မောင်ရှိန်းတေဇာလေ၊ မေမေပြော,ပြောနေတဲ့ အန်တီခတ္တာသားပေါ့”

“ဟုတ်ကဲ့. .”

မျက်လွှာလေးပင့်၊ မျက်တောင်ကို တစ်ချက်ပုတ်ခတ်လိုက်ပြီး မျက်လွှာပြန်အချတွင် စူးစူးစိုက်စိုက် ကြည့်နေမိသော ရှိန်းတေဇာ ရင်ထဲ မချင့်မရဲလေးနှင့် ကလိကလိ ဖြစ်သွားသည်။ ထူးခြားသော ခံစားမှုအသစ်တစ်ရပ် မွေးဖွားလာခဲ့လေပြီ။

ကြောင်တစ်ရာ၊ ခွေးတစ်ရာတို့ ခြံရံလျက်ကြားက မျက်နှာလှလှလေးနှင့် အပြစ်ကင်းကာ ကြည်လင်သော မျက်ဝန်းနက်လေးတစ်စုံ ရင်ထဲ လန်းသွားသည်။

“သား. . . အန်တီဝင်းသမီး နေရတနာစံလေ၊ အားလုံးကတော့ နေနေလို့ပဲ ခေါ်တယ်”

“ဟုတ်ကဲ့”

သူက ဟုတ်ကဲ့ဆိုတော့၊ ကိုယ်ကလည်း ဟုတ်ကဲ့ပေါ့၊ အပိုအလိုမရှိ ကွက်တိပင်။

အမေနှစ်ယောက်က လူငယ်နှစ်ယောက်ကို ကြည့်ပြီး အားမလိုအားမရ ဖြစ်နေသည်။ ရေခဲတုံးကိုများ ဖင်ခုထိုင်ထားကြလေသလားမသိ။ အေးတိအေးစက်နှင့်။ ထို့ကြောင့် အိမ်ရှင်





ခေါ်နိုင်ဇာဝင်းကပင်. . .

“သြော်. . . ခတ္တာရေ၊ ခတ္တာကို အဝင်း ပြစရာရှိလို့. . . သား. . . လာ”

“ကိုင်း. . . သားနဲ့သမီး ပြောကြဦးနော်”

လူငယ်တွေက မလှုပ်တော့ လူကြီးတွေက လှုပ်ဖို့တွန်းအားပေးတာ နေရာအသီးသီးက ထကာ ထမင်းစားခန်းဘက်သို့ ဝင်သွားကြလေတော့သည်။

ဧည့်ခန်းမကြီးဝယ် အပ်ကျသံ ကြားလောက်အောင် တိတ်ဆိတ်ငြိမ်သက်စွာ ကျန်ရစ်ရာက အငြိမ်မနေတတ်သော သဘာဝ ရှိသည့် ကြောင်တိရစ္ဆာန်တို့က နေရတနာစံပေါ်မှ ဆင်းကာ ကြမ်းပြင်ထက် ဆော့ကစားကြလေသည်။ ခွေးတိရစ္ဆာန်တွေကလည်း ခြံထဲသို့ ပြန်ဆင်းသွားကြလေသည်။

ဒီတိရစ္ဆာန်ကောင်တွေကပဲ အကင်းပါးတာလားမသိ။ လူကြီးတွေ ရှောင်တော့ သူတို့ကပါ ရှောင်ပေးရမည်ဟုများ သိနေလေရော့သလားဟု ရှိန်းတေဇာ တွေးနေမိသည်။

“ဒီမှာ. .”

“ပြော. .”

“ခင်ဗျား အိမ်ထောင်ပြုရင် ဒီခွေးတွေကြောင်တွေက ပါလာဦးမှာလား”

ခုရှုပ်မှ နောင်ရှင်းမို့ ရှိန်းတေဇာ ခပ်ပြတ်ပြတ်ပင် မေးခွန်းထုတ်လိုက်သည်။

“ရှင်”

နေရတနာစံ ရုတ်တရက်ကြောင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မေးတာ ရှင်းရှင်းလေးပါပဲ၊ ခင်ဗျား နားမရှင်းဘူးထင်တယ်၊ ဒါဆိုရင် ထပ်မေးမယ်၊ ခင်ဗျားအိမ်ထောင်ပြုရင် ခင်ဗျားတိရစ္ဆာန်တွေက ခင်ဗျားနဲ့အတူ လိုက်ပါလာမှာလား"

နေရတနာစံ ကောင်းစွာသဘောပေါက်သွားသည်။ ရှိန်းဇော်ဇာမျက်နှာ ခပ်တည်တည်နှင့်မို့ တိရစ္ဆာန် ချစ်တတ်ပုံမရဟုလည်း သဘောပေါက်လိုက်မိသည်။ ထို့ကြောင့် ခပ်ရွဲ့ရွဲ့ပင်. . .

"ဒါပေါ့. . . ပါမှာပေါ့၊ ကျွန်မမွေးထားတဲ့ ကောင်လေးတွေပဲဟာ"

"ဗုဒ္ဓေါ" ဟု ရင်ထဲ အာမေဋိတ်သံ မြည်ဟီးသွားလေသည်။ ထို့ကြောင့်. . .

"ဒီလိုဆိုရင်တော့ မဖြစ်ပါဘူး"

"ဘာမဖြစ်တာလဲ"

နေရတနာစံ နားမလည်စွာဖြင့် မေးခွန်းပြန်ထုတ်လိုက်လေသည်။

"အမိနဲ့ လက်ထပ်ဖို့ကိုပေါ့"

"ဘာရှင့်. . . ဘယ်သူက လက်ထပ်ခိုင်းနေလို့လဲ"

"မိဘတွေ. ."

နေရတနာစံ မျက်နှာနီရဲသွားသည်။ ယောက်ျားလေးဘက်က ငြင်းပယ်ခံလိုက်ရသလို ခံစားလိုက်ရသဖြင့် မာနကိုလည်း ထိုးဆွလိုက်သကဲ့သို့ ဖြစ်သွားရာ. . .

"မိဘတွေ ဘယ်လောက်ပဲ သဘောတူတူ ကာယကံရှင်တွေ လက်မခံရင် ပြီးတာပဲ၊ ရှင်မကျေနပ်ရင် ငြင်းပေါ့၊ ငြင်းပိုင်ခွင့် ရှင့်မှာ ရှိတယ်၊ ကျွန်မလည်း ရှင့်ကိုငြင်းမှာပဲ၊ ဒါ ဘာမှ ပြဿနာ





မရှိပါဘူး၊ ရှင်က တိရစ္ဆာန်လေးတွေ မချစ်တတ်ဘူးထင်တယ်"

"ဟုတ်တယ်. . . ရွံတယ်"

"ကျွန်မကတော့ သိပ်ချစ်တယ်"

အိုးရွဲ့ စလောင်းရွဲ့ ဖုံးမိကြလေပြီ။

"ဒါဖြင့် လက်ထပ်ဖို့ မဖြစ်နိုင်ကြဘူးဆိုတာ သေချာပြီ၊ ကျုပ် ငြင်းရလိမ့်မယ်"

"ငြင်းပါ. . . ကျွန်မကလည်း လူက ကျွေးမွေးမှ စားရသောက်ရ နေခွင့်ရတဲ့ အိမ်မွေးတိရစ္ဆာန်လေးတွေ မချစ်တတ်တဲ့လူနဲ့ ရေရှည်လက်တွဲဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ ငြင်းပါတယ်၊ ဒါပဲနော်၊ အမေတို့ကို သွားပြောလိုက်တော့မယ်"

ပြောပြောဆိုဆို နေရတနာစံက ထိုင်ရာမှ ထကာ ထမင်းစားခန်းဘက်သို့ ဝင်သွားလေသည်။ သူ့နောက်သို့ ကြောင်လေးနှစ်ကောင် ပြေးဆော့ကာ လိုက်ပါသွားလေသည်။

ရှိန်းဇော်ဇာရင်ထဲ မကျေနပ်အိုး ပေါက်ကွဲကာ ကျန်ရစ်သဖြင့် ထိုင်ရာမှ ထကာ ပေါ်တီကိုအောက်သို့ ဆင်းခဲ့လိုက်လေသည်။

"ဟဲ့သား. . . ဘယ်လိုဖြစ်တာလဲ"

"အားနာလိုက်တာ ခတ္တာရယ်"

အမေနှစ်ယောက် ပျာယီးပျာယာနှင့် အိမ်ပြင်သို့ ထွက်ချလိုက်လာသည်။ သို့ဆိုပြန်တော့လည်း ရှိန်းဇော်ဇာ အန်တီခိုင်ဇာခင်းကို မျက်နှာပူမိသဖြင့် မျက်နှာရှောင်လွှဲထားလိုက်သည်။

"ကိုင်း. . . အဝင်းရေ ခတ္တာတို့ ပြန်လိုက်ဦးမယ်၊ နောက်မှ အေးအေးနဲ့ ပြောကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ကောင်းပြီ. . ခေတ္တာ၊ အဝင်း စိတ်မကောင်းပါဘူးကွယ်၊ ဘာ့အကြောင်းပဲဖြစ်ဖြစ် အဝင်းတို့က အိမ်ရှင်မဟုတ်လား၊ ဧည့်သည်စိတ်ဆိုးသွားရလောက်အောင် မဖြစ်သင့်ဘူးမဟုတ်လား”

“ရပါတယ် အဝင်း၊ သားကိုကလည်း တစ်ဦးတည်းသား ဆိုတော့ နည်းနည်းတော့ ဗိုလ်ကျတတ်လို့ ဖြစ်မှာပါ၊ ကိုင်း. . . သွားပြီနော်”

မိခင်ဒေါ်ခတ္တာလှိုင်စကား ဆုံးသည်နှင့် ရှိန်းတေဇာ ကားကို မောင်းထွက်ခဲ့လိုက်သည်။

ရင်ထဲ မကျေမနပ်ခြင်းက ကြီးစိုးနေမှုကြောင့် နှလုံးသားရင်ပြင်ထက် ခေါင်းပြူထလာသော အချစ်ညှောင့်လေး ပြန်လည်ငုံ့လျှိုးဝင်သွားလေတော့သည်။







အခန်း(၂)

“သူက တိမ္မေးကုဆရာဝန်လေ သားရယ်. . . နားလည်ပေးရမှာပေါ့”

ဩော်. . . တိမ္မေးကုဆရာဝန်ကိုးဟု ယခုမှ နေရတနာခစ်ခါအလုပ်အကိုင်ကို သိလိုက်ရသည်။ မိခင်က ဖြောင်းဖျပေမယ့်သူ လက်မခံချင်။

“တိရစ္ဆာန်တွေကို ဆေးကုတာက ကုတာပေါ့၊ ချစ်ပြီးပရောပရိ လုပ်နေတာနဲ့တော့ မဆိုင်ဘူးထင်တယ် မေမေ၊ သားမှာတိရစ္ဆာန်မချစ်တတ်တာ”

“တိရစ္ဆာန်ဆိုတာ အပြစ်မဲ့ပါတယ် သားရယ်၊ သန့်သန့်မြန်မြန် ထားရင် ချစ်စရာလည်း ကောင်း၊ အပျင်းလည်း ပြေပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နေနေက အစ်ကိုနှစ်ယောက်နဲ့ (၄-၅)နှစ် ကွာပြီးမှ မွေးထား တော့ အဖော်မဲ့ရှာတယ်၊ အဲဒီမှာ ငှယ်ငယ်ကတည်းက တိရစ္ဆာန် တွေ အဖော်ပြုရင်း ချစ်တတ်သွားတာတဲ့ သားရယ်"

မိခင်က ဒေါ်ခိုင်ဇာဝင်းဆီက သိရသမျှတို့ကို သူ့အား ဖောက်သည်ပြန်ချကာ နားချနေလေသည်။

"မေမေက သူမှသူ ဖြစ်နေတာ ဘာဖြစ်လို့လဲ"

"နေနေက ချစ်မွေးပါတယ်ထင်တယ်၊ မေမေ မြင်ဖူးကြုံဖူး သမျှ မိန်းမပျိုတွေထဲမှာ သူ့ကိုပဲ မျက်စိကျတယ်၊ ဟန်ဆောင်ကင်း ပြီး ဖြူစင်လွန်းတယ်လို့ မေမေ ခံစားရလို့ပဲ သား၊ သားကော မခံစားရဘူးလား"

ရှိန်းတေဇာ ရင်ထဲ လက်ခံချင်သလိုလို မခံချင်သလိုလို ဖြစ်သွားသည်။

"မခံစားရပါဘူး. . . မာနကြီးတယ်လို့ပဲ သားယူဆတယ်"

"မိန်းမမာနတော့ ရှိရမှာပေါ့ သားရဲ့"

"မဖြစ်ပါဘူး မေမေရာ"

"မဖြစ်တာက သားတို့ ယူပြီးရင် တိရစ္ဆာန်တွေ ပါမလာဖို့ပဲ မဟုတ်လား၊ ဒါက ညှိယူလို့ ရပါတယ် သားရယ်"

ရှိန်းတေဇာ ငြိမ်နေလိုက်သည်။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းသဖွယ် ဖြစ်နေသည်ထင်သည်။

"မေမေ အဝင်းနဲ့ တိုင်ပင်ပြီး စီစဉ်လိုက်ပါ့မယ်၊ သား ဘာမှပူမနေနဲ့"

နေနေဆိုသော မိန်းမချောလေးကိုတော့ လိုချင်သား ပိုင်ဆိုင်ချင်သား၊ ဒါပေမယ့် နောက်ဆက်တွဲ အိမ်မွေးတိရစ္ဆာန်တွေ





ဆိုတော့ အမှိုက်အလား သူမလိုချင်။ ကရိကထ များလွန်းသည်။

သူ့ဆန္ဒပြည့်ဝမည်ဆိုတော့ ဗာဘိုင်းထက်အလွန်ပေါ့၊ ဘာမှပြောစရာမလိုတော့။

ထိုအချိန်၌လည်း ဒေါ်ခိုင်ဇာဝင်းမှာ သမီးချောလေး နေရတနာစံကို နားချလျက်ရှိသည်။

"သမီး အိမ်ထောင်ရက်သား ကျလာပြီဆိုရင် ကိုယ့်လင်၊ ကိုယ့်သားသမီးအလုပ်တွေနဲ့ အခြားသူတွေ ပေးဖို့အချိန်ဆိုတာ ချို့သလောက်ပဲ ဖြစ်လာမှာ"

"မေမေရယ်. . အိမ်ထောင်ကျသွားတာနဲ့ ကိုယ်ကျင်လည် နေတဲ့ အသိုင်းအဝိုင်း ကိုယ့်စိတ်ထဲ နှစ်သက်စွဲလမ်းရာ ဟူသမျှကို ပြောင်းလဲပစ်ရမယ်ဆိုတာ သဘာဝ မကျပါဘူး၊ သမီးကလည်း ရှိသမျှ အကောင်အကုန်လုံး ခေါ်သွားမှာမှ မဟုတ်တာ၊ ရှေ့ပါနဲ့ တိုးပွားလောက်ကိုပဲ ခေါ်သွားမှာ၊ ဒါတောင် တိုးပွားက လိုက်ဦးမှ၊ ဒါပေမယ့် တိရစ္ဆာန် မချစ်တတ်တဲ့သူနဲ့ သမီးနဲ့ ဖြစ်မယ် မထင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

နေရတနာခုံ တွေးတွေးဆဆလေး ပြောလိုက်သော်လည်း ရင်ထဲမှာတော့ မျှော်လင့်ချက် ထားနေမိသည်။ ရှိန်းတေဇ သဘောထား ပြောင်းလွဲလာပါစေဟု။

"ဒါနဲ့ မေမေ. . . အဲဒီလူက ဘာလုပ်တာလဲ"

"သူက လူကုဆရာဝန်လေ၊ ဒါကြောင့် အသန့်အပြန့် သိပ်ကြိုက်တာ၊ လောလောဆယ်တော့ မဟာဆက်တက်နေတယ် ထင်တယ်၊ ဆေးတက္ကသိုလ်မှာ အချိန်ပိုင်းနည်းပြလည်း ဝင်လုပ်နေတယ်"

ဆရာဝန်တစ်ယောက်ရဲ့နှလုံးသားဟာ နူးညံ့ပါလျက်ကယ် နှင့် တိရစ္ဆာန်ကို ရွံတတ်တယ်ရယ်လို့ ရတနာခုံ တွေး၍မရအောင် ဖြစ်နေသည်။

"မေမေကတော့ သူနဲ့ပဲ သမီးကို သဘောတူတယ်၊ သူ့ အမေကလည်း သမီးမှသမီးပဲ ဖြစ်နေတာဆိုတော့ သူတစ်ထင် လျှော့ ကိုယ့်ဘက်က တစ်ထစ်လျှော့နဲ့ ညှိနှိုင်းကြည့်ကြဦးပေါ့၊ သမီး ကို သူတွေ့ဆုံဖို့ ထပ်ချိန်းတဲ့အခါ သွားတွေ့လိုက်ပါ သမီး"

နေရတနာခုံ မှုလိုက်ချင်သေးသည်။

မိန်းမသားပေကိုး. . .။

"ဒါကတော့ သမီးအားမှ သွားတွေ့နိုင်မှာပေါ့"

"အေးပါ. . . သူအားတဲ့အချိန် ကိုယ်အားတဲ့အချိန် ဒီလိုပဲ ညှိယူကြရမှာပေါ့၊ မေမေ ခတ္တာကို ပြောထားလိုက်မယ်"

"ဟင်. . . မေမေက စပြောမှာလား"

နေရတနာခုံ မိန်းကလေးသိက္ခာတော့ တစ်ပြားသားလေး





မှ အပွန်းအပဲ့ မခံနိုင်။

"ဘယ်ကလာ. . . ခတ္တာ တောင်းဆိုထားလို့ မေမေက သမီးဆန္ဒကို ယူရတာပေါ့၊ ကိုယ့်သမီး သိက္ခာကျမယ့်အလုပ် မေမေ က လုပ်ပါ့မလား"

မိခင်စကားကို ယုံကြည်သဖြင့် နေရတနာခုံရင်ထဲ သံလုံး ကြီး ကြေပျက်သွားတော့လေသည်။

အချစ်ဆိုတာကို မတွေ့သေး၊ ရှင်းရှင်းလင်းလင်း မသိ သေးခင်မှာပင် အထစ်အငေါ့ အတားအဆီး၊ အဟန့်အတားတွေက စတင်ကာ အုံဖွဲ့လာပါလေရော့လား။

နေရတနာခုံ ပင့်သက်ရှိုက်ကာ. . .

"ဒါဆိုရင်လည်း သမီး နောက်တစ်ကြိမ် တွေ့ကြည့်ပါ့မယ်၊ သမီးဆန္ဒကို လွတ်လပ်စွာတော့ တင်ပြခွင့် ပြုရမယ်နော် မေမေ"

"အေးလေ. . . သမီးလေးသဘောပါပဲ"

မိခင်က ကျေကျေနပ်နပ်နှင့် ခွင့်ပြုသည်ဆိုတော့ နေ ရတနာခုံ ရင်ထဲ ကျေနပ်သွားလေတော့သည်။

ရှိန်းတေဇဆိုသောလူနှင့် ရေစက်မကျန်သေးဘူးဆိုလျှင် တော့လည်း ရှေ့ဆက်ရန် အလားအလာ ရှိသည်ပေါ့။

နေရတနာ ရင်ထဲ တလှပ်လှပ်နှင့် ခုန်လာသည်။


ဘုရားရေ. . . ဒီလူနှင့် ပတ်သက်၍ ရင်ခုန်လောက်သော ခံစားမှုမျိုး သူ့ရင်ကို တွယ်ငြိနေတတ်ပါပြီပကောလား။ မဖြစ်သင့်။ တစ်ခါပဲ တွေ့ဖူးရုံမျှ ရှိသေးသည့်ဟာကို။ နောက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၄)

နေရတနာစံ သူစိမ်းယောကျ်ားလေးတစ်ဦး၏ချိန်းဆိုရာသို့ သွားရောက်ရမည့်အရေး တွန့်ဆုတ်နေလေသည်။

မိခင်တွေ အစီအစဉ်နှင့်သာ သွားရောက်တွေ့ဆုံရခြင်းဖြစ်သော်လည်း ရင်ထဲ ဘဝင်မကျလှချေ။

တိရစ္ဆာန် မချစ်တတ်သောသူနှင့် တိရစ္ဆာန် ချစ်တတ်ကာ တိရစ္ဆာန်ဆေးကုသခြင်းနှင့် စိတ်ရောကိုယ်ပါ နှစ်မြှုပ်တတ်သောသူ ဘယ်နည်းနှင့်မှ ညှိနှိုင်းဆက်စပ်၍ရမည်မထင်။

မိခင်တွေက တက်တက်ကြွကြွ လိုလိုလားလား ဖြစ်နေတော့လည်း နောက်ဆုံးအနေနှင့် သူကြိုးပမ်းကြည့်လိုက်ရန် နေရတနာစံ ဆုံးဖြတ်ကာ ထွက်ခဲ့လိုက်သည်။





ကော်ဖီဆိုင်လေးတစ်ဆိုင်၌ သူတို့ ချိန်းထားကြသည်။

ချိန်းထားသောနေရာ၊ ချိန်းထားသောအချိန်သို့ နေရတနာစံ တိတိကျကျ ရောက်သလို ရှိန်းတေဇာကလည်း နေရတနာစံနှင့် ဘေးချင်းယှဉ်ကာ ကားကို ထိုးရပ်လိုက်သည်။ နေရတနာစံ စိတ်ထဲ အမှတ်တစ်မှတ် လျှော့လိုက်သည်။

ယောကျ်ားလေးဆိုတာ ချိန်းဆိုထားသောနေရာသို့ ချိန်းဆိုထားချိန်ထက် အနည်းငယ် စောရောက်သင့်သည်။ ဒါမှ အားနွဲ့သောမိန်းမသားကို ဦးစားပေးဖို့ မကြောင်စေဖို့ ဖေးမကြိုဆိုသင့်သည် မဟုတ်ပါလား။

အစကတည်းက ယဉ်သကြီး ဆိုရလောက်အောင် နေရတနာစံ ရှိန်းတေဇာအပေါ် စိတ်ပျက်စ ပြုလာလေပြီ။

“ကိုင်း. . . ရောက်လာပြီဆိုတော့ အတူတူပဲ ဝင်ကြတာပေါ့”

ရှိန်းတေဇာက သူ့အား လှမ်းကြည့်ကာ ပြောပြီး ရှေ့မှ ဦးဆောင်ဝင်သွားသဖြင့် နေရတနာစံလည်း ခပ်ခွာခွာမှ လိုက်ခဲ့သည်။ အမှန်တော့ ခပ်သွက်သွက် ခပ်သုတ်သုတ် သွားတတ်သောသူ့အတွက် ခြေလှမ်းကို အတော်ထိန်းချုပ်ကာ နှေးထားရခြင်းဖြစ်သည်။ ရှိန်းတေဇာနှင့် ယှဉ်တွဲမသွားလို၍ ဖြစ်သည်။

ရှုခင်းကောင်းကောင်းနေရာကို ရှိန်းတေဇာ ရွေးချယ်လိုက်သည်။

“ထိုင်ပါ”

နေရတနာစံကို နေရာပေးပြီးမှ သူက ထိုင်လေသည်။

“ကော်ဖီပဲလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"မုန့်ကော. . ."

"တော်ပါပြီ. . . စားခဲ့ပြီးပြီ"

ရှိန်းတေဇာ စားပွဲထိုးကို မှာလိုက်အပြီးတွင် သူ့အား စေ့စေ့ကြည့်လာသည်။

သူသည် အင်တာနက်ခေတ်က လူရွယ်တစ်ဦး ဖြစ်သဖြင့် မိန်းမနှင့် ပတ်သက်၍ စိမ်းစိမ်းကြီး ဖြစ်မနေ။ သူငယ်ချင်း မိတ်ဆွေအတွဲ စသည်တို့နှင့် ရင်းရင်းနှီးနှီး နေခဲ့ဖူးသူ ဖြစ်သဖြင့် မိန်းမအထာသိသူတစ်ယောက်လည်း ဖြစ်သည်။

ဒါကြောင့်လည်း သူ နေရတနာ့စံကို သဘောကျခြင်းဖြစ်သည်။ မျက်နှာလေးက ရိုးသားဖြူစင်လွန်းလှသည်မို့ သူ လက်မလွှတ်ချင်။

"ကျွန်တော့်အမေက ခင်ဗျားနဲ့ ထပ်တွေ့ဆုံဆွေးနွေးဖို့ ပြောလို့ ကျွန်တော် လာခဲ့တာ"

နေရတနာ့စံ ရင်ထဲ ထောင်းကနဲ ဖြစ်သွားသော်လည်း ဟန်မပျက်ပင်. . .

"ကျွန်မလည်း ဒီလိုပါပဲ"

"အိမ်မွေးတိရစ္ဆာန်တွေရဲ့အမွေးဟာ ဓါတ်မတည့်တဲ့သူတွေအတွက် အလက်ဂျစ်တို့ ပန်းနာရင်ကြပ်တို့ ဖြစ်ပွားတတ်တယ် မဟုတ်လား"

"ဒီလောက်လည်း မဟုတ်ပါဘူး၊ သန့်သန့်ပြန့်ပြန့် ဂရုတစိုက် ထားရင် ဘာမှမဖြစ်ပါဘူး၊ ကျွန်မတို့အိမ်သားတွေ ဘာမှမဖြစ်ပါဘူး"





နေရတနာ့စံ အေးဆေးစွာပင် ပြောလိုက်သည်။

"ကျွန်တော်ကတော့ တိရစ္ဆာန်တွေကို ရွံတယ်"

"လူလည်း သက်ရှိ တိရစ္ဆာန်လည်း သက်ရှိပဲ၊ သူတို့ဆန္ဒကို ပါးစပ်က ဖော်ထုတ်ခွင့်မရှိ၊ နာကျင်မှုကိုလည်း မပြောနိုင်ရှာတဲ့ သတ္တဝါလေးတွေပါ. . . အပြစ်ကင်းစင်လွန်းပါတယ်"

တိရစ္ဆာန်တွေအပေါ် ကရုဏာသက်တတ်တာ အပြစ်တစ်ခု မဟုတ်သည့်အပြင် နူးညံ့သောစိတ်ထား ရှိသည်ဟု သူ ယူဆမိသော်လည်း ခက်နေသည်က ရှိန်းတေဇာ သူ့ မာန်ကို ချ၍ မရ။

"ဘာပဲဖြစ်ဖြစ် ခင်ဗျားကလည်း ခင်ဗျားအလုပ်တစ်ဖက်နဲ့ ကျွန်တော်ကလည်း ကျွန်တော်အလုပ်နဲ့ကျွန်တော်၊ အိမ်ပြန်ချိန်လောက်မှာပဲ ပြန်ဆုံကြမှာ မဟုတ်လား၊ ခင်ဗျား တိရစ္ဆာန်လေးတွေကို အိမ်ထဲ အထီးကျန်စွာ လှောင်ပိတ်ထားဖို့အတွက် တရားရဲ့လား လို့တော့ စဉ်းစားမိရဲ့လား"

နေရတနာ့စံ တွေဝေသွားသည်။ အိမ်ထောင်ပြုဖို့အရေးကိုလည်း တွန့်ဆုတ်သွားရသည်။

"အိမ်ဖော်တွေ ရှိတာပဲ၊ သူတို့ စောင့်ရှောက်လိမ့်မှာပေါ့"

အပေါ်ယံ တွေးကာ ပြောလိုက်မိသည်။ ရှိန်းတေဇာ လက်ခံ။

"အိမ်ဖော်တွေက ကိုယ့်လို တိရစ္ဆာန် ချစ်တတ်တဲ့လူ ဟုတ်ဦးမှတို့၊ ကိုယ့်ကွယ်ရာမှာ တိရစ္ဆာန်တွေကို ညှင်းပန်းနှိပ်စက်နေရင် သူတို့က ခင်ဗျားကို ပြန်တိုင်နိုင်ပါ့မလား၊ အရာရာကို ပေါ့ပေါ့လေး တွေးနဲ့ အမိ မျက်တောင်တစ်ဆုံး မကြည့်နဲ့၊ မျက်စိတစ်ဆုံးကို

www.burmeseclassic.com



ကြည့်စမ်းပါဗျာ”

နေရတနာခစ် တင်းသွားသည်။ ဘာလဲဟ. . . ဆရာကြီးလို၊ အထာကြီးလိုနဲ့ ဩဝါဒ ခြွေနေပါလား။ ဒါမျိုးတော့ ဆောရီးပဲ။

“ကျွန်မသဘောနဲ့ကျွန်မပဲ. . . ရှင်လက်မခံနိုင်ရင် လက်မထပ်ရုံပဲ၊ တစ်ခုတော့ ရှိတယ်၊ ရှင်က ကျွန်မအိမ်ကို လိုက်နေမယ်ဆိုရင်တော့ ကျွန်မကောင်ကလေးတွေနဲ့ နေသားကျပြီးသားအိမ်မှာ. . .”

နေရတနာခစ် စကားမဆုံးလိုက်ရ။

ရှိန်းတေဇာ ခေါင်းခါခါ၊ လက်ကာကာနှင့်. . .

“နိုး. . နိုး. . ဆောရီးပဲ၊ ယောက္ခမအိမ်စာက် သားမက်မျက်နှာငယ်ရမယ့်အထဲမှာ ကျုပ်မပါဘူး၊ ကျုပ်က ကျုပ်အစွမ်းအစနဲ့ တစ်အိုးတစ်အိမ် ထူထောင်နိုင်တဲ့ ယောကျ်ားပဲ၊ ခင်ဗျားသာယောင်နောက် ဆံထုံးပါရမယ်”

“ကျွန်မ ကလေးတွေ ခေါ်ခွင့်ပြုရင်တော့ ကျွန်မစဉ်းစားပေးမယ်”

“ခွေးလို အကောင်တစ်ကောင်ကို ခြံစောင့်အနေနဲ့တော့ ခြံထဲမှာပဲ ထားရင် ခွင့်ပြုမယ်”

နေရတနာခစ် ရင်ထဲ ခါးခါးသီးသီး ဖြစ်သွားရသည်။

“မရဘူး. . . ခွေးကြောင်၊ ကြက်တူရွေး၊ ကြွက်ဖြူ အကုန်ခေါ်မှာပဲ”

“ဘုရားရေ. . . နောက်ထပ် အကောင်ပလောင်တွေကော ရှိသေးတယ်လား”

“ရှိတာပေါ့”





ရှိန်းတေဇာ မျက်လုံးပြူး မျက်ဆန်ပြူးကာ ဘုရားတလိုက်သည်ကို နေရတနာခစ် ကျေနပ်သွားသည်။

“တော်ပါပြီဗျာ. . . ခင်ဗျားတိရစ္ဆာန်တွေ တစ်ကောင်မှ မခေါ်ခဲ့မှ ကျုပ် ခင်ဗျားကို လက်ထပ်နိုင်မယ်”

ဉာဏ်ချစ်တစ်တင်း နှမ်းတစ်ခင်းခေတ်မှာ ဒီမိန်းမ တစ်ယောက်ကို မရလို့ ဘာမှုနေမလဲ။ ရှိန်းတေဇာ ခပ်တင်းတင်းပင် နှလုံးသားကို ဥပေက္ခာ ပြုပစ်လိုက်သည်။

လှတာလေး၊ ချစ်စရာလေး၊ အပေါ်ယံ သာယာမှုမျှပဲ၊ သူနှင့် ပတ်သက်ပြီး ကပ်ပါလာမည့် အရှုပ်ကလေးတွေက စိတ်မျက်ချောမို့ နှလုံးသားကို ဦးနှောက်နှင့် အနိုင်ယူ ဆုံးဖြတ်လိုက်သည်။

နေရတနာခစ်ကလည်း မိန်းမသားပေပဲ၊ မိန်းမမာနနှင့် ခပ်တင်းတင်းပင်။

“ကျွန်မကလည်း ကျွန်မကလေးတွေကို ခေါ်ခွင့်မရရင် ရှင့်ကို လက်မထပ်နိုင်ပါဘူး၊ ဒါဆို ပွဲပြီးပြီ၊ နောက်ထပ်ချိန်းတာကို လူကြီးတွေနဲ့ ကပ်ပြောတာတို့ မလုပ်နဲ့တော့၊ ကျွန်မ အချိန်လုံးဝကို ရှင့်အတွက် မပေးနိုင်တော့ဘူး၊ ဒါပဲ. . . သွားပြီ”

နေရတနာခစ် ကောက်ခါငင်ကာပင် ထထွက်လာခဲ့လေသည်။


ရှိန်းတေဇာ တားချိန်ပင် မရလိုက်တော့။ ဒေါ်ဖောင်းကာ ဘျန်ရစ်ခဲ့လေသည်။ အချစ်ပင် အညှောင့်ကလေး ပေါက်ခါစမှာပင် ခွေးတိရစ္ဆာန်တွေကြောင့် ပျက်စီးသွားခဲ့လေပြီကောဟု. . .။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

"သမီးကညာ အခါသင့် အရွယ်မလင့်စေရအောင် မေမေက စီစဉ်ပေးတာကို သမီးက ဖျက်ဆီးပစ်တယ်ဆိုတော့၊ ကောင်းပြီ သမီးကို မေမေတို့ တစ်နှစ်အချိန်ပေးမယ်၊ ဒီတစ်နှစ်အတွင်း သမီးဘ၀ကြင်ဖော်ကို သမီးကိုယ်တိုင် ရွေးချယ်ချင်ရွေးချယ်၊ မရွေးချယ်ရင်တော့ သမီးအကောင်ပလောင်တွေအားလုံး အိမ်မှာ ထားခဲ့ပြီး မောင်ထွန်းတေဇာနောက်ကို လိုက်သွားရမယ်"

မိခင် ဒေါ်ခိုင်ဇာ၀င်း၏ပြတ်သားသော အမိန့်အာဏာဆန် စကားအဆုံးတွင် နေရတနာခစံ မအီမလည်ကြီး ဖြစ်သွားရသည်။ ဆင်ခြေဆင်လက် တက်ရန် စကားများကို အပြေးအလွှား





စဉ်းစားလိုက်စဉ် သူ့လက်ကိုင်ဖုန်းမှ တီးလုံးသံစဉ်လေးများ ထွက်လာသဖြင့်. . .

"မေမေ. . . ခဏနော်၊ သမီး ဖုန်းပြောလိုက်ဦးမယ်"

ဟု မိခင်ကို ခွင့်ပန်ပြီး ၀ရန်တာဘက်သို့ ထွက်ခဲ့လိုက်သည်။ ဖုန်းစကင်န်ပေါ်၌ ပေါ်နေသောနံပါတ်ကို ကြည့်လိုက်ပြီးနောက် ရင်ထဲ ဒိန်းကနဲ ၀င်ဆောင့်သံတစ်ခု မြည်ဟီးထွက်ပေါ်လာသည်။ စီနီယာ၏ဖုန်းနံပါတ်ပါလား။

အနေတည်၍ ရိုးသားကြိုးစားသော ရိုးရိုးကြီး ကိုမင်းမြတ်မောင် ဘယ်အတွက်ကြောင့်များ သူ့ထံသို့ ဖုန်းဆက်လေသည်မသိ။ ယခုမှမျှား ဖူးစာရေးနတ်မင်းက တစ်ရေးနိုးလာသည်ထင့်။

"ဟယ်လို. . ပြောပါ စီနီယာ"

"အားတော့ နာတယ် ဂျူနီယာ၊ ကျွန်တော်အကူအညီတစ်ခုတောင်းချင်လို့ပါ"

"ဟုတ်ကဲ့. . . ပြောပါရှင်"

ဟွန်း. . . အကူအညီတောင်းစရာ ရှိမှ ဖုန်းဆက်တယ်လား၊ ဒါပေမယ့် သက်သက်မဲ့ လမ်းထွင်တာလည်း ဖြစ်မှာပေါ့လေ။

"ကျွန်တော့်ခြံ လာပေးနိုင်မလားလို့ပါ၊ ကြက်ငှက်တုပ်ကွေးတွေက အခြားခြံတွေမှာ ကျနေတော့ မကူးစက်အောင် ကာကွယ်ဆေးထိုးချင်တယ်၊ နောက်ပြီး အခြားရောဂါတွေလည်း ရှိနေတော့ ကျွန်တော်တစ်ယောက်တည်း မနိုင်မနင်း ဖြစ်နေလို့ပါ၊ ဂျူနီယာအားရင်လာပေးနိုင်မလားလို့ပါ"

နေရတနာခစံ ရင်ထဲ အတိုင်းမသိသော ပျော်ရွှင်ကြည်နူးမှုလေး ၀င်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ထားခဲ့တာ ကြာမြင့်နေပြီဖြစ်ပြီး မမျှော်လင့်သော အချိန်၌ ဆိုက်ရောက်လာသော မျှော်လင့်ချက်ကြောင့် မျှော်လင့်ချက် လင်းရောင်ခြည်သည် အစွန်းရှည်ကြာတော့မည် ထင်ပါသည်။ ထို့ကြောင့် ပျာပျာသလဲပင်. . .

"ဟုတ်ကဲ့. . . ဒီနေ့ ကျွန်မနားရက်ပါ စီနီယာ၊ ကျွန်မလာခဲ့ပါ့မယ်၊ ဆေးဝါးအစုံအလင် ရှိတယ်မဟုတ်လား"

"ရှိပါတယ်. . . လုပ်အားပဲ လိုတာပါ၊ ဒါဆို ဒါပဲနော်၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်စောင့်ကြိုနေပါ့မယ်"

ဖုန်းချသွားခဲ့လေပြီ။

တော်တော်ခက်တဲ့ စီနီယာပေပဲ။ ခုထက်ထိ ဘာမှ တိုးတက်မှု မရှိသေးပါလားဟု စိတ်ပျက်စွာ တွေးရင်း သက်ပြင်း ချလိုက်လေသည်။

သူ ရေဆင်း တိမ္မေးကု တက္ကသိုလ် စတက်စဉ်က နောက်ဆုံး နှစ်နှစ်ကြီးသမားတွေ၏စောင့်ရှောက်မှုကို ရရှိခဲ့သည်။ ဒီမှာ နောက်ဆုံးနှစ် စီနီယာ မင်းမြတ်မောင်သည် ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်အဖြစ် ရေပန်းစားခဲ့သူဖြစ်သည်။ သို့သော် သူ့ကို နှလုံးသားမဲ့ လူသားဟု မိန်းကလေးတွေက တင်စားသည်။ အပြုံးအရယ် သိပ်မရှိ၊ ခပ်တည်တည်နှင့် နေတတ်ပြီး စာတော်သူဖြစ်သည်။

နေရတနာစံဆိုသော မယ်သစ်လွင် အလှဘုရင်မလေးကိုတောင် စိတ်ဝင်စားခြင်း အရိပ်အယောင်မပြ။ တော်တော့်ကို အနေတည်တံ့သည့်လူပေပဲ။

တစ်နှစ်တာအတွင်း စီနီယာ၊ ဂျူနီယာဟူသော ရင်းနှီးမှုမှလွဲ၍ ပို၍ထူးခြားသော ခင်မင်မှု မရခဲ့။ သို့သော် အချိန်ပိုင်းနည်းပြ





သုပ်ရင်း မဟာဆက်တက်ခဲ့သော စီနီယာတ သူတို့ဆရာ ဖြစ်ခဲ့ပြန်သည်ဆိုတော့ နေရတနာစံ၏ဆယ်ကျော်သက်အရွယ်၌ စတင်ပေါက်ဖွားခဲ့သော အိပ်မက်ထဲ အတွေးအာရုံထဲမှာ ရှင်သန်နေခဲ့သည်မှအပ လက်တွေ့ဘဝသို့ မပေါက်ဖွားလာနိုင်ပေ။

သို့နှင့် စီနီယာလည်း ကျောင်းအပြီး သူလည်း ကျောင်းအပြီးနှင့် ကျောင်းတော်မှ စွန့်ခွာပြီး ဝေးကွာသွားခဲ့ကြသည်။

ယခုမှ ထူးထူးခြားခြား ဖုန်းဆက်လာသော နှလုံးမဲ့လူသား စီနီယာထံမှ ဆက်သွယ်မှုသည် ငြိမ်သက်နေခဲ့သော နေရတနာစံ၏ နှလုံးသားရေပြင်ထဲ ခဲကျသွားသည့်နှယ် လှိုင်းဂယက်ဝိုင်းငယ် သချေပြီ။

"ဟဲ့. . . သမီး နေနေ ဘာလုပ်နေတာလဲ"

ဖုန်းကိုင်ပြီး ငိုင်နေသော နေရတနာစံသည် မိခင်၏အသံကြောင့် လန့်ဖျန့်သွားသည်။

"အမလေး မေမေရယ်. . . လန့်လိုက်တာ"

"ဘာတွေများ ဒီလောက်တောင် တွေးလို့ လန့်ရတာလဲ"

ထိုအခါမှ တဒင်္ဂ အတိတ်လွင်ပြင်သို့ စီးမျောသွားခဲ့သော နေရတနာစံ ရုတ်တရက် နိုးထလာသည်။

"သမီး အပြင်သွားစရာ ရှိသေးတယ် မေမေ၊ မွေးမြူရေး ခြံတစ်ခြံက သမီးကို ပင့်လို့ သွားလိုက်ဦးမယ်"

မိခင်က မျက်မှောင်ချီသွားပြီး. . .

"နွားရက်ကြီးတောင်မှ၊ ရှော့ပင်းထွက်မယ်ဆို. . ."

"နောက်မှ မေမေရာ. . . နောက်မှ"

သုတ်ပျာနှင့် ဝင်ခဲ့လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ကျောက်ခဲ ရေပေါ်သလို ပေါ်လာသော အခွင့်အရေးကို လက်လွှတ်ခံ၍မဖြစ်၊ တိတ်တခိုး စွဲလန်းခဲ့သော အိပ်မက် မင်းသားနှင့် ပြန်လည်တွေ့ဆုံမှုကို ပိုင်ပိုင်နိုင်နိုင် အသုံးချရမည်။

ဒါမှ မိခင်ပေးထားသော တစ်နှစ်တာ အခွင့်အရေးနှင့် ကွက်တိ။

“ကျေးဇူးတင်လိုက်တာ သတ္တဘာဂနတ်မင်းကြီးရယ်၊ ဆက်လက်ပြီး အကျိုးဆောင်ပေးပါဦးနော်”

နေရတနာစံ၏ အိပ်ခန်းတစ်ခန်းလုံး ရှုပ်ပွသွားလေသည်။ အဝတ်အစား ရွေးချယ်မှုကြောင့် ဖြစ်သည်။ အခန်းထဲမှ ထွက်ခွာ၊ လှေကားပေါ်မှ ပြေးဆင်းရင်း. . .

“မိသေးရေ. . . ငါ့အခန်း ရှင်းထားလိုက်ဦး”

“ရှင်းပြီးပြီလေ မမ”

“လျှာမရှည်နဲ့. . . ထပ်ပြန်ရှင်း၊ ဖယ်. . ဖယ်. . ကလေးတွေ ဖယ်ကြစမ်း၊ နင်းမိကုန်ဦးမယ်”

ပြောပြောဆိုဆို ပြေးပြေးလွှားလွှားကြားက သူ့အချစ်တော် အိမ်မွေးကြောင်ခွေးတို့ကိုလည်း ရှောင်ရှားရင်း သိုင်းကွက်နင်းကာ အိမ်အပြင်ဘက်သို့ ထွက်ခဲ့လေတော့သည်။

မိခင်ဒေါ်ခိုင်ဇာဝင်းက သူ၏သမီးချောကို ကြည့်ပြီး ခေါင်းခါယမ်းကာ. . .

“ကျွတ်. . . ဒီကောင်မလေး ဘယ်တော့မှ ရင့်ကျက်လာမယ် မသိပါဘူး. . . ဟွန်း”

ဟုသာ သက်ပြင်းချလိုက်ရှာလေတော့သည်။





နေရတနာစံကတော့ မြူးကြွစွာဖြင့် သူ၏ဗင်ကားဖင်ကောက်ကလေးကို မောင်းနှင်ပြီး ထွက်ခွာသွားလေတော့သည်။

မျက်နှာပြင်တစ်ခုလုံး သကာရည် ဆမ်းထားသည့်နှယ် ချိုမြလျက် ရှိချေတော့သည်။

“အဟီး. . . စီနီယာနဲ့ တွေ့ရတော့မယ်”

ပျော်လိုက်သည့်ဖြစ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

ရှိန်းတေဇာ ဘယ်လိုနည်းနဲ့မှ မကျေနပ်နိုင်ပါ၊ နေရတနာစံ ဆိုသော ကောင်မလေး၏ငြင်းပယ်မှုက သူ၏မာနကို ထိပါး ပုတ်ခတ်လိုက်သလိုပါလား။

စေ့စေ့တွေးကြည့်လေ မကျေနပ်နိုင်လေ ဖြစ်သည်။

တကယ်ဆို သူ့အမေကလည်း "တီရှတ္တာန်တွေ ထားပြီး လိုက်သွားပါလား သမီးရယ်" ဟု မိခင်အာဏာသုံးပြီး စီစဉ်ပေးသင့် သည်။ ဖခင်ကိုတော့ မမြင်ဖူးသေး။ ကြည့်ရတာ အငယ်ဆုံး၊ အဆိုး ဆုံး ထင်ပါသည်။

ရှုပ်ပါတယ်၊ ရဲမွန်ဓေါက်ဖ်ကွင်း သွားပြီး ဂေါ့ဖ်ရိုက်တာပဲ





ကောင်းပါတယ်၊

နေရတနာစံနှင့် ညှိနှိုင်း၍မရနိုင်ဘဲ ပျက်ပြယ်တော့မည့် သက်ထပ်ရေးကို ရှိန်းတေဇာ ရင်ထဲ အစာမကြေဖြစ်ကာ အာရုံနှစ်ရန် ရဲမွန်ဂေါ့ဖ်ကွင်းဘက်သို့ ထွက်ခဲ့လေသည်။

မင်္ဂလာဒုံ ကျိုက္ကလို့ဘုရားအနီး ဗင်ကားဖင်ကောက်အဖြူလေး ရပ်ထားပြီး လက်ကိုင်ဖုန်း ပြောနေသော မိန်းမတစ်ဦးကို မြင်လိုက်ရသည်နှင့် ရှိန်းတေဇာ မျက်လုံးအစုံ ပြူးထွက်သွားလေ သည်။

ခွေးကြောင် အချစ်တော်လေး နေရတနာစံပါလား၊ သူ ဘာလုပ်နေတာလဲ၊ ကားကို မတားဘဲ ဖုန်းပြောနေပုံထောက်တော့ ကားပျက်တာလည်း မဖြစ်နိုင်။

ဆက်ရန် ဇာတ်လမ်းမှ မရှိတော့တာ၊ ကားကို ပွတ်ကာ သီကာ ကျော်တက်ခဲ့ပြီးကာမှ နောက်ကြည့်မှန်မှတဆင့် ကြည့်မိပြန် သည်။

အချိုးအဆစ် ပြေသော ခန္ဓာကိုယ် အချိုးအစားက ဂျင်း ဘောင်းဘီနှင့် ရယ်ဒီမိတ် အင်္ကျီလှလှက ကောက်ကြောင်းတို့ကို အထင်းသား ပေါ်လွင်စေနေသည်။

"ဟွန်း. . . မဖြစ်သေးပါဘူး၊ အမေ့သူငယ်ချင်းသမီး ဆိုတော့ စောင့်ရှောက်ဖို့ ဝတ္တရား ရှိသေးပါတယ်"

"ကွို. ."

ကားကို ရုတ်တရက် ဘရိတ်အုပ်လိုက်ပြီး နောက်ပြန်ဆုတ် ခဲ့လိုက်သည်။

နေရတနာစံ နေကာမျက်မှန်အောက်မှနေ၍ မိမိကားရှိရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ ဖင်ပြန်ဆုတ်လာသော ပရာဒို ကားဖြူကို ကြည့်လိုက်သည်။ သို့သော် မသိကျိုးနွံပြုကာ ကားတံခါး ပြန်ဖွင့်ကာ ဝင်ထိုင်နေလိုက်သည်။ သူ့အိမ်ရှေ့၌ ရပ်ခဲ့ဖူးသော ကော်ဖီဆိုင် ကားပါကင်၌ ယှဉ်ရပ်ခဲ့သော ကား၏နံပါတ်ကို သူ၏မန်မိုရီက ကောင်းစွာမှတ်မိပြီးသားဖြစ်သည်။

အကြင်နာတရား ခေါင်းပါးတဲ့သူပေမို့ အရေးလုပ်ကာ အကူအညီ တောင်းမနေတော့။ စီနီယာဆီ ဖုန်းလှမ်းဆက်ထားသည်။

"ကားဘာဖြစ်လို့လဲ အမိ"

နေရတနာခစ်ံ မကြားချင်ဟန်ဆောင်နေလိုက်သည်။ သူ့နာမည်က "အမိ" မှ မဟုတ်တာ။

"ဒိုး. ."

"ဟော့. . . နားပင်းနေသလား၊ မေးနေတယ်လေ"

ကားအဖုံးကို "ဒုံး" ကနဲ ထုလိုက်စဉ်မှာပင် နေရတနာခစ်ံ တုန်ခါသွားပြီးနောက် သူ့အနီး ကိုင်းညွတ်ကာ မာဆတ်ဆတ်နှင့် ဘုတောလိုက်သော ရှိန်းတေဇာကြောင့် ဥပေက္ခာ မပြုရဲတော့၊ ဆရာဝန် ဖြစ်ပြီး မနူးညံ့လိုက်တာနော်၊ လူကြမ်းကြီးပါလား။

အင်းလေ. . . တိရစ္ဆာန်တွေကိုမှ မချစ်တတ်တာ၊ စိတ်ကြမ်းကိုယ်ကြမ်းကြီး ဖြစ်မှာပေါ့။

"ဘာလို့ သူများကားကို ထုတာလဲ"

နေရတနာခစ်ံ ပြန်ဟောက်လိုက်သည်။

"မေးရင် ဖြေမှပေါ့၊ နားပါတယ် မဟုတ်လား"

"ရှင်မကန်းဘူး မဟုတ်လား၊ ရှင်မေးတာက အမိကို မေးတာ၊ ကျွန်မက အမိမှ မဟုတ်တာ"





"အမိဆိုတာ မင်းကို ခင်ဗျားကို သုံးတာပဲ၊ နာမည်ခေါ်ရမှာ လျှာလိမ့်လို့၊ ကိုင်း. . . ဘာဖြစ်လို့ ကားရပ်ထားတာလဲ"

"မသိဘူး. . . သူ့ဘာသာသူ ထိုးရပ်သွားတာ၊ နှိုးလို့လည်း မရတော့ဘူး၊ ရှင်ကြည့်တတ်လို့လား"

"နိုး. ."

"ဒါနဲ့များ ဘာလို့ လာမေးနေသေးသလဲ. . . အံ့ဩပါ့"

"ဆီပျောက် မီးပျောက်တော့ တတ်တာပေါ့၊ ဖယ်. . . ချုပ်နှိုးကြည့်မယ်"

နေရတနာခစ်ံ ကားပေါ်က ဆင်းပေးလိုက်သည်။ ရှိန်းတေဇာ ဒရိုင်ဘာနေရာ ယူ၍ ကားကို နှိုးကြည့်သည်။ မရ. . ရှုပ်သွားသည်။

"ဆီမသန့်လို့ ထင်တယ်. . . ဝပ်ရှော့ပ်ခေါ်"

ထင်ကြေးနှင့် ရမ်းတုတ်ပြီး ကားပေါ်က ပြန်ဆင်းလိုက်သည်။

"ရှင်ပြောမှလား. . . အိမ်ကို လှမ်းအကြောင်းကြားပြီးပြီ၊ တစ်ယောက်ယောက်က ဝပ်ရှော့ပ်ဆရာကို ခေါ်ပြီး လာလိမ့်မယ်"

နှစ်ဦးသား ပုဝါတစ်လှမ်း လက်တစ်ကမ်းအကွာ၌ ရပ်လိုက်ပြီး တစ်ဦးကိုတစ်ဦး အကြောမခံတမ်း ကြည့်လိုက်ကြသည်။

"ခင်ဗျားဘယ်သွားမလို့လဲ"

"ဘယ်သွားသွား ရှင့်အလုပ်လား"

နေရတနာခစ်ံ ဘုတောတော့ ရှိန်းဇေတဇာရင်ထဲ ဒေါသကဖောင်းကနဲဖြစ်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"လမ်းကြုံရင် ခေါ်သွားပေးမလို့ မေးတာ၊ စေတနာ မဲ့အောင် အမိက လုပ်တာပဲ၊ ဒါဆို နေခဲ့တော့၊ ခင်ဗျားဟာသာ ကျိုးထိုးထိုး လောက်ကိုက်ကိုက်၊ အဲဒီမှာ ဆက်လန်းနေပေတော့"

ရှိန်းတေဇာ ကျောခိုင်းကာ ကားဆီသို့ ပြန်လျှောက်လာစဉ် နေရတနာစံ စိတ်ပြောင်းသွားသည်။

အချိန်က တန်ဖိုးရှိသည်။ စောင့်ဆိုင်းနေရသည့်အလုပ် လောက် ပျင်းစရာကောင်းသည်မရှိ။

ထို့ကြောင့် ဟန်မဆောင်နိုင်တော့ပဲ. . .

"နေဦး. ."

ရှိန်းတေဇာ တုန့်ကနဲ ရပ်လိုက်သည်။ နောက်ကိုတော့ လှည့်မကြည့်။

"ရှင်က ဘယ်သွားမှာလဲ"

"ရဲမှုနိဂေါ့ဖ်ကွင်း"

"ကျွန်မက ထောက်ကြံ့က ခြံတစ်ခြံ သွားမှာ၊ ရှင်လိုက်ပို့ ပေးနိုင်လို့လား"

"အန်တီဝင်းမျက်နှာ ထောက်ထားပြီး ပို့ပေးရမှာပေါ့ဗျာ၊ ကဲ. . . တက်"

ရှိန်းတေဇာ၏ခပ်ငေါ့ငေါ့စကားကို နေရတနာစံ တုန့်ပြန် မနေတော့ဘဲ သူ့ကားကို လော့ချခဲ့ပြီး ရှိန်းတေဇာ ကားရှေ့ခန်းသို့ ပင် တက်ကာ လိုက်ပါခဲ့သည်။ နောက်ခန်းတွင် ဂေါ့ဖ်အိတ်တွေက ပါနေသည်ကိုး။

ကားပေါ် ရောက်မှ ဖုန်းလှမ်းဆက်လိုက်သည်။

"မေမေ. . . သမီး ကားထားခဲ့ပြီး ကားကြုံနဲ့ လိုက်သွား





တယ်၊ သော့ပို ယူခဲ့ဖို့ ဦးစွတ်ပရားကို ပြောလိုက်ဦးနော်"

"ဟဲ့. . . ဘယ်က ကားကြုံလဲ၊ ဘယ်ကိုမို့လို့ ဒီလောက် အရေးတကြီး သွားနေတာလဲ၊ ပြန်လာခဲ့တာ မဟုတ်ဘူး"

"မေမေကလည်း. . . မွေးမြူရေးခြံက အရေးတကြီး ခေါ် လို့ပါ။ စိတ်ချပါ. . . ကျောင်းတုန်းက စီနီယာခြံပါ၊ ဒါပဲနော် မေမေ"

မိခင်ကို ထပ်ပြောခွင့် မပေးတော့၊ ပေးလို့ကတော့ မဆုံး နိုင်သော မှာတမ်းရှည်ကြီး ဖွင့်နေဦးမည်။

"ခင်ဗျား လမ်းသိသလား"

"ခုမှ စရောက်ဖူးမှာဆိုတော့ မေးမြန်းသွားရမှာ၊ လမ်း တော့ ညွှန်ထားပါတယ်"

"ခင်ဗျားဗျာ. . . အဖော်လေးဘာလေး ခေါ်ခဲ့တာ မဟုတ်ဘူး"

ရှိန်းတေဇာရင်ထဲ မပူပန်စဖူး ပူပန်မိသွားလေသည်။ စင်စစ်ဆိုပါလျှင် သူသည် တစ်ဦးတည်းသောသားပီပီ ဘယ်သူ့ အတွက်မှ ကြည့်တတ်သည်မဟုတ်။ မိဘနှစ်ပါး၏ချစ်ခြင်းကို စုပြုံ ကာ ရယူထားပြီး ပျော်ပျော်ပါးပါး သွားသွားလာလာ နေတတ်သူ ဖြစ်သည်။

အဖေက ဆရာဝန်ကြီးမို့ သူ့ကို ဆေးကျောင်းတက်ခိုင်း သည်။ သူကလည်း ဂုဏ်လည်း ရှိသည်၊ ဖခင်သွေးကလည်း ပါသည် မို့ ထင်ပါသည်၊ မငြင်းမဆန်ပင် တက်ခဲ့သည်။

ထူးချွန်အောင်တော့ မကြိုးစားခဲ့။ တစ်နှစ်တစ်တန်း မှန်မှန်အောင်ပြီး M.B.B.S ဘွဲ့တစ်ခုတော့ ပိုင်ဆိုင်ခဲ့သည်။ ဒါကို ဖခင်က အားမရသေး၊ နိုင်ငံခြားကို စေလွှတ်ပြီး ခွဲစိတ်ပါရဂူဘွဲ့



www.burmeseclassic.com

www.burmeseclassic.com



ယူခိုင်းချင်သေးသည်မို့ သူ့ကို ကြိုတင်ပြင်ဆင်ခိုင်းနေသည်။

M.B.B.S ဘွဲ့ရပြီး ဆေးမကုသသော ဆရာဝန်ထဲတွင် သူလည်း တစ်ယောက်အပါအဝင် ဖြစ်ခဲ့လေသည်။

"ရှေ့လမ်းရောက်ရင် ဘယ်ချိုး"

"အမိဟာက မှော်ဘီဘက် သွားတာပဲ"

"အင်းလေ. ."

"ကျုပ်လမ်းနဲ့ တခြားစီ"

"ဒါဖြင့်လည်း ရပ်လိုက်တော့၊ ကျွန်မ ဒီမှာပဲ ဆင်းနေတော့မယ်"

ဆတ်ဆတ်ထိမခံပါလား၊ သူကပဲ အလျှော့ပေးလိုက်သည်။

"ရတယ်. . . ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့တော့မယ်၊ ကျုပ်ကိစ္စက အရေးမကြီးပါဘူး"

"ဒါဖြင့်လည်း ပြီးရော"

ကျေးဇူးတင်တယ် တစ်ခွန်းမပြောသေးသော ဒီခွေးတိရစ္ဆာန်တို့ရဲ့သခင်မလေးကို သူ့စိတ်ထဲ အမြင်ကတ်နေမိသည်။ သို့သော် မလွဲသာသော ရေစက်ဆုံမှုကို သူ ဥပေက္ခာ မပြုတော့ဘဲ "မဟာ" စိုက်ပျိုးမွေးမြူရေးခြံဆီသို့ ရောက်အောင် ပို့ဆောင်ပေးခဲ့သည်။

သို့သော် အဲဒီခြံပိုင်ရှင်ကို တွေ့လိုက်ချိန်မှစ၍ ရှိန်းတေဇာ၏ခရီးစဉ်သည် လုံးဝပြောင်းလဲသွားလေတော့သည်။







အခန်း(၅)

"မဟာ" စိုက်ပျိုးမွေးမြူရေးခြံ၏အဝင်ဝတံခါးက ဖွင့်ထားသည်။ လူတစ်ယောက် စောင့်နေသည်။

"ဒီခြံပဲ. . . ရပ်တော့"

နေရတနာခစံက ဝမ်းသာအားရ ပြောလိုက်ပြီး အမိန့်ပေးလိုက်သည်။ ရှိန်းတေဇာကို ဒီလိုကြောလို့ကတော့ မရ။ အမိန့်ပေးတိုင်း လုပ်သည့်သူမဟုတ်၊ ထို့ကြောင့် ခြံထဲသို့ ကားကို ဝူးကနဲ တွေ့ဝင်ချလိုက်သည်။

"ကျုပ်စိတ်ပြောင်းသွားပြီ. . . ဂေါ့ဖ်မရိုက်တော့ဘူး၊ ဒီခြံထဲမှာပဲ နေပြီး အမိကိစ္စပြီးရင် အတူပြန်ကြမယ်၊ ကျုပ် အန်တီဝင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ဖုန်းဆက်ပြောလိုက်မယ်”

“အို. . . မလိုပါဘူး၊ ကျွန်မကို စီနီယာက ပြန်ပို့ပေးမှာ၊ ရှင် အလကား ပျင်းနေမှာပေါ့”

နေရတနာစံက ရသည့်အခွင့်အရေးကို အမိအရ အသုံးချချင်သည်။ စီနီယာ၏သံမဏိနှလုံးသား အရည်ပျော်သွားပြီလားဟု သိချင်တာလည်း ပါသည်။

“မြို့ကြီးက တော်တော်ကြီးကျယ်ခမ်းနားတာပဲ၊ လေ့လာရေး လုပ်လိုက်ဦးမယ်”

ဒုက္ခပါပဲ. . . စီနီယာအမြင်၌ အထင်မြင် လွဲမှားစရာတွေတော့ ဖြစ်ကုန်တော့မှာပဲ။

မြို့ထဲရှိ အရိပ်ကောင်းသော သရက်ပင်ကြီးအောက်တွင် သူ့ကားကို ထိုးရပ်လိုက်သည်။ ရှိန်းတေဇာ အံ့ဩသွားသည်က ဒီလိုနေရာအရပ်ဒေသမျိုး၌ ဥရောပပုံဆန်ဆန် တစ်ထပ်တိုက်လေးနှင့် လှပသောမြက်ခင်း၊ ပန်းခင်းများ ရှိနေသည်က တကယ့်ကို အပန်းဖြေချင်စရာကောင်းလှသည်။

ကျယ်ဝန်းသောခြံ၏အဆုံးကို တမျှော်တခေါ် ပင် ကြည့်ယူရသည်။

မော်တော်ဆိုင်ကယ်နှင့် ချောမောခန့်ညားသော လူတစ်ယောက်က အိမ်နောက်ဘက်မှ ဘွားကနဲ ပေါ်လာသည်။ သူတို့အနားအရောက်တွင် အရှိန်ကို လျှော့ပြီး ခပ်လှမ်းလှမ်းမှ ရပ်ကာ ဆင်းလျှောက်လာခဲ့သည်။

“ရောက်လာပြီလား ဂျူနီယာ”

“ဟုတ်ကဲ့. . . ဒါက. .”





နေရတနာစံ ရှိန်းတေဇာနှင့် စီနီယာကို မည်ကဲ့သို့ မိတ်ဆက်ပေးရမှန်းမသိ ဖြစ်နေစဉ် ရှိန်းတေဇာက. . .

“ကျွန်တော်က ဒေါက်တာရှိန်းတေဇာပါ. . . လူကုဆရာဝန်လေ၊ နေနေနဲ့ လူကြီးချင်း သဘောတူထားတဲ့သူပါ”

နေရတနာစံ ပါးစပ်အဟောင်းသား ဖြစ်သွားပြီး ရင်ထဲ အလောင်ဆူသွားသည်။ သွားပါပြီ၊ ဒင်းလုပ်ပုံနဲ့တော့ စီနီယာတော့ အထင်လွဲသွားတော့မှာပဲ၊ ဘယ်လိုရှင်းရပါ့မလဲ။

“ကျွန်တော်က မင်းမြတ်မောင်ပါ၊ ကျွန်တော်ကတော့ ခြံသမားပါ ဒေါက်တာ”

ယောကျ်ားနှစ်ဦး လက်ဆွဲနှုတ်ဆက်ကြသည်။ ထုံးစံအတိုင်း စီနီယာ မင်းမြတ်မောင်က အပြုံးမဲ့နေသည်။

နေရတနာစံ ပါးစပ်ပိတ်နေလိုက်သည်။ ရှိန်းတေဇာရှေ့မှာ ရှင်းလေပိုရှုပ်လေ ဖြစ်မှာစိုးသဖြင့် နောက်တော့မှပဲ စီနီယာကို ရှင်းပြလိုက်တော့မည်။ လူကြီးတွေ သဘောတူပေမယ့် လူငယ်ချင်းက သဘောထား မတိုက်ဆိုင်ကြ၍ ပွဲပျက်သွားပြီဆိုသည့် အကြောင်းပင်။

“ခဏတဖြုတ် နားကြပါဦးလား ခင်ဗျာ၊ အိမ်ပေါ် ကြွပါ”

စီနီယာက ယဉ်ကျေးပွန်စွာဖြင့် ဖိတ်ခေါ်လေသည်မို့ နေရတနာစံနှင့် ရှိန်းတေဇာလည်း စီနီယာနောက်မှ လိုက်ခဲ့ကြသည်။

အိမ်က အပြင်ပန်းတင် သားနားသည်မဟုတ်၊ အထဲမှာလည်း ခေတ်မှီပရိဘောဂ လူ့အသုံးအဆောင်တွေနှင့် ခမ်းနားစွာပင် နေရာချထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ. . . ဧည့်သည်တွေ ရောက်လာပါတယ်"

ဧည့်ခန်းအနီး ကပ်ရက်အခန်းဆီသို့ တံခါးကို အသာတွန်းဟပြီး မင်းမြတ်မောင်က အသံပြုလိုက်သည်။

နောက် သူတို့အား. . .

"ထိုင်ကြပါ. . . ကျွန်တော်တစ်ခုခု သွားစီစဉ်လိုက်ဦးမယ်"

နေရတနာစံ ငြင်းချိန်မရလိုက်၊ မင်းမြတ်မောင်က ထမင်းစားခန်းဘက်သို့ သွားပြီး နောက်ဖေး၌ ရှိနေသူအား တစ်ခုခုမှာကြားပြောဆိုနေလေသည်။ ချက်ချင်းပင် ဧည့်ခန်းသို့ ပြန်ရောက်လာချိန်၌ တပြိုင်နက်လို ထွက်လာသော လူကြီးတစ်ဦးအား သွားရောက်ဖေးမကာ ဆက်တီသို့ ခေါ်ဆောင်လာခဲ့သည်။

"ကျွန်တော့်ဖခင် ဦးမင်းထင်ပါ"

"ဟုတ်ကဲ့. . . တွေ့ရတာဝမ်းသာပါတယ် အန်ကယ်လ်၊ ကျွန်တော်က M.B.B.S နဲ့ ကျောင်းပြီးသွားပါပြီ"

ဦးမင်းထင်၏မျက်နှာ၌ ထူးဆန်းသော အရိပ်အယောင်တစ်ခု ယှက်သန်းသွားသည်။ ရှိန်းတေဇာကို မြင်ဖူးသလို ခံစားလိုက်ရသည်။ ဒီမျက်ဝန်းနှင့် ဒီနှုတ်ခမ်းစုဝိုင်းဝိုင်းလေး အနားသတ်ထားသည့်နှယ် ရှိနေပုံက သူ ရင်းရင်းနှီးနှီး မြင်ဖူးနေသည်မို့. . .

"မောင်ရင့်မိဘများကကောကွယ်"

ဟု သူတစ်ပါးကိစ္စကို စပ်စုခြင်း အလွန်ကင်းသော ဦးမင်းထင် နှုတ်ဖျားမှ အလိုအလျောက် ထွက်ပေါ်သွားလေသည်။

နေရတနာစံနှင့် မိတ်ဆက်ပေးရန် ဆက်လက် ဟန်ပြင်လိုက်သော မင်းမြတ်မောင်မှာ ပါးစပ်ပြန်ပိတ်ပြီး ဖခင်ကို အံ့အားသင့်သွားလေသည်။





"ဖေဖေက ဆီးနှင့်ကျောက်ကပ်ဆိုင်ရာအထူးကု ခွဲစိတ်ဆရာဝန်ကြီး၊ မေမေက "ခတ္တာ" ရွှေစိန်ကျောက်ဆိုင်ပိုင်ရှင် ဒေါ်ခတ္တာလှိုင်ပါ၊ ကျွန်တော်က တစ်ဦးတည်းသောသားပါ အန်ကယ်လ်"

ဦးမင်းထင်ရင်ထဲ မောဟိုက် ဆို့နင့်သွားလေသည်။ တုန်လှုပ်ခြင်းနှင့်အတူ သွေးဆုတ်သလို တစ်ကိုယ်လုံး အေးစက်သွားလေတော့သည်။ ရင်ထဲမှ အောင့်တက်လာသော ဝေဒနာဆိုးက ခံရခက်လွန်းလှပေသည်။

"မိန်းကလေးကကော"

"သားရဲ့ဂျူနီယာပါ ဖေဖေ. . . နေရတနာစံတဲ့၊ သားအတူအညီ တောင်းထားလို့ ရောက်လာတာပါ"

"ဪ. . ဪ. . စားကြပါဦး၊ အန်ကယ်လ်ကို နားခွင့်ပြုပါ"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ရှင့်"

ဦးမင်းထင် စောစောက ထွက်လာသောအိပ်ခန်းထဲသို့ ပြန်ဝင်သွားလေသည်။

ထိုအချိန်တွင် သူတို့အရွယ်ခန့်ရှိ လူတစ်ဦးက အသီးအနှံမျိုးစုံနှင့် နွားနို့နှစ်ခွက်ကို ယူလာလေသည်။ အသီးအနှံမျိုးစုံကို လှပစွာ ပုံဖော် စိတ်လှီးထားသည်။ ချပေးရင်း လူရွယ်က. . .

"ခြံထွက်အသီးအနှံနဲ့ ရေမရောတဲ့ ခြံထွက်နွားနို့စစ်ပါ၊ သုံးဆောင်ပါခင်ဗျာ"

ဟု ဖော်ရွေစွာ ပြောလိုက်လေသည်။ ထိုအခါမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကျွန်တော့်ညီဝမ်းကွဲပါ. . . မောင်တူးတဲ့"

မင်းမြတ်မောင်က လူရွယ်နှင့် သူတို့ကို မိတ်ဆက်ပေးသည်။

"မောင်တူး. . . ဆိုင်ကယ်တစ်စီး ထပ်ထုတ်ထားလိုက်ပါ၊ မွေးမြူရေးခြံကို သွားဖို့လိုတယ်၊ ကိုရှိန်းတေဇာ ဆိုင်ကယ်စီးတတ်သလား"

"တတ်ပါတယ်. . . ဟိုစပ်စပ် ဒီစပ်စပ်နဲ့ ကျွန်တော် မတတ်တာ ဘာမှမရှိဘူး"

ရှိန်းတေဇာ အာရှင်နေလေသည်။ တည်ခင်းထားသည့် နွားနို့ကိုလည်း ကုန်အောင်သောက်လေသည်။

နေရတနာစံကတော့ အသီးအနှံလေးများကိုသာ တို့ကနန်း ဆိတ်ကနန်း စားလေသည်။ ရှိန်းတေဇာက. . .

"ကိုမြတ်မင်းမောင် အမေကော. . . မိသားစုကော"

မင်းမြတ်မောင် သက်ပြင်းချလိုက်သည်။ "အမေ" ဒီအသုံးအနှုန်းလေးကို ကြားလိုက်ရလေတိုင်း သူ့ရင်ထဲ နာကျင်မှုက အမြဲတစေ ဆန်းသစ်လျက်ရှိလေသည်။

"မရှိတော့ပါဘူး. . . ဒီမိသားစုက အဖေနဲ့ကျွန်တော်ပဲပေါ့"

အမိပွါယ်အမျိုးမျိုး သက်ရောက်စေသည့် အဖြေကိုသာ ဖြေလိုက်လေသည်။

ရှိန်းတေဇာ ရင်ထဲ တစ်မျိုးဖြစ်သွားသည်။ ဒါဆို ကိုမင်းမြတ်မောင်က လူပျိုကြီးပေါ့။ အသက်(၃၀)ခန့် ရှိပြီဖြစ်သော ကိုမင်းမြတ်မောင်သည် ရုပ်ရည်ခန့်ညားပါလျက် လူပျိုကြီး ဖြစ်နေခြင်းက





ဆန်းသြစရာပင်။

နေရတနာစံကို ရှိန်းတေဇာက ငဲ့စောင်းကြည့်လိုက်သည်။ ...င်းတို့နှစ်ယောက် ကျောင်းတော်က ဇာတ်လမ်းများ ရှိခဲ့လေ...သလား။

"ကိုရှိန်းတေဇာ ရှင်ပြန်သွားစရာရှိတာ သွားပါ၊ ကျွန်မတို့ ...လုပ်လုပ်နေရင် ရှင်ပျင်းနေမှာပေါ့"

နေရတနာစံ ယောက်ျားနှစ်ဦးကြား အနေခက်သဖြင့် ရှိန်း...ဇာကို ပထုတ်ကြည့်လိုက်သည်။

ရှိန်းတေဇာက ...တ်ပင် ပေကပ်နေသည်။

"ကိစ္စမရှိဘူး. . . ကျွန်တော်က မပျင်းတတ်ဘူး၊ အသစ်...ဆန်း မှန်သမျှ ဝါသနာပါတယ်၊ လိုအပ်ရင် ကျွန်တော်ကတောင် ...ကူအညီပေးနိုင်ရင် ပေးတာပေါ့ဗျာ၊ ချုပ်စရာရှိရင် ကျွန်တော် ...ချုပ်ပေးမယ်၊ ချုပ်ရိုးလှတဲ့နေရာ ကျွန်တော့်ကို မှီသူမရှိဘူး"

"တိုင်း. . . ဒါဖြင့်လည်း လုပ်ငန်းစရအောင် စီနီယာ"

"နွားနို့သောက်ပါဦးလား ဂျူနီယာ"

"ကျွန်မ မကြိုက်လို့ပါ"

"ဒါဖြင့် ဖျော်ရည်တစ်ခုခု သောက်မလား"

မင်းမြတ်မောင်က ပျာပျာသလဲလဲပင် မေးပြီး ကိုယ်တိုင် ...ထုပ်ပေးဟန်ပြင်ရာ နေရတနာစံက. . .

"နေ. . နေ. . စီနီယာ ကျွန်မကို ရေတစ်ခွက်ပဲ ပေးပါ"

ရှိန်းတေဇာကတော့ သူတို့နှစ်ဦးကို အကဲခတ်နေသည်။ ...ပြီး ရင်းရင်းနှီးနှီးကြီး မဟုတ်ပါဘူး၊ တကယ့် ရိုးရိုးသားသား ...ဆောင်းနေဘက်ပုံစံတွေပါပဲ။ ဒါဆို သူ့အတွက် အလားအလာ



www.burmeseclassic.com

www.burmeseclassic.com



အများကြီး ကောင်းတာပေါ့။ ဟင်း. . . ပြိုင်ဘက်ရှိလာတော့ နေရတနာခစံအပေါ် လက်မလွှတ်ချင်စိတ်က ပို၍များလာသည်။

မင်းမြတ်မောင် ကိုယ်တိုင်ခပ်ပေးသော သောက်ရေ တစ်ဖန်ခွက်ကို နေရတနာခစံ တမြုံက်တည်း သောက်ချလိုက်ပြီး နောက်. . .

"ကိုင်း. . . သွားကြစို့၊ သွားရမယ့်နေရာက ဝေးသလား"

"မဝေးပါဘူး. . . အနောက်ဘက်ခြံကိုပါ၊ ကားလမ်းတော့ မဟုတ်ပါဘူး၊ မြေနီလမ်း လူသွားလမ်းပဲ၊ ကားနဲ့ သွားချင်ရင်တော့ လမ်းမတံခါးကို ပြန်ထွက်ပြီး နောက်လမ်းက ဝင်ရင် ရတယ်"

မင်းမြတ်မောင် သေချာစွာ ရှင်းပြလိုက်သည်။

ဆိုင်ကယ်စီးခါနီး၌ နေရတနာခစံ ပြဿနာတက်လေပြီ ဘယ်သူ့နောက်က လိုက်စီးရမည်မသိ။

ရှိန်းတေဇာက သူ့ဆိုင်ကယ်ဆီမှ ဦးထုပ်ကို လှမ်းပေးရင်း

"ရော့. . . ဆောင်း၊ ပြီးရင်တက်"

ထိုအချိန်တွင် မင်းမြတ်မောင်က စောစောက သူစီးလာခဲ့သော ဆိုင်ကယ်ပေါ် တက်ကာ. . .

"ကျွန်တော် ရှေ့က သွားနှင့်မယ်. . . လိုက်ခဲ့ကြတော့နော်"

ဟု ပြောကာ စက်နှိုးလေရာ နေရတနာခစံလည်း ဘာမှ ပြောမနေတော့ဘဲ ရှိန်းတေဇာ၏နောက်သို့သာ တက်ထိုင်ကာ လိုက်ပါခဲ့လေတော့သည်။

"ရှင်က ကိုယ့်လုပ်စရာရှိတဲ့အလုပ်ကို သွားမလုပ်ဘူး၊ ကိုယ့် အလုပ် မဟုတ်တာကို လိုက်လုပ်နေတယ်"





"ကျုပ်အလုပ်က အချိန်ဖြုန်းတာလေ၊ ခု ကိုယ်မလုပ်ဖူးတဲ့ အလုပ်တစ်ခုမှာ အချိန်ဖြုန်းမယ်လေ၊ ဒါဟာ စိတ်ဝင်စားစရာ တစ်ခုခုတော့ ဖြစ်လာမှာပဲ"

ဆိုင်ကယ်လေတိုးသံ၊ စက်သံကြောင့် စကားစစ်ထိုးခြင်း ဆိုင်းတန့်လိုက်သည်။

ပျဉ်းမနား ရေဆင်းတက္ကသိုလ် တက်စဉ်က ဆိုင်ကယ်စီး နေကျ ဖြစ်သောကြောင့် နေရတနာခစံအတွက် ဆိုင်ကယ်သည် စိမ်း နေ၊ သို့သော် သူစိမ်းယောကျ်ားတစ်ဦးနှင့် နီးနီးကပ်ကပ် နေရခြင်း အတွက်ကတော့ စိမ်းနေသည်။ ဒါ ပထမဦးဆုံးထင်။

"အမေ့. ."

ခလုတ်ကန်သင်း အဖုအထစ်တစ်ခုကို ကျော်အဖြတ်၌ နေရတနာခစံ၏ခန္ဓာကိုယ်သည် ရှိန်းတေဇာ၏ကျောပြင်ကို အရှိန် နှင့် တပ်နစ်ဝင်သွားလေသဖြင့် နှစ်ဦးစလုံး၏ရင်ခုန်သံစဉ်တို့ ကြမ်း တမ်းစွာ မြည်ဟည်းသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

ရာဘာလက်အိတ်၊ ခေါင်းစွပ်၊ နှာခေါင်း၊ ပါးစပ်ပိတ် ပိုးသတ်ဆေး၊ အကျီရှည်၊ ဘောင်းဘီ ဖိနပ်ရှည်တို့ကို ဝတ်ဆင်ပြီး မွေးမြူရေးခြံထဲသို့ ဝင်ခဲ့သည်။

"ဟတ်. . ဟား. . ဟား. . ခုမှပဲ ကိုယ့်ကိုယ်ကို စားဖို့ လား၊ နွားနို့ပို့ ကုလားလား ထင်မိတော့တယ်၊ နော်. . အမိနာ"

ရှိန်းတေဇာက နေရတနာခံကို ကြည့်ကာ ရယ်ရင်း ကျီစယ်လိုက်လေသည်။

မင်းမြတ်မောင်ကတော့ မပြုံးမရယ် ခပ်တည်တည်ပင်။ ရှိန်းတေဇာက စကားစလိုက်သည်။





"ခင်ဗျားဟာ နွားနဲ့ကြက်ပဲလား"

"နို့စားနွားနဲ့ ဥစားကြက်ရယ် ငုံးရယ်ပဲ မွေးထားတယ်၊ နဲ့ နို့ထွက်ပစ္စည်းစက်ရုံလည်း တစ်ခါတည်း တည်ထားလိုက်တယ်၊ ပြည်သာမှာပါ"

"ဩော်. ."

ရှိန်းတေဇာ မင်းမြတ်မောင်ကို အထင်မသေးရဲတော့၊ တ်ထားသည်က အနွေးထည်အကွက်နှင့် ဘောင်းဘီပွပွ၊ စက်ရုံ ပ်သားတွေ ဝတ်သလိုပင်။ အသားပင် နီစပ်စပ် ဖြစ်နေသည်။ ယ် တောသားပုံ ပေါက်နေသော သူ့ကို ကြည့်ပြီး သူအထင်ကြီး ခဲ့၊ ယခုတော့ ဖြုံသွားသည်။

နို့စားနွား အရေအတွက်ကိုကပဲ ရာနှင့် ချီနေသည်။ ဥစား ကြက်တွေတော့ ပြောမနေနှင့်တော့။ အလုပ်သမားတွေလည်း ရှိနေ ည်ဆိုတော့ နေရတနာခံအတွက် သူစိတ်ချသွားသည်မို့. . .

"ကျွန်တော် ဝိုင်းလုပ်တတ်မှာ မဟုတ်ဘူး၊ ဒီလိုလုပ်. . . န်တော်အပြင်ခဏ သွားဦးမယ်၊ အပြန်မှ နေနေကို ဝင်ကြိုမယ်၊ လား နေနေ"

နေနေကို သူစိမ်းယောကျ်ားတစ်ဦးနှင့် ယခုလို ယှဉ်တွဲ ပ်လုပ်နေမှာကို မမြင်လို။ ပြီးတော့ အကောင်ပလောင်တွေကို သနပြုဖို့ကလွဲပြီး စိတ်ဝင်စားသူလည်း မဟုတ်။ အနံ့အသက် ည်း မခံချင်သဖြင့် လူပိုသက်သက် ဖြစ်နေသော သူ့အတွက် ည်း ပျင်းစရာ၊ စိတ်ရှုပ်စရာကောင်းသဖြင့် ရှိန်းတေဇာ ထွက် ပါက်ရှာလိုက်သည်။

ဆတ်ဆတ်ထိမခံတတ်သော နေရတနာခံကလည်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ဘယ်သူက တာဝန်ယူခိုင်းနေလို့လဲ၊ အိမ်က ကား လာကြိုမှာပဲဟာ"

ရှိန်းတေဇာ ဒေါဖောင်းသွားသည်။ မင်းမြတ်မောင်ရှေ့ အပြောခံလိုက်ရတာလည်း ပါသည်။ ကြည့်ရတာ သူတို့နှစ်ဦး အကြည့်များက မရိုးသားကြ။

"ကျုပ် အန်တီ့ဆီ ဖုန်းဆက်ပြီးပြီ၊ အမိ ဘာမှပြောမနေနဲ့ တော့၊ ကိုမင်းမြတ်. . . ဘယ်အချိန်လောက် လာကြိုရင် ရမလဲ"

"ရပါတယ်. . . ဒီမှာပဲ ခင်ဗျားတို့နှစ်ယောက် ထမင်းစား ပြီးမှ အေးအေးဆေးဆေး ပြန်ပါ"

"အိုကေ. . ဒါဆို ကျွန်တော် လေးနာရီလောက် ကြိုမယ် ညနေစာတော့ မစားတော့ပါဘူး၊ ဆိုင်ကယ်ကို ခင်ဗျားအိမ်ရှေ့မှာ ထားခဲ့မယ်နော်"

"ဟုတ်ကဲ့. ."

မင်းမြတ်မောင်က ပြောပြောဆိုဆိုနှင့် ပြန်ထွက်သွား သော ရှိန်းတေဇာ၏နောက်ကျောပြင်ကို ကြည့်ပြီး ပင့်သက် တိတ် တချိုး ရှိုက်လိုက်မိလေသည်။

"ကိုင်း. . . လုပ်ငန်းစကြစို့လား ဂျူနီယာ"

ကြက်ခြံ၊ ကြက်လှောင်အိမ်ဘက်သို့ ဝင်ခဲ့သည်။ ကြက် ငှက်တုတ်ကွေး ဖြစ်မှာကို စိုးရိမ်သည်။ ကြိုတင်ကာကွယ်ဆေးထိုးရန် ဖြစ်သည်။ နှစ်ယောက်သား ခြံအလုပ်သမားများ အကူအညီနှင့် မနားမနေ ဆေးထိုးပေးသည်၊ ဆေးဖျန်းသည်၊ အမှန်တော့ မင်းမြတ် မောင် တစ်ယောက်တည်း လုပ်နိုင်ပါသည်။

အခြားသူတွေကိုလည်း ခေါ်ခိုင်း၍ရသည်။ သို့သော် ဘာ





ကြောင့်ရယ်မသိ၊ နေရတနာစံကို အမြဲသတိရနေသည်။ တလောက သူငယ်ချင်းတစ်ယောက်ဆီမှ နေရတနာစံ၏လိပ်စာကဒ်ကို ရရှိ လိုက်သည်နှင့် မည်ကဲ့သို့ ဆက်သွယ်ရမည်ကို လမ်းစရှာနေခဲ့ရာမှ သခုလို တမင်လမ်းထွင်လိုက်ခြင်းဖြစ်သည်။

သို့သော် နေရတနာစံ ရောက်လာပုံက သူ့အသည်းကို ဓားခွဲခတ်ခံလိုက်ရသလို ခံစားလိုက်ရလေပြီ။

မိဘ သဘောတူထားသူနှင့် အတူတကွ ရောက်ရှိလာ သည်။ ရှိန်းတေဇာက အလျှုရှင်မှန်း သိအောင် မဏ္ဍပ်တိုင် တက်ပြ သွားသည်။

"ဂျူနီယာ"

"ပြောပါ"

"ခင်ဗျားတို့က စေ့စပ်ပြီးပြီလား"

နေရတနာစံ ရင်ထဲ ဒိန်းကနဲ ခုန်သွားသည်။

သစ်ငုတ်တိုကြီး လှုပ်ခတ်လာပြီကိုး။

"အလကားပါ. . . မိဘချင်းကတော့ သဘောတူလို့ သူငယ်ချင်း ပေးတွေ့ပါတယ်၊ သဘောထားချင်း မတိုက်ဆိုင်လို့ ခွဲဖျက်သွားပါပြီ၊ ခုဟာက ကားပျက်လို့ သူ့ကားကြုံ အတင်း ခေါ်တာနဲ့ လိုက်လာခဲ့တာပါ"

"သြော်. ."

နေရတနာစံက ရှည်ရှည်ဝေးဝေးလေး ရှင်းပြပါလျက် သစ်ငုတ်တိုကြီးက "သြော်" တစ်လုံးထဲနှင့် အဆုံးသတ်သွားသည်။

"ဘာဖြစ်လို့ မေးတာလဲ ဆရာ"

တစ်ခါတစ်ရံ ဆရာဟုသူခေါ် နေကျအတိုင်း ခေါ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မင်းမြတ်မောင်က ခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ဩော်. . . တရင်းတနှီး ရှိကြလို့ပါ"

"သူ့ဘက်က သူ့ဘာသာသူ လိုက်ရောနေတာပါ၊ ပွဲက ပျက်နေပြီပဲ၊ ဘာကြောင့် ပွဲပျက်သလဲဆိုတာကော မသိချင်ဘူးလား ဆရာ"

"ဆောရီး. . . ကျွန်တော် စိတ်မဝင်စားဘူး"

မင်းမြတ်မောင် သူ့ပင်ကိုယ်စိတ်ကို ပြန်မွေးမြူလိုက်သည်။ တော်ပါတော့ မင်းမြတ်မောင်ရယ်၊ အဖေတူသားအဖြစ်ကို ရောက်သွားချင်လို့လားဟူသော သူ့ကိုယ်သူ ချွေးသိပ်စကားနှင့်ပင် သူ့နှလုံးသားကို တံဆိပ်ပြန်ခတ်လိုက်ပြီး ချိတ်ပိတ်လိုက်လေသည်။

နေရတနာခစံ ရင်ထဲ "ကျင်ကနဲ" ဖြစ်သွားသည်။ မိမိ၏ ခံစားချက်ကို သိလျက်နှင့် ဥပေက္ခာပြုခဲ့သော စီနီယာ။ စီနီယာ ရင်ထဲက သံမဏိနှလုံးသားပေပဲလား။ မိမိကပဲ တစ်ဖတ်သတ် ဖြစ်ခဲ့တာလား။

"နေရတနာခစံ သွားနားတော့၊ ဆိုင်ကယ်စီးသွားလိုက်. . . အိမ်မှာ ခုချိန်ဆို ကျွန်တော့်ကြီးတော် ပြန်ရောက်နေပါပြီ"

နားသယ်စပ်မှ ချွေးလေးများ စို့ပြီး မျက်နာနီစပ်စပ် ဖြစ်လာသော နေရတနာခစံကို သူမကြည့်ရက်တော့ပါ။

"ရပါတယ် ဆရာ"

"ရပါတယ် မလုပ်နဲ့. . . သွား၊ မြီးပါပြီ သွားလိုက်ပါ၊ ဂျူနီယာ ဆိုတာ စီနီယာရဲ့စကားကို နားထောင်ရတယ်လေ"

"ဟုတ်. . . ဒါဆို သွားပြီ"

နေရတနာခစံ ကြက်လျှောင်အိမ်ထဲမှ ထွက်ခဲ့ပြီး ရုံးခန်း





အရောက်တွင် ကူးစက်ရောဂါ အကာအကွယ် အဆောင်ဟူသမျှကို ချွတ်ပစ်လိုက်သည်။

ယခုမှ စိတ်လက်ခန္ဓာ ပေါ့ပါးလန်းဆန်းသွားသည်။

စီနီယာက လှည့်မကြည့်။ ဒီလောက်တောင် နေစိမ့်တဲ့သူ။ ခလိုအပ်ပဲ လူကို သက်သက်ပင့်ဖိတ်ပြီး ဥပေက္ခာ ပြန်ပြုထားတယ်။ ဒါ လူကို အရှုးလုပ်တာလား၊ အင်းလေ. . . သူ့ဘက်ကလည်း မလွတ်မကင်းနှင့် အတွဲက ပါလာတာကိုး။ အမိက တရားခံက မှိန်းတေဇာဆိုတဲ့လူကြောင့်ပဲ။

ဒင်း. . ဒင်းတော့လား။ နေနှင့်ဦးပေါ့။

နေရတနာခစံ စိတ်ထဲ တရစပ် တွေးတော ကြိမ်းဝါးရင်း စိုက်ပျိုးခင်း၊ ပန်းခင်းများကို ဆိုင်ကယ်ဖြတ်မောင်းအလာတွင် သန့်ရှင်းလတ်ဆတ်သော လေပြေနုံ့နှင့်အတူ ပန်းရနံ့များကိုပါ ရှူရှိုက်လိုက်ရသဖြင့် တဒင်္ဂအတွင်းမှာပင် ရင်ထဲ ဖြစ်ပေါ်လာခဲ့သော အဖုအထစ်ဟူသမျှတို့ ကျေပျက်သွားလေတော့သည်။

စီနီယာရယ်. . . မြင်းကမလှုပ်၊ ခုံက လှုပ်ရတော့မှာလား ဟူ၍လည်း တွေးကာ ပြုံးလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

"မိန်းကလေးကိုမှ အကူအညီ တောင်းရတယ်လို့ကွယ်၊ လာ. . . ထိုင်ပါ မိန်းကလေး"

မိခင်အသက်အရွယ်ခန့် ရှိသော အမျိုးသမီးကြီးက နေရတနာခစ်ကို ဆီးကြိုလိုက်လေသည်။

နေရတနာခစ်က ခွင့်တောင်းပြီး စိတ်လျှော့ခြင်း၊ ခြေလက်မျက်နှာတို့ကို သန့်စင်ခြင်း ပြုလုပ်ပြီးမှ ဧည့်ခန်းတွင် ထိုင်ကာ အပန်းဖြေလိုက်သည်။

"လိမ္မော်သီးဖျော်ရည်လေး သောက်လိုက်ပါဦး မိန်းကလေး"





"ဟုတ်ကဲ့"

"ကြီးကြီးက မင်းမြတ်မောင်ရဲ့ကြီးတော်ပါ၊ မင်းမြတ်မောင် အဖေရဲ့အစ်မပေါ့ကွယ်. . . ဒေါ်မင်းနုပါ"

ဒေါ်မင်းနုက သူ့ကိုယ်သူ မိတ်ဆက်လေသည်မို့ နေရတနာခစ်ကလည်း. . .

"ကျွန်မက နေရတနာခစ်ပါ၊ ကိုမင်းမြတ်မောင်နဲ့က ရေဆင်းမှာကတည်းက သိခဲ့တာပါ၊ ကျွန်မက သူ့ရဲ့ဂျူနီယာပါ၊ တပည့်ဆိုရင်လည်း မမှားပါဘူး"

"ကြီးကြီး အံ့သြသွားတာပေါ့ကွယ်၊ ကိုမြတ်က မိန်းကလေး သူငယ်ချင်းမိတ်ဆွေတွေနဲ့ ရင်းရင်းနှီးနှီးမှ မနေတာ၊ ခုလို မိန်းကလေးကို အကူအညီတောင်းတယ်ဆိုတော့ အံ့အားသင့်သွားတာပေါ့ကွယ်၊ ကျောင်းတုန်းက တော်တော်ရင်းနှီးခဲ့ကြသလား"

"သာမန်ပါပဲ ကြီးကြီး"

အနေတည်လွန်းသော မင်းမြတ်မောင်သည် ကျောင်းသူများအတွက် "စထား" ဖြစ်ခဲ့သည်။ တစ်ဖက်သတ် မျှော်လင့်ခဲ့ကြသည့် ကျောင်းသူများအထဲ သူလည်း တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်သူတော့ နေရတနာခစ် ဘယ်ပြောဝံ့ပါ့မလဲ။

"မိန်းကလေးမိဘများကကော ဘာလုပ်သလဲကွယ်၊ မောင်နှမသားချင်းတွေကော ရှိသလား"

ဒေါ်မင်းနုက မိန်းမသားကြီးပီပီ အစွမ်းကုန် စပ်စုလေသည်။ သူ့တူတော်မောင်က ထူးထူးခြားခြား အလုပ်ကိုအပ်နှင်းပြီး အိမ်ကို စတင်ဖိတ်ခေါ်လာသော မိန်းမချောလေးနှင့် သူတို့မောင်နှမ အစွမ်းကုန် စိတ်ဝင်စားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းထင်ကတော့ အခန်းအောင်းနေသည်။ ဒေါ်မင်းနုက ဆိုင်တွေမှ ပစ္စည်းလက်ကျန်နှင့် ငွေသိမ်းပြန်လာသည်နှင့် မောင်တူး သတင်းပေးချက်အရ တူတော်မောင်၏ဧည့်သည်မလေးကို အထူးစိတ်ဝင်စားနေခဲ့သည်ဖြစ်ရာ ယခုလို အခွင့်သာခိုက် အစွမ်းကုန် စပ်စုလိုက်လေတော့သည်။

"ဖေဖေက အငြိမ်းစားအရာရှိတစ်ဦးပါ၊ ဦးဘစံလို့ ခေါ်ပါတယ်၊ မေမေကတော့ ဖက်ရှင်ရှော့ပ်တစ်ခု ဖွင့်ထားပါတယ်၊ ဒေါ်ခိုင်ဇာဝင်းပါ၊ မောင်နှမသားချင်းငါးယောက်မှာ ကျွန်မက အငယ်ဆုံးပါ၊ အစ်ကိုနှစ်ယောက် အစ်မနှစ်ယောက်စလုံးက အိမ်ထောင်ကျပြီး သီးခြားစီ နေကြပါတယ်"

"မိန်းကလေးက အငယ်ဆုံးပေါ့၊ ဒါဆို မိဘနဲ့ အစ်ကိုအစ်မတွေအပေါ် နွဲ့ဆိုးဆိုးလို့ ကောင်းမှာပေါ့ ဟုတ်လား"

ဒေါ်မင်းနုက ဧည့်သည်မပျင်းရအောင် ဧည့်ခံကောင်းနေလေသည်။

ထိုအချိန်တွင် လူနှစ်ဦးက တစ်ပြိုင်နက်ဆိုသလို ရောက်လာလေသည်။

ဆိုင်ကယ်သံနှင့် ကားသံက တပြိုင်နက်ဆိုသလို ကြားလိုက်ရသည်။

နေရတနာစံ ခေါင်းနပန်းကြီးသွားသည်။ ဆုံပြန်ပြီကော ဒင်းတို့နှစ်ယောက်။

ထင်သည့်အတိုင်း နှစ်ယောက်သား အတူတကွပင် အိမ်ပေါ်သို့ တက်လာသည်။ မင်းမြတ်မောင်နှင့် ရှိန်းတေဇာ ဖြစ်သည်။

နေရတနာစံ ရှိန်းတေဇာကို မကြည်ကြည့် ကြည့်လိုက်





သည်။ ဒင်းကြောင့် မင်းမြတ်မောင် အထင်လွဲသွားနိုင်သည်။

"ကြီးကြီး . . . ဧည့်သည်တွေကို ထမင်းကျွေးပြီးမှ ပြန်ခိုင်းမှာ၊ ညနေစာ ပြင်ပေးပါ"

"အစောကြီး ရှိပါသေးတယ် ကိုမင်းမြတ်မောင်၊ ကျွန်တော်တို့ မစားတတ်လို့ပါ . . . ပြန်ခွင့်ပြုပါ၊ နေနေ . . . အန်တီဝင်းတ တိစွပြီးတာနဲ့ တန်းပြန်ခဲ့ဖို့ ကိုယ့်ကို မှာလိုက်တယ်"

ကြည့်စမ်း . . . မကျွတ်တိုင်က သိပ်တက်ပြသည်။ ဒင်းတော့လား၊ ဘယ်ရေစက်ကြောင့်မသိ။ ဒင်းကို လုံးဝမေတ္တာမရှိဖြစ်နေသည်။ တွေ့စက ရင်ခုန်ခဲ့တာလေးတွေ သတိရလိုက်တော့ မြန်တောင် နှမျောမိလေခြင်း။

"ထိုင်ပါဦး သူငယ် . . . ဖြည်းဖြည်းပေါ့ကွယ်၊ သစ်သီးဖျော်ရည်လေး သုံးဆောင်ပါဦး"

ဒေါ်မင်းနု ခေတ်မှီသော အမျိုးသမီးကြီးပီပီ လူငယ်သုံးဦး၏အနေအထားကို အကဲခတ်ရင်း ရှိန်းတေဇာကို ဖိတ်ခေါ်လိုက်သည်။

"သူက ဒေါက်တာရှိန်းတေဇာတဲ့၊ ကျွန်တော်တို့လို တိရစ္ဆာန်ကု ဆရာဝန် မဟုတ်ဘူး၊ လူကုဆရာဝန်ပါ ကြီးကြီး၊ နေရတနာစံနဲ့ မိဘချင်း သဘောတူထားတဲ့လူပါ"

ဒေါ်မင်းနု ရင်ထဲ နင့်ကနဲ ဖြစ်သွားရသည်။ တူတော်မောင်၏မျက်ဝန်းညိုအတွင်း မှိုင်းဝေသီသွားမှုနှင့် မချိသောအပြုံးရိပ်ကို ထောင့်စွန်းအကဲခတ်မိလိုက်သည်။

"သြော် . . . ဟုတ်လား"

ထိုအချိန်တွင် နေရတနာစံက ပျာပျာသလဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးချင်း သဘောတူခဲ့ပေမယ့် ကျွန်မတို့ချင်းကတော့ တစ်စောင်းစေးနဲ့ မျက်ချေးပဲ၊ ခု ကျွန်မကားပျက်လို့ သူ့ကားကြုံလိုက်လာတာပါ"

ဟု ရှင်းပြလေသည်။ ရှိန်းတေဇာက ပြုံးပြုံးလေးနှင့်ပင်. .

"ဒီလိုပဲ ကျွန်တော်တို့နှစ်ယောက်က အိုးရွဲ့စလောင်းရွဲ့ ဖြစ်နေတာပါ ကြီးကြီး"

နေရတနာခံစံ၏နဂါးမျက်စောင်းက ရှိန်းတေဇာပေါ်သို့ ကျရောက်သွားလေတော့သည်။

ကြီးကြီးဒေါ်မင်းနု တိတ်တခိုး သက်ပြင်းရှိုက်လိုက်ရင်း. .

"ညနေစာ စားပြီးမှ ပြန်ကြပါလားကွယ်"

"မိုးချုပ်သွားမှာစိုးလို့ပါ ကြီးကြီး၊ ကျွန်တော့်အတွက်က အကြောင်းမဟုတ်ပေမယ့် နေနေ့အတွက်က မကောင်းဘူး မဟုတ်လား"

ရှိန်းတေဇာက ပြုံးပြုံးလေးနှင့် စကားလှအောင် ပြောလေသည်။

"ဒီလိုဆိုတော့လည်း မတတ်နိုင်ပေဘူးပေါ့ကွယ်၊ နောက်များ ကြုံရင်တော့ လာလည်ကြပါဦး၊ ကိုမြတ်. . . ဧည့်သည်တွေအတွက် လက်ဆောင်ကော ပြင်ဆင်ပြီးပြီလား"

"အဆင်သင့်ပါပဲ ကြီးကြီး၊ အအေးလေးတော့ ကုန်အောင်သောက်သွားကြပါဦး ခင်ဗျာ"

မင်းမြတ်မောင်က သူ့ထုံးစံအတိုင်း ခပ်အေးအေးပင် ပြောလိုက်သည်။ တကယ့်ဖျော်ရည်တစ်ခွက်စီကို သောက်အပြီး နှုတ်ဆက်လိုက်သည်။





"ကျွန်တော်တို့ကို ခွင့်ပြုပါဦး၊ အန်ကယ်လ်ကော အိပ်နေတယ် ထင်တယ်. . . နှုတ်ဆက်ပါတယ်"

"အေး. . အေး. . ပြောလိုက်ပါ့မယ်၊ ကားကို ဂရုစိုက်မောင်းနော်၊ ဒီမှာ ကြီးကြီးတို့ ခြံထွက်တွေ"

ခြံထွက်ပစ္စည်းများ ကြိမ်ခြင်းတောင်းကြီးနှစ်လုံးနှင့် အပြည့်ကို မောင်တူးက ကားနောက်ခန်းသို့ တင်ပေးလိုက်စဉ်. . .

"ကိုရှိန်းတေဇာ တစ်ခြင်း၊ ဂျူနီယာအတွက် တစ်ခြင်းပါ"

"ဟာဗျာ. . . ကျွန်တော်က ဘာအကူအညီမှ မပေးရဘဲ၊ အားနာစရာဗျာ"

"အားမနာပါနဲ့. . . နေရတနာခံစံကို အကြိုအပို့ လုပ်ပေးတဲ့ကျေးဇူးက ရှိနေပြီပဲဗျာ၊ ကိုင်း. . . ဂျူနီယာ၊ ကျေးဇူးအများကြီးတင်ပါတယ်၊ ကျွန်တော့်ဆီက အကူအညီလိုရင်လည်း ပြောပါ"

"ဟုတ်ကဲ့. . . ခွင့်ပြုပါ စီနီယာ"

နေရတနာခံစံ မင်းမြတ်မောင်ကို ကြည့်လိုက်ပြီး နှုတ်ဆက်လိုက်သည့် တဒင်္ဂ ရင်ထဲမှာ တလှပ်လှပ် ခုန်လာလေသည်။

တိတ်တခိုး စွဲလမ်းခဲ့ဖူးသော အချစ်ညှောင့်ကလေးက အပင်သစ်တစ်ပင်အနေနဲ့များ ရုတ်တရက် ကြီးထွားလာလေပြီထင့်။

"သွားပါပြီ"

ကားက မောင်းအထွက်တွင် အကြည့်က တိမ်းစောင်းသွားခဲ့လေပြီ။

"ဟွန်း. . ."

နေရတနာခံစံ ရှိန်းတေဇာကို ရုတ်တရက် ပေကြည့်လိုက်ပြီး ကားနောက်သို့ သမင်လည်ပြန် ကြည့်ကာ လိုက်ပါခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းမြတ်မောင်က သူတို့ကားကို မျက်စိတဆုံးများ ရပ်ကြည့်ကျန်လေမလားဟု။

သို့သော် တကယ်တမ်း ရပ်ကြည့်ကျန်သူက ကြီးကြီးဒေါ်မင်းနု တစ်ဦးတည်းသာ။

"ငယ်ကျွမ်းဆွေနဲ့ တွေ့ခဲ့ရတော့ အတော်ပျော်ခဲ့မှာပေါ့နော်"

ရှိန်းတေဇာ၏ခနိုးခနဲ့ကို နေရတနာစံကလည်း မဆိုင်းမတွပင်. . .

"ဒါပေါ့. . . ရှင်သာ စောစောရောက်မလာခဲ့ရင် အကောင်းသား"

"ခင်ဗျားက တစ်ဖက်သတ် မျှော်လင့်ခဲ့တာမဟုတ်လား"

နေရတနာစံ ရှက်သွားသည်။ မိမိအဖြစ်က သိများ သိသာနေလေရော့သလား။

"ရှင့်အပူ တစ်ပြားမှ မပါဘူး"

"ကျုပ်က တိရစ္ဆာန်ကဲသာ မခတ်တတ်တာ၊ လူကဲခတ်တော့ တတ်ပြီးသားပါ၊ ဒီမှာ အမိ၊ ကျုပ်ကို စိတ်ချ၊ ကျုပ်ဆိုတဲ့ကောင်ကလေ. . . အချစ်မပါတဲ့ အိမ်ထောင်ရေးကို တစ်သက်လုံး စဉ်းစားမယ့်အကောင် မဟုတ်ဘူး၊ ဒီတော့ အမိမှာ အခွင့်အရေး အများကြီး ရှိပါတယ်၊ မိန်းမဈေးတွေဘာတွေ ကိုင်မနေနဲ့၊ ယုန်ကမတိုး ပိုက်ကသာ တိုးလိုက်ပေါ့"

"ရှင်. . ရှင် ဘာစကားပြောတာလဲ"

"ဟောဗျာ. . . အကောင်းလည်း သူ့ဘက်က ပြောပေး သေးတယ်၊ ကြည့်ရတာ အမိရဲ့စီနီယာကြီးကလည်း အမိကို အုပ်





ချစ် ချစ်နေပုံပဲ၊ ကြိုးစားလေဗျာ. . . ကြိုးစား၊ အဟတ်ဟား. . . ကျုပ်က အောင်သွယ်တော့ မလုပ်တတ်ဘူး၊ ဒါပေမယ့် ယှဉ်ပြိုင်ရတာတော့ ဝါသနာပါတယ်ဗျ"

ရှိန်းတေဇာ စကားတို့ကို နေရတနာစံ ဂဃနဏ နားလည်နိုင်။ ဆိုလိုရင်းက ဘာမှန်းမသိ။

"ရှင်က ဘယ်သူ့ကို ယှဉ်ပြိုင်ချင်တာလဲ"

"ခုနေတော့ ကျုပ်ကိုယ်ကျုပ်လည်း ဘာမှမပြောနိုင်သေးဘူး၊ ကျုပ်ပြိုင်လိုတာက လောကမှာ အခက်ခဲ အနက်နဲဆုံးဆိုတဲ့ အရာကိုမှ ရအောင် ပြိုင်ယူလိုချင်တာ"

နေရတနာစံ စဉ်းစားလိုက်သည်။ လောက၌ အခက်ခဲ အနက်နဲဆုံးအရာတွေ အများကြီး ဆိုတာပဲ။ ထိုအထဲ၌ နားလည်ရ ခက်ခဲပြီး တိတိကျကျ အဓိပ္ပါယ် ဖွင့်ဆိုမရအောင် သိမ်မွေ့နက်ရှိုင်း ခက်ခဲသောအရာက "အချစ်" ပေတည်း။

ရှိန်းတေဇာ မိမိကို ချစ်နေတာတော့ မဟုတ်လောက်ပါဘူး။ နေရတနာစံ မှတ်ချက်ချကာ. . .

"ပြိုင်. . ပြိုင် ရှင့်ဖာသာရှင် တစ်ယောက်တည်း အရှုံးလိုက်ပြိုင်နေပေတော့"

ဟု ဘုတောလိုက်ရာ ရှိန်းတေဇာက ရယ်ကာ. . .

"ပုထုဇ္ဇနော ဥမ္မတ္တကောတဲ့လေဗျာ"

နေရတနာစံ ရှိန်းတေဇာကို စကားအရာ မယှဉ်တော့။ မျက်စောင်းထိုးကာ. . .

"သိပ်အမြင်ကတ်စရာကောင်းတဲ့လူပဲ"

"ဘယ်သူကကော ချစ်ခိုင်းနေလို့လဲ၊ ဟတ်. . ဟားဟား"



www.burmeseclassic.com

www.burmeseclassic.com



နေရတနာစံ နှုတ်ပိတ်နေလိုက်သည်။ ပြောလေကဲလေ ဖြစ်မှာစိုး၍လည်းဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

မင်းမြတ်မောင်သည် ပရာဒိုကားလေး ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေပြီးမှ ရင်ထဲ ကသိကအောက်ကြီး ဖြစ်ကျန်နေသောစိတ်ကို ပင့်သက်ရှိုက်ကာ ရှင်းထုတ်ပစ်လိုက်လေသည်။

နောက်မှ အိမ်ပေါ်သို့ တက်ခဲ့သည်။

နေ့ရတနာ့စံကို သူရင်ထဲ ရှိခဲ့သည်က လွန်ခဲ့သော(၁၀)နှစ်ခန့်တုတည်းက။ သို့သော် အချစ်ထက် အရေးကြီးသောဘဝကို အောင်မြင်မှုဇာတ်ခုံပေါ် သို မရောက်မချင်း နှလုံးသားကို ဥပေက္ခာပြုထားရမည်ဟူသော ခံယူချက်က "အချစ်" ကို မျက်ကွယ်ပြုထားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု. . .

သူ၏စီးပွားရေးလုပ်ငန်းက အရမ်းကို အောင်မြင်နေပြီး "မဟာ" နို့ နို့ထွက်ပစ္စည်း၊ နို့စိမ်း၊ နို့ဆီသွတ်ဗူး မှန်သမျှ တပြည်လုံးရှိ ဈေးဆိုင်တိုင်းမှာ မရှိမဖြစ်စေရ။ E-mail နံပါတ်နှင့်ပင် ဖြန့်ဖြူး ရောင်းချနိုင်လေသည်။ ကြက်ဥလည်း ထို့အတူပင်။

မြန်မာပြည်အထက်ပိုင်းအတွက် မန္တလေးတိုင်း ထုံးဘိုတွင်လည်း သူ့ခြံခွဲတစ်ခု ထားပြီး မန်နေဂျာတစ်ဦးနှင့် လွှဲထားရသည်။

"ကိုမြတ်ရေ. . . ရေချိုးလိုက်တော့လေ၊ ချွေးနဲ့ အအေး ပတ်သွားဦးမယ်"

"ဟုတ်ကဲ့ ကြီးကြီး"

သူ့ဘဝ၌ အမိက အထားဆုံးသူမှာ နှစ်ယောက်ပဲ ရှိသည်။ တစ်ဦးက ဖခင်ဦးမင်းထင်နှင့် ကျန်တစ်ဦးက ဖခင်၏အစ်မကြီး ကြီးကြီးဒေါ်မင်းနု ဖြစ်သည်။

သူ့စိတ်ထဲ ကသိကအောင့် ဖြစ်နေသောစိတ်ကို ရေချိုးခြင်းဖြင့် ရှင်းထုတ်ပစ်လိုက်သည်။

ဘယ့်နှယ့်. . နေရတနာစံက တစ်ယောက်တည်း ရောက်မလာဘဲ မလွှတ်မကင်း ရှိန်းတေဇာဆိုတဲ့ကောင်က ကန့်လန့်ကန့်လန့် လိုက်ပါလာရတယ်လို့။

"ကိုမြတ်ရေ. . . ညနေဘက်ကြီး ရေကို စိမ်မချိုးနဲ့လေ"

"ဟုတ်ကဲ့ ကြီးကြီး. . . ပြီးပါပြီ"

ကြီးကြီးနှင့်ဖေဖေအတွက်တော့ သူသည် ထာဝရ ကလေးငယ်တစ်ဦးပမာ ဖြစ်လို့နေလေသည်။

"ဖေဖေကော. ."





"ခေါ်ထားတာပဲ. . . မလာသေးဘူး၊ သားပဲ သွားခေါ်လိုက်ဦး"

သူ ဖခင်အခန်းသို့ ဝင်ခဲ့သည်၊ မရှိ။ ဝရန်တာဘက်သို့ကြည့်လိုက်သည်။ ဝရန်တာရှိ လှုပ်ကုလားထိုင်တွင် ထိုင်ရင်း တစ်စုံတစ်ခုကို အလေးအနက် တွေးနေလား၊ လွင့်မျောနေတာလား မသိသော ဖခင်ကို တွေ့လိုက်ရသည်။

ဖခင်၏အငေး၊ အတွေးတို့ကို မြင်ခဲ့ရတာ ရိုးအီနေပြီ ဖြစ်သော်လည်း ခုနောက်ပိုင်း ရောဂါကျွမ်းတော့ ဝိပဿနာအလုပ်ကို အားစိုက်လုပ်ကိုင်ရင်း သေရက်ကို စောင့်ဆိုင်းနေသည့်အတွက် အငေးအငိုင်တို့ မရှိတော့။

"ဖေဖေ. ."

သူ့ခေါ်သံ ကြားဟန်မတူ။

"ဖေဖေ. ."

သူ ဖခင်အနီး ရပ်ပြီး ခေါ်လိုက်မှ ဖခင်က ဖျတ်ကနဲ သတိဝင်လာပြီး သူ့ဘက် လှည့်ကြည့်သည်။

"ဖေဖေ. . . နိုင်ငံခြား သွားကုရအောင်လေ"

ထမင်းစားခေါ်မည့်သူက ဖခင်အပေါ် အမြဲတမ်း စည်းရုံးနေကျ စကားနှင့် စည်းရုံးလိုက်သည်။

ဖခင်၌ အသည်းရောင်စီပိုး ရှိနေသည်။ ငယ်စဉ်က အရက်အလွန်အကျွံ သောက်သုံးခဲ့မှုက ကိုယ့်ကိုယ်ကို ဒုက္ခပေးခဲ့သလို ဖြစ်သွားခဲ့ရလေသည်။

"ရောဂါအကြောင်း မပြောနဲ့တော့ သား၊ ဖေဖေ စဉ်းစားနေတာ၊ ဖေဖေ သေရမယ့်ရက်က တစ်နေ့တစ်ခြား နီးကပ်လာပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဖေဖေသိနေတယ်၊ ဒီကြားထဲ ဖေဖေ သားဘဝကို အထီး ကျန် မထားခဲ့ချင်ဘူး၊ သားအိမ်ထောင်ပြုဖို့ စဉ်းစားပါ"

မင်းမြတ်မောင် ရုတ်တရက် အံ့အားသင့်သွားသည်။ ဖခင်သည် သူ့အား အိမ်ထောင်ပြုဖို့ စကားတစ်ခွန်းမှ မစခဲ့ဖူးပါချေ။ ယခုမှ ရုတ်တရက်ဆိုတော့ အံ့အားသင့်သွားသည်။

"သားအဖနှစ်ယောက် ဒီည ထမင်းကော စားဖြစ်မှာလား ခေါ်ခိုင်းတဲ့သူကပါ ပေါ်မလာတော့ဘူး"

ကြီးကြီးဒေါ်မင်းနု ရောက်လာတော့မှ သူတို့စကားစက် ဖြတ်လိုက်ပြီး ထမင်းစားခန်းသို့ လိုက်ပါသွားခဲ့သည်။

ကြီးကြီးဒေါ်မင်းနုက သူ့မောင်နှင့်တူ တစ်မျိုးမဟုတ် တစ်မျိုး ခံတွင်းတွေ့နိုင်မည်ဟူသမျှကို လေးငါးမျိုး အနည်းဆုံး ချက်ထားပေးတတ်သည်မို့ ထမင်းစားပွဲမှာ ပြည့်နေတတ်သည်။

ဦးမင်းထင်မှာ အသည်းကင်ဆာဖြင့် အနည်းဆုံး ခြောက်လပါပဲဟု ဆရာဝန်က လက်လျှော့ထားသော အနေအထား ဖြစ်သည်။ စားချင်တာစားဟုလည်း ခွင့်ပြုထားသည်။

"မောင်လေး. . . ကြက်သဟင်းရွက်နုလေး များများစား"

ဦးမင်းထင်ထက် သုံးနှစ်ကြီးသော ဒေါ်မင်းနုမှာ သူ့မောင်ကို ဂရုတစိုက် ကျွေးမွေးလေသည်။

"သားအဖနှစ်ယောက် ဘာတွေများ ပြောနေကြတာလဲ"

"သားကို အိမ်ထောင်ပြုစေချင်ပြီ၊ နှစ်သက်တဲ့သူရှိရင် ပြောဖို့ ပြောနေတာပါ မမ"

"အင်း. . . ဟုတ်တယ် ကိုမြတ်၊ သားအသက်သုံးဆယ်ရှိပြီ အိမ်ထောင်ပြုသင့်ပြီ"





"ကျွန်တော်မှ ဆန္ဒမရှိဘဲ၊ ဖေဖေနဲ့ကြီးကြီးကို ပြုစုစောင့် ရှောက်ဖို့နဲ့ စီးပွားရေးကို မကျဆင်းဖို့ အောင်မြင်အောင် ထိန်းထား ရုံပဲ ကျွန်တော့်မှာ ဆန္ဒရှိတယ်"

နေရတနာစံကို ခေါင်းထဲက ထုတ်ပယ်ပစ်လိုက်ရင်း မင်းမြတ်မောင်က အေးဆေးစွာပင် ပြောကြားလိုက်သည်။

"ဒါဆို ကြီးကြီး ရှာပေးမယ့် အမျိုးသမီးနဲ့ တွေ့ဆုံကြည့် လေ သား"

မင်းမြတ်မောင် ခေါင်းခါလိုက်ပြီး. . .

"အချစ်မပါတဲ့ အိမ်ထောင်ရေးကို ကျွန်တော်မလိုလားပါ ဘူး ကြီးကြီးရယ်"

"အချစ်နဲ့ တည်ဆောက်ပါတယ်ဆိုပြီး မမြဲတဲ့ အိမ်ထောင် ရေးတွေ အများကြီးပါ သားရယ်၊ အရေးကြီးတာက အိမ်ထောင် ရေးမှာ တစ်ဦးနဲ့တစ်ဦး နားလည်မှုပါပဲ"

အပျိုကြီး ကြီးကြီးက သူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်း၏ အတွေ့အကြုံများကို ခြုံငုံသုံးသပ်ပြီး မှတ်ချက်ပြုလိုက်လေသည်။

"မမ. ."

"ပြော မောင်လေး"

"စောစောက ညှော်သည်နှစ်ယောက်ကို တွေ့လိုက်သေး သလား"

"တွေ့ပါတယ်. . . ဘာဖြစ်လို့လဲ"

"သူတို့နှစ်ယောက်က မိဘချင်း သဘောတူထားကြ တာ သားသိသလား"

"ကျွန်တော်လည်း အခုမှ သိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သား သူတို့နဲ့ မပတ်သက်နဲ့တော့၊ ဝေဒနာဆိုတာ အမြစ်မတွယ်မိတာ အကောင်းဆုံးပဲ"

မင်းမြတ်မောင် ဖခင်စကားကြောင့် မလုံမလဲ ရှက်ကိုးရှက်ကန်း ဖြစ်သွားလေသည်။

"ကျွန်တော်တို့က ရိုးရိုးသားသားပါ"

"ကောင်းပါတယ်. . . သားက သူတို့ထက် အသက်ကြီးတာဆိုတော့ လူကြီးစိတ်ပဲ မွေးလိုက်ပါ၊ သူတို့နဲ့ ပတ်သက်ပြီး စိတ်ကို မနှစ်လိုက်နဲ့"

ဒေါ်မင်းနုကော မင်းမြတ်မောင်ပါ အံ့အားသင့်သွားသည်။ ဦးမင်းထင်သည် ဘယ်သောအခါမှ စကားရှည်ရှည်ဝေးဝေး ပြောသူ မဟုတ်။ သူစိမ်းတွေနှင့် ပတ်သက်ပြီးလည်း မပြော။ အခုတော့ ဒီနေ့မှ တွေ့ဖူးသော လူစိမ်းနှစ်ယောက်နှင့် ဆက်နွယ်ပြီး သားဖြစ်သူကို သတိပေးစကားတွေနှင့် ရှည်ရှည်ဝေးဝေး ပြောနေပါလား။

ဒေါ်မင်းနုက. . .

"သူတို့ကလေးတွေနဲ့ ပတ်သက်ပြီး မောင်လေးက ဘာတွေများ သိထားလို့လဲ"

လူကြီးပီပီ အကင်းပါးစွာ မေးခွန်းထုတ်လိုက်သည်။ ဦးမင်းထင် ရုတ်တရက် မျက်နှာပျက်သွားသည်။

နောက် ချက်ချင်းပင် ပြုံးလိုက်ပြီး. . .

"ဪ. . . စုံတွဲလေး မြင်တော့ သားတောင် အရွယ်လွန်လာပြီ တွေးမိပြီး သားကိုလည်း စုံတွဲနဲ့ မြင်ချင်လာတယ်၊ ဒါပေမယ့် အတွဲရှိသူနဲ့ ပတ်သက်မိမှာလည်း စိုးရိမ်လို့ ပြောမိတာပါ၊ မမက





လည်း. . ."

"တော်သေးတာပေ့ါကွယ်. . . မမကတော့ သားကို ချစ်ကဲ လည်း ကောင်းစေချင်တာပဲ သိတယ်"

မင်းမြတ်မောင် စကားမဆက်တော့၊ ဖခင်နှင့်ကြီးတော်တြား ပြုံးရုံသာ ပြုံးနေလိုက်သည်။

ရင်ထဲမှာတော့ နာကျင်နေသည်။

နေရတနာစံဆိုသော မိန်းကလေးကို မချစ်မိစေဖို့ ဖခင်က သတိပေးခြင်းဖြစ်သည်ကိုတော့ ကောင်းစွာသဘောပေါက်လိုက်သည်မို့. . .။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

နေရတနာစံ G.S.M ဖုန်းလေး၏အဖုံးကို ဖွင့်လိုက် ပိတ်လိုက် လုပ်ရင်း ချီတုံချတုံ ဖြစ်နေလေသည်။

ဒီကြားထဲ သူ့အချစ်တော် ရွှေဝါကလည်း သူ့ပေါင်ပေါ်၌ လာရောက်အိပ်စက်နေသေးသည်။ လက်တစ်ဖက်နှင့် ပွတ်သပ်ပေး လိုက်သည်။

ကိုယ်က စဆက်လျှင် မိန်းမဈေးများ ကျနေမလား။

စီနီယာဆီက ဖုန်းလာနိုး မျှော်လင့်ခဲ့ရသည်။ တစ်ရက်တာ ကုန်ဆုံးသွားသည်အထိ မလာ။ နောက်နေ့ အလုပ်လုပ်ရင်း မေ့ထား လိုက်သည့်ကြားက ဖုန်းမျှော်သည်။ ရောက်မလာ။





ညရောက်လာပြီ. . . သူ မဆက်လျှင် ကိုယ်ဆက်တော့ မည်ဟု စဉ်းစားပြီး ဖုန်းကို ကိုင်ပြီးကာမှ ဝေခွဲမရသေး။

ထိုစဉ် ဖုန်းခေါ်သံ ထွက်လာသည်။

"တီး. . တီး. . တန်. . တန်. . တန်"

ဖုန်းစကင်န်ကို ကြည့်လိုက်တော့ မျက်နှာမဲ့သွားရသည်။

ရှိန်းတေဇာက ထောက်ကြံ့က ပြန်လာစဉ် သူ့ဖုန်းကို ယူ တာ သူ့ဖုန်းနံပါတ်ကို မန်မိုရီ သွင်းပေးထားသလို မိမိဖုန်းနံပါတ်ကို လည်း ယူထားလေသည်။

"ဟယ်လို. ."

"ဘာလဲ. . ပြော"

"နေကောင်းလားလို့. ."

"အကောင်းကြီး. . . သေမင်းနဲ့ ဝေးသေးတယ်"

"မဟာခြံထွက်ပစ္စည်းတွေအတွက် ကျေးဇူးတင်ကြောင်း ပြောချင်လို့ ဖုန်းနံပါတ် သိမလားလို့"

နေရတနာစံ မဲ့လိုက်သည်။ ဒါ သက်သက် ရမယ်ရှာတာ။

"နို့ဆိုဗူးတို့ နို့ဗူးတို့မှာ သူ့လိုဂိုတံဆိပ်နဲ့ လိပ်စာကော၊ ဖုန်းနံပါတ်ကော၊ အီးမေးလ်နံပါတ်တွေကော ပါနေတာ၊ သက်သက် အပိုလုပ်ပြီး မေးနေတယ်၊ ဒီလောက်တောင် ပိန်းရသလား"

ဟု ပြောပြီး ဖုန်းကို ပိတ်လိုက်သည်။

လောလောဆယ် ပါဝါပိတ်ထားလိုက်သည်။ ရှိန်းတေဇာ ထပ်မခေါ်စေရန် ဖြစ်သည်။

တအောင့်ကြာမှ ဖုန်းကို ပါဝါပြန်ဖွင့်ပြီး စီနီယာ၏ လက်ကိုင်ဖုန်းကို ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို. ."

"ပြောပါ ဂျူနီယာ"

"လက်ဆောင်ပစ္စည်းတွေအတွက် ကျေးဇူးတင်ပါတယ်၊ အများကြီးမို့ မေမေက အားနာစွာနဲ့ ကျေးဇူးတင်ကြောင်း ပြောပေးပါဆိုလို့ပါ"

မုသားမဟုတ်၊ အမှန်တကယ်လည်း မိခင်က ခြင်းတောင်းကြီးတစ်လုံးနှင့်အပြည့် လူနှစ်ယောက်ပင် မနိုင်မနင်း မ,ယူခဲ့ရသည်ကိုး။

"ရပါတယ် ဂျူနီယာ၊ စေတနာနဲ့ ကူညီမှုထက်စာရင် မပြောပလောက်ပါဘူး၊ ဒါထက် မင်းတို့နှစ်ယောက် စိတ်ကောက်တိုင်း ကစားနေတဲ့ကြားက ကျုပ်ကိုတော့ ခုတုံးလုပ်တာ မဟုတ်ပါဘူးနော်"

"ရှင်. . . ဘာကို ဆိုတာပါလဲ စီနီယာ"

နေရတနာစံ မျက်လုံးလေးပင် ဝိုင်းသွားသည်။

"မင်းနဲ့ရှိန်းတေဇာလေ. . . စောစောကပဲ ရှိန်းတေဇာဆီက ဖုန်းလာတယ်၊ ကျေးဇူးတင်ကြောင်းနဲ့ မင်းဆီက ဖုန်းလာသလားလို့ မေးတယ်"

"ဟင်. . . ဟုတ်လား၊ ရာရာစစ. . . သူက ဘာဆိုင်လို့ မေးရတာလဲ"

"ဆိုင်တာမဆိုင်တာက မင်းတို့ကိစ္စပါ၊ ဒါပေမယ့် မင်းတို့ကိစ္စကြားမှာ ကျုပ်ကိုတော့ ဆွဲမထည့်မိပါစေနဲ့၊ ဘာပဲပြောပြော ဟိုနေ့က ကျုပ်ကို ကူညီပေးတဲ့ကျေးဇူးကို ကျုပ် မမေ့တမ်း သတိရနေမှာပါ၊ ကိုင်း. . . ဘာပြောစရာ ရှိသေးလဲ"





နေရတနာစံ ရင်ထဲ အောင့်သွားရသည်။ စိမ်းကားလွန်းလှချည်လား။

"မရှိတော့ပါဘူး"

"ဒါဖြင့် ဖုန်းချလိုက်ပြီ"

တုံးတိတိပင် ပြောပြီး ဖုန်းချသွားသော မင်းမြတ်မောင်ကြောင့် နေရတနာစံ၏ဒေါသက ရှိန်းတေဇာထံသို့ ဆိုက်ရောက်သွားလေသည်။

ဒင်း ဘာတွေ မွှေနှောက်နေသည်မသိ။

ချက်ချင်းပင် ရှိန်းတေဇာဆီ ဖုန်းခေါ်လိုက်သည်။ ခွေဝါကို ပေါင်ပေါ်မှ ဖယ်ရှားပြီး ကုတင်ပေါ်မှ ဆင်းကာ လမ်းလျှောက်ရင်း စကားပြောမိလေသည်။

"ပြော. . . ကြောင်တစ်ရာဗိုလ်"

အငေါ်အတူးလေးနှင့် စလေပြီ။

"ရှင် ကျွန်မစီနီယာကို ဘာတွေ ချွန်တွန်းလုပ်နေတာလဲ"

"ဗျာ. . . ဘယ်သူ့ကို"

"ကိုမင်းမြတ်မောင်ကို"

"သူက ဘာပြောလို့လဲ"

"ရှင် ကျွန်မကို ပြန်မမေးနဲ့၊ ကျွန်မမေးတာဖြေ"

နေရတနာစံ ဒေါသကြောင့် အသံကျယ်သွားရာ ကြောင်လေး ခွေဝါပင် ခေါင်းထောင်ကြည့်ပြီး ကုတင်ပေါ်မှ ဆင်းကာ ကြောင်အုပ်စုများ အိပ်နေရာသို့ ထွက်သွားလေတော့သည်။

"သြော်. . သြော်. . ကောင်းပါပြီ၊ အမိ သေသေချာချာ နားထောင်နော်၊ ကိုမင်းမြတ် ခင်ဗျားပေးလိုက်တဲ့ပစ္စည်းတွေက



www.burmeseclassic.com

www.burmeseclassic.com



သိပ်များလွန်းလို့ ကျေးဇူးဘယ်လိုတုန့်ပြန်ရမှန်း မသိပါဘူး၊ ဆရာဝန်မိသားစု ဆိုတော့ ခင်ဗျားတို့မိသားစု ကျန်းမာရေးအတွက် ဝန်ဆောင်မှု ပေးပါ့မယ်၊ လိုအပ်ရင် ဆက်သွယ်ဖို့ ကျွန်တော့်ဖခင် ဆေးခန်းနဲ့ လိပ်စာ ဖုန်းနံပါတ်တွေကို အီးမေးလ်နဲ့ ပို့ထားလိုက်ပါတယ်၊ နောက်ပြီး. . ."

"တော်ပြီ. . . ကျွန်မသိချင်တာက ကျွန်မနဲ့ ပတ်သက်ပြီး"

"ဘာမှမပြောမိပါဘူးဗျာ. . . တကယ်ပါ၊ မှန်တာပြောရင် သစ္စာဆိုတော့ မှန်တာပြောရင် မိန်းမချောလေး ခင်ဗျားနဲ့ ကြောင်တစ်ရာ ခွေးတစ်ရာ မပါဘဲ အိမ်ထောင်ကျရပါလို၏ ခင်ဗျာ"

"တော်ပြီ. . ရှင်. . ရှင်. . သွားသေလိုက်"

နေရတနာ့ခ်စံ ဖုန်းပိတ်ပစ်လိုက်လေသည်။

ဘယ်လိုရေစက်ကြောင့်များ ရှိန်းတေဇာကို သူကြည့်၍မရ တစောင်းစေးနှင့် မျက်ချေးပမာ ဖြစ်နေရသည်မသိ။

ရှိန်းတေဇာ ပြောတာ အမှန်ဆိုလျှင် စီနီယာ မင်းမြတ်မောင်က ဘာကြောင့်များ မဆီမဆိုင် စကားတွေ ပြောရသနည်း။

ဪ. . . နှစ်ယောက်တွဲသွားခဲ့တာကိုကပဲ အထင်လွဲစရာ ဖြစ်ခဲ့သည်ကိုး။

ဒါဆို မင်းမြတ်မောင်၏အံ့ပုန်းအချစ်က ပွင့်ထွက်လာတာလား။ မနာလိုတာ ဖြစ်မည်။

နေရတနာ့ခ်စံ လိုရာဆွဲအတွေးပြီးတွင် ရင်ထဲ ပြန်၍ငြိမ်းချမ်းသွားလေတော့သည်။

ဘာပဲပြောပြော အကြောင်းရှာပြီး စီနီယာတို့ခြံကို ရောက်အောင်သွားဦးမည်။ ကြီးကြီးဒေါ်မင်းနုနှင့် တည့်အောင် ပေါင်းထား





ရမည်။

ဆုံးဖြတ်ချက် ချအပြီးတွင် နေရတနာ့ခ်စံ ကုတင်ပေါ် ပြန်တက်ကာ အကျအန စောင်ခြုံလျက် အိပ်စက်လိုက်လေတော့သည်။

အပူအပင် ကင်းစွာဖြင့် ချက်ချင်းပင် အိပ်ပျော်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

မင်းမြတ်မောင် တတ်နိုင်သမျှ ပွဲလမ်းသဘင် အခမ်း
အနားမျိုးကို ရှောင်သည်။ သို့သော် အောင်မြင်သော စီးပွားရေး
လုပ်ငန်းရှင်တစ်ဦး ဖြစ်လာတော့ မိမိ၏ customer(ဝယ်သူ)တွေ
နှင့် ပတ်သက်ပြီး အလေးထားကာ ရင်းနှီးမှု အတိုင်းအတာပေါ်
မူတည်ပြီး တက်ရောက်ပေးရသည်။

ယခုလည်း စူပါမားကတ်တစ်ခု၏မန်နေဂျာ အမျိုးသား
လေး၏ မင်္ဂလာဆောင်ပွဲကို မလွှဲမကင်းသာသဖြင့် ကြွရောက်ချီးမြှင့်
ရန် ဆီဒိုးနားသို့ လာခဲ့ရသည်။

အဖော်မပါတော့ တစ်ဦးတည်း ဝေါင်စင်းစင်းပေ





အရေကတော့ ခပ်ထူထူ ဖြစ်နေသည်မို့ တစ်ဦးတည်းပင် မင်္ဂလာ
ဆောင်ခန်းမထဲ ဝင်ခဲ့သည်။

“ကြွပါ ဆရာ”

သူ့ကို ထိပ်ပိုင်းနားက စားပွဲသို့ပင် နေရာချပေးသည်။

“ဟင်. . . စီနီယာ”

နေရတနာစံနှင့်လတ်လတ် ကျောင်းတုန်းကတည်းက
အတွဲညီသော သူငယ်ချင်းနှစ်ယောက်က သူ့ကို နှုတ်ဆက်သည်။

ရုတ်တရက် မင်းမြတ်မောင် ဝမ်းသာသွားသည်။ အဖော်မဲ့
စွာနှင့် အချိန်ကုန်ဆုံးရမည့်အစား အသိမိတ်ဆွေတွေနှင့် စကား
တပြောပြော ကုန်ဆုံးခြင်းက ပို၍ကောင်းသည့်အတွက်ဖြစ်သည်။

သို့သော် နေရတနာစံနှင့် ပတ်သက်ပြီး ရှေ့သို့ မဆက်ချင်
သော့။ မိဘချင်း သဘောတူထားတာ ရှိနေသည့် မိန်းကလေး
အပေါ် မျှော်လင့်ချက်ထားခြင်းက မိုက်မဲရာ ရောက်ပေမည်။

“လတ်လတ်တို့ပါလား”

“စီနီယာက လတ်ကို မှတ်မိသားပဲ”

“မှတ်မိပါတယ်. . . မင်းတို့နှစ်ယောက်က အမြဲ တတွဲတွဲပဲ
ဟာ၊ ဒါထက် လတ်လတ်ကကော ဘာလုပ်သလဲ”

“လတ်လား. . . သူ့ဆေးခန်းကို ဝိုင်းကူပေးနေတယ်လေ”

“သြော်. . ”

“အတော်ပဲ စီနီယာ၊ နေနေ ပြောနေတာနဲ့ စီနီယာတို့ခြံ
သာယာတဲ့အကြောင်း ကြားပြီးကတည်းက လတ်လည်း လာလည်
ချင်နေတာ၊ စီနီယာ ဖိတ်မှာလား”

“ဖိတ်ပါတယ်ဗျာ. . . ဘယ်ဂျူနီယာ စီနီယာမဆို အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုချင်လည်း ပေးတယ်၊ အကူအညီလိုရင်လည်း ဆောင်ရွက်ပေး
တယ်"

မင်းမြတ်မောင် လတ်လတ်နှင့် စကားပြောနေစဉ် ငြိမ်
သက်နေသော နေရတနာစံကို မသိမသာလေး ခိုးကြည့်မိသည်။
လှလိုက်သည့်မိန်းကလေး။ ကျောင်းနေစဉ်က ငယ်ရွယ်ပျိုမြစ်နုနယ်
သောအလှ၊ အခုတော့ အရွယ်တော် အစိတ်ဟိုင်းလာပြီမို့ အလှပေါ်
အယဉ်ဆင့်ကာ ရင့်ကျက်သော အလှကျက်သရေကို ဆောင်နေပေ
သည်။

သို့သော် ရှိန်းတေဇာ မျက်နှာကို မြင်ယောင်လာသည်နှင့်
အကြည့်သူခိုးကို ရုပ်သိမ်းပစ်လိုက်သည်။

"ဒါဆို ဒီပိတ်ရက်ကတော့ ဒီဧည့်ခံပွဲနဲ့ ပြီးသွားပြီဆိုတော့
ရှေ့အပတ် ဆန်းဒေး စီနီယာတို့ခြံကို လာလည်မယ်၊ နေနေ. . .
ရှင်ကော အားသလား"

နေရတနာစံ မင်းမြတ်မောင်ကို ကြည့်လိုက်သည်။ ကြည့်
ဖြူပုံ့ပါမလား၊ ဒင်းစိတ်ရင်းက ဘာမှန်းကို တပ်အပ်သေချာမှ မသိ
တာ။ မင်းမြတ်မောင်က နေရတနာစံအပေါ် သူ့ဆက်ဆံရေး
ကျဲသွားမှန်း သိသည်။ အကူအညီလည်း လာပေးရသေး၊ သူ့ရာ
ခပ်တင်းတင်းဆိုတော့ မိမိမတရားပါဘူးလေ။

"လာခဲ့ကြလေ. . . ကျန်တဲ့သူငယ်ချင်းတွေ ရှိရင်လည်း
ခေါ်ခဲ့ကြပါ၊ ကြီးကြီးနဲ့ဖေဖေက ဧည့်သည်လာရင် ပျော်ကြတယ်"

"ဟင်. . . နေနေ ဟိုတစ်ခါ လာတော့ အန်ကယ်လ်
စကားတစ်ခွန်းနှစ်ခွန်းပဲ ပြောပြီး အခန်းထဲ ပြန်ဝင်သွားတာ ပြန်
လာတဲ့အထိ ထွက်မလာတော့ဘူး"





မင်းမြတ်မောင်က ပင့်သက်ရှိုက်လိုက်သည်။

"ဖေဖေက နေမကောင်းဘူး"

"ဘာရောဂါလဲဟင်"

"ထားပါတော့လေ. . . ဒါထက် လတ်လတ်တို့အုပ်စုက
အသေးဆုံးလေး ဘယ်သူ၊ ဇင်မာ. . . သူကော"

"သူက နိုင်ငံခြား ထွက်သွားပြီး၊ သူ့အမျိုးသားနောက်
လိုက်သွားတာ"

ရောက်တတ်ရာရာလေးတွေ ပြောကြရင်း စိန်၊ ရွှေ၊ ငွေ၊
ဒီးဒဲတတ္တိပါတွေနှင့် မွှန်းထုံ စီခြယ်ထားသော ဧည့်ခံပွဲ အခမ်းအနား
ကို တုန်ဆုံးပစ်လိုက်သည်။

စားသောက်ပြီး ပြန်ထွက်လာတော့ ကားရပ်ထားရာသို့
အတူတကွ လျှောက်လာရင်း. . .

"မင်းတို့ တကယ်လာဖြစ်မှာလား"

"ဟုတ်ကဲ့"

"အိမ်မှာ ထမင်းချက်ထားခိုင်းမယ်"

"ဟာ. . . အားနာစရာကြီး စီနီယာ"

လတ်လတ်က ပြောလိုက်သည်။

နေရတနာစံကတော့ ဒီနေ့ စကားအနည်းဆုံးဖြစ်နေသည်။
ပြောပြချင်ပါသည်။ ရှိန်းတေဇာသည် သူနှင့် လုံးဝမပတ်သက်သည့်
အပြင် သူ့နှလုံးသားထဲမှာလည်း မရှိဟူ၍။

သို့သော် ပြောခွင့်မသာသေး။

နေရတနာစံ ကားနားအရောက်တွင် လမ်းခွဲလိုက်ရလေ
သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းမြတ်မောင် ကားပေါ် ရောက်သည်နှင့် ဖခင်ကုနေကျ အထူးကုဆရာဝန်ကြီးအိမ်ရှိရာသို့ ထွက်ခဲ့သည်။ ခြံထွက်စက်ရုံထွက် ပစ္စည်းများ ပို့ပေးရင်း ဖခင်အခြေအနေကို မကြာခဏ သွားရောက် ဆွေးနွေးရသည်။

ကင်ဆာဆိုတာ ဖုံးကွယ်ထားသည့်ကြားက ဖခင်သိသွား သောအခါ လုံးဝဆေးကုမခံတော့။ ဒီတော့ ကြီးကြီးက ငိုယို တောင်းပန်တော့ ဆေးသောက်ဆေးထိုးတော့ လုပ်သည်။ ကြီးကြီး မှာ တိုင်းရင်းမြန်မာဆေးတွေကော၊ အစားအသောက်တွေကောနှင့် ရောဂါကို သက်သာနေစေရန် ကြိုးပမ်းထားသည်။

ထို့အပြင် မိသားစုဆရာဝန်တစ်ဦးကိုလည်း လက်စွဲထားရ လေသည်။

သူ့ဖခင် ဦးမင်းထင်သည် အလွန်ခေါင်းမာသောသူ တစ်ဦးဖြစ်သည်။

ဖခင်လက်သုံးစကားမှာ. . .

"ကင်ဆာရောဂါလောက်တော့ ငါက ဘယ်မှုမလဲ၊ ကင်ဆာရောဂါထက် ဆိုးတဲ့ရောဂါက ငါ့နှလုံးသားမှာ နှစ်ရှည်လ များ အမြစ်တွယ်ထားပြီး နှိပ်စက်နေလွန်းလို့ ငါမြန်မြန်သေချင်နေ ပြီ"

ဟူ၍ဖြစ်သည်။

ဖခင်အတွက် ရတက်ပွေနေခဲ့သော မင်းမြတ်မောင်သည် အချစ်ရေး အိမ်ထောင်ရေးကို လောလောဆယ် မစဉ်းစားချင်သေး ရင်ထဲ သိသိသာသာ ဝင်ရောက်လာသော နေ့ရတနာစံကိုလည်း ယာယီ ထုတ်ပစ်ထားသေးသည်။





"မင်းအဖေကို ဆေးရုံတက်စေချင်တယ်၊ မင်းတို့လည်း တတ်နိုင်နေတာပဲ၊ အမေရိကားမှာဖြစ်ဖြစ်၊ စင်္ကာပူမှာဖြစ်ဖြစ် အသည်းအစားထိုး ခွဲစိတ်လို့လည်း ရတာပဲ"

"ကျွန်တော်လည်း ဖျောင်းဖျကြည့်နေပါတယ်"

"၅၀% ရှိတဲ့အနေအထားမှာ ဟိုမှာက ခေတ်မှီစက် ကိရိယာကြီးတွေနဲ့ဆိုတော့ ကောင်းတယ်လေ. . . ပိုသေချာတာ ပေါ့"

"ကျွန်တော် ထပ်ကြိုးစားကြည့်ပါဦးမယ်"

မင်းမြတ်မောင် ဆရာဝန် ပေးသောဆေးကို ယူပြီး ပြန် အထွက်တွင်. . .

မှတ်မိနေသော ပရာဒိုအဖြူလေး ရပ်လာပြီး အမျိုးသမီး ကြီးတစ်ဦး ဆင်းလာသည်။ အမေရှိရင် အမေအရွယ်ပဲ ထင်ပါရဲ့ဟု ငေးကြည့်မိစဉ်. . .

"ဟာ. . . ကိုမင်းမြတ်၊ ဒီကို ဘာလာလုပ်တာလဲ"

ရှိန်းတေဇာက ကားခေါင်းဘက်မှ ပတ်ကာ ပေါ်လာပြီး သူ့အား နှုတ်ဆက်လိုက်လေသည်။

ရှိန်းတေဇာအသွင်က အမြဲတမ်း တက်ကြွလန်းဆန်းကာ ပျော်ရွှင်နေတတ်သည်။

သောကဆိုတာမျိုး လုံးဝမကြုံဖူးသူအလားပင်။

"ကျွန်တော့်အဖေအတွက် ဆေးလာယူတာပါ"

"ကိုမင်းမြတ်အဖေက အသည်းရောဂါ ရှိနေတယ်ဆိုင် တယ်၊ မေမေ. . . ဒါ မဟာလုပ်ငန်းစုက ပိုင်ရှင် ကိုမင်းမြတ်မောင် လေ"

www.burmeseclassic.com



ရှိန်းတေဇာသည် မိခင်နှင့် တူသောသား ဖြစ်သည်။ ဒါကြောင့် ယောကျ်ားတန်မဲ့ ချောမောနေတာကိုး။ သူ့အမေတလည်း အရွယ်တင် နုပျိုကာ လှပနေဆဲဖြစ်သည်။

"ဟုတ်လား. . . သား လက်ဆောင်ပစ္စည်းတွေအတွက် ကျေးဇူးတင်ပါတယ်ကွယ်"

ဒေါ်ခတ္တာလှိုင် အသံကို ထိန်းပြီး ပြောလိုက်ရသည်။ နှလုံးသားရင်ပြင်ထဲ မြှုပ်နှံထားသော ဝေဒနာရပ်တို့က ဤလူလေးကို မြင်ရုံမျှနှင့် ပြန်လည်အံုကြွလာလေသည်။

တူလွန်းလှချည်လား။

အတိတ်နှစ်ပေါင်းများစွာက လူတစ်ယောက် သူ့ရှေ့သို့ ရုတ်တရက် ဘွားကနဲ ပေါ်လာသလိုပါပဲလား။

"ရပါတယ်ခင်ဗျာ. . . ခွင့်ပြုပါဦး အန်တီ၊ ကိုရှိန်းတေဇာ" မင်းမြတ်မောင် ကားရှိရာသို့ လျှောက်ခဲ့လိုက်လေသည်။

သူ့ကားပျောက်ကွယ်သွားသည်အထိ ငေးရပ်ကြည့်ကာ ကျန်ရစ်သူက ဒေါ်ခတ္တာလှိုင်ပင်ဖြစ်သည်။

ရှိန်းတေဇာက အိမ်ထဲဝင်သွားပြီးမှ ပြန်ထွက်လာကာ. .

"မေမေ ဘာဖြစ်လို့လဲ"

"ဪ. . . ဘာမှမဖြစ်ပါဘူး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရေးလုပ်ငန်းရှင် ဖြစ်နေတာကို မေမေအားကျပြီး မေ့မေ့သားအတွက် အားမလိုအားမရ ဖြစ်လို့ပါ"

"မေမေကတော့ လုပ်ချလိုက်ပြန်ပြီ"

သားအမိနှစ်ယောက် တွဲကာ အိမ်ထဲ ဝင်အလာတွင် အသည်းရောဂါ အထူးကုပါရဂူကြီး ဦးအောင်ဝင်းနှင့် သူ့ဇနီး





ဒေါ်မာလာက ကြိုဆိုလေသည်။

ဒေါ်မာလာက ရှိန်းတေဇာ၏အဒေါ်ဖြစ်သည်။ ဦးတေဇာ၏ညီမဖြစ်ပြီး ဒေါ်ခတ္တာလှိုင်နှင့် သမီးယောက်မ အလွန်သင့်မြတ်ကြလေသည်။

"အစ်ကို. . . စောစောက သူငယ်လေးရဲ့အဖေက အသည်းရောဂါဆိုတော့. . ."

"ကျွမ်းနေပြီ. . . ကင်ဆာဖြစ်နေပြီ"

"အို. ."

"ဦးမင်းထင်က သိပ်ကို ခေါင်းမာတယ်"

ဒေါ်ခတ္တာလှိုင် ရုတ်တရက် မူးဝေသွားသည်။ ဦးမင်းထင်တဲ့လား။ ဘုရား. . . ဘုရား။

ခြေဖျားလက်ဖျားတို့ အေးစက်ကာ မိုက်ကနဲ ဖြစ်သွားသည်။

"မေမေ. . . ဘာဖြစ်လို့လဲ"

ရှိန်းတေဇာ ဆိုဖာဆက်တီပေါ် တွဲထိုင်လိုက်သည်။ ဒေါ်မာလာက ယောင်းမနဖူး လက်တို့စမ်းရင်း. . .

"ပရက်ရှာ ကျတယ်ထင်တယ်"

ဟု ဆိုကာ အိမ်ဖော်များကို လိမ္မော်ဖျော်ရည် ယူခဲ့ရန် အမိန့်ပေးလိုက်သည်။

ဒေါ်ခတ္တာလှိုင် အားပြန်တင်းပြီး. . .

"ရပါတယ် မာလာ၊ ကိုယ်ဘာမှမဖြစ်ပါဘူး၊ မင်းမှာထားတဲ့ပစ္စည်း လာပို့တာ၊ ရော့. . . မင်းယူထားလိုက်တော့၊ နောက်မှ မင်း အိမ်ပဲ လာရှင်းတော့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး. . . ပရက်ရှာ တိုင်းကြည့်ရအောင်"

"ရပါတယ်. . . ဘာမှမဖြစ်ဘူး"

လိမ္မော်ရည်အေးအေးလေးတစ်ခွက်ကို ယူသောက်လိုက်သည်။ နောက် သားကို ခေါ်ကာ ပြန်ထွက်ခဲ့သည်။

ဘာမှမဖြစ်ဘူး ပြောသော်လည်း ဒေါ်ခတ္တာလှိုင် ရင်ဘတ်ထဲ အက်ကွဲလုမတတ် နာကျင်နေလေပြီ။

ဦးမင်းထင်တဲ့လား။ သေချာပါသည်။ နှစ်ယောက်မဖြစ်နိုင်ကြောင်း စောစောက သူ့ကိုယ်ပွားက သက်သေထူသွားခဲ့သည်။








"မေမေ ပရက်ရှာတွေ ကျနေပါလား"

ရှိန်းတေဇာက မိခင်ကို သွေးပေါင်ချိန်ပေးရင်း ပြောလိုက်သည်။

"မေမေ နားလိုက်ရင် ကောင်းသွားမှာပါ သား"

ဒေါ်ခတ္တာလှိုင် မျက်လုံးမှိတ်ကာ တစ်ဖက်သို့ စောင်းအိပ်လိုက်သည်။ ခုနေ ဘယ်သူနှင့်မှ စကားမပြောချင်၊ အတွေးတို့က လွန်ခဲ့သော နှစ်(၃၀)ခန့်ကို ပျံ့လွင့်၍နေသည်။

"ဆေးသောက်လိုက်ပါဦး အမေ"

ရှိန်းတေဇာက မိခင်ကို အလွန်ချစ်သူဖြစ်သည်။ မိခင်



www.burmeseclassic.com

www.burmeseclassic.com



အတွက် သွေးအားတက်စေမည့် ခရမ်းချဉ်သီး၊ မုန်လာဥနီ ဖျော်ရည်လေးများကို အရသာရှိစေရန် ကိုယ်တိုင်ဖျော်ပြီး လာတိုက်လေသည်။

သားစိတ်ချမ်းသာစေရန် ဒေါ်ခတ္တာလှိုင် ယူသောက်လိုက်ရသည်။ သောက်ရင်း. . .

"သား စောစောက မာလာတို့အိမ်မှာ တွေ့လိုက်ရတဲ့သူငယ်နဲ့ သားနဲ့က တော်တော်ရင်းနှီးသလား"

ရှိန်းတေဇာက မိခင်ကို သူငယ်ချင်းပမာ သဘောထား၍လည်း တိုင်ပင်တတ်သူပီပီ. . .

"မေမေ့ကို သားပြောပြီးပြီလေ၊ မေမေ အင်မတန် တော်ချင်လှတဲ့ ချွေးမလောင်းရဲ့ စီနီယာဆိုတာလေ၊ မဟာစီးပွားရေးလုပ်ငန်းစု ပိုင်ရှင်ပေါ့၊ တစ်ခါပဲ ဆုံဖူးတယ်၊ သားပြိုင်ဘက်လေ၊ သူ့ကြည့်ရတာ နေနေကို စိတ်ဝင်စားနေပုံပဲ၊ နေနေကတော့ သူ့စိတ်ကိုသူတောင် သိပုံမရဘူး"

"သူက သားတစ်ယောက်တည်းလား"

ဘယ်အချိန်ကများ အိမ်ထောင်ကျသွား၍ သားကဒီအရွယ်ရောက်သည်မသိ။

"အဖေတစ်ခု သားတစ်ခု ထင်တယ်၊ ကြီးတော်ကြီး တစ်ယောက်တော့ ရှိတယ်"

မမ(ဒေါ်မင်းနု)ကို ပြောတာပဲ ဖြစ်မည်။

"မေမေ နားဦးမယ်"

"အိပ်ပျော်အောင် အိပ်နော် မေမေ"

"အင်းပါ"





ဒေါ်ခတ္တာလှိုင် အတိတ်သို့ ပြန်လည်မသွားချင်ဘဲ သွားခဲ့ရလေသည်။

သားဖြစ်သူ အိပ်ခန်းထဲမှ ထွက်သွားပြီး တံခါးကို စေ့ပေးသွားခဲ့သည်နှင့် မျက်ဝန်းအိမ်က အတားအဆီးမဲ့စွာဖြင့် မျက်ရည်တို့ကျလာလေသည်။

ခြံစောင့်မာလီ၏ တူနှင့် သူဌေးသမီးတို့၏အချစ်ဇာတ်လမ်းဝယ် ဂုဏ်ပကာသန၏ပိုင်းခြားမှုကြောင့် ခိုးရာလိုက်ပြေးခဲ့သော ချစ်သူနှစ်ဦး ရှင်ကွဲ အကွဲခံခဲ့ရသည်။

ထိုချစ်သူနှစ်ဦးမှာ မင်းထင်နှင့် ခတ္တာလှိုင်တို့ ဖြစ်သည်။

ခတ္တာလှိုင်၌ မင်းထင်နှင့် ရသောကိုယ်ဝန် ပါလာခဲ့သည်။ နယ်တစ်နေရာ၌ မီးဖွားခဲ့သည်။ ကလေးဆုံးသွားခဲ့သည်ဟု သိလိုက်ပြီးနောက် ခတ္တာလှိုင် ရူးသွပ်မတတ် ခံစားခဲ့ရသည်။ မိဘများက တောပူသို့ ပို့ကာ ကျောင်းထားပေးခဲ့သည်။ (၃)နှစ်ခန့်အကြာတွင် ပြန်လာပြီး ဒေါက်တာတေဇနှင့် လက်ထပ်ပေးခဲ့သည်။

သားရှိန်းတေဇာကို ဖွားမြင်ခဲ့သည်။ အတိတ်ကို ပြည်ဖုံးထားချုပြီး နေခဲ့သော်လည်း ရှင်ကွဲကော သေကွဲကော ခံလိုက်ရသည့် မင်းထင်တို့သားအဖကို တစ်နေ့မှ မမေ့ခဲ့ချေ။

ယခု မင်းထင်၏ကိုယ်ပွား မင်းမြတ်မောင်ကို တွေ့လိုက်ရသည်နှင့် ရင်ထဲ ရုပ်အလောင်းပင် မမြင်လိုက်ရသော သားဆုံးသွားခြင်းတို့ကော၊ ချစ်သူမင်းထင်၏နောက်ဆုံးအချိန်ကာလကိုကော သိရှိခံစားရကာ သည်းကြွေလုမတတ် ငိုကြွေးနေမိသည်။

ရှိန်းတေဇာက အိမ်ထဲက ပြန်ထွက်ခဲ့သည်။ သူသည် အိမ်စောင့်နတ်နှင့် မတည့်။ အိမ်မှာ ဘယ်သောအခါမှ ကြာရှည်စွာ



www.burmeseclassic.com

www.burmeseclassic.com



နေလို့ မရချေ။

ရှိန်းတေဇာ သတိရလိုက်သည်က နေရတနာစံကိုပဲ ဖြစ်သည်။

တွေ့လျှင်လည်း စကားပြော တစ်ခါမှ အဆင်ပြေသည် မရှိ။ သို့သော် မတွေ့ဘဲလည်း မနေနိုင်။

ရှိန်းတေဇာ နေရတနာစံကို တွေ့ရဖို့အရေးအတွက် ယုဇန ပလာဇာမှ ကြွက်ဖြူတစ်ကောင်ကို ဝယ်ပြီး နေရတနာစံထံ ဖုန်းဆက်လိုက်သည်။

“ဟယ်လို. .”

“ပြောပါ. .”

အသံကတော့ မာဆတ်ဆတ်ပင်။ တိရစ္ဆာန်တွေနဲ့ နီးကပ်နေလို့ တိရစ္ဆာန်စိတ်များ ဝင်နေတာလားမသိ။

“အမိ ဘယ်မှာ ရှိနေသလဲ”

“ဘယ်ရှိရှိ ရှင့်အပူ ပါလို့လား”

“ပါတာပေါ့. . . ကျုပ်က လူနာ. . အဲ. . တိရစ္ဆာန်နာပြချင်လို့၊ ဆေးခန်းကို လာရမလား၊ အိမ်ကို လာရမလားလို့”

“ဒီလောက် အကြင်နာတရား ခေါင်းပါးတဲ့လူက ဘယ်က တိရစ္ဆာန်ကို လာပြမှာလဲ၊ ဟုတ်မှလည်း ဖြီးပါ”

လုပ်ချလိုက်ပြန်ပြီ၊ တိရစ္ဆာန် မချစ်တတ်ရုံနဲ့ အကြင်နာတရား ခေါင်းပါးတဲ့လူ ဖြစ်သွားရပြီ။

“တကယ်ပါ. . . ကျုပ်က အားအားယားယား နောက်နေပါ့မလား၊ ဘယ်လာခဲ့ရမလဲသာပြော”

“ဆေးခန်း. .”





“အိုကေ. . . ကောင်းပြီ”

ရှိန်းတေဇာ ဖုန်းပိတ်လိုက်သည်။ ရင်ထဲ ပေါ့ပါးစွာဖြင့်ပင် နေရတနာစံ ဆေးခန်းဖွင့်ထားရာ ပါရမီဘက်သို့ ကားကို ဦးတည်ထိုးလိုက်လေသည်။

အမှန်တော့ သူလည်း တိရစ္ဆာန်တွေအား နမူနာထားကာ [illegible]တ်ခြင်း ပြုလုပ်ခဲ့သူပါပဲ။

“စံ” တိမွေးကု ဆေးခန်းဆိုင်းဘုတ် ရှိသော ခြံဝန်းအတွင်းသို့ သူ့ကားကို အလွယ်တကူပင် ကွေ့ဝင်ခဲ့လိုက်သည်။

ကားသုံးလေးစီး ရှိနေသည်။ နေရတနာစံ၏ပင် ဖင်[illegible]ာတ် ကားလေးကိုလည်း တွေ့လိုက်ရသည်။

ကြောင်ပိုက်၊ ခွေးပိုက်နှင့် အမျိုးသမီးနှစ်ဦး ထိုင်စောင့်နေသည်ကို တွေ့လိုက်ရသည်။

“ဆရာကကော ပေးရှင့်ပြဖို့လား”

“အေး. .”

“ပေးရှင့်ဘယ်မှာလဲ”

“ကားထဲမှာ”

“ဘာအမျိုးအစားလဲ”

“ကြွက်”

“ဟင်. .”

“ကြွက်ဖြူ. .”

စာရေးမလား၊ သူနာပြုလား ဘာလား မသိသော မိန်းကလေးတစ်ဦးက မှတ်တမ်းစာအုပ်တစ်အုပ်တွင် ရေးမှတ်နေသည်။

“ပိုင်ရှင်အမည်ကကော ရှင်”



www.burmeseclassic.com

www.burmeseclassic.com



“ရှိန်းတေဇာ”

တကယ်ကိုပင် လူနာမှတ်တမ်း ယူသလို ယူထားသည်။

“ဆက်သွယ်လို့ရတဲ့ ဖုန်းနံပါနဲ့ လိပ်စာ”

“× × ×”

ထိုစဉ် လိုက်ကာပြာလေး လွင့်ပါးသွားပြီး အခန်းအတွင်းမှ ခွေးပိုက်ပြီး အမျိုးသမီးကြီးတစ်ဦး ထွက်လာသည်။

နောက် ထိုင်နေသော ကြောင်ပိုက်အမျိုးသမီး ဝင်သွားသည်။

ရှိန်းတေဇာ ကားဆီသို့ ပြန်လျှောက်လာပြီး သံဇကာစိပ်စိပ် လှောင်အိမ်ထဲမှ ကြွက်ဖြူလေးကို ကြည့်လိုက်သည်။

မျက်လုံးနီနီလေးနှင့် နားရွက်လေးကို ထောင်ကာ သူ့ကို ကြည့်လေသည်။

“ဆောရီးပဲ ဖြူ၊ မင်းကို ခုတုံးလုပ်ပြီး သူနဲ့ တွေ့ဆုံဖို့ လုပ်ရတာ၊ မင်းကို ဒိန်ခဲ ချီးမြှင့်ပါ့မယ်”

ရှိန်းတေဇာ ခပ်တိုးတိုးလေး ပြောလိုက်သည်။ ကားကက်ဆက် နားထောင်ရင်း ငြိမ့်နေစဉ်မှာပင်. . .

ကြောင်ပိုက်တစ်ယောက် ပြန်ထွက်လာသည်ဆိုတော့ ကျန်ခွေးပိုက်တစ်ယောက် ဝင်နေမည်။ ပြီးလျှင် သူ့အလှည့် နောက်ထပ် ပေးရှင့်တွေ ရောက်မလာပါစေနဲ့ ဆုတောင်းရင်း သူဆေးခန်းထဲသို့ ကြွက်ဖြူလှောင်အိမ်လေးကို မ,ကာ ဝင်လာခဲ့လေသည်။

သူ့အလှည့်ကို အင်မတန် စိတ်ရှည်စွာ သည်းခံပြီး စောင့်ဆိုင်းလိုက်ရလေသည်။

ဟော. . . ခွေးပိုက်မလေး ထွက်လာပြီ။





သူ ကြွက်ဖြူလှောင်အိမ်ကို ဆွဲကာ ဝင်ခဲ့လိုက်လေသည်။

ဂျူတီကုတ်အဖြူလေး ဝတ်လျက် ဖြူစင်ဝင်းမွတ်သော မျက်နှာလှလှလေးကို သူ စူးစူးစိုက်စိုက် ကြည့်ကာ ရဲရဲတင်းတင်းပင် ဆိုင်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

"ရှင် ဒါဘာလုပ်တာလဲ"

"ဒီကောင်ကို ဝယ်လာခဲ့တာ၊ သူ့မှာ ရောဂါရှိမရှိ မက်ဒီကယ်ချက်ခ်အပ် (medical check-up) လုပ်ပေးပါ"

"ရှင် အလုပ်တော်တော်အားနေသလား"

နေရတနာစံ ဒေါဖောင်းသွားသည်။ ဖြူဆွတ်ပြီး အမွေးအမျှင်များ ထူပိန်းကာ မျက်လုံးအနီ၊ နားသွေးကြော အနီရောင်လေးတွေပင် ပေါ်နေသော ကြွက်ဖြူလေး၏ကျန်းမာရေးကို အပွေးမြင်အပင်သိ ဆိုသလို သူသိရှိပြီးသားဖြစ်သည်။

"ဆက်ဆံရေးတွေ မကျဲပါနဲ့ အမိ၊ ဆရာဝန်ဆိုတာ ဘယ်





သေချင့်မဆို စိတ်ရှည်ရမှာပေါ့၊ သူက ကျုပ်အတွက် စမ်းသပ်စရာရှိရင် စမ်းသပ်မှာမို့လို့ သူ့ရဲ့ကျန်းမာရေးကို စစ်ဆေးပေးပါ"

"ကောင်းပြီလေ"

နေရတနာစံ လိုအပ်သော စမ်းသပ်စစ်ဆေးခြင်းတို့ကို ကျွမ်းကျင်စွာဖြင့် လုပ်ပေးနေစဉ် ရှိန်းတေဇာက စေ့စေ့ကြည့်နေမိသည်။

လှုပ်ရှားပုံလေးကအစ သွက်လက်ချက်ချာပြီး ချစ်စရာကောင်းနေသည်။

"ရှင် ဒီကလေးကို ဘာလုပ်မလို့လဲ"

"ခင်ဗျားကို လက်ဆောင်ပေးမလို့လေ၊ ရောဂါကင်းကြောင်း သေချာတဲ့ ထောက်ခံချက်နဲ့အတူပေါ့"

နေရတနာစံ စိတ်တိုတိုနှင့် ဘောလ်ပင်ကို စားပွဲပေါ်သို့ ဆောင့်ချပစ်လိုက်သည်။

"ရှင်ရူးနေသလား၊ ဒီလောက်ကြောင်တွေ၊ ခွေးတွေ ပေါတဲ့အိမ်မှာ ဒီကြွက်ကလေးကို မွေးထားရအောင် ကျွန်မက မရူးဘူး"

"ဒီကောင်တွေက ပါးရည်နပ်ရည် ရှိပြီးသား၊ ကဲပါ. . . ခင်ဗျားဆေးခန်းမှာလည်း အလိုမရှိဘူးဆိုရင် ကျွန်တော် ကိုမင်းမြတ်မောင်ကို သွားပေးလိုက်မယ်၊ ကြွက်ဖြူရှိရင် ကြွက်မဲ မလာဘူးတဲ့၊ သူတို့အိမ်မှာ ကြောင်မတွေ့ခဲ့ဘူး"

"ရှင့်သဘော၊ ကဲ. . . နောက်ပေးရှင့် ဝင်ခိုင်းလိုက်တော့"

"မရှိတော့ဘူး. . . ကျုပ်နောက်ဆုံးပဲ"

ရှိန်းတေဇာ ပြောပြောဆိုဆို ကြွက်ဖြူလှောင်အိမ်လေးကို ယူကာ ပြန်ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေရတနာခစ် သူ့အား ပေတိပေစောင်း ကြည့်ပြီး ကျန်ရစ်ခဲ့လေသည်။

မဖြစ်သေးပါဘူး၊ အချိန်တွေ အားနေတဲ့အတူတူ ဖခင်ထံမှာပဲ အလုပ်ဝင်လိုက်တာ ကောင်းမည်ထင်သည်။ ဖခင်ကလည်း

"မင်း MBBS ဘွဲ့လေးနဲ့လောက်တော့ တင်းတိမ်နေလို့မရသေးဘူး. . . ပညာဆက်ယူဦး"

ဟု ဆိုကာ နိုင်ငံခြားမှ သင်တန်းတွေ တက်ခိုင်းထားပြီးလက်တွေ့ပိုင်းက အားတဲ့အချိန် ငါ့ဆေးခန်းလာခဲ့ဟု အမိန့်ထုတ်ထားသည်။

ဒါကို သူကြိုးကြိုးစားစား မရှိ။ နေရတနာခစ်က သူတတ်သောပညာနှင့် သူ့ကိုယ်ပိုင်ဆေးခန်းကိုထောင်၊ ကိုယ်ပိုင်ဝင်ငွေတွေပင် ရနေပြီ။

ရှိန်းတေဇာ နေရတနာခစ်ကို ရှိန်မိသည်။ ပြိုင်ဘက်အဖြစ်သဘောထားလာသည်။ မိန်းမတွေ ထက်မြက်ပြီး အစွမ်းအစ ရှိလျှင်အိမ်ထောင်ဖက်အပေါ် လေးစားမှု လျော့နည်းတတ်သည်။

မဖြစ်ဘူး၊ ဒင်းထက် သာအောင် ကြိုးစားရမယ်ဟု ရှိန်းတေဇာ ဆုံးဖြတ်ပြီး အိမ်သို့ ပြန်ခဲ့သည်။

ကြွက်ဖြူလေးကို အိမ်ရောက်တော့ ဒိန်ခဲကျွေးပြီး လွှတ်ပေးလိုက်သည်။

နောက် မိခင်ရှိရာအခန်းသို့ ဝင်ခဲ့သည်။

မိခင်အိပ်မောကျနေသည်။ အနားရစေရန် သူ စိတ်ငြိမ်ဆေးထိုးပေးခဲ့သည်။ ဒါကြောင့် အိပ်ပျော်နေခြင်းဖြစ်မည်။

"ဟင်. ."





မိခင်မျက်နှာ နီရဲကာ မျက်ခွံများက မို့အစ်နေသည်။ ရှိန်းတေဇာ မိခင်နဖူးကို အသာလေး တို့ထိကာ စမ်းသပ်လိုက်သည်။ ကိုယ်ကတော့ နွေးနေသည်။

အအိပ်ဆတ်သောမိခင် နိုးလာသည်။

"ဟင်. . . သား"

"မေမေ ဘာဖြစ်လို့လဲ"

ငိုထားသောမျက်နှာဟု ရှိန်းတေဇာ တပ်အပ်သိလိုက်သည်။ မိခင်က အသာထိုင်လိုက်ပြီး. . .

"ဘာဖြစ်လို့ မေးတာလဲ၊ မေမေ ခေါင်းမမူးတော့ဘူး၊ အိပ်ပျော်သွားလို့ နေကောင်းသွားပြီ၊ ရေချိုးလိုက်ဦးမယ်"

"ဆိုင်မသွားတော့ဘူးလား"

"ဒီနေ့တော့ နားလိုက်ဦးမယ်"

"ဒါဆို သား ထမင်းစား စောင့်နေမယ်နော်၊ မေမေ ရေချိုးပြီး ဆင်းလာခဲ့မယ် မဟုတ်လား"

"အေး. . . အေး"

ရှိန်းတေဇာ မိခင်ကို အတင်းအကျပ် မမေးတော့။ မိခင်တစ်ခုခု ဖြစ်နေသည်မှာ သေချာသည်။ စီးပွားရေးကြောင့်လား။ ဒါကလည်း ပူစရာမလို။ ဖခင်က အိမ်စရိတ် ရှာရုံမက ဝင်ငွေ့မှန်သမျှ မိန်းမကို အပ်သည်။ သူအသုံးလိုမှ မိန်းမကို ပြောပြီးယူသုံးသူ ဖြစ်သည်။

မိဘနှစ်ပါး၏အိမ်ထောင်ရေးက ဆူဆူပူပူ မရှိ။ အမြဲတမ်းအေးအေးဆေးဆေး သာသာယာယာပင်။

ရှိန်းတေဇာ စာကြည့်ခန်း ဝင်ခဲ့သည်။ ဖခင်ပြင်ဆိုင်းသော



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲတွေကို သူဖြေနိုင်အောင် ကြိုးစားခဲ့သည်။ တဆင့်ပြီး တဆင့် တက်ခဲ့သည်။ သူ့ကိုလည်း နှလုံးရောဂါ ခွဲစိတ်အထူးကု သမားတော်ကြီး ဖြစ်ရမည်တဲ့။

ရှိန်းတေဇာအတွက် ယခုမှ ရည်မှန်းချက် ရှိလာသောသူ ကဲ့သို့ ခံစားရလေသည်။

သူ့ကိုယ်သူလည်း စာတစ်ခုတည်းသာ အလေးထားပြီး မိဘနှစ်ပါး အသင့်ဝါးပေးသော ထမင်းလုပ်ကို မမြိုချင်နှင့် မြိုချသူ ပမာ ဖြစ်နေလေခဲ့သည်။

နေရတနာခံ။

နောက်တစ်ဦးက မင်းမြတ်မောင်၊ သူတို့သည် သူတို့ ဝါသနာနှင့် သူတို့တတ်မြောက်သင်ယူထားသောပညာကို အသက် မွေးဝမ်းကျောင်းပြု၍ အောင်မြင်နေကြသည်။

သက်တူရွယ်တူအနေနှင့် သူသည် ရှက်စရာကောင်းနေပြီး မိဘနှို့သက်ခံ စို့နေရသူပင် ရှိသေးသည်။

"ထမင်းစားရအောင်လေ သား"

မိခင်က သူ စာကြည့်နေရာသို့ ရောက်လာပြီး လာရောက် ခေါ်ငင်လေသည်။

ရေချိုးပြီးစ ဖြစ်၍ထင်သည်။ မိခင်မှာ အတော်လန်းဆန်း သွားဟန်ရှိသည်။

အိမ်ဖော်များ အသင့်ပြင်ဆင်ပေးထားသော ထမင်းဝိုင်း၌ သားအမိနှစ်ယောက် ဝင်ထိုင်လိုက်ကြသည်။

မိခင်ကို ဟင်းများ ဦးချပေးစဉ် ကြွက်ဖြူလေးက ခြေ ထောက်ကို လာတိုးသဖြင့်. . .





"ဒီကောင် လူယဉ်နေပြီပဲ"

"ဘာလဲ သား"

"ကြွက်ဖြူလေးလေ"

"စမ်းသပ်ဖို့လား သား"

ဆေးကျောင်းသားဘဝ၊ လူတွေအသက် ကယ်တင်ဖို့ တိရစ္ဆာန်လေးတွေကို စတေးရသည်။ ကယ်တင်နိုင်သည်လည်း ရှိသည်။ တိမ်းပါးသွားတာလည်း ရှိသည်။ ဒါကို သတ္တဝါတစ်ခု ကံတစ်ခုဟု သဘောထားကာ ဖြေသိမ့်ခဲ့ကြသည်။

"မဟုတ်ပါဘူး. . . ချစ်လို့ ဝယ်လာတာ"

တိရစ္ဆာန်ကို မချစ်စဖူး အချစ်ထူးသွားသည့် သူ့စကား ကြောင့် မိခင်က ပြုံးကာ. . .

"သား. . . နေနေကို သဘောကျနေပြီထင်တယ်"

သူ ရှက်ရယ်ရယ်လိုက်သည်။ ပြီးတော့ သူ့စိတ်ထဲ ရှိသည့် အတိုင်းပင် ပြောချလိုက်သည်။

"သဘောကျတယ်ရယ်လို့လည်း မဟုတ်ပါဘူး၊ ဘယ်လို ခေါ်မလဲ မေမေ၊ ကြည့်မရတဲ့ကြားထဲက ကြည့်ချင်မြင်ချင်နေမိ တယ်၊ သူ့အသံ စွာစွာတူးတူး ကြားချင်နေမိတယ်၊ စလည်း စချင် တယ်၊ အဲဒါ ဘာဖြစ်လို့လဲ"

"သား သူ့ကို ချစ်နေလို့ပေါ့"

"မဟုတ်သေးဘူးထင်တယ်၊ သား မသိတော့ပါဘူးဗျာ"

ရှိန်းတေဇာက သူ့ထုံးစံအတိုင်း ရယ်သွေးသွမ်းကာ စကားလွှဲပစ်လိုက်ပြီး ထမင်းကို မြိန်ရည်ယှက်ရည် စားသုံးလိုက်လေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခတ္တာလှိုင်မှာ သားကို အကဲခတ်ရင်းမှ ရင်ထဲက ဝေဒနာကို ဖုံးကွယ်ရင်း ထမင်းများ မြိုကျအောင် မနည်းကြိုးစား နေရရှာလေသည်။

အပေါင်းတို့သည် အသစ်တဖန် ပြန်ဖြစ်ကာ ရင်ထဲ မွှေနှောက်ဆဲပါလား။







# အခန်း(၁၅)

နေရတနာစံနှင့် လတ်လတ် ထောက်ကြံ့ "မဟာ" ခြံသို့ ရောက်သွားခဲ့သည်။

ဒီတစ်ခါတော့ ကားလမ်းမှာ မပျက်တော့။ ဖြောင့်ဖြောင့် တန်းတန်းပင် ရောက်သွားသည်။

"လာ. . . မိန်းကလေးတို့"

ဒေါ်မင်းနုက ကြိုဆိုလိုက်သည်။

နေရတနာစံက ဝယ်လာသော လက်ဆောင်ထုပ်များကို ပေးတော့. . .

"ကြီးကြီးတို့အတွက်ပါ"

"ဘာလို့ ယူလာတာလဲ၊ ကြီးကြီးတို့အတွက် မလိုပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွယ်"

"ကြီးကြီးမလိုရင် လှူလှူပေးပေးပေါ့၊ နေနေရဲ့စေတနာကို အသိအမှတ်ပြုပေးပါ"

လက်ဆောင်ခြင်းတစ်ခြင်း၏တန်ဖိုးက မသေးလှကြောင်း ဒေါ်မင်းနု သိနေသည်။

"ကောင်းပြီ. . . ဘုန်းကြီးကျောင်းမှာ သွားလှူပေးမယ် မိန်းကလေးတို့ ကုသိုလ်ရတာပေါ့၊ ကိုမြတ်က စက်ရုံသွားတယ်. . . ပြန်လာမှာပါ"

"အန်ကယ်လ်ကော"

"စာဖတ်နေတယ် ထင်တယ်၊ နေသိပ်မကောင်းလို့ သူတော့ ဧည့်ခံနိုင်မယ် မထင်ဘူး"

"ရပါတယ် ကြီးကြီး၊ ကျွန်မတို့က ဧည့်သည်မှ မဟုတ်တာ ကြီးကြီးကို ဘာကူညီရဦးမလဲ"

"ဘာမှ ကူညီစရာ မရှိပါဘူး"

"ဒီလိုဆို ကျွန်မတို့ ခြံထဲ လျှောက်ကြည့်ဦးမယ်"

"အေးအေး. . . ပန်းခင်းထဲမှာ သမီးတို့ကြိုက်တဲ့ပန်းတွေ တွေ့ရင် ခြံသမားတွေကို ခူးခိုင်းလိုက်ကွယ်"

"ရပါတယ် ကြီးကြီး"

နေရတနာစံက တစ်ခေါက်ရောက်ဖူးသူမို့ လတ်လတ်ကို ဆရာကြီး လုပ်ကာ ပန်းခင်းစိုက်ခင်းများဘက် လျှောက်ကြည့်ကြ လေသည်။

ထိုအချိန်တွင် မျှော်လင့်မထားသော ကားတစ်စီး ခြံ အတွင်းသို့ ဝင်လာပြီး နေရတနာစံ၏ကားနံဘေးတွင် ထိုးရပ်လိုက်





သည်ကို လှမ်းမြင်လိုက်ရသည်နှင့်. . .

"ဟင်. . . အရှုပ်ထုပ် လိုက်လာပြန်ပြီ"

လတ်လတ်က အူကြောင်ကြောင်နှင့်. . .

"ဘယ်သူလဲ. . . ဘာအရှုပ်ထုပ်လဲ"

"ရှိန်းတေဇာဆိုတဲ့ အရှုပ်ပေါ့"

နေရတနာစံ မကျေမနပ် ဖြစ်သွားသည်။ စိနီယာထဲ ရောက်ရှိချိန်တိုင်း လွတ်လွတ်ကင်းကင်းမရှိ။ ဒင်းက ကန့်လန့် ခါရသည်လို့။

"ဒင်း ဘာလာလုပ်ပြန်သလဲ မသိဘူး"

"သူ့ဘာသာ လာတာ နေ့မှာပေါ့"

"မသိချင်ဟန်ဆောင်နေ"

နေရတနာစံ ရှိန်းတေဇာ ရှိရာဘက်ကို ကျောခိုင်းပြီး ပန်း ခင်းထဲ ဆက်လျှောက်ခဲ့လေတော့သည်။

လတ်လတ်ကလည်း ဘုမသိ ဘမသိ နေရတနာစံ သွားရာ ဘာရာသို့ တကောက်ကောက် လိုက်လေတော့သည်။

ထိုစဉ် ရှိန်းတေဇာက သူတို့ကို လှမ်းမြင်လိုက်ပြီး စိတ်ထဲ ကြိတ်ပြုံးမိလေသည်။

နေရတနာစံ ခြေလှမ်းတွေ ဘယ်သို့လှမ်းလှမ်း သူက အမြဲ ဆမ်း လိုက်ပါနေမည်သာ ဖြစ်သည်။

ဖြစ်နိုင်လျှင် မကြာခင် သူ ရင်ခေါင်းပိုင်းဆိုင်ရာ ခွဲစိတ် ခံရတဲ့ ဆက်ရောက်နိုင်ဖို့အတွက် ယူကေနိုင်ငံသို့ သွားရောက် သောင်းသည်းပူးရတော့မည်။ ဒါ သူ့ဖခင် ရွေးချယ်ပေးသောလမ်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမတိုင်ခင် နေရတနာစံထံက မေတ္တာကို ရယူပြီး စေ့စပ်ထားချင်သည်။ ဒါက သူ့ဆန္ဒ။ သူ့ဆန္ဒ အကောင်အထည်ဖော်ဖို့ နေရတနာစံ၏မိခင်ကို ပိုင်အောင် စည်းရုံးထားရသည်။ နေရတနာစံ၏မိခင် ဒေါ်ခိုင်ဇာဝင်း (အန်တီဝင်း)၏သတင်းပေးချက်အရ သူ "မဟာ" ခြံသို့ လိုက်လာခဲ့ခြင်းဖြစ်သည်။

သူ့ကို မြင်တော့ မကျေမနပ်ပုံရိပ်နှင့် ကျောခိုင်းသွားသော နေရတနာစံကို လှမ်းတွေ့လိုက်ပြီး ကြိတ်ပြုံးပြုံးမိလေသည်။

"ဟောတော်. . လူလေးတို့က ချိန်းလာကြတာလား"

ရှိန်းတေဇာက ပြုံးကာ. . .

"ကျွန်တော့်ကို ပထုတ်လို့ မရဘူးဆိုတာ နေနေကတော့ ကောင်းကောင်းနားလည်သွားမှာပါ ကြီးကြီး၊ ဒါနဲ့ ကိုမြတ်ကော. ."

ကြီးကြီးဒေါ်မင်းနုက သူ့တူကို ကိုမြတ်ဟု ခေါ်သည်ကို သူကလည်း သံယောင်လိုက်ကာ ကိုမြတ်ဟု ခေါ်လိုက်သည်။ ဒါမှ ရင်းနှီးမှု ရမည်။ ရင်းနှီးပြီး မျက်နှာနာကြပြီဆိုတော့ ကြီးသူက ငယ်သူကို အလျှော့ပေးရစမြဲ ဖြစ်မည်။ ဒီသဘောတရားကိုလည်း ရှိန်းတေဇာက ကောင်းစွာနားလည်နေသည်။

"အန်ကယ်လ်ကော. . . အန်ကယ်လ်အတွက် ဆေးတွေ၊ အန်ကယ်လ့်ဒေါက်တာ ဦးအောင်ဝင်းဆီက မေးပြီးဝယ်လာပေးတာ၊ နိုင်ငံခြားကို မှာယူရတာ ကြီးကြီး၊ ဦးအောင်ဝင်းက ကျွန်တော့် အဒေါ်ရဲ့ယောကျ်ား ကျွန်တော့်လေးလေးပါ"

ဒေါ်မင်းနု အံ့သြဝမ်းသာသွားသည်။ ဒီကလေး၏မျက်ဝန်း မျက်ဆန်ကို သူ ရင်းရင်းနှီးနှီး မြင်ဖူးသလို ခံစားနေရသည်။ သို့သော် သေသေချာချာလည်း မတွေးဖူးဖျေ။ ဘယ်သူနဲ့ တူပါလိမ့်၊ စဉ်းစား





မှ မရလေဘဲ။

"အို. . . ထူးခြားတဲ့ရေစက်ပေပဲပေါ့ကွယ်၊ ကျေးဇူးတင်ပါ ယ် လူလေးရယ်"

"အန်ကယ်လ်တို့ကော ခင်ဗျာ"

ရှိန်းတေဇာက ဦးမင်းထင်ကို အလေးထား၍ မေးလိုက် သည်။

ဦးမင်းထင်က အိပ်ခန်းထဲမှ မနေသာဘဲ ထွက်ခဲ့လေ သည်။

အသားရောင်က ဝင်းစိုကာ အဖြူရောင်ဘက်သို့ လူနေ ပြီး။

"လူလေး ရောက်လာပြီလား"

"ဟုတ်ကဲ့ အန်ကယ်လ်၊ နေကောင်းပါရဲ့လား"

"ဒီလိုပါပဲ. . . ဆေးနဲ့ အသက်ဆက်နေရတယ် မဟုတ် ား"

ဦးမင်းထင်နှင့် ကိုမင်းမြတ်မောင်မှာ သားအဖ မပြောရ ချင်း အတော်ဆင်သည်။ ရုပ်ရှင်ဗီဒီယိုတွေထဲကလို အဖေနှင့် း နှစ်ကိုယ်ခွဲ သရုပ်ဆောင်သလိုမျိုးပင်။

"အန်ကယ်လ်လည်း တတ်နိုင်နေတာပဲ၊ နိုင်ငံခြားမှာ သွား တ်လိုက်ရင်ကော. . ."

"ငါးဆယ်ရာခိုင်နှုန်း အနေအထားကို မစွန့်စားချင်ဘူး၊ ဒီကုန်ကျမယ့်ငွေတွေကို လှူဒါန်းပစ်လိုက်မယ်၊ သေမင်းကို ငွေနဲ့ ော် မနေချင်ဘူး၊ လူဆိုတာ မွေးဖွားလာကတည်းက သေဆုံး ်းဘက်ကို တစ်လှမ်းချင်း သွားနေတာပဲ မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အန်ကယ်လ် သေရမှာ မကြောက်ပါဘူး။ အန်ကယ်လ် မရှိလည်း ကျန်တဲ့မိသားစုက ကောင်းကောင်း ရပ်တည်နိုင်ပြီပဲ”

“မောင်လေး . . . တော်ကွယ်၊ ဘာစကားပြောတာလဲ၊ မမနဲ့ ကိုမြတ်ဘဝဟာ မင်းကြောင့် ရှင်သန်နေတာပါ”

ရှိန်းတေဇာ ဦးမင်းထင်၏စကားများကို စိတ်ဝင်စားသွားသည်။ ဤလူကြီး၏စကားများက သူတို့၏ဘဝဇာတ်ကြောင်းကို လှစ်ပြနေသကဲ့သို့ ရှိချေသည်။

ဒေါ်မင်းနု မျက်စိမျက်နှာပျက်ကာ သူ့မောင်ကို ဟန့်တားလိုက်သည်။

“ဒီလို ဘယ်ဟုတ်မလဲ အန်ကယ်လ်၊ ကျွန်တော်တို့ သားသမီးတွေက ကိုယ့်မိဘတွေ အသက်ရှည်ရှည် နေထိုင်နိုင်တာကို ပြုစုစောင့်ရှောက်ခွင့် ရရှိခြင်းကို ကျေးဇူးဆပ်ခွင့် ရတယ်ဆိုပြီး ကျေနပ်နေနိုင်ပါတယ်၊ မိဘရှိတာ အားလည်း ရှိတယ်၊ ကိုမြတ်လည်း ဒီလိုပဲ ဖြစ်မှာပေါ့၊ ကိုမြတ်မှာ အန်ကယ်လ်ရောဂါအတွက် အမြဲတမ်း မေးမြန်းစုံစမ်းရင်း ကုသဖို့ လုပ်နေရှာတဲ့သူပါ”

ရှိန်းတေဇာက လေးလေးဒေါက်တာအောင်ဝင်းမှတဆင့် ကြားထားသောစကားများကို ဖောက်သည်ချပြီး လူတတ်ကြီးပမာ ဦးမင်းထင်ကို ဖျောင်းဖျကြည့်လိုက်သည်။

ဦးမင်းထင်ကတော့ မတုန်မလှုပ် ကျောက်ဆစ်ရုပ်သဖွယ်ပင်။

“အန်ကယ်လ်ဘဝက သေတာ ကြာခဲ့ပါပြီ၊ ရှင်လျက်နဲ့ သေလူလို ဖြစ်နေခဲ့ပြီးသားမို့ သားကိုလည်း ဘာမှမကြိုးစားနဲ့လို့





ပြောပြီးသားပါ”

ဒေါ်မင်းနုက ထသွားလေသည်။

ဦးမင်းထင်က အစ်မနောက်ကျောပြင်ကို ကြည့်ပြီး . . .

“တကယ်တမ်း အန်ကယ်လ်စိတ်နဲ့သာဆိုရင် ဆေးထိုးဆေးသောက်တွေတောင် မလုပ်ချင်တော့ဘူး၊ မမနဲ့သား စိတ်ချမ်းသာဖို့အတွက်သာ လက်ခံပေးနေရတာပါ”

အရက်ကို အလွန်အကျွံ သောက်သုံးခဲ့ဟန်တူသော ဦးမင်းထင်ကို ရှိန်းတေဇာ ဘာမှ ထင်မြင်ချက် ပေးမနေတော့။

“လူလေး ကိုမြတ်ကို အန်ကယ်လ်မရှိတော့တဲ့နောက်ပိုင်း ညီ့အစ်ကိုတစ်ယောက်လို မိတ်ဆွေတစ်ယောက်လို ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေသွားပါကွယ်၊ သူ့ဘဝ အထီးကျန်မှာကို အန်ကယ်လ် စိုးရိမ်တယ်”

သေရမှာ မကြောက်ဘူးဆိုသော်လည်း သားသမီးတွေအတွက် နောက်ဆံတင်းနေသည်မှာတော့ မိဘများ၏တုနှိုင်းမရသော မေတ္တာတရားဟု ရှိန်းတေဇာ သဘောပေါက်ကာ ဦးမင်းထင် စိတ်ချမ်းသာစေဖို့အရေး . . .

“ဟုတ်ကဲ့ . . . စိတ်ချပါ အန်ကယ်လ်”

ဟု ပြုံးဘက်ဖြစ်နေသော ကိုမြတ်ကို မကြည့်ဖြူနိုင်သည့်ကြားက ကင်း၍လည်း မရနိုင်သေးသဖြင့် ကတိပေးလိုက်လေသည်။

ဦးမင်းထင်မျက်နှာတွင် တွေ့ရခဲ့သော အပြုံးရိပ်တို့ ယှက်သန်းသွားသည်ကို ရှိန်းတေဇာ သတိပြုမိလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

ထမင်းစားပွဲဝယ် ဟင်းလျာမျိုးစုံတို့ ပြည့်နှက်နေသော
သည်။

ဒေါ်မင်းနုနှင့် ဦးမင်းထင်က စောစောကတည်းက စား
ထားပြီးပြီ အကြောင်းပြချက်နှင့် ဝင်မစားကြချေ။

ဒေါ်မင်းနုကသာ အဖော်မိန်းကလေးနှင့် လိုအပ်သော
ဟင်းလျာများကို ဖြည့်စွက်စေခြင်းဖြင့် ညှော်ခံကျွေးမွေးလေသည်။

"ဆတ်သားစစ်က ရခဲ့တယ်၊ စားပါ မိန်းကလေးတို့"

"ဒါက ငါးရံ့အူဟင်းလေ"





"ကျွန်တော့်အကြိုက်ပဲ ကြီးကြီး"

ရှိန်းဝေဇာက ဝမ်းသာအားရဟန်နှင့် ပြောလိုက်တော့
ဒေါ်မင်းနု ဝမ်းသာသွားသည်။

"ကိုမြတ်နဲ့ တူလေး အကြိုက်ချင်း တူသွားပြီ၊ ကိုမြတ်
ကြိုက်တတ်လို့ ထမင်းချက်ထားတာ၊ စားစား. . . အများကြီးပဲ၊
တူလေးကပါ ကြိုက်တယ်ဆိုတော့ ကြီးကြီးဝမ်းသာရတာပေါ့"

"စိနီယာနဲ့ ကိုရှိန်းဝေဇာက ဒီလောက်အကြိုက်တူနေရင်
ကောင်းဘူးနော်"

လတ်လတ်က ဆွပေးလိုက်သည်။

ကိုမင်းမြတ်မောင်က. . .

"ဟင်းအကြိုက်တူရင် ကျွန်တော်က လျှော့ပေးမှာပါ၊
ခံချင်ဖြစ်နေတာကိုး"

"သက်မဲ့တွေကို အကြိုက်တူတော့ ရပါတယ်၊ သက်ရှိဆိုရင်
ဘယ်လိုလုပ်မလဲ စီနီယာ"

လတ်လတ်ပေါင်ကို နေရတနာခစ် ဆွဲဆိတ်ကာ သတိပေး
လိုက်သည်။

"ဒါကတော့ သက်ရှိက ဉာဏ်ရှိရင် သူ့ဘာသာ ဆုံးဖြတ်
သွားမှာပေါ့ လတ်လတ်"

မင်းမြတ်မောင်ကလည်း မခေ။ လတ်လတ်၏ပုတ်ချက်
များကို ရိုက်ချနိုင်စွမ်း ရှိလေသည်။

ရှိန်းဝေဇာကတော့. . .

"ကိုမြတ်တော့ မသိဘူး၊ ကျွန်တော်ကတော့ အခုအချိန်
အထိ ကိုယ်လိုချင်တာကို ရအောင်ယူတတ်တဲ့အတွက် ကိုမြတ်ကို



www.burmeseclassic.com

www.burmeseclassic.com



လျှော့ပေးမှာတော့ မဟုတ်ဘူး"

မင်းမြတ်မောင်က. . .

"လောကကြီးမှာ လူယူတိုက်ယူလို့မရတဲ့အရာတွေ အများကြီး ရှိတယ် ကိုရှိန်း"

နေရတနာစံ သူတို့နှစ်ဦးကြား၌ မဆိုင်သလို နေနေရသော်လည်း မျက်နှာပူမိသည်။

ရှိန်းတေဇာက သက်သက်မဲ့ ပြုံးသနာရှာနေတာ။

သဘောထားချင်း မတိုက်ဆိုင်၍ မိဘတွေ သဘောတူထားသည့်ကိစ္စကို ဖျက်သိမ်းပစ်ပြီးပါလျက် မိမိအား လိုက်နှောင့်ယှက်နေခြင်းက ဘာသဘောနည်း။ မစားရသည့်အမဲ သဲနဲ့ပက်ရန် ကြံရွယ်ရအောင်ကလည်း မိဘမျိုးရိုး အသိုင်းအဝိုင်းအရ မဖြစ်နိုင်။ အင်းလေ လူ့စိတ်ဆိုတာ ဘယ်ပြောနိုင်မလဲ။

"ကိုရှိန်းက တစ်ဦးတည်းသောသား ထင်တယ်"

"ဟုတ်ကဲ့ ကြီးကြီး၊ ကိုမြတ်လည်း တစ်ဦးတည်းသောသား မဟုတ်လား"

ကြီးကြီးဒေါ်မင်းနု သက်ပြင်းချလိုက်သည်။ ယောကျ်ားနှစ်ယောက်၏ရုပ်ချင်းက လုံးဝမဆင်ကြ။ သို့သော် အကြိုက်ချင်းတတူညီနေသည်။

"ကဲ. . ကဲ. . စားကြပါ၊ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထားပြီးသာ စားကြတော့"

ဒေါ်မင်းနု ရှောင်ထွက်ခဲ့သည်။ ဘာကြောင့်ရယ်မသိ၊ သူ့စိတ်တွေ လေးလံလျက်ရှိသည်။

သူ့မောင်လေးကို ကြည့်တော့လည်း ဒေးတိဒေးဝိုင်နှင့်





ထားအတော်နည်းသွားသည်။ ဝေဒနာကို ကြိတ်၍ခံစားနေရှာသည်။ စောစောက ရှိန်းတေဇာနှင့် စကားပြောသဖြင့် သူဝမ်းသာရသသည်။

ယခုလည်း အခန်းတံခါး ပိတ်ကာ ငြိမ်သက်နေလေသည်။

အတိတ်ကို တွေးကာ ကြေကွဲနေရှာမည်လား။ အစွဲအလန်း ကြီးသော သူ့မောင်၏ခံစားချက်ကို သိမြင်နေရတော့ ငိုဝယ် မချိနိုင်။ ဒီမောင်၏အချစ်ရေး ကံခေမှုကြောင့် သူ့ဘဝသည်လည်း အချစ်ကို ကြောက်လန့်ကာ မောင်နှင့် တူအတွက် သတ်သက်သာ ဘဝရှင်သန်ခဲ့ရသည့်သူပမာ ဖြစ်နေလေတော့သည်။

သေရမည်ကို ကြိုသိနေသော သေမင်း၏ကြိုးမိန့်ကို ကျထားပြီးသူပမာ ဖြစ်နေသောမောင်လေး၊ သူ နောက်ဆုံးတွေ့ချင်သူမှာ မည်သူဖြစ်နိုင်မည်နည်း။

ဒေါ်မင်းနု ပင့်သက်ချလိုက်မိသည်။

ဖွင့်မပြောသော်လည်း ခံစားနေရမည့် မောင်လေး၏ ဝေဒနာကို သိမြင်နေတော့ ဒေါ်မင်းနု ရင်မှာ မသက်သာ။

"ကြီးကြီးလက်ရာ စားပြီး ထိုင်ရာက မနည်းထခဲ့ရတယ်၊ အားနာလှတင်ပါတယ် ကြီးကြီး"

ရှိန်းတေဇာက ထမင်းစားခန်းမှ ထွက်လာပြီး ဒေါ်မင်းနုကို လှမ်းပြောလိုက်သည်။

"အချိုပွဲ အသီးနှံနဲ့ လက်ဖက် စားကြဦး"

"ဘုန်းကြီးပွဲ ကျနေတာပဲ ကြီးကြီးရယ်၊ အားနာစရာကောင်းနေပြီ၊ ကျွန်တော်လည်း ကြီးကြီးတို့မိသားစုကို ပြန်ပြုစုချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်. . . အချိန်ပေးနိုင်မလား"

ဒေါ်မင်းနုက ပြုံးကာ ခေါင်းခါပြီး. . .

"မောင်လေးက ဘယ်ကိုမှ သွားမှာ မဟုတ်ဘူး၊ မင်းတို့ လာလည်ပေးတာကိုပဲ ကြီးကြီးတို့က ကျေးဇူးတင်ရမှာပါကွယ်"

နေရတနာစံနှင့်လတ်လတ်က နှစ်ယောက်ထိုင်ဆိုဖာတွင် ဝင်ထိုင်လိုက်သည်။

မင်းမြတ်မောင်က မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"ခြံထဲ လိုက်ကြည့်ဦးမလား၊ လတ်လတ်က မရောက်ဖူးတော့"

"တော်ပါပြီ ကိုမြတ်ရယ်၊ တိရစ္ဆာန်တွေနဲ့က နေ့တိုင်းထိတွေ့နေရတော့ ငြီးငွေ့နေပြီ၊ ခုလို ပန်းခင်းစိုက်ခင်းလေးနဲ့ အသွင်ဆန်း အမြင်ဆန်း ရတဲ့ စိတ်လန်းဆန်းမှုလေး ပျောက်သွားပါဦးမယ်"

အားလုံးက ပြုံးမိကြလေသည်။

ရောက်တတ်ရာရာ စကားလေးများ ပြောဆိုနေကြသော လူပျိုအပျိုများကို ဒေါ်မင်းနုက မသိမသာ အကဲခတ်လိုက်သည်။

လူပျိုနှစ်ဦးစလုံး၏အာရုံက နေရတနာစံဆိုသော အလှပန်းလေးပေါ်၌သာ စူးစိုက်နေသည်ကို သတိထားမိလိုက်သည်။

မေတ္တာရေးရာမှာ ကံခေရှာခဲ့သော တူတော်မောင်ကိုမြတ်အတွက် ရတက်မအေးအောင် ဖြစ်ရသည်။

ရှိန်းတေဇာဆိုတဲ့လူလေးက လိုချင်တာရှိလျှင် ရအောင်ယူတတ်မည့်ပုံလေး။





"ကျွန်တော်တော့ ပြန်ဦးမှဖြစ်မယ်၊ စားပြီးလမ်းကြည့်ဆိုသလို ဖြစ်နေပြီ၊ နေနေတို့ကော. . ."

"တအောင့်နေမှ ပြန်မယ်"

နေရတနာစံက မဆိုင်းမတွပင် ဖြေလိုက်သည်။

"ကားကြုံခိုင်းရေးတွေဘာတွေ သေသေချာချာ စစ်ဆေးပြီးမှ ပြန်ခဲ့နော်၊ တော်ကြာ လမ်းမှာ တစ်ခုခုဖြစ်ရင် ကျွန်တော်လာနိုင်မှာ မဟုတ်ဘူး"

ရှိန်းတေဇာက မထိတထိလေး စလိုက်လေသည်။ နေရတနာစံက မျက်စောင်းချီကာ. . .

"နိမိတ်မရှိ လျှောက်ပြောမနေနဲ့. . . ပြန်မှာသာပြန်"

မင်းမြတ်မောင်က ရှိန်းတေဇာကို ကားနားအထိ လိုက်ပို့သည်။ ကားနောက်ခန်းတွင် ဘယ်အချိန်ကတည်းက တင်ထားမှန်းသိသော မဟာစက်ရုံထွက်ပစ္စည်းနှင့် အသီးအနှံ၊ ပန်းခြင်းတောင်းက ရောက်နေနှင့်လေပြီ။

"ကိုမြတ်ရာ. . . ခင်ဗျား ဒီလို လက်ဆောင်တွေ ပေးနေရင် ကျွန်တော်လာလည်ဖို့တောင် ခက်နေပြီ"

"ကျွန်တော် မွဲမသွားပါဘူးဗျာ"

"အစစအရာရာအတွက် ကျေးဇူးပါပဲ. . . ခွင့်ပြုပါဦး"

"ကောင်းပါပြီ. . . ဖေဖေ့ဆေးအတွက်လည်း ကျေးဇူးတင်ပါတယ်၊ ကျွန်တော်မှာထားတာ မရသေးတဲ့အချိန် ဆေးပြတ်ခါနီးရလို့ အထူးကို ကျေးဇူးတင်ပါတယ် ကိုရှိန်း"

"ရပါတယ်ခင်ဗျာ. . . ကူညီရမှာပေါ့. . . သွားပြီ"

ရှိန်းတေဇာ ပြုံးကာ ကားကို မောင်းထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေရတနာစံနှင့် ပတ်သက်၍ အလျှော့မပေးနိုင်သည်မှ အပ ရှိန်းတေဇာ မင်းမြတ်မောင်ကို ခင်ပါသည်။

အကူအညီကိုလည်း တတ်နိုင်သည့်ဘက်ကနေ ပေးချင်သည်။ ဒါက သူ၏တစ်ဖက်သားကို ကူညီချင်သော စိတ်ရင်းသက်သက်ပင်။

ဦးလေးဒေါက်တာအောင်ဝင်း သူ့ဖခင်တို့နှင့် တိုင်ပင်ကာ ဦးမင်းထင်ကို ဆေးခန်းရောက်လာအောင် ဆွဲဆောင်ချင်သည်။

ဒီနိုင်ငံမှာ ဆေးကုမရလျှင် နိုင်ငံခြားမှာ သွားကုရမည်ပေါ့။ လက်မလျှော့စေချင်။

မင်းမြတ်မောင် ရှိန်းတေဇာ ကားထွက်သွားသည်နှင့် အိမ်ပေါ် ပြန်တက်ခဲ့သည်။

ကြီးကြီးနှင့် မိန်းကလေးနှစ်ယောက် စကားကောင်းနေကြသည်။

ရှိန်းတေဇာသာ ပေါ်မလာဘူးဆိုပါက နေရတနာစံကို သူ ပရိုပို့စ်(ချစ်ရေးဆို)ကာ လက်ထပ်ခွင့် တောင်းမိလေမည်။

ဖခင်က သူ့အား အိမ်ထောင်ရက်သား ကျသွားတာ မြင်ချင်သောဆန္ဒ ရှိနေလေပြီ။

ယခုတော့ သူ့အာရုံထဲ အနည်းငယ် ရှုပ်ထွေးနောက်ကျိလာသည်။

နေရတနာစံနှင့် ရှိန်းတေဇာက မိဘချင်း သဘောတူထားတာဆိုတော့ . . .

သူစဉ်းစားရပြီ။

နေရတနာစံက အခရာပါပဲလေ။ သူအားတင်းထားလိုက်





သည်။

အရင်တုန်းကတော့ မိသားစုအရေးအတွက် တာဝန်ရှိသည်။ ပညာရေးနှင့်စီးပွားရေး အောင်မြင်ပြီးမှ အချစ်ရေးနှင့် အိမ်ထောင်ရေးကို စဉ်းစားမည်ဟု ဆုံးဖြတ်ခဲ့ပြီး နေရတနာစံကို ဥပေက္ခာ ပြုနိုင်ခဲ့သည်။

ယခု နေရတနာစံဆိုသော အလှပန်းလေးကို ဆွတ်ခူးရန် ကြံရွယ်တော့ ပြိုင်ဘက်က ရှိလာလေပြီ။

"ကိုမြတ်ကော မြို့ထဲ ရောက်ရဲ့လား"

"ရောက်ပါတယ် . . . ဘာဖြစ်လို့လဲ"

"ရောက်တဲ့အခါ အိမ်ဝင်လည်ပါဦးလား၊ ထမင်းစား ဖိတ်ကျွေးရင်ကော လာမှာလားဟင်"

နေရတနာစံက မေးလိုက်သည်။

မင်းမြတ်မောင် ခေါင်းခါကာ . . .

"တကူးတကနဲ့ကြီး ဖိတ်ကျွေးတာမျိုး မလာချင်ဘူး၊ ကြုံရင်ဝင်ပါ့မယ်၊ နေနေဆေးခန်းကိုလည်း ကြည့်ရင်းပေါ့"

နေရတနာစံ ပြုံးရွှင်သွားလေသည်။

"လာဖြစ်အောင် လာနော် ကိုမြတ်"

အားလုံးက သူ့ကို ကိုမြတ်၊ ရှိန်းတေဇာကို ကိုရှိန်း၊ နေရတနာစံကို နေနေ၊ လတ်လတ်ကိုတော့ လတ်လတ်ဟုပင် သုံးစွဲကုန်ကြသည်။

ဒါ ရင်းနှီးမှု နိဒါန်းလေလား။

ခင်မင်မှု စည်းတားချည်နှောင်မှုပေလားဟု မင်းမြတ်မောင် တွေးရင်း စိတ်ထဲ မောဟိုက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ လွှယ်လွယ်နဲ့ မပေါက်ဖွားနိုင်သလို လွယ်လွယ်ကူကူနဲ့လည်း မရနိုင်ပါလားဟု. . .။







## အခန်း(၁၈)

"ဟင်. . . သား၊ အဲဒီခြံကို ရောက်သွားပြန်ပြီလား"

ရှိန်းတေဇာ ကားပေါ်က ချလာသော်ခြင်းတောင်းကို ကြည့်ပြီး ဒေါ်ခတ္တာလှိုင် တအံ့တဩဟန်နှင့် မေးမိလျက်သား ဖြစ်သွားလေသည်။

"ဟုတ်တယ် မေမေ၊ ကိုမြတ်အဖေဆီကို လေးလေး ဆေးသွားပို့ခိုင်းတာနဲ့ ပို့ပေးရင်း သွားဖြစ်သွားတာ"

"လက်ဆောင်တွေ ဒီလောက်ပေးနေတော့ အားနာစရာကွယ်"

ဒေါ်ခတ္တာလှိုင် ရင်ထဲ နွေးကျင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က မိသားစုသုံးယောက်ထဲ ရှိတော့ ခြည့်သည်လာရင် ပျော်ပါတယ် မေမေ၊ နောက်ပြီး ကိုမြတ် ကြီးတော်က ဟင်းချက်ကောင်းတယ်၊ ငါးရံ့အူဟင်းနဲ့ စားခဲ့တာ"

ဒေါ်ခတ္တာလှိုင် ခေါင်းထဲ သွေးတို့ တရိပ်ရိပ် တိုးလာလေပြီ။

ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးပါလား။

"အဲဒီလူက ဆေးရုံမတက်ဘူးတဲ့လား"

"သက်သက်မဲ့ အသေခံနေသလိုပါပဲ မေမေရာ၊ သေမထူးနေမထူးဘဝကို ဘာမှ အကုန်ခံ ကုမနေနဲ့၊ သူ့အတွက် ကုန်မှာတွေ လှူလိုက်လို့ ပြောတာတဲ့၊ ကြီးကြီးပြောပြပြီး သားကို စည်းရုံးခိုင်းနေတာ မေမေ"

"ဪ. . ."

"သား ဖေဖေ့ဆေးခန်း လိုက်သွားလိုက်ဦးမယ် မေမေ၊ ပစ္စည်းလာပြန်ပို့တာ"

"အေး. . . အေး"

သားထွက်သွားသည်နှင့် ဒေါ်ခတ္တာလှိုင်သည် အိမ်ဖော်မလေး သိမ်းနေသော စက်ရုံထွက် မဟာလိုဂိုတံဆိပ်၊ လိပ်စာ၊ ဖုန်းနံပါတ်တို့ကို မှတ်ပြီး G.S.M လက်ကိုင်ဖုန်းလေးထဲ ထည့်မှတ်ထားလိုက်သည်။

ထိုစဉ် ဖုန်းဝင်လာသည်။ ဖုန်းစကင်န်ပေါ်တွင် ပေါ်လာသောနံပါတ်ကို ကြည့်လိုက်ရာ ဒေါ်ခိုင်ဇာဝင်းနာမည် ပေါ်လာသဖြင့်. . .

"ဟယ်လို အဝင်း"





"ဆိုင်ရောက်နေတာ. . . ခတ္တာ နေမကောင်းဘူးဆိုလားလို့ ဘာဖြစ်လို့လဲ ဆရာဝန်ကတော်၊ ဆရာဝန်အမေက ရောဂါထူနေရတာလဲ"

"သွေးတိုးနေလို့ပါ အဝင်းရာ၊ ဘာပစ္စည်း လုပ်မလို့လဲ"

"မလုပ်ပါဘူး. . . လမ်းကြုံလို့ ဝင်ရင်းနဲ့ သားနဲ့သမီး အကြောင်း ပြောချင်လို့ လာတာ"

ဒေါ်ခတ္တာလှိုင် ရင်ထဲ ရှုပ်ထွေးနေသေးသဖြင့် အလိုက်သင့်ပင်. . .

"ဘာထူးခြားလို့လဲ"

"ထူးထူးခြားခြားဆို သူတို့နှစ်ယောက် တတွဲတွဲနဲ့ ထောက်ကြံ့ဘက်က ခြံကို သွားကြတယ်၊ ခတ္တာ ဘာများ သိထားသလဲလို့"

"ကျွန်မ ဘာမှမသိပါလား အဝင်း၊ သားလာမှ မေးကြည့်ဦးမယ်"

"ခတ္တာသားနဲ့ ချိန်းသွားတာဆို အကြောင်းမဟုတ်ဘူး၊ အဲဒီတာ ခြံသမား ယာသမားတွေနဲ့ ခင်တွယ်နေမှာစိုးလို့၊ အဝင်း ရင်ပူလွန်းလို့ပါ"

"ဒါဖြင့် အဝင်းပဲ သားဆီကို ဆက်မေးလိုက်ပါလား၊ ခုတော့ သား ဂျူတီဝင်နေလို့ ဖုန်းပိတ်ထားမယ် ထင်တယ်"

သမီးရှင်တစ်ဦး၏ခံစားမှုကို ခတ္တာလှိုင် ရင်နင့်စွာ နားလည်လိုက်လေသည်။

ခြံသမား ယာသမားတွေနဲ့ ခင်တွယ်နေမှာစိုးလို့ဟု စကားလှအောင် ပြောခြင်းပင်။

"ဒါဆို ဒါပဲ. . . ခတ္တာ နားလိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ အဝင်း"

ဒေါ်ခတ္တာလှိုင် ဖုန်းပိတ်လိုက်သော်လည်း ရင်ကို ထိမှန်စေသော အတွေးတို့ကိုတော့ ပိတ်ပင်တားဆီး၍မရနိုင်ချေ။

"မာလီရဲ့တူ ခြံသမား ယာသမားနဲ့တွဲလား၊ အမလေး. . လေး. . ငါ့ကို အသေသတ်နေတာလား မိခတ္တာ"

ဟု မိခင် တက်မတတ်ချက်မတတ် ငိုယိုပြောဆို၊ သူ့အား ထုရိုက်ခဲ့သည်ကို ပြန်လည်မြင်ယောင်ရင်း မျက်ရည်ဆို့တက်လာသည်။ ရင်ဝယ် နင့်နင့်သီးသီးကို ခံစားနေရဆဲပါလား။

အတိတ်က ခတ္တာလှိုင်လိုမျိုးများ နေရတနာစံ ဖြစ်လာလျှင်. . .

ဘုရားရေ. . .။

မိခင်မေတ္တာက စာနာစိတ် ကင်းမဲ့သွားစေသည်။

အတိတ်က ဒေါက်တာတေဇာလို သားရှိန်းမောဇာသည် နွားမ ရှံ့ပိတ်ခံရမည့်အဖြစ်မျိုးဆိုပါက. . .။

ဘုရား. . . ဘုရား။

သားကို လွှတ်ထား၍ မရတော့သလို နေရတနာစံကိုလည်း စောင့်ကြည့်ဖို့ လိုလာပြီ။

ဒေါ်ခတ္တာလှိုင် အတွေးဆန်လေပြီ။

သူတို့၏တစ်ဦးတည်းသောသားလေး "ရှိန်းတေဇာ" ယူရမည့် မိန်းကလေးသည် ခြောက်ပြစ်ကင်း သဲလဲစင်သာလျှင် ဖြစ်ရမည်ဟု. . .။

သောက၊ မောဟတို့ကြောင့် ခေါ်ခတ္တာရင်မှာ မောဟိုက်မွန်းကြပ်လာသဖြင့် ဆိုဖာပေါ် လဲလျောင်းကာ ခေတ္တအပန်းဖြေ





လိုက်လေသည်။

သို့တိုင်အောင်. . .

ရင်ဝယ် အမောမပြေနိုင်၊ မအေးချမ်းနိုင်သေးချေ။

လူတိုင်းလူတိုင်း၌ ပြီးပြည့်စုံသော ချမ်းသာသုခဆိုတာ မရှိနိုင်။ တစ်ခုမဟုတ် တစ်ခုတော့ မပြည့်စုံခြင်း (သို့တည်းမဟုတ်) လိုအပ်ခြင်းကတော့ ရှိနေတတ်ကြလေသည်။

ဒေါ်ခတ္တာလှိုင် ရင်ဝယ် ဆို့နစ်လာသဖြင့် လှဲနေရာမှ အသာပြန်ထကာ ပန်းခြံထဲ ဆင်းခဲ့လေသည်။

ခြံထဲ ဆင်းမိကာ ပိုဆိုးသည်။ လွန်ခဲ့သော နှစ်(၃၀)ကျော်ခန့် ရေလောင်း ပေါင်းသင် မြက်ရိပ် လုပ်နေတတ်သော ချစ်ဦးသူကို မြင်ယောင်မိသဖြင့် အိမ်ပေါ်သို့ ပြန်တက်ခဲ့လေသည်။

အခုမှ အခက်ကြီး ခက်လေပြီ။

ရင်မှ ဝေဒနာကို ဖွင့်ဟရန်ကလည်း မဖြစ်နိုင်။

ဒေါ်ခတ္တာလှိုင်၏ရင်ထဲ ဝေဒနာ မီးတောက်ကြီးက ဟုန်းဟုန်း တောက်လောင်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

ဒေါ်ခတ္တာလှိုင် ရွှေဆိုင်သို့ နောက်ကျမှ ရောက်မည်ဟု အကြောင်းကြားထားပြီး ကားကို ကိုယ်တိုင်မောင်းခဲ့လေသည်။

များသောအားဖြင့် သူသည် ကားကို ကိုယ်တိုင်မောင်း၏။ အိမ်အတွက် ဒရိုင်ဘာတစ်ဦးတော့ ခန့်ထားသည်။ လိုအပ်လျှင် မောင်းခိုင်းပြီး ကား(၄)စီးကို သန့်ရှင်းရေး လုပ်ရန်နှင့် ကားကြံ့ခိုင်ရေး မပြတ်စစ်ဆေးပေးရန်၊ ဓါတ်ဆီသွားထည့်ခိုင်းရန်နှင့် အိမ်တော်ထိန်း ဈေးဝယ်လျှင် လိုက်ပို့ရန်အတွက်သာ ထားသည်။

ဒေါ်ခတ္တာလှိုင် ထောက်ကြံ့ဘက်သို့ မောင်းခဲ့သည်။

စိတ်လှုပ်ရှားမှုကြောင့် မိမိ၏ရင်ခုန်သံကို မိမိပြန်ကြားနေ





သည်။

ဒီတစ်သက်၌ တစ်ခါမှ ပြန်လည်မဆုံစည်းနိုင်တော့ဘူးဟု င်ထားသောသူတစ်ယောက်ကို ပြန်လည်တွေ့ဆုံခွင့်ရတော့မည်။

ဘာတွေ ပြောကြားရမည်နည်း။

မိဘတွေ ချမှတ်ပေးခဲ့သော ပုံစံခွက်လေးထဲ၌ စက်ရုပ် ဖွယ် ရှင်သန်ခဲ့ရသောဘဝကိုပဲ ကျေနပ်မိတာ တောင်းပန်ရမည်လား။

မဖြစ်နိုင်။

ဘာပဲဖြစ်ဖြစ် အကြောင်းဖက်ကာ ပေါင်းဖက်ခဲ့ဖူးသော စ်ဦးသူ ခင်ပွန်းဟောင်းကိုတော့ မသေခင် သွားရောက်တွေ့ဆုံ နိုင်သည်။

ဒေါ်ခတ္တာလှိုင် လမ်းခွဲတစ်ခုအရောက် အနည်းငယ် အေးမြန်းလိုက်ရုံနှင့် မှော်ဘီဘက် သွားသောလမ်းဘက် ရောက်ခဲ့သည်။ နောက်လမ်းချိုးတွင် "မဟာလုပ်ငန်းစု" လမ်းညွှန်ဆိုင်းဘုတ် တွေ့ရသဖြင့် ချိုးဝင်ခဲ့လိုက်သည်။ ကွန်ကရစ် လောင်းထားသော လမ်းဖြစ်သည်။

သိပ်မဝင်လိုက်ရ။

ခေတ်မီလှပသော တစ်ထပ်တိုက်တစ်လုံးကို တွေ့လိုက်ရသည်။ ခြံဝန်းတံခါး ဖွင့်ထားသဖြင့် ဝင်ခဲ့လိုက်သည်။ ပန်းခြံထဲ အလုပ်လုပ်နေသူများကို တွေ့လိုက်ရသည်။

"ဖွင့်ထဲ ရွှံ့တစ်ပိဿာ ဝင်မှ ထမင်းစားနိုင်တဲ့ ခြံသမား သားမားနဲ့မှ ဖြစ်ရလေတယ် သမီးရယ်" ဟု ငိုချင်းချခဲ့သော ခင်ကို သေရွာက နိုးကာ ပြချင်စမ်းပါဘိ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခတ္တာလှိုင် ရင်ခုန်လှုပ်ခတ်မှုကို သတိနှင့် ထိန်းရင်း ကားကို အရိပ်ကျသော အိမ်ဘေးတွင် ထိုးရပ်လိုက်သည်။

အိမ်ထဲမှ အမျိုးသမီးကြီးတစ်ဦး ထွက်လာသည်။

မြင်သည်နှင့် တန်းမှတ်မိလိုက်သည်။

"မမနု"

ဒေါ်ခတ္တာလှိုင် ကားပေါ်က ဆင်းလိုက်ပြီး လှမ်းနှုတ်ဆက်လိုက်သည်။

ဒေါ်မင်းနုမှာ အံ့အားသင့်ကာ ကြက်သေ,သေသွားလေသည်။

"ဘုရားရေ့. . "

ရင်ဘတ်ကို လက်နှင့် ဖိကာ ဘုရားတလိုက်မိသည်အထိ တုန်လှုပ်သွားသည်။

ဒေါ်ခတ္တာလှိုင် အားတင်းကာ. .

"ခတ္တာကို အိမ်ထဲ မခေါ်တော့ဘူးလား မမနု"

ဟု အားလျော့သောလေသံနှင့် မေးလိုက်လေသည်။

ထိုအခါမှ. . .

"လာ. . လာ. . ညီမ"

ဒေါ်မင်းနု ဒေါ်ခတ္တာလှိုင်ကို အိမ်ထဲ ခေါ်ခဲ့လေသည်။

"ကိုမင်းထင်ကော. . . "

ထိုအချိန်တွင် ကားသံကြား၍ ပြတင်းပေါက်မှနေ၍ ပြင်ပကို လှမ်းကြည့်လိုက်စဉ် ဒေါ်ခတ္တာလှိုင် ဆင်းလာသည်ကို တွေ့လိုက်ရကတည်းက ဆောက်တည်ရာမဲ့ ဖြစ်သွားခဲ့သော ဦးမင်းထင်မှာ ကျောက်ရုပ်သဖွယ် ရပ်နေခဲ့သည်။





"မောင်လေး. . မောင်လေးရေ. . အပြင်ထွက်ခဲ့ပါဦး"

အစ်မက လှမ်းခေါ်နေပြီ။

သူ့ဆန္ဒ ပြည့်ဝပြီ။ မသေခင် နောက်ဆုံးတွေ့ချင်ခဲ့သော ချစ်ဇနီး တော်စပ်ခဲ့ဖူးသူကို မြင်တွေ့ခွင့်ရလေပြီ။

"မောင်လေး. . "

သူ အသာထွက်ခဲ့လိုက်သည်။

ပွင့်လာသော တံခါးနောက်ကွယ်မှ ထွက်လာသော ဦးမင်းထင်ကို မြင်လိုက်ရသည်နှင့် မျက်ရည်တို့ စို့တက်လာရာ အသာပင် မျက်တောင်ခတ်ကာ သိမ်းဆည်းလိုက်လေသည်။

"ထိုင်ပါ ခတ္တာ"

မျက်နှာချင်းဆိုင် ထိုင်မိကြသည်။

အသားအရည် ဝါရောင်ပြေးနေ၊ ကျန်းမာရေး မကောင်းဘူးဆိုတာ ပြနေသည့် ဦးမင်းထင်ကို ကြည့်ပြီး ဒေါ်ခတ္တာလှိုင် ရင်မှာ စူးနစ်စွာ နာကျင်လျက် ရှိလေသည်။

"ရှိန်းတေဇာ ဒီကို ရောက်လာပြီးကတည်းက ခတ္တာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီကို ရောက်လာလိမ့်မယ်လို့ ကို မျှော်လင့်ပြီးသားပါ"

"ဟင်. . . မောင်လေးက သိနေနှင့်တယ်"

"ရှိန်းတေဇာက မိဘတွေကို ပြောပြပြီး မိတ်ဆက်လိုက်တဲ့ အချိန်ကတည်းက ခတ္တာသားမှန်း သိလိုက်ပါတယ်"

ဒေါ်ခတ္တာလှိုင် မျက်ရည်တို့ အတားဆီးမဲ့ လိမ့်ဆင်းလာသည်။

သူ ဝန်ခံစရာ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ရှိန်းတေဇာဟာ ကိုမင်းထင်နဲ့ ရတဲ့သား မဟုတ်ပါဘူး"

"သိပါတယ်. . . ကိုတို့က အားလုံးသိနေတယ်၊ မသိတာက ခတ္တာတစ်ယောက်တည်းပါ။ မမပဲ ပြောပြလိုက်ပါ"

ဦးမင်းထင် ရင်ဘတ်ထဲ ခံရခက်သည့် ဝေဒနာဆိုးကို အောင့်အီးသည်းခံနေရသောကြောင့် မျက်နှာမှာ ဖြူလျော်ကာ ချွေးများပင် ဆို့တက်လာသည်။

ဒေါ်မင်းနုကား . .

"မောင်လေးဆီက ခတ္တာကို အမေနေမကောင်းဘူး အကြောင်းပြပြီး ခေါ်သွားတော့ ခတ္တာမှာ ကိုယ်ဝန်ပါသွားတယ် နော်"

ဒေါ်ခတ္တာလှိုင် မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာပြီး. . .

"ခတ္တာ. . ခတ္တာအပြစ်ပါ၊ ကလေးကို ရှင်လျက် မမွေးနိုင်ခဲ့ဘူး၊ ရုပ်ကိုတောင် မြင်ခွင့်မရခဲ့လိုက်ပါဘူး"

ဒေါ်မင်းနုက. . .

"ခတ္တာမိဘများကကော. . ."

"ဆုံးသွားတာ ခြောက်နှစ်ရှိပါပြီ၊ ရွှေ့ဆစ့်နောက်ဆင့်ပဲ"

"ဒီလိုဆိုရင် မမ ကတိတစ်ခုကို ဖောက်ဖျက်လို့ရပြီ ထင်တယ်၊ မဖြစ်သင့်တာတွေ မဖြစ်ရအောင် မမ ပြောသင့်တယ် ထင်လို့ ပြောတော့မယ် ခတ္တာ"

ဒေါ်ခတ္တာလှိုင် မျက်ရည်ကြားက ဒေါ်မင်းနုကို ကြည့်လိုက်သည်။





"ညီမတို့အိမ်က အိမ်ဖော်ဒေါ်သေးကို မှတ်မိသေးလား"

"ဟုတ်ကဲ့. . . ကြာပြီ၊ မရှိတော့တာ ထင်တယ်"

"ဒေါ်သေးသာ ရှိနေသေးရင်တော့ ညီမကို မမနုတို့ လူသက်သေ ပြလို့ရပါတယ်၊ ညီမအမေက ညီမရဲ့သားလေးကို ဒေါ်သေးကို ငွေပေးပြီး စောင့်ရှောက်လိုက်ပါဆိုပြီး ခြေရာဖျောက် ခိုင်းလိုက်တယ်"

"ဘုရား. ."

ဒေါ်ခတ္တာလှိုင် မိုက်ကနဲ ဖြစ်ကာ မူးဝေသွားလေသည်။ မျက်လုံးစုံမှိတ်၊ နားထင်ကို လက်နှင့် ထောက်ကာ ခေတ္တငြိမ်သက်နေလိုက်ပြီးမှ. . .

"ဒါ. . ဒါဖြင့် ကလေးက အသက်ရှင်နေသေးတယ်ပေါ့"

"ဟုတ်တယ်. . . မမက ဒေါ်သေးကို ဈေးသွားတိုင်း တွေ့ဆုံ စည်းရုံးထားပြီး ညီမနဲ့ ပတ်သက်ပြီး ဖြစ်ပျက်သမျှတွေ အသိပေးဖို့ ငွေပေးစည်းရုံးထားရတာပေါ့၊ ဒါနဲ့ ညီမ ကလေးကို ရွှေငွေထုပ်နဲ့အတူ ပိုက်ပြီး ရောက်လာတဲ့ ဒေါ်သေးဆီက ကလေးကို မမတို့ ယူထားပြီး ဒေါ်သေးကိုတော့ ရွှေငွေထုပ်နဲ့ သူ့ရွာပြန်ခိုင်း လိုက်တယ်၊ အကယ်၍ သူတို့ဘက်က စုံစမ်းရင်လည်း ကလေး သေသွားပြီလို့ ပြောလိုက်လို့ မှာလိုက်တယ်"

ဒေါ်ခတ္တာလှိုင် ရင်ထဲ မခံရပ်နိုင်အောင် နာကျင်လာသဖြင့် အသက်ကို မှျင်းမှျင်းရှူသွင်းရင်း ဘယ်ဘက်ရင်အုံကို လက်နှင့် ဖိထားရင်း. . .

"ဒါ. . ဒါဖြင့်. . မင်းမြတ်မောင်ဟာ. ."

ဒေါ်ခတ္တာလှိုင် တုန်ရီသောအသံဖြင့် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . မောင်လေးနဲ့ခတ္တာရဲ့သားပဲ"

ဒေါ်ခတ္တာလှိုင် ကျုံကျုံ့ပါအောင် ငိုချလိုက်သည်။ ငိုလိုက်မှ ရင်ထဲ ပေါ့သွားမည်။ မျက်ရည်မကျဘဲ ရင်ထဲ ငိုနေတတ်သော အငိုက နှလုံးအိမ်ကို ထိခိုက်စေသည်မို့ ခံစားရသော နာကျင်ကြေကွဲမှုတို့ မှန်သမျှကို မျက်ရည်နှင့်အတူ စွန့်ပစ်လိုက်လေတော့သည်။

"ညီမကို ဆုံးရှုံးခဲ့ပေမယ့် သားလေးဟာ မမတို့မောင်နှမ နှစ်ယောက်ရဲ့ဘဝကို အားဖြစ်စေခဲ့တယ်၊ ဒါပေမယ့် ဦးနှောက်က ဘယ်လောက်ပဲ ခိုင်မာစွာနဲ့ သားနောင်ရေးအတွက် အဆင့်မနိမ့်ရ အောင် ကြိုးစားရုန်းကန်ခဲ့တဲ့ မောင်လေးဟာ နှလုံးသားခံစားချက် ကိုတော့ အရက်နဲ့ ညစဉ်ဖြေဖျောက်ခဲ့လို့ အခုတော့ ရောဂါ . . ."

ဒေါ်မင်းနု စကားမဆက်နိုင်၊ မျက်ရည်များ စီးကျလာ သည်။

ဒေါ်ခတ္တာလှိုင် ခင်ပွန်းဟောင်းကိုလည်း မကြည့်ရက်။ ရင်ထဲမှာ ဆို့နင့်ကာ တစ်လောက တွေ့လိုက်ရသော မင်းမြတ်မောင် ကို မြင်ကတည်းက ရင်ဝယ် အလွန်ရင်းနှီးသလို ခံစားချက်၊ ကိုမင်း ထင်နှင့် တူလွန်းသည်ဟူသော အသိတို့က ယခုတော့ ရှင်းလင်းစွာ သိလိုက်ရလေပြီ။

မင်းမြတ်မောင်ဟာ သူ့သားပါလား။

ဒါဆို ရှိန်းတေဇာ၏အစ်ကို၊ အမေတူ အဖေကွဲအစ်ကိုပင်။

ဒါတွေကို သူ လျှို့ဝှက်ထားလို့ ရပါ့မလား။

ကိုတေဇာကကော ဘယ်လောက်အထိ သဘောထားကြီး နိုင်ပါ့မည်နည်း။

"မမရယ် . . . ခတ္တာ ဘာလုပ်ရမလဲ"





ဒေါ်ခတ္တာလှိုင် ဒေါ်မင်းနုကို ဖက်ကာ ငိုရှိုက်လာသည်။

တစ်ချိန်က သမီးယောင်းမပေမယ့် ညီမအရင်းသဖွယ် ချစ်ခင်ခဲ့သူနှစ်ယောက် ကံကြမ္မာ ရက်စက်မှုကို မျက်ရည်များ အလူးလူးနှင့် ခံစားရင်း အဖြေရှာကြသည်။

"လောလောဆယ်တော့ ကလေးတွေကို ဘာမှမပြောပါနဲ့ဦး ခတ္တာ"

"ညီအစ်ကိုဆိုတာကို သိစေချင်တယ်၊ မဖြစ်သင့်တာ ဖြစ်ရအောင်တော့ အသိပေးချင်တယ်"

"ညီမခင်ပွန်းက ခွင့်ပြုနိုင်ပါ့မလား"

ဒေါ်ခတ္တာလှိုင် မျက်ရည်များကို သုတ်ကာ ငြိမ်သက်နေ လိုက်သည်။ ရင်မှာ နာကျင်မှုများက လျော့ပါးမသွား၊ တိုး၍တိုး၍ သာ လာလေသည်။

ဦးမင်းထင်ကတော့ သူ နှစ်ရှည်လများ တမ်းတခဲ့ရသူ၏ မျက်နှာကို တစိမ့်စိမ့် ကြည့်ရင်း ကျေနပ်၏နေလေပြီ။

သူ သေပျော်ပြီ။

သူ့နောက်ဆုံးထွက်သက် မတိုင်ခင် တွေ့ချင်ခဲ့သော မျက်နှာကို တွေ့လိုက်ရလေပြီမို့ သူ ကျေကျေနပ်နပ်ကြီး သေရပါပြီ။

"ခတ္တာကို ဆက်သွယ်ဖို့ လိပ်စာကဒ်၊ မမ . . . သားကြီး တော"

"စက်ရုံသွားတယ်"

"ကိုမင်းထင် ငယ်ရုပ်နဲ့ ချွတ်စွတ်ပဲနော်၊ ကျွန်မ သူ့ကို တွေ့လိုက်ရလို့ ခြေရာခံမိတာပါ"

နောက်ထပ်အိမ်ထောင်မပြုဘဲ ခြေသလုံးအိမ်ကိုဘဝတာ



www.burmeseclassic.com

www.burmeseclassic.com



နေ စီးပွားရေးလုပ်ငန်းရှင် ဖြစ်လာသည်အထိ တိုးတက်လာခဲ့သော ခင်ပွန်းဟောင်းကို ကျေးဇူးတင်စွာ ကြည့်ပြီး. . .

"ကိုမင်းထင်နဲ့ မမကို ကျွန်မ ကန်တော့ပါရစေ၊ သားတို့ ဒီအခြေအနေအထိ ကျွေးမွေးပြုစုစောင့်ရှောက်ပေးနိုင်တဲ့ ကျေးဇူး တရား ကျွန်မ ရှိသေလွန်းလို့ပါ"

ပြောပြောဆိုဆိုပင် ကြမ်းပြင်ထက် ဆင်းကာ ကျုံ့ကျုံ့ထိုင် လိုက်သော ဒေါ်ခတ္တာလှိုင်ကို ကျန်နှစ်ဦးက တားမရသည့်အဆုံး လက်လျှော့ကာ ကန်တော့ခံယူလိုက်ပြီး ဆုတောင်းပေးလိုက်ကြ သည်။

(၃)ဦးစလုံး၏မျက်ဝန်းအိမ်ဝယ် ကြေကွဲမှု မိုးသားတို့ကား တော့ မှိုင်းဝေသီလျက် ရှိချေတော့သည်။



www.burmeseclassic.com





# အခန်း(၁၉)

"ဖေဖေ. . . သား ယူကေကို မသွားခင် စေ့စပ်သွားရင် ကောင်းမလား"

ညဘက် မိသားစု(၃)ဦး အစုံအလင် ထမင်းစားနေစဉ် မှိုင်းတေဇာက စကားစကာ ဖခင်ဆီမှ အကြံဉာဏ်ကို ယူလိုက်လေသည်။

"မင်းက ဖေဖေပေးတဲ့အကြံကို တကယ်လက်ခံမှာမို့လို့လား"

ဦးတေဇာက ပြန်မေးလိုက်သည်။

"အသေအချာကို လက်ခံမှာပါ ဖေဖေ"

သားအဖနှစ်ယောက်ကြား ရင်တုန်နေရသူက ဒေါ်ခတ္တာလှိုင်ပင်။ သူ့ပထမရင်သွေး မသေသေးမှန်း သိသွားကတည်းတ



www.burmeseclassic.com

www.burmeseclassic.com



သူ့အာရုံတို့သည် သားကြီးအပေါ် တိမ်းညွတ်မိလေသည်။ အမိမဲ့သား ရေနည်းငါးပမာ ဘယ်လောက်ဒုက္ခရောက်ခဲ့ရှာလေမလဲ။

"ဒါဆို လုံးဝ စေ့စပ်မသွားနဲ့"

"ဗျာ. . ."

"ဟိုမှာ လွတ်လွတ်လပ်လပ် အာရုံစိုက်ပြီး ပညာတို့ ကြိုးစားသင်ယူခဲ့၊ ဒါမှ အနှောင်အဖွဲ့ကင်းပြီး ပိုလန်းနေမှာကွ"

ဦးတေဇာတို့ သားအမိ သားအဖတွေသည် လွတ်လွတ်လပ်လပ် သူငယ်ချင်းပေါင်း ပေါင်းကာ ပွင့်ပွင့်လင်းလင်း ပြောဆိုကြသည့် အလေ့အထမျိုး ဖြစ်သည်။

"ဖေဖေ့တို့ နမူနာယူ၊ နိုင်ငံခြားက ပါရဂူဘွဲ့ ယူလာပြီး ပြန်ရောက်တော့၊ ဟော. . အမေရှာပေးတဲ့ ချွေးမအလိမ္မာ လှပ[illegible] နဲ့ လက်ထပ်တော့ ထူးချွန်ပြီး ပညာတော်တဲ့ သားကို ရတယ် ဘယ်လောက်မိုက်သလဲ. . ဟတ်. . ဟား. ."

ဦးတေဇာက ဇနီးသည် ပါးကလေးကိုပင် လက်ညှိုးနှင့် လှမ်းတို့ကာ ကျီစယ်လိုက်လေသည်။

ဒေါ်ခတ္တာလှိုင်ကတော့ မချိပြုံးနှင့် ပြုံးလိုက်လေသည်။

သူနှင့် ကိုမင်းထင်အကြောင်းကို နှစ်ဦးသား တွေ့စဉ်မှာပင် မိဘတွေ မသိအောင် ဒေါ်ခတ္တာလှိုင် ဖွင့်ဟဝန်ခံခဲ့သည်။ ထိုစဉ်က ဦးတေဇာက ရယ်ကာ. . .

"ခင်ဗျားက တစ်ယောက်ထဲလား၊ ဟား. . . ကျွန်တော်က အတွဲတွေ အများကြီး ထားခဲ့တာ၊ အချို့ဆို မှတ်တောင် မမှတ်မိဘူး ကိစ္စမရှိဘူး. . . မင်းအလှ၊ မင်းပညာ၊ မင်းရဲ့စည်းစိမ်ဂုဏ်ပကာသနက မင်းရဲ့အမည်းစက်တွေအားလုံးကို ဖုံးကွယ်ပေးပြီးသားပဲ





ဘာပဲဖြစ်ဖြစ် ဒါတွေ ကိုယ်သိပါတယ်၊ ဒါပေမယ့် မင်းအလှအပြင် အခု မင်းရဲ့ရိုးသားဖြူစင်မှုက ကိုယ့်ကို ဖမ်းစားသွားပြီမို့ ကိုယ်တို့ နှစ်ယောက် သာယာတဲ့ အိမ်ထောင်ရေးလေးတစ်ခု တည်ဆောက်ကြရအောင်လား"

ဟူသော အတိတ်မှ ဦးတေဇာ၏စကားသံတို့က နားထဲ ပြန်လည် ပဲ့တင်ထပ်လာလေသည်။

အမှန်တကယ်လည်း နားလည်ခြင်း၊ သည်းခံလိုက်လျောခြင်းတွေနှင့် တည်ဆောက်လိုက်သောအခါ သူတို့အိမ်ထောင်ရေးသည် သာယာဖြောင့်ဖြူးခဲ့လေသည်။

"ဒါပေမယ့် သားရည်ရွယ်ထားတဲ့သူက သူများနောက် ပါသွားရင်ကော"

"ဘာပူစရာလိုသလဲ သား၊ သူ့ထက် သာတဲ့မိန်းမကို သား မေမေ ရှာပေးလိမ့်မှာပေါ့"

"သားက မချစ်ရင်ကော. . ."

"အိမ်ထောင်ကျသွားပြီးရင် သံယောဇဉ် ငြိတွယ်လာမှာပဲ၊ သံယောဇဉ် ငြိတွယ်လာပြီဆိုရင် ဖြတ်မရတော့ဘူး၊ အချစ်ဆိုတာကြီးကို ထည့်မတွေးနဲ့၊ အဲဒီကောင်ကြီးက လူ့ဘဝရဲ့အောင်မြင်မှုကို တစ်ခါတစ်ရံ တွန်းအားဖြစ်စေသလို တစ်ခါတစ်ရံမှာ အင်မတန်ကို အနှောင့်အယှက်ပြုတတ်တဲ့ အကြီးမားဆုံး ရန်သူကြီးပဲ သား"

ဒေါ်ခတ္တာလှိုင် နှစ်ပေါင်းများစွာ ပေါင်းသင်းခဲ့သော ခင်ပွန်းကို ငေးကြည့်မိရာက မျက်နှာလွှဲလိုက်ပြီး သားကို. . .

"သားဖေဖေ ပြောတာကို မေမေလည်း လက်ခံတယ် သား။ သား ပါရဂူဘွဲ့ယူပြီး ပြန်လာမှ အိမ်ထောင်ရေး စဉ်းစားပါ"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းတေဇာ ပြုံးပြုံးလေးနှင့်ပင် ခေါင်းညိတ်လိုက်လေသည်။

အချစ်ဆိုတာ သူ့နှလုံးသားထဲသို့ နေရာမှ မယူသေးတာ။

နေရတနာစ်ကို စိတ်ဝင်စားသည်။ မခံချိမခံသာ ဖြစ်အောင် ကျီစယ်ချင်သည်။

ဒါနဲ့ အချစ်ဖြစ်ရောလား။

မဟုတ်နိုင်။

"ဒါဆို မေမေနဲ့ဖေဖေက ရှာပေးထား၊ အများကြီး ရှာပေးထားနော်၊ ရွေးစရာဆိုတာ များလေလေ ကောင်းလေလေပဲ၊ အဲဒီထဲကမှ မေမေလို အလှပဂေးမျိုးနဲ့ အဖေတူသားဆိုတဲ့ ခြေရာမျိုးနင်းမှာ"

"အိုကေ. . . သိပ်မှန်တာပေါ့ သားရယ်"

ဦးတေဇာက မိန်းမကို မျက်စိတစ်ဖက် မှိတ်ကာ ရယ်ပြလိုက်သည်။ ဦးတေဇာ ရယ်သံက ခြောက်ကပ်နေသည်ဟု ဒေါ်ခတ္တာလှိုင် လိပ်ပြာမသန့်သလို တွေးလိုက်မိသည်။

ရင်ထဲမှာတော့ နာကျင်လွန်းလှပြီ။

ထိုအချိန်တွင် ကြွက်ဖြူလေးက သူ့ခြေထောက်ကို လာတိုးသဖြင့် ဒေါ်ခတ္တာလှိုင်က. . .

"သား. . . သားကောင်လေးကို လှောင်အိမ်ထဲ ထားတာလည်း ငရဲကြီးတယ်၊ သူက လူမကြောက်တော့ အိမ်ထဲ လျှောက်သွားနေတာ နင်းမိမှာလည်း ပူရနဲ့၊ တစ်အိမ်အိမ်ကို ပေးလိုက်ပါတော့ သားရယ်"

ဟု ခြေထောက်ကို ရှပ်သိမ်းရင်း ပြောလိုက်သည်။





ရှိန်းတေဇာက. . .

"နေနေကို သွားပေးတာ လက်မခံလို့"

"သူ့အိမ်မှာ ကြောင်နဲ့ခွေးနဲ့ဟာ၊ အစာသွားကျွေးသလို ဖြစ်မှာပေါ့"

"ဒါကြောင့် နေနေက လက်မခံတာ၊ သားလည်း ညံ့သွားတယ်၊ နောက်နေ့ သားသူငယ်ချင်း တိုက်ခန်း သွားပေးလိုက်မယ်၊ သူတို့အိမ်မှာ ကြွက်မဲတွေ သောင်းကျန်းနေတယ်တဲ့၊ ကြွက်ဖြူလာရင် ကြွက်မဲပြေးရောတဲ့"

ရှိန်းတေဇာက ပေါ့ပေါ့ပါးပါးပင် ပြောလိုက်သည်။

ဒေါ်ခတ္တာလှိုင် အကဲခတ်မိသည်က ရှိန်းတေဇာသည် ကလေးတစ်ဦးလိုပင် မိဘ ပုံစံချပေးသည့်အတိုင်း လျှောက်နေဆဲပင်။ သူ့ဘာသာသူ ဘာကိုမှ အလေးအနက် ထားတတ်ပုံမရသေး။

သူလုပ်ချင်ရာကို လုပ်ပစ်လိုက်သည်။ မှားမှန်းသိရင်လည်း ချက်ချင်း အဖြေရှာကာ ရှင်းလင်း အမှန်ပြင်လိုက်သည်။

ယခုတလောမှ လုပ်ငန်းကို စိတ်ဝင်စားကာ စာကြည့်ပြီး ဝင်ခွင့်ဖြေရန် ကြိုးစားပမ်းစား ပြင်ဆင်နေလေသည်။

ဒါကို သူတို့လင်မယား ဝမ်းသာပြီး လိုလေသေးမရှိ ပြင်ဆင်ပေးထားသည်။

တစ်ဦးတည်းသော သားမို့ ထားစရာနေရာ မရှိအောင် ငုံထားမတတ် ချစ်ခဲ့သည်ကို။

ရှိန်းတေဇာ ကံကောင်းလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၀)

မင်းမြတ်မောင် ချွတ်ကနဲ အသံကြားသဖြင့် အခန်းပြင်သို့ ထွက်ခဲ့သည်။ ဖခင်နှင့် ကြီးတော် နီးမှာကို သူစိုးရိမ်သည်။

အိမ်ရှေ့တံခါးက စေ့ထားသည်ကို ညလင်းမီးရောင်အောက်တွင် တွေ့မြင်လိုက်ရသည်။

သူ့ရင်ထဲ ထိတ်ကနဲ ဖြစ်သွားပြီး ဖခင်အခန်းကို အသာတံခါးဟကြည့်လိုက်သည်။ ဖခင် ကုတင်ပေါ်၌ ရှိမနေသဖြင့် သူ့ရင်ထဲ တိတ်တခိုး သက်ပြင်းလေး ရှိုက်လိုက်သည်။

ဖခင် ဝရံတာ၌ ထွက်ထိုင်ရင်း အတွေးနယ်ချဲ့နေလောက်သည်။





ကြီးကြီးပြောစကားအရ. . . "မင်းအဖေက အချစ်ရဲ့ ကျေးကျွန်ကြီးလေ၊ ဝဋ်ကြီးတယ်၊ သားသာ မရှိခဲ့ရင် မင်းအဖေဟာ သစ်ထုပ်ကြီးဘဝနဲ့ လမ်းဘေးမှာ စောစောစီးစီး သေနေလောက်ပြီ" ဟူသော စကားလောက်သာ သိသည်။

"ကျွန်တော့်အမေကော"

"မင်းကို မွေးပြီးပြီးချင်း ဆုံးသွားတယ်" ဟုသာ ကြီးတော်က ဖြေခဲ့သည်။ အမေ့ဓါတ်ပုံတစ်ပုံပင် မတွေ့ရ၍ မေးမြန်းသောအခါ "ရွာက အိမ်မီးလောင်တဲ့အထဲ ပါသွားပြီ" ဟု သူသိခဲ့ရသည်။

အမေနှင့် ပတ်သက်၍ မင်းမြတ်မောင်၌ မွေးကျေးဇူးအနေနဲ့ ကန်တော့ခဲ့သည်မှအပ ခံစားချက် ကင်းမဲ့ခဲ့သည်မှာ အမှန်ပင်။

သို့သော် ဖခင်၏ဘဝကတော့ မိန်းမကြောင့် အရက်ကျေးကျွန် ဖြစ်သော်လည်း ဘာကြောင့်ရယ်မသိ၊ ကြီးပွားချမ်းသာရမယ်။ ခိုသမား ယာသမား လူရာမဝင်ဘူးဆိုတာ မဖြစ်စေရဟူသော တွေးကြော်ချက်နှင့် စိုက်ပျိုးမွေးမြူရေးနှင့် သူဌေးဖြစ်အောင် လုပ်ဆောင်သည်။ သူ့ကိုလည်း တိမ္မေးကု တက္ကသိုလ်သို့သာ တက်ခိုင်းခဲ့သည်။

ဖခင်သည် အပြောနှင့်အလုပ် ညီစွာပင် စိုက်ပျိုးမွေးမြူရေးနှင့် အောင်မြင်ခဲ့သည်။ ကြီးပွားခဲ့သည်။ သူကျောင်းပြီးသည်နှင့် သူ့အား လုပ်ပိုင်ခွင့်လိုင်စင်တွေ အကုန်လွှဲပြောင်းပေးခဲ့လေသည်။

ဖခင်သည် တကယ်တမ်း စီးပွားရေး အောင်မြင်ခဲ့သည်။ ရွှေတောင်ကြားလိုနေရာတွင် မြေဝယ်ပြီး တိုက်တစ်လုံးပင် ဆောက်ထားပြီး လောလောဆယ် ဒေါ်လာနှင့် ငှားထားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား ချစ်သူရှိလာလို့ရှိရင် မိန်းကလေးရှင်တွေ ဘာမှ မပြောဘဲ ငါ့သားကို ဖူးဖူးမှုတ်ထားအောင် တင်တောင်းမယ့်ထဲ ဒါလည်း အပါအဝင်ပေါ့ကွာ"

ဟု ဖခင်က ရီဝေသော မျက်လုံးများနှင့် သားဖြစ်သူကို ကြည့်ကာ ပြောခဲ့သည်။

မင်းမြတ်မောင် ဧည့်ခန်းတွင် ရပ်ကာ အတန်ကြာ စဉ်းစားပြီးမှ ဖခင်ကို အတွေးတိမ်ထဲ လွှင့်မျောလိုက်ပါနေမှုကို ခွင့်မပြုလိုသဖြင့်. . .

တံခါးကို တွန်းကာ အသာအယာ ထွက်ခဲ့သည်။

ဝရံတာရှိ ဒရင်းဘက်ပေါ်တွင် ထိုင်ရင်း အတွေးနယ်ချဲ့ နေသော ဖခင်ကို ရင်နင့်စွာ တွေ့လိုက်ရသည်။

လရောင်ရိပ်တွင် ဖခင်မျက်ဝန်း၌ အရည်ကြည်တို့၏ လင်းလက်မှုကို တွေ့လိုက်ရသည်။

"ဖေဖေ. ."

ဦးမင်းထင် မကြားချေ။

"ဖေဖေ. ."

မင်းမြတ်မောင် အသံကို ထပ်မြှင့်ကာ ခေါ်လိုက်သည်။ လူလုံးလည်း ဖခင်မျက်စိရှေ့သို့ ထွက်ပြလိုက်မှ. . .

"အင်. ."

အိပ်မောကျနေရာမှ နိုးလာသူတစ်ဦးသဖွယ် ကြောင်ထိ ကြောင်တောင် ဖြစ်သွားသည်။

နောက်မှ သတိဝင်လာသူပမာ၊ သူ့မမြင်အောင် မျက်နှာလွှဲပြီး မျက်ရည်များကို အသာသုတ်သင်လိုက်သည်။





"အပြင်မှာ အေးတယ် ဖေဖေ"

"ရပါတယ်. . . ဖေဖေ အရမ်းပူနေလို့၊ အသက်ရှူလည်း မဝချင်ဘူး"

ဖခင် လေသံက မောဟိုက်သံပါနေသဖြင့် သူစိုးရိမ်သွား သည်။

"ဆေးခန်းသွားရအောင် ဖေဖေ"

"ဖေဖေ့ရဲ့နောက်ဆုံးချိန်ကို ကိုယ့်ဘဝအဖြစ် တည် ဆောက်ခဲ့တဲ့ ဒီနေရာနဲ့ ဒီမြေမှာ ခေါင်းချခွင့် မပေးနိုင်ဘူးလား သား"

မင်းမြတ်မောင် ရင်ထဲ စူးအောင့်သွားသည်။ သို့သော်. . .

"သားသမီးရဲ့ဆန္ဒက ကိုယ့်အဖေ တစ်ရက်ပဲ အသက်ပို နေရနေရ နေစေချင်တယ်"

"သားရဲ့ဆန္ဒကို လိုက်လျောဖို့ ဖေဖေရဲ့နောက်ဆုံးဆန္ဒကို ရင်နာစွာနဲ့ ပစ်ပယ်လိုက်ရရင် သားစိတ်ချမ်းသာနိုင်ပါ့မလား၊ ဒီမှာ နေရလို့ ဖေဖေ ဒီလောက် အသက်ရှည်နေတာပါ သားရာ၊ ဆေးရုံ ဆေးခန်းဆိုတဲ့စကား ဖေဖေကို မတိုက်တွန်းပါနဲ့တော့"

ဖခင် စကားများများ ပြောပြီး မောဟိုက်နေပုံရသော ကြောင့် မင်းမြတ်မောင် အလျှော့ပေးလိုက်သည်။

ဝရံတာ ဘောင်တန်းတွင် တင်ပလွဲ ထိုင်ရင်း. . .

"ဖေဖေ ဆန္ဒမရှိရင် သားမတိုက်တွန်းတော့ပါဘူး"

ဆရာဝန်တွေက အများဆုံး (၆)လ၊ အနည်းဆုံး (၂)လသာ ခံမယ်ဆိုသော ဖခင်သည် (၇)လကျော်လာခဲ့ပြီ။ ဒါကလည်း သူနှင့် ကြီးကြီးက ဆေးကို မျက်ခြေပြတ်မခံဘဲ ကိုယ်တိုင် တိုက်ကျွေးခဲ့ရုံ



www.burmeseclassic.com

www.burmeseclassic.com



မက အစားအစာကိုလည်း ဆေးအဖြစ် ရွေးချယ်ကျွေးခဲ့ခြင်းကြောင့် လည်း ပါသည်။

"သား. ."

"ဗျာ. . . ပြောပါ ဖေဖေ"

"သား ဖေဖေ့သား ဖြစ်ရခြင်းအတွက် ကျေနပ်နိုင်ရဲ့လား"

"ကျေနပ်ရုံတင် မကဘူး၊ အနှိုင်းမဲ့ တန်ဖိုးမဖြတ်နိုင်အောင် ကျေးဇူးတင် ဂုဏ်ယူနေမှာပါ ဖေဖေ"

ဦးမင်းထင် မချိပြုံးလေး ပြုံးလိုက်သည်။

"သားဘဝမှာ အမေ မရှိခြင်းအတွက် ခံစားခဲ့ရတဲ့ ဝေဒနာတွေ ရှိခဲ့ရင် ဖေဖေ့ကို ခွင့်လွှတ်ပေးပါကွယ်"

မင်းမြတ်မောင်ရင်ထဲ ဆို့နင့်သွားသည်။

"ငယ်ငယ်တုန်းကတော့ ကလေးဘဝဆိုတော့ အမေ့ ရင်ခွင်ဆိုတာ ဘယ်လိုလဲဆိုတဲ့အတွေးနဲ့ တမ်းတခဲ့ဖူးပေမယ့် သိတတ်လာတဲ့အချိန်ကစပြီး ကြီးကြီးနဲ့ ဖေဖေ့ကြောင့် သားဘဝမှာ အမေဆိုတာ မရှိလည်း ဘာမှ မဖြစ်ခဲ့တော့ပါဘူး"

"ဒါတော့ ဒါပေါ့ သားရယ်၊ ဒါပေမယ့် ကိုးလလွယ် ဆယ်လဖွား ရင်သွေးကို ဝမ်းနဲ့ လွယ်ခဲ့ရတဲ့ မိခင်တစ်ယောက်ရဲ့ကျေးဇူးနဲ့ မေတ္တာတရားဟာ တုနှိုင်းစရာ မရှိအောင် ကြီးမားလှပါတယ်၊ သား အမေဟာ သားကို အဲဒီလို စောင့်ရှောက်ပေးခဲ့တယ်"

တစ်ခါမှ မပြောခဲ့ပေးဖူးသော မိခင်အကြောင်းကို ပြော လာတော့ မင်းမြတ်မောင် ဖခင်ကို အံ့အားသင့်စွာ ငေးကြည့်ရင်း ရင်ထဲ သိလိုစိတ်တို့ကို ဖွင့်ချခဲ့လေသည်။

"ဟုတ်ကဲ့. . . မေမေက သားကို မွေးဖွားပြီးချင်း ဆုံးသွား





သလား ဖေဖေ"

ဦးမင်းထင် ခေါင်းကို လေးတွဲ့စွာ ခါယမ်းလိုက်သည်။ ပြောထားသင့်ပြီ။ အသက်(၃၀)ထဲသို့ ဝင်ရောက်လာပြီဖြစ်သော သား သည် အမှားအမှန်၊ အကောင်းအဆိုး၊ ဖြစ်သင့်သည်နှင့် ဖြစ်ထိုက် သည်တို့ကို ခွဲခြားနိုင်စွမ်း ရှိနေပြီဟု သူ ယူဆလိုက်သဖြင့်. . .

"တကယ်တော့ သားအမေဟာ မသေခဲ့ပါဘူး"

"ဗျာ. ."

မင်းမြတ်မောင် အံ့အားသင့်လွန်းသဖြင့် ဝရံတာ လက် ရန်းဘောင်ပေါ်မှ ခုန်ဆင်းကာ ဖခင်အနီး တိုးကပ်ပြီး ဖခင် ခြေရင်းနား ထိုင်ချကာ ဖခင်လက်ကို ဆုပ်ကိုင်လိုက်သည်။ ဖခင် လက်တို့သည် အေးစက်၍ နေလေပြီ။

"သား ကိုယ်ဝန်ငါးလမှာ သူ့မိခင်ကျန်းမာရေး အကြောင်း ပြပြီး ဖေဖေ့ဆီက ခေါ်ယူသွားခဲ့တယ်၊ အဲဒီမှာ နိုင်ငံခြားကို ခေါ် သွားခဲ့တယ်၊ ဖေဖေလို သာမည ဗြိုသမားက ဘယ်လိုက်မှီမလဲကွယ်၊ ဒါပေမယ့် မမက အားမလျှော့ဘဲ သူတို့ အိမ်ဖော်တွေကို စည်းရုံး ပြီးတော့ နိုင်ငံခြား သွားပြီး အပြန်မှာ တစ်နေရာမှာ ခိုအောင်းပြီး ကလေးမီးဖွားမယ်ဆိုတာ သိရတော့ နေရာကို မပြောပေမယ့် ဒေါ်သေးဆိုတဲ့ သားအမေရဲ့အိမ်ဖော်က သားနဲ့ ငွေထုပ်ကို ပိုက်ပြီး ဖေဖေတို့ဆီ ရောက်လာတယ်။ သားကို သေပြီလို့ သားအမေကို လိမ်ပြီး စွန့်ပစ်ခိုင်းတာတဲ့လေ"

ဦးမင်းထင် နှလုံးသားထဲက အနာဟောင်း ရောဂါဝေဒနာ၏ ဒဏ်ကျစ်ကိုက်ခဲမှုကိုပါ ခံစားရပြီး အသံက တိုးဖျော့လာသည်။

မင်းမြတ်မောင် ဖခင်လက်ကို ဆုပ်ကိုင်ကာ တုန်လှုပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားမှုကို မန်ည်းဖြေသိမ့်နေရသည်။

"နောက်. . မင်းအမေကို နိုင်ငံခြား ပို့လိုက်တယ်၊ ဖေဖေ့လို မျက်နှာမွဲ၊ ခြံသမားက နိုင်ငံခြားဆိုတာကို ဘယ်လိုလုပ် လိုက်နိုင်မလဲ သား၊ အင်းယားမြို့လို နေရာထဲက အစောင့်အရှောက်တွေနဲ့ ခြံဝန်းထဲကို ဝင်ပြီး ကျွန်တော့်မိန်းမ ရလိုပါတယ်ဆိုပြီး ဝင်ပြောနိုင်မလဲ၊ ခြံထဲတောင် ဝင်ခွင့်မရ၊ ခြံစောင့်တွေရဲ့ ခွေးတစ်ကောင်လို မောင်းထုတ်ခြင်းကို ခံခဲ့ရတယ်"

ဖခင်၏လက်များ တဆတ်ဆတ် တုန်လာသည်။

ဖခင်၏နာကျည်းချက်နှင့် သူ့ဘဝကို ခြံသမားနှင့်ပင် ကြိုးစားအားထုတ် စီးပွားရှာခဲ့သည်မှာ ဒါကြောင့်ကိုး။

"ဒါပေမယ့် သား (၃)နှစ်သားအရွယ်မှာ သတင်းစာထဲမှာ သားအမေ လက်ထပ်သတင်း ပါလာတယ်၊ အရမ်းကို ဂုဏ်သရေ ဒိတ်ဒိတ်ကြဲ အသိုင်းအဝိုင်းနှစ်ခု ပေါင်းစည်းခြင်းပါ၊ အဲဒီအချိန်မှာ ဖေဖေက သားကို ချီပိုးပြီး ခြစ်ကုပ်စုလာတဲ့ ကိုယ်ပိုင်မြေကွက်မှာ စိုက်ပျိုးမွေးမြူရေးကို လုပ်ဆောင်နေချိန်ပေါ့၊ မမက ခြံထွက် ဟင်းသီးဟင်းရွက်၊ နွားနို့ ကြက်ဥတို့ကို ဈေးမှာ ရောင်းနေတဲ့အချိန် မယားခိုးပါတယ်ဆိုပြီး ဖေဖေတို့ လက်ထပ်စာချုပ်နဲ့ တရားသွားစွဲ မယ်ဆို စွဲဦးတော့၊ တစ်ပိုင်တစ်နိုင် ထူထောင်နေတဲ့လုပ်ငန်းသာ ပြုတ်သွားမယ်၊ ဂုဏ်သိက္ခာဟာ အဖတ်ဆယ်မရအောင် ပျက်စီး သွားမယ်၊ ဖေဖေ ချစ်စိတ်က ခွင့်လွှတ်ခြင်းနဲ့ ဥပေက္ခာပြုလိုက်ပါ တယ်၊ သားမေမေရဲ့အနာဂတ် ဆက်လက်လှပသွားပါစေတော့ ဖေဖေ့မှာလည်း တန်ဖိုးမဖြတ်နိုင်တဲ့ သားဆိုတဲ့ ရတနာဟာ "အား" ဖြစ်နေပြီလေ"





ဖခင်က ပြုံးရင်း ပြောပြလေသည်။ မင်းမြတ်မောင်မှာ အိပ်မက်ဆိုးတစ်ခု မက်နေလားဟုပင် ထင်မှတ်နေလေသည်။

"အမေ. ."

ဒီဝေါဟာရသည် သူနှင့် လုံးဝမရင်းနှီးခဲ့ပါချေ။

သို့သော် "သားအမေ"၊ "သားအမေ" ဟု ဖခင်က သုံးလိုက်လေသည့်အခါတိုင်း သူ့နှလုံးခုန်သံက "ဒုတ်ကနဲ. . . ဒုတ်ကနဲ" မြည်ဟီးကာ ဆောင့်တတ်လေတော့သည်။

"သားအမေ ဘယ်မှာလဲ. . . ဘယ်သူလဲဟင်၊ ဖေဖေ ပြောပြပါလို့ သားမမေးဘူးလား"

ငြိမ်သက်နေသော သူ့ကို ဖခင်က ထပ်မေးလိုက်သည်။

မင်းမြတ်မောင် အံကို တင်းတင်းကြိတ်ထားပြီး ခေါင်းခါလိုက်သည်။

လူတင် ပါလို့ နွားကျားကိုက်တာပါ။ အမေသည် မိသားစုကြားက ရုန်းမထွက်နိုင်ဘူးဆိုတာ သူ မယုံကြည်၊ ထို့ကြောင့်. . .

"သားဘဝမှာ အဖေရှိရင် ပြီးပြည့်စုံပြီ၊ အခုလို အချိန်မျိုးမှာမှ သားလာတော်မယ့် အမေမျိုး လုံးဝမလိုချင်တော့ပါဘူး"

ဦးမင်းထင် ဆတ်ကနဲ တုန်ခါသွားသည်။ သားက သူ့အယူအဆနှင့်သူ မိခင်ကို နာကျည်းသွားပါလား။

"မဟုတ်ဘူး. . . သားအထင်မှားနေပြီ၊ သားအမေကို သားမွေးမွေးချင်း သေသွားတယ် ပြောခဲ့တာ၊ မိသားစုတွေရဲ့ မျက်ခြေမပြတ်မှုအောက်က သားအမေ ရုန်းမထွက်သာခဲ့တာပါ"

"ဆင်ခြေတွေပါ ဖေဖေ၊ ဖေဖေတို့ တွေ့ပြီးကြပြီလား"

ဦးမင်းထင် ခေါင်းညိတ်လိုက်သည်။ သူ့အမြင့်ငယ် ပုံရိပ်



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ရှုပ်ထွေးနေသည်။ မျက်ရည်တွေက ထွက်လာပြန်ပြီ ထင်သည်။

"ကဲ. . . ဖေဖေ ထပါ။ ဖေဖေ့လက်တွေ သိပ်အေးနေပြီ အိပ်ဆေးသောက်ထားရက်နဲ့ မအိပ်တာ မကောင်းဘူး"

ပြောပြောဆိုဆိုပင် မင်းမြတ်မောင် ဖခင်ကို တွဲထူလိုက်သည်။

"သားအမေကို အထင်မမှားပါနဲ့၊ မပစ်မှားနဲ့ သား"

"နောက်နေ့ရောက်မှ ဆက်ပြောတာပေ့ါ ဖေဖေ၊ ခု ဖေဖေ အနားယူရမယ်. . . အိပ်ရမယ်"

မင်းမြတ်မောင် ဘဝအတွက် အရေးကြီးဆုံး သူကိုသာ ဂရုတစိုက် ဖေးမပြီး အိပ်ယာထဲသို့ နွေးထွေးသွားစေရန် ခြေဆုပ်လက်နယ် ပြုစုပြီး ဖခင်အိပ်ပျော်ပြီ ထင်မှ. . .


"သားလက်ရှိဘဝအနေအထားကိုပဲ မြတ်နိုးတန်ဖိုးထားသွားပါရစေ၊ ဖေဖေသာ သားဘဝရဲ့ အရေးကြီးဆုံးသူပါ"

မင်းမြတ်မောင် ဖခင်ကို စောင်အသာခြုံပေးပြီး ညလင်းမီးလေးသာ ထားခဲ့ပြီး အခန်းထဲမှ အသာထွက်ခဲ့လေသည်။

ထိုအချိန်တွင် ဦးမင်းထင်သည် ဝေဝါးနေသော သား၏ နောက်ကျောပြင်ကို မျက်စိတစ်ဆုံး ကြည့်ကျန်ရစ်ရာမှ. . .။







# အခန်း(၂၂)

မဟာစီးပွားရေးလုပ်ငန်းပိုင်ရှင် ဦးမင်းမြတ်မောင်၏ဖခင် ဦးမင်းထင်(အသက်(၅၃)နှစ်)၏နာရေးကြော်ငြာ။ ဆက်နွယ်ရာ စီးပွားရေးလုပ်ငန်းရှင်၊ စူပါမားကတ်၊ မီနီမားကတ်များမှ ဝမ်းနည်းကြောင်း ကြော်ငြာများကလည်း အချပ်ပိုတွင် ပြည့်လုနီးပါးပင်။

ရွှေဆိုင်၏အတွင်းခန်းမှာ ထိုင်ရင်း သတင်းစာကို လှန်မိလိုက်သည်နှင့် ဒေါ်ခတ္တာလှိုင် မိုက်ကနဲ မူးဝေကာ သတင်းစာကို လွှတ်ချမိလိုက်လေသည်။ သေသူ၏ဆန္ဒအရ နေ့ချင်း သဂြိုဟ်ပြီးခဲ့ သွားပြီတဲ့လား ကိုမင်းထင်ရယ်။

ဒေါ်ခတ္တာလှိုင် အရုပ်ကြိုးပြတ် ဖြစ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တဒင်္ဂအတွင်းမှာတော့ ကျောက်ဆစ်ရုပ်နှယ် ဆွံ့အ,နားမကြားသူ ကဲ့သို့ ဖြစ်သွားလေတော့သည်။

ထိုအချိန်၌. . .

ရှိန်းတေဇာက နေရတနာစံဆေးခန်းသို့ ရောက်ချလာပြီး

"အမိ သတင်းစာ ဖတ်ပြီးပြီလား"

"ဟင့်အင်း"

"ဒါဖြင့် လာ. . လိုက်ခဲ့"

"ပိုင်စိုးပိုင်နင်း ကျွန်မက ဘာလို့ လိုက်ရမှာလဲ"

နေရတနာစံက ဆေးခန်းတွင် လက်ခံထားပေးသော ခွဲစိတ်ထားရသည့် တိရစ္ဆာန်လေးများ၏အခြေအနေကို လာကြည့်ချိန် ဖြစ်သည်။

"အမိရဲ့စီနီယာ ကိုမြတ်အဖေ ဦးမင်းထင် ဆုံးသွားပြီတဲ့"

နေရတနာစံ မျက်လုံးပြူးသွားသည်။ သူ မသိရပါလား။

"ဟင်. . . ဘယ်နေ့က"

"မနေ့က နံနက်ငါးနာရီမှာ ဆုံးတာ၊ နေ့ချင်း သင်္ဂြိုဟ်ပြီး သွားပြီတဲ့"

"အို. ."

နေရတနာ ရင်ထဲ စိတ်မကောင်း ဖြစ်သွားရလေသည်။

"ဒီနေ့မှ သတင်းစာထဲ ပါလာတာ၊ ဒါကြောင့် ကျုပ် သိသိချင်း ပြေးလာတာ၊ ကဲ. . . လာ၊ ကျုပ်ကားနဲ့ပဲ သွားရအောင်"

"အင်း. . အင်း"

နေရတနာစံ ထူပူသွားပြီး ဆေးခန်း၌ အကူဆရာဝန်များကိုပင် မှာထားဖို့ မေ့လျော့ပြီး ရှိန်းတေဇာ ခေါ်ဆောင်ရာသို့





လိုက်ပါသွားလေတော့သည်။

ရှိန်းတေဇာ ကားဒက်ရှ်ဘုတ်ပေါ် တင်ထားသော သတင်းစာကို ယူကာ နေရတနာစံ ပေါင်ပေါ်သို့ ပစ်ချပေးလိုက်သည်။

"အဲဒီမှာ နာရေးတွေ ဖတ်ကြည့်"

နေရတနာစံ သတင်းစာ လှန်ကြည့်နေစဉ် ရှိန်းတေဇာက ပွစိပွစိ လုပ်လေသည်။

"ကိုယ့်စီနီယာဖြစ်ပြီး ဒီလောက်လေးတောင် မသိဘူးလား။ ဟိုကကော အသိမပေးဘူးလား၊ အမိတို့ ရင်းနှီးမှု အတိုင်းအတာက ဒီလောက်ပဲလား"

"ဩော်. . . သူက ဒုက္ခမပေးချင်လို့ အကြောင်းမကြားတာ နေမှာပေါ့၊ အဲဒါ ဘာဖြစ်သလဲ"

"ဘာမှမဖြစ်ဘူး. . . ကောင်းပါတယ်၊ အမိတို့ ရင်းနှီးမှု အတိုင်းအတာက ဒီလောက်ပဲဆိုတော့ ကျုပ်အတွက် ကောင်းတာပေါ့"

"ဘာဆိုင်လို့လဲ"

"ဆိုင်တယ် မဆိုင်တယ် မသိဘူး၊ ကျုပ်သိနေတာတော့ အမိကို ဘယ်သူ့လက်ထဲမှ အပ်မခံနိုင်ဘူး၊ အမိ ယောကျ်ားယူဖို့ စိတ်မကူးနဲ့ဦး၊ ကျုပ်ကို စောင့်နေပေးဦး"

နေရတနာစံ သတင်းစာနှင့် ရှိန်းတေဇာ ပခုံးကို ရိုက်လိုက်မိလေသည်။

"ရှင်နဲ့ကျွန်မ ဘာမှ မဆိုင်တော့ဘူး. . . ပွဲသိမ်းပြီပဲ၊ တိရစ္ဆာန်တွေကို မချစ်တတ်တဲ့ ရှင်နဲ့ ကျွန်မ လုံးဝမဖြစ်နိုင်ဘူး"

"တိရစ္ဆာန်တွေကို မချစ်တတ်ပေမယ့် လူတွေကို ချစ်တတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်လေဗျာ၊ ခင်ဗျားက တိရစ္ဆာန်တွေကို ချစ်ပြီး ကုသ ကယ်တင်ပေး၊ ကျုပ်က လူတွေကို ချစ်ပြီး ကုသကယ်တင်ပေးနဲ့ ဘယ်လောက် ပြည့်စုံလိုက်သလဲ၊ သတ္တလောကကို အကျိုးပြုနိုင်တယ်လေဗျာ"

ရှိန်းတေဇာကို စွေကြည့်ကာ နေရတနာစံ စိတ်ဆိုးရ အခက် ဖြစ်သွားသည်။ ရင်ထဲ ရယ်ချင်သလိုလို ဖြစ်နေရာမှ မင်းမြတ်မောင်ကို သတိရသွားပြီး . . .

"ရှင်နော်. . . နာရေးကိစ္စ သွားမေးမှာ၊ အရှုတ်အနောက်တွေ သွားလုပ်မနေနဲ့ဦး"

"ဟုတ်ကဲ့ပါ ဆရာမ၊ ခုလို သတိပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်"

"ဟွန်း. ."

နေရတနာစံ မျက်စောင်းထိုးလိုက်မိလေတော့သည်။

ရှိန်းတေဇာ ရင်ထဲ နေရတနာစံနှင့် တွေ့ဆုံရလေတိုင်း လန်းဆန်းပျော်ရွှင်ကြည်နူးမှုကို အချစ်ဟု သတ်မှတ်ချင်လာလေပြီ။ သို့သော် မကြာမီ သူက ပညာတော်သင် သွားဦးမည်။ ဘာအနှောင်အဖွဲ့မှ မထားတာ အကောင်းဆုံးပဲဟူသော ဖွခင်စကားကို လက်ခံပါသည်။ သူကိုယ်တိုင်လည်း လွတ်လွတ်လပ်လပ် ပေါ့ပါးစွာပင် နေလိုသူဖြစ်သည်။

သို့နှင့် စကားတွေ သူတစ်ပြန် ကိုယ်တစ်ပြန် အနိုင်လုရင်း "မဟာ" ခြံသို့ ရောက်ရှိသွားလေသည်။

ကားလေးငါးစီး တွေ့ရသည်။ ကန္နားဖျဉ်းက အိမ်ရှေ့တွင် ခပ်ကျယ်ကျယ်ပင် ထိုးထား နေရာယူထားပြီး စားပွဲဝိုင်းများ၌ လူများ ပြည့်နေသည်။





ထိုအခါမှ နေရတနာစံက. . .

"ဒုက္ခပါပဲ. . . ကျွန်မ ကမန်းကတန်းနဲ့ လက်ချည်းပဲ ထွက်လာခဲ့တယ်"

"မပူနဲ့. . . ကျုပ် ပစ္စည်းခြင်းနဲ့ သက်န်းငါးစုံ ဝယ်လာတယ်"

"အဲဒါ ရှင်ဝယ်လာတာပဲ"

"အတူတူပေါ့"

"ရှင်ဟာလေ"

ရှိန်းတေဇာ၏ မထိခလုတ် ထိခလုတ် ပြောမှုကို နေရတနာစံ ဥပေက္ခာပြုကာ ကားရပ်သည်နှင့် ဆင်းလိုက်သည်။

"သက်န်းဝိုင်းသယ်ပေးဦး. . . ဒါမှ ရေစက်ဆုံမှာ"

ရှိန်းတေဇာ လှမ်းပြောလိုက်သည့်အတွက် နေရတနာစံလည်း နောက်ခန်းတံခါး ဖွင့်ကာ သက်န်းပုံးများ ထည့်ထားသော အိတ်ကို လှမ်းယူလိုက်ရလေသည်။

ခြင်းတောင်းကြီးကိုတော့ မနိုင်ချေ။

ကြီးကြီးဒေါ်မင်းနုက စားပွဲဝိုင်းတစ်ခုမှ နေ၍ သူတို့ကို ထကြိုလေသည်။

"မြန်းစားကြီးနော် ကြီးကြီး၊ ကျွန်တော်ဖြင့် ယုံတောင်မယုံဘူး"

"ဟုတ်ပါတယ်. . . မနေ့ညက သူ့သားနဲ့ စကားတွေအများကြီး ပြောပြီး အိပ်သွားလိုက်တာ၊ မိုးလင်း ထမလာတော့ သွားနှိုးတော့မှ တစ်ခါတည်း မထသော အိပ်ခြင်းနဲ့ အိပ်သွားမှန်းသိတော့တာပဲ၊ ဝေဒနာကို ကြိတ်ပြီးခံစားသွားရှာလေတယ်တွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မင်းနုက မျက်ရည်စမ်းစမ်းနှင့် နေရာပေးရင်း ပြောလိုက်သည်။

နေရတနာခစံမှာ ကျောင်းနေဘက် သူငယ်ချင်းများ၊ စီနီယာများနှင့် တွေ့ဆုံကာ သွားရောက်ထိုင်သလို. . .

ရှိန်းတေဇာကလည်း လူနာရှင် အသိအကျွမ်းများနှင့် ဝိုင်းဖြစ်သွားလေတော့သည်။

မင်းမြတ်မောင်ကို အားပေးနှုတ်ဆက် နှစ်သိမ့်ရင်း သူတို့ အချိန်အတော်ကြာကြာ နေပေးခဲ့လေသည်။

အမျိုးနှင့် ဝန်ထမ်း လုပ်သားများနှင့်မို့ ခြံတွင်း သစ်ပင်ရိပ်အောက်မကျန် အစုလိုက်အစုလိုက် ရှိနေသည်။ ချက်ပြုတ်ကျွေးသော အိုးကြီးများကိုလည်း မီးခိုးမတိတ်တမ်း တွေ့ရလေသည်။

မင်းမြတ်မောင်က အနေကုပ်ပေမယ့် ရွှေထုပ်တဲ့ မြပုဇါဆိုသလို တကယ့်ကို ထမင်းရည်ချောင်းစီး လှူနိုင်သူပါလား။

“ခုနစ်ရက်စလုံး အာရုံဆွမ်းကပ်ပြီးမှ လာသမျှလူကို နေ့နေ့ည ထမင်းကျွေးတယ်၊ ပြီးမှ ပြန်ပါ ကလေးတို့ရယ်”

“နေနေတို့က ဝိုင်းလုပ်ပေးချင်တာ”

“ရပါတယ်. . . သူ့ဝန်ထမ်းတွေနဲ့သူ ထောင့်စေ့နေပြီးသားပဲ”

မင်းမြတ်မောင်ကော ကြီးကြီးကော တားသဖြင့် သူတို့မှာ ထမင်းစားပြီးမှ ပြန်ခဲ့ကြရလေသည်။

“နေ့တိုင်း မလာနိုင်ရင်တော့ ရက်လည်နေ့ လာခဲ့ကြပါဦးနော်”

“နေ့တိုင်း လာနိုင်အောင် ကြိုးစားပေးမှာပါ”





ရှိန်းတေဇာက အာမခံလိုက်သည်။

နေရတနာခစံကတော့ အာမ မခံရဲ။ လတ်လတ်တို့နှင့်တော့ ချိန်းပြီး တစ်ခေါက်ထပ်လာဦးမည်ဟု စိတ်ထဲ တေးလိုက်လေသည်။

မင်းမြတ်မောင်သည် ဘယ်သူ့ကိုမှ ဟက်ဟက်ပက်ပက် မပြောနိုင်။ မေးခေါ် ထူးခေါ် နှုတ်ဆက်ရုံပဲ လုပ်နိုင်သည်။

သူ့ရင်ထဲ သိပ်ကို ခံစားနေရသည်မှာ မွန်းကျပ်လွန်းလှသည်။

သူ့ဖခင် ကျေနပ်သွားအောင် သူ မလုပ်ပေးခဲ့ရ။

ဖခင်မှာချင်သော စကားကို ဆုံးအောင် နားမထောင်ပေးခဲ့ဘဲ၊ ဖခင်ကို ဇွတ်အိပ်ခိုင်းခဲ့သည်။ ဖခင် အသေမှ ဖြောင့်ပါရဲ့လား။ ရုပ်ကတော့ အိပ်ပျော်နေသည့်အလား ရုပ်မပျက်ခဲ့၊

မင်းမြတ်မောင် ရင်ထဲ မွန်းကြပ်နေမှုက ဖြေ၍ပြေပါတော့မလား။

မင်းမြတ်မောင်သည် ရှိန်းတေဇာနှင့် နေရတနာခစံ ထွက်သွားသော နောက်ကျောပြင်ကို စိုက်ကြည့်နေရာမှ မျက်နှာလွှဲလိုက်လေသည်။

ဒေါ်မင်းနုမှာ လူငယ်(၃)ဦး၏အနေအထားကို အကဲခတ်ရင်းက သက်ပြင်းချလိုက်မိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၂)

"ကလင် . . ကလင်. . ကလင်"

မင်းမြတ်မောင် လိုင်းဖုန်းမှ မြည်လာသောအသံကြောင့် အနီးဆုံးမှာ ရှိနေသော သူပင် လှမ်းကိုင်လိုက်လေသည်။

"ဟယ်လို"

"ဒေါ်မင်းနုနဲ့ တွေ့ချင်ပါတယ်"

အမျိုးသမီးတစ်ဦး၏အသံပင်။

"ခဏကိုင်ထားပါနော်"

မင်းမြတ်မောင် ကြိုးမဲ့လက်ကိုင်ဖုန်းကို ယူသွားပြီး ဒေါ်မင်းနုကို ရှာလိုက်လေသည်။





ဒေါ်မင်းနုက စာကြည့်ခန်းတွင်း စာရင်းတွက်နေသည်။ နောက်နေ့အတွက် စရိတ်ထုတ်ပေးနိုင်ရန် ဖြစ်မည်ထင်သည်။

"ကြီးကြီး . . ဖုန်းလာတယ်"

မင်းမြတ်မောင်က လက်ကိုင်ဖုန်းကို တရိုတသေ လက်ကမ်းပေးလိုက်သည်။

"ဘယ်သူများပါလိမ့်"

ဟု ကြီးကြီးက ရေရွတ်လိုက်ပြီး ဖုန်းလက်ခံယူကာ. . .

"ဟယ်လို. ."

"ခတ္တာပါ မမ"

ဒေါ်မင်းနု ရင်ထဲ ဆို့နင့်သွားပြီး ရုတ်တရက် အသံပင် ထွက်နိုင်အောင် ဖြစ်မိလေသည်။

ခတ္တာကို တွေ့ခွင့်ရသွားပြီး ကျေနပ်သွားဟန်တူသည်။ မောင်လေး စိတ်လျှော့လိုက်ပုံရသည်။ သေမင်းနောက် ကျေကျေနပ်နပ်ကြီး လိုက်ပါသွားလေသည်။

ခတ္တာကတော့ သင်္ဂြိုဟ်ခွင့်မရ၊ ရဲရဲတင်းတင်းလည်း မလာရဲ၊ အဘယ်မျှ ခံစားရရှာလေမည်နည်းဟု ဒေါ်မင်းနု တွေးကာ ရင်ထဲ ဆို့နင့်ပြီး စကားရုတ်တရက် မပြောနိုင်ရှာ။

တဖက်မှ ဒေါ်ခတ္တာလှိုင်လည်း ထို့အတူပင်။ ရင်ပွင့်ထွက်တော့ ခံစားနေရသော ဝေဒနာကြောင့် ဒေါ်မင်းနုအသံ ကြားလိုက်ရသည်နှင့် သောကလုံးက ဆို့တက်ကာ ပြောစရာ စကားတို့ ပျောက်ကွယ်ကုန်လေသည်။

မင်းမြတ်မောင်က အခန်းထဲမှ ပြန်ထွက်လာရင်း ထူးခြားသော ကြီးကြီး၏တိတ်ဆိတ်သွားမှုကြောင့် နောက်လှည့်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မျက်ရည်များ သွန်ချရင်း ကြီးကြီးမှာ ဆို့နစ်နေရှာပါလား သူ အသာထွက်ခဲ့သည်။

"ခတ္တာ မငိုပါနဲ့၊ မမ နားလည်ပါတယ်"

ဒေါ်ခတ္တာလှိုင်ဇ် အားတင်းကာ. . .

"ဂူသွင်းထားသလား"

"ဟင့်အင်း. . . မောင်လေး ဆန္ဒအရ တစ်ခါတည်း မီးသင်္ဂြိုဟ်လိုက်တယ်"

"ခတ္တာ လာချင်တယ်. . . ဒါပေမယ့်"

"မလာပါနဲ့ ခတ္တာ၊ မမ နားလည်ပေးနိုင်တယ်၊ မောင်လေး အနစ်နာခံရကျိုးနပ်အောင် နေလာခဲ့ပေးတဲ့ကိစ္စ အကျိုးရှိသွားအောင်ပဲ မောင်ပိုနေမြဲ ကျားနေမြဲပဲ ကောင်းပါတယ် ညီမရယ်"

ဒေါ်မင်းနုက မင်းမြတ်မောင် အခန်းတွင်းမှ ထွက်သွားတော့မှ လွတ်လွတ်လပ်လပ် အေးအေးလူလူနှင့် ဒေါ်ခတ္တာလှိုင်ကို ပြန်လည်နှစ်သိမ့်ပေးလိုက်သည်။

"ခတ္တာ ကိုမင်းထင်အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုတွေ ဆက်တိုက်လုပ်၊ အမျှဝေပေးနေပါ့မယ် မမ၊ ဒါထက် သားလေးကော ခတ္တာတို့ကိစ္စ သိသွားပြီလား"

ဒေါ်မင်းနု ဘေးဘီကြည့်လိုက်ပြန်သည်။ အခန်းထဲမှာတော့ သူတစ်ယောက်တည်းမို့ . . .

"မောင်လေးမဆုံးခင် ညနေက သားကိုတော့ အသိပေးလိုက်ချင်တယ် မမ၊ သူ လက်ခံတာ မခံတာကတော့ သူ့အပိုင်းပါ၊ ကျွန်တော် မပြောဖြစ်ခဲ့ရင်လည်း မမပဲ ပြောလိုက်ပါ၊ အဖေကို လက်မခံနိုင်တဲ့သားမျိုး မဖြစ်အောင် မမပဲ ဆုံးမပေးလိုက်ပါလို့





ပြောသွားခဲ့တယ် ခတ္တာ၊ သားကို သူပြောဖြစ်လိုက်သလား မပြောဖြစ်လိုက်ဘူးလားဆိုတာ သားကို မမ မေးချိန်မရသေးဘူး"

ဒေါ်မင်းနုသည် သူ့မောင်၏နောက်ဆုံးမှာတမ်းပါလား၊ ဒါတို့ သူ ယခုမှ သတိပြုမိလေခြင်းဟု စိတ်မကောင်းကြီးစွာ ဖြစ်နေသော်လည်း တရားနှင့် ဖြေရင်း တစ်ဖက်မှ လူသိရှင်ကြား မငိုရဲ သတင်းမမေးရဲရှာသော ခတ္တာလှိုင်အတွက် စာနာကာ အသနားပြီး နှစ်သိမ့်လိုက်သည်။

"ခတ္တာသားကလေးကတော့ လာမေးသွားပြီးပြီ၊ နေ့တိုင်း နေ့တိုင်း အချိန်ရရင် ရသလို လာမယ်လည်း ပြောသွားတယ်"

"ခတ္တာကို နားလည်ပြီး ခွင့်လွှတ်သွားခဲ့တယ်မှတ်လားဟင် မမ"

"နဂိုကတည်းက နားလည်ပေးဆပ်ခြင်းတွေနဲ့ ဒီအတိုင်း နေခဲ့တာပဲ ခတ္တာရယ်၊ ပြောစရာ မလိုပါဘူး၊ တရားနဲ့သာ ဖြေပါ၊ သားကိစ္စကတော့ သူ့ဘာသာသူ ဆုံးဖြတ်ပါလိမ့်မယ်၊ မမ အေးအေးဆေးဆေး ဖြစ်သွားမှပဲ ပြောပြလိုက်တော့မယ်"

"ကျေးဇူးတင်ပါတယ် မမ၊ ကိုမင်းထင်အတွက် ကုသိုလ်ဝင်ခွင့်ပြုပါ၊ မနက်ဖြန် ကျွန်မ ပို့ပေးလိုက်တဲ့ပစ္စည်းတွေကို လက်ခံလှူဒါန်းပေးပါနော်၊ မမနာမည်နဲ့ပဲ ပို့လိုက်မယ်"

"အေးပါ ညီမရယ်၊ နေကောင်းအောင်နေ၊ အတိတ်က အကြောင်းချုပ်ကြောင့် အနာဂတ်ကို အနှောင့်အယှက် အဖြစ်မခံပါနဲ့ကွယ်၊ တရားနဲ့ ဖြေပြီး နေတတ်အောင်သာ နေသွားပါ. . . ဟုတ်ပြီလား"

"အေးအေးဆေးဆေး ဖြစ်သွားမှ မမဆီ ညီမ လာခဲ့ပါဦးမယ်၊ ဒါပဲနော် မမ၊ ကျန်းမာရေး ဂရုစိုက်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး . . . ညီမကော တရားနဲ့ ဖြေနိုင်အောင် ကြိုးစားပါ"

ဒေါ်မင်းနု ဖုန်းခလုတ်ကို ပိတ်လိုက်သည်။

ထိုအချိန်တွင် အခန်းအပြင်ဘက်တွင် ရှိနေသော မင်း မြတ်မောင်က အသာလစ်၍ မီးဖိုဘက်သို့ ထွက်သွားလေသည်။

"ခွတ္တာ" . . . ။ ဒီနာမည် ကြားဖူးသလိုလိုပဲ။

"ညီမသားကလေးလည်း လာမေးသွားတယ်ဆိုတော့ ဘယ်သူများ ဖြစ်မလဲ၊ ဧည့်သည်တွေက အများကြီး"

မင်းမြတ်မောင် အောက်နှုတ်ခမ်းကို ကိုက်ထားမိတော့သည်။

မသိချင်ပါဘူး။

သိစရာလည်း မလိုဘူး။

မင်းခေါင်းထဲက "အမေ" ဆိုတာ ဖျောက်ပစ်လိုက်စမ်း ဟု မကျေနပ်စိတ်နှင့် သူ့ကိုယ်သူ သတိပေးပြီး မီးဖိုဆောင် ဘက်မှနေ၍ အိမ်နောက်ဖေး၌ ချက်ပြုတ်နေသူ အလုပ်သမားများ ရှိရာသို့ ထွက်သွားလိုက်သည်။

သူတို့ စားဖို့သောက်ဖို့အတွက်လည်း မလစ်ဟင်းစေရ။ ဧည့်သည်တွေနဲ့ တန်းတူညီမျှ စားသုံးစေရမည်။ ဒါ သူ့ဖခင် ကြီးတော်၏လက်သုံးစကားနှင့်ဝါဒ ဖြစ်သည်။

"ဘာလိုသေးသလဲ"

"ဘာမှမလိုပါဘူး ဆရာ၊ ပိုလျှံတောင် နေပါတယ်"

စားသောက်ရေးတာဝန်ခံတွေပြီး အိမ်ရှေ့ဧည့်ခံရေးမှ ဗိုလ် များဆီသို့ သူ ကူးပြောင်းခဲ့သည်။





သူ့ရင်ထဲမှ ဖခင်ကို တစ်စက္ကန့်လေးတောင် မေ့မရ။ စဉ် အရက်သောက်ပြီး အရက်ပုလင်းများကြား အိပ်ပျော်သွား တတ်သော အဖေ။ မိုးလင်းလာပြန်နတော့လည်း အားကြီးမာန်တက် င့် အလုပ်နှင့်လက် မပြတ်တမ်း လုပ်ဆောင်ခြင်းဖြင့် သုညဘဝမှ ဆောင်လာခဲ့သော ဖခင်။ လွန်ခဲ့သောနှစ်ပိုင်းက အသည်းကင်ဆာ န်း သိတော့ အရက်ဖြတ်ခိုင်းသည်။ လျှော့ရင်း ပြတ်သွားခဲ့သည်။ ော်ပွဲ၌ အသည်းအစားထိုး ကုသမှု ခံရန် တိုက်တွန်းလည်း မရခဲ့။

ခေါင်းမာလွန်းသော ဖခင်ကို လက်လျှော့လိုက်ရာမှ လက် လွှတ်လိုက်ရလေပြီ။

သူ ယူကြုံးမရ၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ ကုသနိုင်ဖို့ မလုပ်ပေး နိုင်ခြင်းကို ဖြေ၍မရချေ။

သို့သော် သူ လဲပြို၍မဖြစ်။

ဖခင် ပျိုးထောင် တည်ဆောက်ပေးခဲ့သော စီးပွားရေး လုပ်ငန်းပင်စည်ကြီး အခွန့်ရှည် တည်တန့်နေရုံမက တိုးပွားနေ စေအောင် သူ ဆက်လက် ထိန်းသိမ်း ကြိုးဆောင်သွားရမည်ပင် ဖြစ် သည်။

"သားကိုမြတ် . . . မအိပ်သေးဘူးလား၊ အိပ်လိုက်ပါဦး"

"ကြီးကြီး အိပ်ပါ၊ ကျွန်တော်လည်း တအောင့်နေ အိပ် မှာပါ၊ မျက်လုံးနည်းနည်းကြောင်နေသေးလို့ပါ"

ကြီးကြီးက သူ့အရိပ်အကဲကို ကြည့်ပြီး . . .

"ညှိပ်ညဉ့်နက်အောင် မနေနဲ့နော်၊ တစ်ရက်ကိစ္စ မဟုတ် ဘူး"

"ဟုတ်ကဲ့ပါ ကြီးကြီး"



www.burmeseclassic.com

www.burmeseclassic.com



မင်းမြတ်မောင် ကြီးတော် စိတ်ချမ်းသာစေရန် ထလိုက် လိုက်သည်။ နောက် စိတ်ငြိမ်ဆေးတစ်လုံး သောက်ပြီး အိပ်ယာဝင် လိုက်လေသည်။

ထိုအခါမှ သူ့မျက်ဝန်းတွင် သိုမှီးထားသော မျက်ရည်များ က လျှံတက်လာခဲ့လေသည်။







# အခန်း(၂၃)

"နေနေ"

"ရှင် မေမေ"

"သမီးစီနီယာရဲ့အဖေ ဆုံးတာ နာရေးတွေက ပါလှချည် လား၊ အချပ်ပိုမှာ အများကြီးပဲ"

ဒေါ်ခိုင်ဇာဝင်း သမီးငယ်အတွက် အခါမလင့်စေဖို့ သမက်လောင်း ရှာဖွေနေသည်မှာ နှစ်နှင့်ချီလာပြီ။ စိတ်တိုင်းကျ ဆန်ခါတင် ရွေးထားသော ဒေါက်တာရှိန်းတေဇာကို လက်မလွှတ်ဖို့ အရေး ဒေါ်ခတ္တာလှိုင်၏ရွှေဆိုင်ကို ရွှေဝယ်လိုသူတိုင်းကို လိုက် သိုက်ပို့ပေးရသည့် ရွှေကြိုပြင် ဖြစ်လိုနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခုခေတ် ကလေးတွေက မိဘက ဒါဆိုဒါတိုင်း ရသည် မဟုတ်။ အကြောင်းပြချက်လေးတွေနှင့် ပွဲဖြစ်မလာသောအခါ ဒေါ်ခိုင်ဇာဝင်း ရင်မောရပြီ။

သမီး ထောက်ကြံ့ မွေးမြူရေးခြံက စီနီယာထံ သွားတူ သည်ဆိုပြီး ပြန်လာလျှင် ပါလာသော လက်ဆောင်ခြင်းကို ရစဉ်က လည်း ဒီလောက် အထင်မကြီးခဲ့။

ယခုလို နာရေးတွေ ပါလာတော့မှ မင်းမြတ်မောင်ဟာ မဟာလုပ်ငန်းစု၏တစ်ဦးတည်းသော အမွေခံပိုင်ရှင်ပါလားဟု သဘောပေါက်ကာ ရှိန်းတေဇာဆီသို့ ချိန်ထားသော မြားဦးက မင်းမြတ်မောင်ဆီသို့ ပြောင်းလဲကာ လှည့်လိုက်လေသည်။

သူတို့မိသားစုက ကျိုကျိုတက် ချမ်းသာသူများ မဟုတ်ကြ။ စိတ်ချရသော ကုမ္ပဏီတစ်ခုတွင် ရှယ်ယာဝင်ရသည့် အမြတ်နှင့် စားသောက်၊ သူက ဆိုင်ဖွင့်၊ သားကြီးသမီးကြီးတွေက သူ့ အိမ်ထောင်နှင့်သူ၊ သမီးငယ် နေရတနာစံကလည်း သူငယ်ချင်း (၃-၄)ဦးနှင့် ရှယ်ယာ ဆေးခန်းဖွင့်ထားသည်။ မြေကတော့ သမီး ငယ်အပိုင်ဖြစ်သည်။

ဘာပဲပြောပြော သူတို့ထက် အပြန်တစ်ထောင်မက ချမ်း သာသော တစ်ဦးတည်းသောသား ရှိန်းတေဇာကို သားမက်တော် ချင်သည်။

ဒါကြောင့် ဒေါ်ခတ္တာလှိုင်ကို အမိအရ ကပ်ထားခဲ့သည်။ ခုတော့. . .

နေရတနာစံက သတင်းစာကို လှမ်းယူကြည့်လိုက်ရင်း. .

"ဟုတ်တယ် မေမေ၊ ဩော်. . . မနက်ဖြန် ရက်လည်ပဲ၊ ဒီနေ့ ဘုန်းကြီးပွဲအတွက်ဆိုပြီး ဝယ်ခြမ်းပြီး သူငယ်ချင်းတွေနဲ့ သွား ဦးမှပဲ"

နေရတနာစံ အလုပ်များသဖြင့် မင်းမြတ်မောင်တို့ ခြံကို တစ်ရက်ပဲ သတင်းမေးရောက်ပြီး နောက် မရောက်တော့၊ ရှိန်း တေဇာ လာမခေါ်တာလည်း ပါသည်။

ဒီလူ သူတစ်ယောက်တည်း ကြိတ်သွားနေသလား မသိ ဘူး။

နေရတနာစံ စိတ်ထဲ ရှိန်းတေဇာကို ကြိတ်၍ အပြစ်တင် လိုက်သည်။

"မေမေပါ လိုက်လို့ မရဘူးလား"

ဒေါ်ခိုင်ဇာဝင်း ဆန္ဒစောသွားလေသည်။

"ဟင်. . . မေမေကလည်း၊ မေမေနဲ့မှ မသိတာ၊ တစ်ခါမှ လည်း မိတ်မဆက်ပေးရသေးဘူးလေ"

နေရတနာစံက မိခင်ကို အံ့အားသင့်စွာဖြင့် ကြည့်ပြီး သန့်တားလိုက်သည်။ မိခင်၏သဘောကိုလည်း ရုတ်ချည်း နား လည်လိုက်သည်။

သမက်လောင်း ရွေးပွဲအတွက် ရှိန်းတေဇာအား စွပ်ရန် ချည်ရွယ်ထားပြီး တိုးလိုးတန်းလန်း ဖြစ်နေသော အနေအထားမှ မင်းမြတ်အောင်၏ဂုဏ်ဒြပ်စီးပွားကို သိသွားပြီး လမ်းကြောင်း ပြောင်းသွားပြီဟု. . .။

မှည်သို့ဆိုစေကာမူ ဆယ်ကျော်သက်ဘဝကတည်းက တိတ်တခိုး မျှော်လင့်ခဲ့ဖူးသောသူနှင့်ဆိုတော့ နေရတနာစံ ရင်ထဲ တိတ်လှိုင်းလေး ရိုက်ခတ်သွားလေတော့သည်။





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . . ဒါလည်း ဟုတ်တာပဲ၊ ဒါပေမယ့် မေမေ့ရဲ့ အမြန်ဆုံး တွေ့ခွင့်ရအောင်တော့ သမီးဖန်တီးပေးရမယ် နေနေ"

နေရတနာစံ ပြုံးပျော်ရွှင်စွာဖြင့်. . .

"စိတ်ချပါ မေမေ"

ကိုယ်စိတ်ဝင်စားနေသူကို မိခင်ကပါ စိတ်ဝင်စားနေပြီ ဆိုတော့ သတ္တာဘာဂ နတ်မင်းက သူ့အား လစ်လျူရှုမထားတော့ဘူးဟု ထင်ပါသည်။

နေရတနာစံ သူငယ်ချင်းများကို လက်လှမ်းမီသလောက် ဖုန်းဆက်ပြီး City mart သို့ သွားကာ မဟာခြံ၌ မရှိလောက်သော အသီးအနှံနှင့် အချိုရည် ပုလင်းတို့ကို ဝယ်ယူ၊ သက်နံ၊ ထီး စိနပ်၊ ယပ်တို့ကို စုပေါင်းဝယ်ယူကြပြီးနောက် သူ့ဗင်ကားလေးနှင့် ပင် မဟာခြံဘက်သို့ ဦးတည်လာခဲ့လေသည်။

ခြံဝန်းကတော့ တကယ့်ကို လူအများနှင့် စည်စည် ကားကားပင်။ ကားရပ်ထားသောနေရာတွင် ရှိန်းတေဇာ၏ပရာဒို ကို တွေ့လိုက်ရသည်။

မောင်တူးက လာကြိုသည်။

"လာပါ ဆရာမ"

ပစ္စည်းများ ဝိုင်းကူသယ်ပေးရင်း မောင်တူးနှင့်အတူ နေ ရတနာစံ၊ လတ်လတ်နှင့် ကျန်သူငယ်ချင်းနှစ်ယောက်မှာ အိမ်ပေါ် သို့ တက်ခဲ့သည်။

အိမ်က ကျယ်ဝန်းသော တစ်ထပ်တိုက် ဖြစ်၍သာ တော် တော့သည်။ လက်ဆောင်ပစ္စည်းခြင်းများ၊ မုန့်ဗူး၊ အအေးကပ်တွေ နှင့် ပြည့်နှက်၍ နေလေသည်။





"နေနေတို့ပါလား. . . အလကား ဒုက္ခရှာလို့ဗျာ"

"ကုသိုလ်ပါချင်လို့ပါ. . . ကြီးကြီးကော"

"ပင်ပန်းပြီး မူးလဲသွားလို့ ကိုရှိန်း ဒရစ်ချိတ်ပေးနေတယ်၊ လာ. . . ဝင်ခဲ့ကြလေ"

"ဖြစ်ရလေ"

နေရတနာစံ ဒီကြားရက် မလာမိခြင်းအတွက် စိတ် မကောင်းဖြစ်သွားရသည်။

မင်းမြတ်မောင် ဦးဆောင်ခေါ်သွားသော အခန်းထဲ ဝင် လိုက်သည်။ အမျိုးဖြစ်ဟန်တူသော အမျိုးသမီးကြီးတစ်ယောက်နှင့် ရှိန်းတေဇာကို တွေ့လိုက်ရသည်။

"လာ မိန်းကလေးတို့၊ ကိုယ်က အပ်တိုတစ်ချောင်းတောင် ချမရတဲ့ စိမ်ခန့်ခွဲရုံနဲ့ မူးလဲရတယ်လို့၊ လူကြားလို့တောင် မကောင်း ဘူးကွယ်"

ဒေါ်မင်းနုက ဖျော့တော့နေသော မျက်နှာကြားက လှမ်း နှုတ်ဆက်လိုက်လေသည်။

"ကြီးကြီးရယ်. . . နေနေလည်း ဒီကြား အလုပ်အရမ်းများ နေလို့ လာဝိုင်းမကူနိုင်ဘူး၊ စိတ်မကောင်းလိုက်တာ၊ အခု ဘာလုပ် ပေးရမလဲဟင်"

"ဘာမှ လုပ်စရာ မလိုပါဘူးကွယ်၊ သူ့လူနဲ့သူ အားလုံး အတွက်စေ့စေ့ လုပ်နေကြပါတယ်"

"ကိုင်း. . . ကိုရှိန်းလည်း ရှိနေတုန်း ကျွန်တော်အပြင်သွား စရာရှိလို့ သွားလိုက်ဦးမယ်၊ ကြီးကြီး. . . သားသွားလိုက်ဦးမယ်"

"အေး. . အေး၊ ကားကို ဂရုစိုက်မောင်းနော် သား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကြီးကြီး"

မင်းမြတ်မောင်က နေရတနာစံတို့ သူငယ်ချင်းတစ်သိုက်ကို သိမ်းကြုံးကြည့်လိုက်ပြီး. . .

"ကိုင်း. . . ဂျူနီယာတို့ ကျွန်တော်လာမှ ပြန်ကြရမယ်နော်၊ ဒါနမြောက်အောင် ထမင်းစားပြီးမှ ပြန်ကြရမယ်"

"စိတ်ချလက်ချသာ သွားပါ ကိုမြတ်"

နေရတနာစံက ပြောလိုက်သည်။

မင်းမြတ်မောင် ထွက်သွားလေသည်။

ရှိန်းတေဇာက. . .

"ကိုင်း. . . မဇည့်သည်တို့၊ ကြီးကြီးက အိပ်ပျက်၊ အစားပျက်ပြီး၊ သွေးပေါင်ကျပြီး ဖြစ်သွားတာဆိုတော့ အိပ်မှဖြစ်မယ်၊ ခင်ဗျားတို့ အပြင်ထွက်ကြ၊ ကြီးကြီးနားမှာ ဒီအခေါ် စောင့်နေရင်ရပြီ"

"ကိုရှိန်းကလည်းကွယ်"

ဒေါ်မင်းနုက အားနာစွာ ဟန့်လိုက်သော်လည်း နေရတနာစံတို့က နားလည်စွာဖြင့်. . .

"ဟုတ်ပါတယ် ကြီးကြီး၊ ကိုရှိန်းပြောတာ မှန်ပါတယ်၊ အိပ်ပျော်သွားမှ အားရှိမှာ. . . အိပ်လိုက်ပါ၊ နေနေတို့ ဘုရားခန်းနဲ့ ဧည့်ခန်းကို တာဝန်ယူ ရှင်းပေးထားမယ်၊ မနက်ဖြန် ဇရပ်နားလို့ ရအောင်နော်"

"သမီးသဘောပါကွယ်"

ရှိန်းတေဇာက. . .

"ကျွန်တော် စောင့်ကြည့်နေမှာပါ၊ ဆီးသွားချင်လည်း





ဒီအတိုင်း ရွှေ့သွားလို့ရတယ်နော်"

"အေးပါ လူလေးရယ်"

သို့နှင့် ရှိန်းတေဇာနှင့် နေနေတို့ သူငယ်ချင်းတစ်သိုက် အပြင်ထွက်ခဲ့ကြလေသည်။

"အခု ဘာလာလုပ်တာလဲ၊ လာအမှတ်ယူတာလား"

"ရှင်က ကျွန်မကိုတောင် အသိမပေးဘဲ လာရသလား"

"အမိကို အသိပေးရအောင် အမိက ကျုပ်မယားမို့လို့လား"

"ကြည့်စမ်း. . ကြည့်စမ်း. . ရှင်နော်"

နေရတနာစံ မျက်နှာတစ်ပြင်လုံး မီးဟပ်ခဲ့ရသည့်နှယ် ရူစပ်ပူလောင်ကြီး ဖြစ်သွားပြီး ရှိန်းတေဇာကို လက်သီးနှင့် ရွယ်လိုက်လေသည်။

သို့သော် မထုဖြစ်လိုက်ပါ။

"ဟွန်း"

ဟု မျက်စောင်းထိုးကာ ရှိန်းတေဇာနှင့် အဝေးဆုံးနေရာသို့ ရွှေ့သွားလိုက်လေတော့သည်။

သို့သော် ရှိန်းတေဇာက တောက်တဲ့ပမာ သူ့နားက မခွာတမ်း လိုက်ကပ်လျက်. . .

"နေနေ. . . ကျုပ် မကြာခင် သွားဖြစ်တော့မယ်"

"အဲဒါ ဘာဖြစ်သလဲ"

"အမိ ကျုပ်ကို စောင့်နိုင်ရဲ့လား"

"ဝေးသေး. . . တစ်ခါမှ စိတ်ကူးမရှိဘူး"

"ကောင်းပြီလေ. . . ဒါဆို မသွားခင် စေ့စပ်သွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရှင့် . . . ရှင်က ကျွန်မကို အရုပ်လေး ထင်နေလို့လား ရှင်ကြိုးဆွဲရာ ကမယ့်သူများ မှတ်နေလို့လား၊ သူများအိမ်မှာ ရန် မဖြစ်ချင်ဘူး၊ ကျွန်မစိတ်ကူးထဲ ရှင်ဟာ တစ်ခါမှ အလည်ရောက် မလာဖူးတဲ့သူဆိုတာ မြဲမြဲမှတ်ထားလိုက်ပါ"

နေရတနာစံ ကရားရေလွှတ်သလိုလို တတွတ်တွတ် ပြောချလိုက်လေသည်။

စိတ်ထဲ ပါသည်လား၊ မပါသည်လားကို သူကိုယ်တိုင် ခွဲခွဲ ခြားခြား မသိပါချေ။ အနိုင်ရလိုမှုသာ အဓိကဖြစ်သည်။

ရှိန်းဝေဇာကတော့ အပြုံးမပျက်ပင်။

"ဘယ်က အလည်ရောက်မလဲ၊ ကျုပ်က မင်းစိတ်ကူးရဲ့ ဧည့်သည်မှ မဟုတ်တာ၊ အတိတ်ဘဝကတည်းက ပန္နက်ရိုက်ခဲ့တဲ့ အိမ်သည်ဖြစ်နေတာကိုး"

ဟု ပြောပြီး လှည့်ထွက်သွားရာ နေရတနာစံ ပါးစပ် အဟောင်းသားနှင့် မခံချိမခံသာ ကျန်ရစ်ခဲ့လေတော့သည်။







## အခန်း(၂၄)

ဦးမင်းထင်အတွက် ရက်လည်ဆွမ်း ကျွေးပြီး နောက်နေ့ အတိရွာမှ အမျိုးများလည်းပြန်၊ လာရောက်ကူညီသူများလည်း အမှိုက်တစ်စ မကျန်အောင် ရှင်းလင်းပေးအပြီး ကိုယ့်လုပ်ငန်းခွင် ကိုယ် အသီးသီး ပြန်ဝင်ကြသောအခါ မင်းမြတ်မောင်သည် ခြောက် ကပ်ခြောက်ကပ် ဖြစ်သွားသောအိမ်ကြီးဝယ် ယောင်တီးယောင်န ဖြစ်နေလေသည်။

ဒေါ်မင်းနုမှာလည်း ဘုရားခန်း ဝင်လိုက်ထွက်လိုက်နှင့်၊ မီးဖိုဆောင် ဝင်သွားလိုက် ထွက်လာလိုက်နှင့် ဖြစ်နေပြီး နောက်ဆုံး ခြေပစ်လက်ပစ် ထိုင်နေသော မင်းမြတ်မောင်အနီးတွင် လာထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

မေးမည်မေးမည်ဟု တားထားပြီး မမေးဖြစ်သော စကားကို ဒေါ်မင်းနု စတင်လိုက်လေသည်။

“သားကို မောင်လေး ဘာတွေ ပြောသွားခဲ့သလဲ၊ ကြီးကြီးကို အမှန်အတိုင်း ပြောပါ”

မင်းမြတ်မောင်အတွက် အမေနှင့် မခြားသော ကြီးတော်ကို ဆက်လက် လိမ်ညာမထားချင်တော့။

“ကြီးကြီး သိပြီးသား အကြောင်းတစ်ခုပါ”

“သားအမေနဲ့ ပတ်သက်ပြီးတော့လား”

မင်းမြတ်မောင် ခေါင်းညိတ်လိုက်သည်။ သူ့ရင်ထဲ ဆို့နှင့်လျက်မှ နာကျင်လာသည်။

တစ်ပင်လဲလို့ တစ်ပင်ထူထောင်တာဆို ကြားကောင်းသေးသည်။ ကိုယ်ဝန်(၅)လသည်အထိ ပေါင်းသင်းခဲ့သော လင်ယောကျ်ား ရှိပါလျက် နောက်အိမ်ထောင်ပြုလိုက်သော “အမေ” ဆိုသူကို သူ နားလည်၍မရပေ။ ခွင့်မလွှတ်ချင်။ ဖခင် ခံစားနေခဲ့ရသော ဝေဒနာကို အနီးကပ် သိရှိခဲ့သော သူ့အနေနှင့် ဖခင်အတွက် မိခင်ကို စိတ်နာနေလေပြီ။

ကိုယ့်အပေါ် စိမ်းကားရက်စက်သွားသော မိန်းမတစ်ယောက်ကို ဖခင်က ခွင့်လွှတ်ဖို့ သူ့ကိုပင် ဖြောင်းဖျသွားသေးသည်။

“ဒါနဲ့တောင် သား ကိုရှိန်းကို ဟန်မပျက် ဆက်ဆံပေးနိုင်သားပဲ”

“ဗျာ”





မင်းမြတ်မောင် အံ့အားသင့်လွန်းသဖြင့် ခန္ဓာကိုယ် တောင့်တန်း ဖြစ်သွားသည်။ ပို၍ရှင်းရှင်းလင်းလင်း သိစေရန်. . .

“ဒါဖြင့်. . . ရှိန်းတေဇနဲ့က. .”

ဒေါ်မင်းနုက မထူးတော့ဘူးဟု စိတ်ကို ပိုင်းဖြတ်လိုက်ပြီး ပြတ်ပြတ်သားသားပင် အသိပေးလိုက်တော့မည်မို့. . .

“အမေတူ အဖေကွဲ ညီပေါ့၊ ဒေါ်ခတ္တာလှိုင်ဟာ သားအမေ ဒေါ်ငယ်ငယ်ပဲ၊ ငယ်ငယ်ဆိုတာ ခတ္တာရဲ့နာမည်ပဲ၊ အငယ်ဆုံး သမီးလေးမို့ အားလုံးက ငယ်ငယ်ပဲ ခေါ်ကြတယ်”

မင်းမြတ်မောင် နာကျင်မှုတို့နှင့် ပြည့်နှက်နေသော ရင်အစုံဖြင့် နားထောင်နေလိုက်သည်။

“အတိတ်ကို လုံးဝမသိရှာခဲ့တဲ့ ခတ္တာဟာ တလောကမှ သူ့သားဆီက မင်းအဖေရဲ့သဲလွန်စ ရသွားပုံ ရတယ်၊ ဒီကို ရောက်လာတော့မှ အဖြစ်မှန်ကို သိသွားရှာတာ၊ သေသွားပြီဆိုတဲ့ သူ့သားဟာ ရှင်လျက် ရှိနေတာကိုလည်းသိ၊ သူ့ရဲ့အချစ်ဦးခင်ပွန်းရဲ့ နောက်ဆုံးချိန်ကိုလည်း သိလိုက်ရတော့. . .”

ကြီးတော်၏စကားများကို သူမကြားတော့။

ဒေါက်တာဦးအောင်ဝင်း အိမ်မှာ တွေ့ခဲ့သော ရှိန်းတေဇ၏မိခင်ကို မြင်ယောင်လာမိသည်။

ကျက်သရေ ရှိကာ ချောမောလှပပြီး အေးချမ်းသော မျက်နှာပိုင်ရှင် အမျိုးသမီးကြီးက သူ့မိခင်ပေါ့။

ရင်ထဲ တစစ်စစ် နာကျင်လာသည်။

သူ့မိခင် ဖြစ်တော့ကော ဘာထူးလာမှာလဲ။

ဒေါ်ခတ္တာလှိုင်၏ သူ့ဂုဏ်သိက္ခာ၊ သူ့ခင်ပွန်းဂုဏ်သိက္ခာ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့သားဂုဏ်သိက္ခာတွေအတွက်ကော၊ သူ့ဂုဏ်သိက္ခာအတွက်ပါ . .

"ဒါ ကျွန်မအရင်ယောက်ျားရဲ့သားပါ၊ ကျွန်မရဲ့သားကြီး ပါ" လို့ လူပုံအလယ် ထုတ်ဖော်ပြောသရဲမှာတဲ့လား။

မင်းမြတ်မောင် ခေါင်းကို ခါယမ်းလိုက်ပြီး . . .

"တော်ပါပြီ ကြီးကြီး၊ ကျွန်တော် ဘာမှ မကြားလိုက် ဘူးလို့ လိုက်ဘူးလို့ပဲ သတ်မှတ်လိုက်ပါတော့မယ်၊ ကျွန်တော့်အတွက် မိခင် ဆိုတာ မရှိခဲ့တဲ့အတိုင်း သိနေတာက ခံစားရ အသက်သာ ဖြစ်ပါလိမ့်မယ်"

မင်းမြတ်မောင်ကို ဒေါ်မင်းနု စေ့စေ့ကြည့်လိုက်သည်။

သူ့တူလေး ရင်မှာ တော်တော်ခံစားနေရကြောင်း ရီဝေ သော မျက်လုံးများက သက်သေခံနေလေသည်။

အဖိုးကြီး ဖြစ်သော်လည်း မိန်းမသားဖြစ်သော သူ့အဒေ နှင့် မိခင်ဆန်သော နှလုံးသားရှိသူပီပီ သူ့တူလေးကို သားနှင့်မခြား စောင့်ရှောက်ခဲ့ရသည်ဖြစ်ရာ မိန်းမသားချင်း စာနာတရားနှင့် . . .

"ဒါပေမယ့် ခတ္တာက သားကို တွေ့ချင်တယ်လို့ ချင်း တောင်းရင် တွေ့ပေးလိုက်ပါ သားရယ်"

"တော်ပါပြီ ကြီးကြီး၊ ကျွန်တော့်ဘဝမှာ ကြီးကြီးဟာ အမေ တစ်ပိုင်းပါပဲ၊ အမေ မရှိတော့ပေမယ့် ကြီးကြီးရှိနေရင် ပြီးပြည့်စုံ ပြီ၊ ဘာမှ မပတ်သက်တာ အကောင်းဆုံးပါပဲ"

မင်းမြတ်မောင် ရင်နာနာနှင့် ယတိပြတ် ပြောလိုက်ပြီး ကြီးတော်အနားမှ ခွာထွက်သွားလေတော့သည်မို့ . . .

ဒေါ်မင်းနုမှာ တူတော်မောင်၏နောက်ကျောပြင်ကို ကြည့် ပြီး မျက်ရည်စို့ကာ ကျန်ရစ်ခဲ့လေသည်။





တစ်ပူပေါ် နှစ်ပူဆင့် ခံစားနေရရှာမည့် တူတော်မောင်တို့ နားလည်ရလေတော့ သူလည်း ရင်တွင်း မချိအောင်ပင် ခံစားနေ ထိုက်ရလေသည်။

လောကကြီးက ကိုယ်ဖြစ်ချင်သလို ဖြစ်မလာ၊ သူဖြစ်ချင် သလိုသာ ဖြစ်လာရသည့်အခါမျိုး၊ ကံကြမ္မာကိုသာ ရိုးမယ်ဖွဲ့ရုံပဲ ရှိတော့သည်ပင်။

ဒေါ်မင်းနု သက်ပြင်းရှည်ကြီး ချလိုက်မိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

နေရတနာခစံ G.S.M ဖုန်းကို ဖွင့်လိုက်ပိတ်လိုက် လုပ်ရင်း အတန်ကြာ စဉ်းစားနေမိသည်။

သူ ပထမနှစ် စတက်ကတည်းက သူ၏နှလုံးသားကို သိသိသာသာ လှုပ်လှုပ်ရှားရှား ဖြစ်စေခဲ့သော စီနီယာ မင်းမြတ်မောင်ကို တိတ်တခိုး မျှော်လင့်ခဲ့သည်။

သို့သော် မျှော်လင့်သလို ဖြစ်မလာသော လောကကြီး၌ ထောင့်ငါးရာအချစ်သည်လည်း မှုန်ရီဝေဝါးစွာနှင့်ပင် တိမ်မြုပ်သွားခဲ့လေသည်။

ထိုအချိန်. . .





လက်ထဲမှ ဖုန်းက ခေါ်သံထွက်လာသဖြင့် နေရတနာခစံ လန့်ဖျတ်ပြီး အဖုန်းဖွင့်ကာ စကင်န်ကို ကြည့်လိုက်သည်။

ဟွန့်ကနဲပင် အသံထွက်သွားရသည်။

ဒင်း. . လူဆိုး။ ညတိုင်း ဖုန်းဆက်နေတာ အကျင့်ကြီးပါနေပြီ။

"ဘာလဲ. . . ပြော"

ဆောင့်ကြီးအောင့်ကြီးပင် ထူးလိုက်သည်။

"အမိကို အကူအညီတောင်းစရာ ရှိလို့"

"ဘာလဲ. . . ဘာဇာတ်လမ်းတွေ ဆင်ဦးမလို့လဲ"

"ကြွက်ဖြူလေးကို သူငယ်ချင်းအိမ် သွားပေးဖို့ကို သူက သဘော်ာထွက်သွားတော့ အိမ်သားတွေက လက်မခံဘူး၊ ဒါနဲ့ပဲ ပြန်ခေါ်ရင်း အဖော်ရှိအောင် အမတစ်ကောင်ပါ ဝယ်ပေးပြီး လှောင်အိမ် ခပ်ကြီးကြီးလေးနဲ့ ထားလိုက်တယ်"

ရှိန်းတေဇာက ခပ်အေးအေးပင် ရှင်းပြနေရာ နေရတနာခစံ စိတ်မရှည်နိုင်တော့။

"အဲဒီတော့ ဘာဖြစ်သလဲလို့"

"သူတို့နှစ်ကောင် ညားသွားမှာပေါ့နော်"

နေရတနာခစံက. . .

"ရှင်. . ရှင့်မှာ အချိန်တော်တော် ပိုနေသလား"

"မဟုတ်ဘူး. . . စိတ်နည်းနည်း ရှည်ရှည်လေး နားထောင်ပါ၊ ဆရာ့ဝန်ကို လူနာ၊ အဲ. . တိရိစ္ဆာန်နာ၊ ရှုပ်ပါတယ်. . . ရောဂါ တွေရဲ့အကြောင်း အသေးစိတ် တင်ပြနေတာ ခင်ဗျ၊ ကျုပ်မှာလည်း အချိန်ရှိတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . . အချိန်မရှိပေလို့ပဲ၊ ကိုးရီးယားဇာတ်လမ်းတွဲကျနေတာပဲ၊ ပြီးကို မပြီးနိုင်ဘူး"

နေရတနာစံ ရှိန်းတေဇာနဲ့ ပတ်သက်လာလျှင် စိတ်မရှည်ချင်။ သို့သော် ထူးခြားသည်က မိခင်တွေကြောင့် တွေ့ဖြစ်ကြသည်မှာ မကြာသေးသော်လည်း တကျက်ကျက်နှင့် ရန်ဖြစ်နေကျ သူငယ်ချင်း အရင်းအချာများပမာ ခံစားရသည်။ သူနှင့် ပတ်သက်၍ နှစ်ပေါင်းအတန်ကြာအထိ ရင်းနှီးခဲ့သော စီနီယာထက်ပင် ရင်းနှီးမှုပိုခဲ့လေသည်မှာ ဘာကြောင့်နည်း။ နေရတနာစံ ခေါင်းထဲသို့ ရောက်ရှိလာခဲ့သော အတွေးကို အဖြေရှာမရခဲ့။

"ကဲပါဗျာ. . . လိုရင်းပဲ ပြောတော့မယ်၊ ဖိုးဖြူက ပျော်မြူးပြီး အလွန်ဆော့နေသလောက် စနိုးက ငြိမ်နေတယ်၊ သိပ်မဆော့ဘူး နေမကောင်းလို့လား"

နေရတနာစံ "ခစ်ကနဲ" အသံထွက် ရယ်လိုက်မိသည်။ ခွေးတွေကြောင်တွေ မချစ်တော့တဲ့ သူက ကြွက်ဖြူတွေ မွေးနေပါလား။ ပြီးတော့ နာမည်တွေဘာတွေ ပေးလို့၊ တော်တော် ရယ်စရာကောင်းတဲ့ပုဂ္ဂိုလ်။

"လွမ်းနာကျလို့ နေမှာ၊ ရှင်က ဘယ်အသိုက်မြုံထဲကနေ သွားဆွဲထုတ်ခဲ့သလဲမှ မသိတာ"

"နေမကောင်းလို့များလားလို့. . . "

"အမွေးတွေဘာတွေ စောင်းနေသလား၊ အမြီးကုတ်နေသလား"

"ဟင့်အင်း"

"ဒါဖြင့် ဘာမှ မဖြစ်ပါဘူး၊ သိပ်မကြာခင် သူပျော်လာမှာ





ပါ"

"အင်း. . . ပြောမယ့်သာ ပြောနေတာ၊ ကျွန်တော် သုံးနှစ်ဒီဇာဝင်ပြီးပြီဆိုတော့ မကြာခင် သွားရတော့မှာ၊ ဒီကောင်လေးတွေအတွက် စိတ်မအေးရဘူး၊ ကျုပ်သွားရတဲ့အခါ စိတ်ဖြောင့်သွားရအောင် အမိဆီ အပ်ခဲ့မယ်နော်. . . လက်ခံပေးပါလား"

"လုံးဝပဲ"

"လက်ခံမှာလား"

"နိုး. . "

"တိရစ္ဆာန်တွေ ချစ်တယ်ဆိုပြီး ဒီလို ကွက်ကြားမိုး ရွာတာတော့ မကောင်းပါဘူး"

"ကြောင်စာမိသွားရင် စိတ်မချမ်းသာစရာတွေ ဖြစ်ကုန်မယ်"

"လှောင်အိမ်နဲ့ ထားတာပဲ၊ အမိဆေးခန်းအတွက်တောင် အစောင့်ရသေးတယ်၊ ဒီတစ်ခုတော့ ကူညီပါဗျာ၊ ကျုပ်ပြန်လာရင် ပြန်ယူပါ့မယ်"

"ကဲ. . . ရှင့်ကြွက်ငိုကာ ပြီးပြီလား၊ ကျွန်မ အိပ်ချင်ပြီ"

"နေပါဦး အမိကလည်း၊ အစောကြီး ရှိသေးတာကို၊ ကျုပ်ဆွေးစရာ ရှိသေးလို့"

"ဘာလဲ. . . မြန်မြန်မေး"

"ကျုပ် မိဘတွေက ပြောလာပြီ၊ ပညာသင် ပြန်လာပြီးမှပဲ အမိနဲ့ လက်ထပ်ဖို့ကိစ္စ စီစဉ်ထားတယ် မှတ်လား"

"ရှင်နော်. . . ရှင့်ကို လက်မခံဘူးလို့ ပြောထားတယ် မှတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက အမိအပိုင်းလေ၊ ကျုပ်အပိုင်းကတော့ အမိကိုလည်း ကျုပ်ရွေးချယ်ပိုင်ခွင့် ရှိတာပဲ"

"အံ့မယ်. . . ကျွန်မက ရှင့်အရွေးချယ်ခံ မဟုတ်ဘူး၊ ရှင်သာ ကျွန်မရဲ့အရွေးချယ်ခံပဲ၊ ရှင့်ကို ကျွန်မငြင်းပယ်တယ်၊ စိတ်ကူးယဉ်မနေနဲ့ လူကလေး၊ ပညာကောင်းကောင်း ဆက်သင်၊ ဒါပဲနော် ငွတ်နိုက်"

နေရတနာခစံ အနိုင်နှင့် ပိုင်းပြီး ဖုန်းကို ပိတ်ပစ်လိုက်သည်။ ပြီးတော့ ကျေနပ်စွာ ပြုံးရင်း ခြေရင်း၌ လာခွေနေသော ရွှေဝါကို မချီကာ ကြောင်တွေအတွက် သီးခြားလုပ်ပေးထားသော ခြင်းထဲ့ စောင်ခေါက်ဆီသို့ ပို့ပေးလိုက်လေတော့သည်။

"အိပ်ပုတ်လေးတွေ"

ကြောင်သားအမိတွေ တိုးတိုးဝှေ့ဝှေ့ အိပ်နေသည်ကို ချစ်စနိုးလေး ကြည့်ရင်း ပြုံးပျော်နေမိသည်။

နောက်မှ ဖုန်းပြန်ဖွင့်ပြီး စီနီယာ မင်းမြတ်မောင်ထံသို့ ဆက်လိုက်လေသည်။

"ဟယ်လို. . ."

"ကိုမြတ်. . နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"ကြီးကြီးရော နေကောင်းရဲ့လား"

နေရတနာခစံ လူတတ်ကြီး လုပ်ကာ မေးလိုက်မိလေသည်။

"နေသားထိုင်သား မကျသေးဘူး၊ တူဝရီးနှစ်ယောက်စလုံး ယောင်ချာချာ ဖြစ်နေတယ်ဆိုရင် နေနေက ဘာလုပ်ပေးမလို့လဲ"

မင်းမြတ်မောင်ထံမှ မျှော်လင့်မထားသောမေးခွန်းကြောင့် နေရတနာခစံ ကြောင်အမ်းအမ်းကလေး ဖြစ်သွားလေသည်။





"ဟင်. . . ကျုပ်မေးတာ ဖြေဦးလေ မိန်းကလေး"

နေရတနာခစံ အံ့အားသင့်သွားသည်။ စီနီယာထံမှ မေးခွန်းကြောင့် အံ့အားသင့်သွားရသည်။

"ကျွန်မတို့ လာလည်ပေးမှာပေါ့၊ စကားလည်း လာပြောပေးရင်း အဖော်ပြုပေးမယ်လေ"

"ကျွန်မတို့ဆိုတော့ ဘယ်သူတွေနဲ့ လာမှာလဲ၊ ရှိန်းတေဇာကော ပါပါ့မလားလို့"

စီနီယာ ဘယ်လိုဖြစ်ပြီး ပြောင်းလဲသွားပါလိမ့်။ ရိုးစင်းသော စကားတွေကိုသာ တည်တည်ငြိမ်ငြိမ် ဆိုတတ်သည့်သူက အခုလို ထွေလုံးငေါ့လုံးများ မသုံးစဖူး သုံးလို့ပါလား။

"မဟုတ်ပါဘူး. . . နေနေနဲ့ လတ်လတ်ပဲ လာမှာပေါ့၊ မေမေပါ ခေါ်ခဲ့ပေးမယ်လေ၊ ကြီးကြီးနဲ့ တွေ့ရအောင်လို့၊ လူကြီးချင်း အဖော်ရအောင်"

နေရတနာခစံ ရိုးသားစွာပင် ပြောချလိုက်သည်။ တကယ်ပါ၊ နေရတနာခစံ ရင်ထဲ မင်းမြတ်မောင်အပေါ် စေတနာသက်သက်နှင့် ပေးဆပ်လိုစိတ် ရှိနေခြင်းက အမှန်အကန်ဟု သူ့စိတ်ကို သူ နားလည်လေသည်။

"ဒါဖြင့်လည်း လာလေ၊ ဘယ်နေ့ လာမှာလဲ"

မင်းမြတ်မောင်၏ဖိတ်ခေါ်မှုကြောင့် နေရတနာခစံ ရုတ်တရက် ဝမ်းသာသွားသည်။

"မနက်ဖြန် လာလို့ရမလား"

"ရပါတယ်. . . နေရတနာခစံအတွက် ကျုပ်အိမ်က အချိန်



www.burmeseclassic.com

www.burmeseclassic.com



မရွေး တံခါးဖွင့်ထားပြီးသားပါ၊ ခေါ်ခဲ့ပါ. . . အန်တီကိုကောပေါ့၊ ထမင်းစားဖိတ်တယ်လို့၊ နေဦး. . . မလေးစားရာရောက်မယ်၊ မနက်ဖြန် ကျုပ်ကိုယ်တိုင် လာကြိုပေးမယ်"

"ရှင်. . "

"မနက်ရှစ်နာရီလောက် ရောက်ရင် လူကြီးတွေ နိုးလောက်ပြီ. . . အဆင်ပြေပါတယ်နော်"

"ဟုတ်. . ဟုတ်ကဲ့. . နိုးပါပြီ"

နေရတနာခံ အံ့အားသင့်လွန်းသဖြင့် စကားများပင် ထစ်ငေါ့သွားရလေတော့သည်။

သံမဏိနှလုံးသားပိုင်ရှင်ကြီး ဘယ်လိုဖြစ်လာတာပါလိမ့်။ သူ၏တန်ဖိုးထား ကိုးကွယ်ရာ ကျေးဇူးရှင် မွေးသဖခင်ကြီး ကွယ်လွန်သွားသည်နှင့် စိတ်တွေများ မထိန်းနိုင်မသိမ်းနိုင် ဖြစ်ကုန်ပြီလား။

"ကောင်းပြီ. . . ဒါဖြင့် ဒါပဲနော်၊ မနက်ဖြန် မနက်ရှစ်နာရီ တိတိ မင်းတို့အိမ်ရှေ့ အရောက်လာခဲ့မယ်၊ အသင့်ပြင်ထားပေးပါ"

"ဟုတ်. . . ဟုတ်ကဲ့"

"ဒါပဲ. . . ဂွတ်နိုက်"

"ဂွတ်. . "

နေရတနာခံ နှုတ်ဆက်မှု မဆုံးလိုက်ရ။ တစ်ဖက်မှ ဖုန်းချသွားလေသည်မို့ သူလည်း ဖုန်းပိတ်လိုက်ရလေတော့သည်။

ဘယ်လိုကြီးပါလိမ့်။ စီနီယာ ဘယ်လိုဖြစ်ပြီး ပြောင်းလဲသွားပါလိမ့်။ အေးတိအေးစက်ကြီးက ခုတော့ ဇွတ်တရွတ်ကြီးပါလား။ နော်မယ်မှ ဟုတ်သေးရဲ့လား။





နေရတနာခံ တွေးရင်း ခေါင်းခါလိုက်ပြီး မိခင်အား သတင်းပေးရန် အိပ်ခန်းထဲမှ ထွက်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၂၆)

တကယ့်ကို အချိန်တိကျသည့် ဦးတိကျကြီးက နံနက် (၈)နာရီ ထိုးသည်နှင့် အိမ်ရှေ့ပေါ်တီကို အောက်သို့ ကားဆိုက်ရောက်လာလေတော့သည်။

မာစီဒီးကား အမျိုးစား မော်ဒယ်အသစ်နှင့် ဖြစ်သည်။ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနှင့် ကြွမြန်းလာသော မင်းမြတ်မောင်ကို နေရတနာစံ ခရီးဦးကြိုပြုလိုက်သည်။

"ကိုမြတ်က အရင်အတိုင်းပဲ၊ အချိန်အမြဲတိကျတယ်နော်"

"မဆန်းပါဘူး. . . ဒါ ကိုယ့်အတွက် အကျင့်ဖြစ်နေပြီလေ"

"အိမ်ထဲ ဝင်ပါ ကိုမြတ်၊ အဖေတို့နဲ့ မိတ်ဆက်ပေးရ





အောင်လို့ပါ"

"ကောင်းပြီ"

မင်းမြတ်မောင်က နေရတနာစံ ဦးဆောင်မှုနောက်သို့ လိုက်ပါခဲ့လေသည်။

ခွေးနှစ်ကောင်ကို နေရတနာစံ အသာတွန်းဖယ်ပြီး အိမ်ထဲ ဝင်လိုက်သည်။

အိမ်ထဲ ရောက်တော့လည်း ကြောင်များက ဆော့ကစားနေကြသည်။ မင်းမြတ်မောင် ပြုံးလိုက်မိလေသည်။

ဧည့်ခန်းထဲ သတင်းစာ ဖတ်နေသော နေရတနာစံ၏ ဖခင်နှင့် အပြင်သွားရန် အသင့်ပြင်ဆင်ပြီး ဆင်းလာသော မိခင်တို့ကို နေရတနာစံက မင်းမြတ်မောင်နှင့် မိတ်ဆက်ပေးလိုက်သည်။ ရိုးရိုးလေးပင်။

"သမီးရဲ့စီနီယာ ကိုမင်းမြတ်မောင်ပါ၊ ကိုမြတ်. . . ဒါ နေနေရဲ့ဖေဖေ ဦးဘစံနဲ့ မေမေ ဒေါ်ခိုင်ဇာဝင်းပါ"

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်လ်နဲ့ အန်တီ၊ အကြောင်းအမျိုးမျိုးကြောင့် အခုမှ လာတွေ့နိုင်တာကို လည်း ခွင့်လွှတ်ပေးပါ"

"ရပါတယ်ကွယ်. . . လောကမှာ လူတွေဟာ သူ့အကြောင်းနဲ့သူ သူ့အလုပ်နဲ့သူ ရှုပ်နေကြတာချည်းပါပဲ၊ ထိုင်ပါဦး မောင်ရင်"

ဦးဘစံက လူအေးပီပီ အေးချမ်းစွာပင် ပြောလိုက်သည်။ မင်းမြတ်မောင်က. . .

"မထိုင်တော့ပါဘူး အန်ကယ်လ်၊ နေမြင့်နေမှာစိုးလို့ပါ၊

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်လ်ကော လိုက်ခဲ့ပါလား ခင်ဗျာ"

"အန်ကယ်လ်က သူငယ်ချင်းဟောင်းတွေနဲ့ တွေ့ဖို့ ချိန်းထားတာ ရှိလို့ကွဲ့၊ မဟုတ်ရင် လိုက်ပါတယ်၊ နောက်များ ကြုံတော့မှ လိုက်လည်တာပေါ့"

"ဟုတ်ကဲ့ခင်ဗျာ. . . ကျွန်တော်အချိန်မရွေး လာခေါ်ပေးပါ့မယ်၊ ခွင့်ပြုပါဦး အန်ကယ်"

"ကောင်းပါပြီ"

"အန်တီ ကြွပါခင်ဗျာ"

ဒေါ်ခိုင်ဇာဝင်းက ဝင်းပကြည်လင်သောမျက်နှာဖြင့်. . .

"အဖေကြီး သွားပြီနော်"

ဟု ခင်ပွန်းကို နှုတ်ဆက်လိုက်ပြီး နေရဲတနာခံ လက်ညှိုးထိုး ခေါ်သွားရာသို့ လိုက်ပါခဲ့လေသည်။

"အန်တီ ရှေ့မှာ ထိုင်ပါခင်ဗျာ"

"အန်တီ နောက်မှာပဲ ထိုင်တတ်တယ်၊ သမီးနေနေ ထိုင်လိုက်ပါ"

"သမီး မေမေနဲ့ပဲ ထိုင်မယ်"

"အိုကွယ်. . . သူဌေးကို ဒရိုင်ဘာ ဖြစ်အောင် မလုပ်ပါနဲ့ ထိုင်လိုက်ပါ"

နေရဲတနာခံ မျက်နှာပြင်တစ်ခုလုံး ပူရှိန်းရှိန်း ဖြစ်သွားရသည်။ မင်းမြတ်မောင်က လုံးဝ ဝင်မပြောတော့။ သူ့မိခင်စကားကို ထောက်ခံနေသည့်သဘောပေါ့။ ထို့ကြောင့် နေရဲတနာခံ ကားရှေ့ခန်း၌ပင် လိုက်ပါခဲ့ရလေသည်။

"အန်ကယ်လ်နဲ့ အန်တီ ဘာစီးပွားရေးနဲ့ ရပ်တည်နေပါ





သလဲခင်ဗျာ"

မင်းမြတ်မောင်က ကားမောင်းထွက်ခဲ့ရင်းမှ မေးလိုက်လေသည်။ ဒေါ်ခိုင်ဇာဝင်းက. . .

"ဒီလိုပါပဲ. . . ရင်းနှီးပြီး ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေတွေရဲ့ကုမ္ပဏီသုံးခုလောက်မှာ ရှယ်ယာဝင်ထားတာပေါ့၊ အန်တီက တော့ ဖက်ရှင်ဆိုင် ဖွင့်တယ်လေ၊ ခုခေတ်ကြီးက သိတဲ့အတိုင်း သားသမီးတွေဆီက မျှော်ကိုးနေရင် ငတ်ရုံပဲ ရှိတော့တာ"

ရေပက်မဝင် ဖြေလိုက်သော ဒေါ်ခိုင်ဇာဝင်းကြောင့် မင်းမြတ်မောင်က ပြုံးကာ. . .

"နေနေ ဝင်ငွေကကော"

နေရဲတနာခံ ဖြေချိန်မရလိုက်။

"သူ့တိရစ္ဆာန်တွေ အစာဖိုး၊ ဆေးဖိုးနဲ့ သူ့ဘာသာသူ လုံးလည်ချာလည် လိုက်နေတာပါပဲ"

"မေမေကလည်း. . . သားသမီးတွေက ကိုယ့်စရိတ် ကိုယ်ရှာသုံးနိုင်ပြီး မိဘကို အပူမကပ်တာကိုကပဲ ကံထူးလှပြီလို့ မှတ်တယ်ဆို. . . မေမေပဲ ပြောနေပြီးတော့"

ဒေါ်ခိုင်ဇာဝင်းက မဲ့ရွဲ့ကာ. . .

"ဟုတ်ပါ့တော်. . . ကျွန်မ ပြောမိပါတယ်၊ အဲဒါသာ ကြည့်တော့ မောင်မင်းမြတ်ရေ၊ အန်တီမှာ သားသမီးလေးယောက် ရှိပါတယ်၊ အကြီး(၃)ယောက်ကို အိမ်ထောင်ကျကတည်းက ရင်းနှီးမြှုပ်နှံဖို့ အမွေတွေနဲ့ အပြီးအပြတ် ခွဲပေးလိုက်ပြီးသား၊ ဒီအငယ်မလေးကတော့ ခု သူ ဆေးကုခန်း ဖွင့်ထားတဲ့ မြေကွက်နဲ့အိမ်းပဲ ပေးနိုင်တယ်၊ ခုအိမ်ကြီးကတော့ မိဘနှစ်ပါး မရှိတော့မှ အညီအမျှ



www.burmeseclassic.com

www.burmeseclassic.com



ခွဲဝေယူကြ၊ အမ်းနိုင်တဲ့သူက အမ်းယူပေါ့၊ ဒီလိုပဲ စီစဉ်ထားရတယ်"

ဒေါ်ခိုင်ဇာဝင်းစကားကို မင်းမြတ်မောင် ပြုံးပြုံးလေး နားထောင်နေပြီး. . .

"အန်တီတို့ ခုလိုလုပ်တာ ကောင်းပါတယ်၊ ပညာစုံ ကြွင်ယာစုံတာနဲ့ သားသမီးတွေ မိဘလောင်းရိပ် မခိုဘဲ ကိုယ့်အစွမ်း အစနဲ့ ကိုယ့်ထူးကိုယ်ချွန်တာ အကောင်းဆုံးပဲ၊ ကျွန်တော့်ဖခင်က ကျွန်တော်ပညာစုံတာနဲ့ လုပ်ငန်းတစ်ခုလုံး လွှဲအပ်ပြီး ဘေးကပဲ စောင့်ကြည့်ပြီး လိုအပ်မှ အကြံပေးခဲ့တာ"

မင်းမြတ်မောင်ထံမှ အေးဆေးတည်ငြိမ်သော လေသံနှင့် စကားကို နားထောင်ရင်း နေရတနာစံက နောက်မှနေ၍ ခိုးကြည့် နေမိသည်။

နဂိုက တည်ငြိမ်လွန်းသော စီနီယာက အခု ပို၍ရင့်ကျက် လာသည့်ဟန် ပေါက်သည်။ မျက်လုံးများက မှိုးရိပ်ဆင်နေတတ် သည်။ သို့သော် မျက်လုံးနှင့် မလိုက်ဖက်စွာပင် စကားတွေ ပြော လာသည်။ စကားနည်းသောသူက သူ့မိခင်နှင့် ရွှန်းရွှန်းဝေနေသည် ကို နေရတနာစံ ရင်ထဲ ထူးခြားသလို ခံစားနေရလေသည်။

ဒေါ်ခိုင်ဇာဝင်းကလည်း သမီးရှင်တို့ မျက်စိကျလောက် သည့် လုပ်ငန်းရှင် မင်းမြတ်မောင်ကို လုပ်ငန်းအကြောင်း၊ ပိုင်ဆိုင် မှုတွေအကြောင်း စကားနှိုက်ကာ ဝေါဟာရကြွယ်ကြွယ်နှင့် မေးမြန်း နေလေတော့သည်။

"စိုက်ပျိုးမွေးမြူရေးကို အခြေခံထားတဲ့ စီးပွားရေးဆိုတော့ ဘယ်ခေတ် ဘယ်အခါမှ တိမ်ကောသွားမှာ မဟုတ်ဘူးပေါ့ အန်တီ၊ ကျွန်တော့်မှာ သီဟိုဠ်မြေနဲ့ ရာဘာခြံ၊ ရာဘာကုန် ကုန်း၊ စက်ရုံလည်း





ရှိသေးတယ်၊ ဆီအုန်းကိုတော့ ကျွန်တော်တစ်ယောက်ထဲ မနိုင်တော့ သို့ မလုပ်နိုင်တာ"

"ကြည့်စမ်း. . . လူတစ်ယောက်တည်းနဲ့ လုပ်နေတဲ့ လုပ်ငန်းတွေက အများကြီးပါလား၊ အားကျစရာကောင်းလိုက်တာ၊ အန်တီ့ သားသမီးတွေများကျတော့ သူတို့ဆေးခန်း၊ သူတို့ ဆောက်လုပ်ရေး လုပ်ငန်းတစ်ခုလောက်နဲ့ကို ညည်းညူနေကြတာ၊ ဟောဒီ မိနေနေ အပါအဝင်ပေါ့"

ဒေါ်ခိုင်ဇာဝင်းကလည်း အမြှောက်အပင့် ကောင်းလေ သည်။

နေရတနာစံ မျက်နှာပြင်ကတော့ ပူရှိန်းရှိန်း ဖြစ်နေသည်။ မိခင်အကြောင်း ကောင်းကောင်းသိသည်။ မိခင်၏သားမက် လောင်းအဖြစ် ရွေးချယ်ထားသော မြားဦးက ရှိန်းတေဇာထံမှ မင်းမြတ်မောင်ဘက်သို့ လှည့်ပြောင်းသွားပြီဟု။

"မေမေကလည်း. . . ကိုယ့်သားသမီးတွေကို ဒီလောက် အထိ ဂုဏ်ပုဒ်ဖော်မနေပါနဲ့"

ဟု အငေါ်လေး တူးလိုက်မိသည်။

မင်းမြတ်မောင်က ရယ်သွေးသွမ်းရင်း. . .

"နေနေက မိန်းမသားပဲ၊ ဒီလောက် စီးပွားရှာဖို့ မလိုပါဘူး၊ ဦးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုသလို လုပ်နိုင်ရင် ပြီးတာပါပဲ၊ မဟုတ် ဘူးလား အန်တီ"

ကြည့်စမ်း၊ နေရတနာစံ လုံးဝထင်မှတ်မထားသော စကား ကို ဆိုလိုက်ပါလား။

နေရတနာစံက အံ့အားသင့်သွားသလောက် ဒေါ်ခိုင်ဇာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမှာ မနေရခွေ့သွားပြီး. . .

"ဒါပေါ့. . . ဒါပေါ့၊ ဒါကြောင့် အန်တီကလည်း ဓ
ဂျူနီယာအတွက် အိမ်ထောင်ဖက်ကောင်းကောင်း ရွေးချယ်နေ
ပေါ့"

"အို. . . မေမေကလည်း"

နေရတနာစံ ရှက်ရှက်နှင့် ညည်းတွားရုံကလွဲပြီး ဘာ
ပြောနိုင်အား မရှိချေ။

"မှန်ပါတယ် အန်တီ၊ လင်ကောင်းမှ စံရတာ မိန်းမသား
တွေရဲ့ကံတရားမှတ်လား၊ နေနေအတွက် ကျွန်တော်အမြစ်ဥံစား
တယ်"

"ကျေးဇူးတင်ပါတယ်ကွယ်. . . သင့်တော်တဲ့သူများ တွေ့
ရင် အန်တီ့ကို အသိပေးပါဦး"

နေရတနာစံ ရင်ထဲ မိခင်ကိုကော မြတ်မင်းမောင်
ကော မကျေမနပ် ဖြစ်နေလေတော့သည်။ အစပထမက ရှက်စိတ်
သာ ရှိပြီး ခုတော့ မကျေမနပ်စိတ်တို့ ဝင်ရောက်လာသည်။

မိမိကို ရောင်းကုန်တစ်ခုလို သဘောထားနေကြတာလား

"ဟင်. . . အန်တီတို့ စီစဉ်ပြီးသား မဟုတ်လား၊ ဒေါ်
တာ ရှိန်းတေဇာနဲ့လေ"

"အင်း. . . အစက ဟုတ်တယ်၊ ဒါပေမယ့် သူတို့အချင်း
ချင်း အိမ်မွေးတိရစ္ဆာန်တွေကိစ္စနဲ့ ညှိနှိုင်းမရဘဲ ပျက်သွားကြ

"ဒါပေမယ့် သူတို့နှစ်ယောက်က တွဲနေကြတာပဲ"

မင်းမြတ်မောင်ထံမှ စကားကြောင့် နေရတနာစံ ရင်
တစ်မျိုးဖြစ်သွားသည်။ ဘယ်လိုလူကြီးလဲ၊ အခွင့်အရေးတွေ အ





ကြီး ရှိပါလျက် မိမိထံသို့ မချဉ်းကပ်ဘဲ မိမိ မိခင်ထံသို့ ချဉ်းကပ်နေ
တာလား၊ ချွန်တွန်းလုပ်နေတာလားဆိုတာကို မတွေးတတ်အောင်
ဖြစ်သွားရသည်။

"ဟုတ်လား နေနေ"

မိခင်က သူ့ကို လှည့်အမေးတွင် နေရတနာစံလည်း မင်း
မြတ်မောင်အပေါ် မျက်သက်သက် ရှိနေသည်မို့. . .

"ဟုတ်ပါတယ် မေမေ၊ သမီးတို့က အိမ်ထောင်ဖက်အနေနဲ့
မစဉ်းစားကြသေးပေမယ့် သူငယ်ချင်းအဖြစ်တော့ ခင်သွားကြလို့
ပါ"

"ဪ. . . ဒီလိုလား၊ ဒီကလေးလည်း နိုင်ငံခြားမှာ ပညာ
သင် သွားဖို့ ဝင်ခွင့်သွားဖြေဖို့ ရှိတယ် မှတ်လား"

"ဟုတ်ကဲ့"

"အေးလေ. . အောင်သွားရင်လည်း နိုင်ငံခြားမှာ ကျောင်း
ဆက်တက်ဦးမှာပဲ၊ မိဘတွေကတော့ သားကို ပညာတွေ အရမ်း
တတ်စေချင်ကြတာ"

"ဒါ မိဘတိုင်းရဲ့ဆန္ဒပါ အန်တီ"

မင်းမြတ်မောင်ကို ကြည့်ပြီး နေရတနာစံရင်ထဲ ယခင်
တုန်းကလောက် နွေးထွေးမှုမျိုး မခံစားရတော့ချေ။

"သူ ကျောင်းသွားတက်ပြီး ပါရဂူဘွဲ့တွေ ယူပြီး ပြန်လာမှ
လက်ထပ်ဖို့ စီစဉ်မယ်ဆိုလည်း ယောကျ်ားလေးဘက်က ဘာမှ
မဖြစ်ပေမယ့် သမီးကညာဆိုတာ အချိန်အခါ လင့်လို့ မဖြစ်ဘူး
လေ"

"ဒါပေါ့ အန်တီရယ်"



www.burmeseclassic.com

www.burmeseclassic.com



မိခင်နှင့် စီနီယာ ပလဲနံသင့်သွားသည်ကို ကြည့်ပြီး နေရတနာခစံ ရင်ထဲ အမျက်ကလေး ရှတတဖြစ်လာသည်။

ပြောင်းလွဲသွားသည့် စီနီယာကို ခိုးကြည့်ရင်း ရင်ထဲမှာ လေးလံလာသည်။

စီနီယာမျက်လုံးတွေက အေးစက်နေသည်။ မမျှော်လင့်ခဲ့ဖူးသော်လည်း ရရှိလာသော ရောင်ခြည်က မနွေးထွေးတော့ပါလား။

စီနီယာဖခင် ဆုံးသွားပြီးနောက် သူ့ခံစားချက်တို့သည် ပိုမိုခက်ထန်မာကျောခြင်းသို့ ပြောင်းလွဲသွားလေပြီလား။

ယခင် ကျောင်းသားဘဝတုန်းက စီနီယာသည် စကားအလွန်နည်းပြီး အနေတည်ကြည်သော်လည်း မျက်လုံးလေးတွေ၌ နွေးထွေးသော မေတ္တာအကြည်ဓါတ်က အမြဲလွှမ်းခြုံသိုင်းခြုံထားလေသည်ကို မြင်ယောင်ရင်း တမ်းတကာ နေရတနာခစံ သက်ပြင်းချလိုက်မိလေတော့သည်။







# အခန်း(၂၅)

ရှိန်းတေဇာ မျောက်မီးခဲကိုင်မိသလို အငြိမ်မနေနိုင်ဘဲ ရွှစိရွှစိ ဖြစ်နေလေတော့သည်။

ကြောင်တစ်ရာ ပိုလ်မလေးက ဖုန်းကို ပိတ်ထားသည်တဲ့။

အခုတလော သူ့ရင်ထဲ၌ အတမ်းတဆုံးနှင့် အလိုချင်ဆုံးအရာ ပြပါဆိုလျှင် သူ နေရတနာခစံ၏အချစ်ကို လိုချင်သည်။

ရှိန်းတေဇာက ဖုန်းမှနေ၍ (message)အကြောင်းကြားစာ ပို့လိုက်သည်။

*နေနေ*

*တွေ့ချင်တယ်၊ ဘယ်ရောက်နေသလဲ၊ ဆက်သွယ်ပါ။*

*ရှိန်း*



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဖြစ်သည်။

နေနေထံမှ ပြန်အကြောင်းကြားစာကို စောင့်ရင်း ကြွက်ဖြူမောင်နှံ့ လှောင်အိမ်လေးကို ကြည့်နေမိသည်။ ကြွက်လေးတွေကို အစာကျွေးတော့ ကြွက်ထီးဖိုးဖြူက ကြွက်မ စနိုးကို ညှာသည်။ ကြွက်မ စနိုးက စားနေတော့ ကြွက်ထီးဖိုးဖြူက ဖန်လုံးကို လှိမ့်၍ နေလေသည်။

နေနေပြောသလို ကြွက်နှစ်ကောင် ရင်းနှီးသွားတော့ ကြွက်မ စနိုးလည်း ဒေါင်းတောက်အောင် ဆော့ကစားလေတော့သည်။

ဒီကောင်လေးတွေကို ထားသွားဖို့အရေးတောင် သူ့ရင်မှာ မကောင်းတော့။

"ထန်သ်. ."

မက်ဆေ့ချ် ဝင်ရောက်ကြောင်း အချက်ပြမီးနှင့်အတူ အသံက ဝင်ရောက်လာသဖြင့် ရှိန်းတေဇာက ဝမ်းသာအားရ တယ်လီဖုန်းစကင်န်ကို ကြည့်လိုက်သည်။

နေနေ့ထံမှ အကြောင်းကြားစာ။ နှုတ်ခမ်းက ပါးစပ် တက်ချိတ်မတတ်တော့မယောင် ဖြစ်သွားသည်။

*ကိုရှိန်း. . .*
*မဟာခြံကို ရောက်နေတယ်။ အခု ပြန်လာတော့မှာ။*
*ဆေးခန်းမှာ ရှိမယ်။*

*နေနေ*

မဆိုးပါဘူး။ မက်ဆေ့ချ် ပြန်ပို့ဖော်ရသည်ဆိုတော့ နေနေ





...သို့အပေါ် ထားသော သဘောထားက အများကြီး အခြေအနေ ...ကောင်းသည်ဟု သူ ယူဆကာ ပျော်မြူးသွားသည်။

ထို့ကြောင့် ကြွက်ဖြူမောင်နှံ့နှင့် ဆော့ကစားနေရာမှနေ၍ ...လိုက်ပြီး စာကြည့်ခန်းအတွင်းသို့ ဝင်ကာ အင်တာနက်ထဲ ...င်လိုက်သည်။

ထိုအချိန် သားဖြစ်သူကို တစေ့တစောင်း အကဲခတ်နေ ...သော ဒေါ်ခတ္တာလှိုင်မှာ တွေဝေနေသည်။

သားချထားခဲ့သော သား၏ G.S.M ဖုန်းလေးကို ယူကာ ...essage Box ကို ဖွင့်ကြည့်လိုက်သည်။

ဒေါ်ခတ္တာလှိုင် ရင်ထဲ စူးကနဲ ဖြစ်သွားသည်။ သားသည် ...ရတနာစုံအပေါ်သို့ တိမ်းညွတ်နေပါပြီကောလား။

သို့ဆိုလျှင် သူ၏ကံအလွန်ဆိုးရှာသော သားကြီးနှင့် ယှဉ် ...ိုင်ရမည်လား။

ဒေါ်ခတ္တာလှိုင် ဖုန်းကို အသာပြန်တင်ထားလိုက်ပြီး ...ပေါ်ထပ်သို့ တက်ခဲ့ပြီး အိပ်ခန်းထဲသို့ ဝင်ခဲ့လေသည်။

ယခုတလော ဆိုင်သို့ နေ့ည အချိန်ပြည့်ဆင်းပြီး အလုပ်ထဲ ...င် အာရုံနှစ်ထားသည့်တိုင်အောင် ယခုလို ဆိုင်ပိတ်ရက်နေ့မျိုး ...င်တော့ သူဆောက်တည်ရာမရသလို ခံစားနေရသည်။

သေပြီဟု သိခဲ့ရသော ရင်သွေးကို နှစ်(၃၀)ကြာမှ ရှင် ...သည်ဟု သိလိုက်ရသည်။ ရင်မှာ ဖွင့်ဟကြေညာပြီး ထွေးပိုက်ချင် ...သည်။

သို့သော် လောလောဆယ် လက်ရှိခင်ပွန်း၏အရိပ်အကဲ ...ို စောင့်ကြည့်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က သားကြီးကတော့ ယောက်မ ဒေါ်မင်းနု စကားအရ မိခင်ကို လက်မခံနိုင်သေး။ သူ့ရင်မှာ အနာတရ ဖြစ်နေဆဲဟု သိလိုက်ရသောအခါ သည်းကြွေလုမတတ် ခံစားနေရသည်။

ယခုလို သားနှစ်ယောက်က နေရတနာစံကို တပြိုင်နက် စိတ်ဝင်စားနေသည်ကို သိရပြန်တော့လည်း ဦးနှောက်ပေါက်ထွက်မတတ် စဉ်းစားရပြန်လေသည်။

ကံကြမ္မာဟာ မိမိအပေါ် ဒီလောက်တောင် အပြီးအတေး ထားကာ ရက်စက်ရသလားဟု. . . ။

ဒေါ်ခတ္တာလှိုင် နွမ်းလျစွာဖြင့် အိပ်ယာထဲ လဲလျောင်းနေလိုက်သည်။

"မေမေ. . . မေမေ"

ရှိန်းတေဇာကတော့ တစ်ဦးတည်းသော သားပီပီ ကလေးဆန်စွာ ဆိုးနွဲ့နေတတ်ဆဲဖြစ်သည်။

အသံပေးရင်း မိဘအခန်းထဲသို့ တွန်းဖွင့်ဝင်ရောက်လာသော ရှိန်းတေဇာက မိခင်ကို ကုတင်ထက် လဲလျောင်းနေတာမြင်တော့ စိုးထိတ်သွားသည်။ အခုတလော မိခင်သည် သူ့ရွှေဆိုင်သွားချိန်မှအပ အိမ်တွင် ရှိသည့်အခါများ၌ ငြိမ်သက်နေတတ်သည်။

"ဟင်. . . မေမေ နေမကောင်းဘူးလား"

"လာလေ. . . သား၊ မေမေ နေကောင်းပါတယ်"

ဒေါ်ခတ္တာလှိုင်က လဲလျောင်းနေရာမှ ထဟန် ပြင်လိုက်သည်ကို ရှိန်းတေဇာက ပျာပျာသလဲ မိခင်ထံ လျှောက်လှမ်းပြီး. . .

"နေ. . နေ. . မေမေ အိပ်ပါ၊ သား ပြောစရာတစ်ခု ရှိလို့





ပါ"

"ဘာများလဲ သား"

"မေမေနဲ့ အန့်တီဝင်း တိုင်ပင်ပြီး သားမသွားခင် နေနေနဲ့ စေ့စပ်သွားချင်တယ်"

"ဟင်. ."

ဒေါ်ခတ္တာလှိုင် နားထင်ကြောတို့၌ ဒိန်းကနဲ သွေးတို့ ဝင်ဆောင့်လေပြီ။

ရင်ထဲမှာတော့ "တဒုတ်ဒုတ်" မြည်သံက ပိုမိုမြန်ဆန်လာလျက် ရှိလေသည်။

"သားစိတ်ကို ဖမ်းစားနိုင်တဲ့မိန်းမဟာ နေနေတစ်ယောက်ထဲပဲ ရှိတယ်လို့ သား ကောင်းကောင်း သဘောပေါက်နေပြီ မေမေ၊ ဒါကြောင့် သား နေနေကို လက်လွှတ်အဆုံးအရှုံးမခံနိုင်လို့ အပိုင်ချည်သွားချင်တယ်"

"နေနေ သဘောကကော. ."

"သားရင်ထဲက ခံစားနေရတာ အရတော့ နေနေ့ရင်ထဲ့ သားရှိနေပြီလို့ ထင်တာပဲ"

ဒေါ်ခတ္တာလှိုင် ရင်တွင်း ဝေခွဲရစိတ်နှင့် နာကျင်မှုတို့ ရောထွေးနေလေပြီ။

အချစ်ရေးကိုတော့ ဝင်စွက်ဖက်၍မရနိုင်။ နဖူးစာဆိုတာ မွေးကတည်းက သတ်မှတ်ပြီးသား ဖြစ်နေသည်မို့ ဖွတ်ဖန်တီးမှုမျိုးကို သူ မလုပ်ချင်။

"နေနေ သဘောတူတယ်ဆိုရင် မေမေတို့ဘက်က အမြန်ဆုံး စီစဉ်ပေးရမှာပေါ့ သားရယ်၊ ဒါပေမယ့် အချစ်အတွက်နဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက် မပျောက်ပါစေနဲ့နော် သား"

ရှိန်းတေဇာ ပျော်ရွှင်မှုနှင့်အတူ ခေါင်းညိတ်ကာ. . .

"စိတ်ချပါ မေမေ၊ ဖေဖေ မေမေတို့အတွက် အမြဲ ဂုဏ်တက်စေရမယ့်သား ဖြစ်စေရပါမယ်၊ သားအပြင်သွားလိုက်ဦး မယ်၊ မေမေ နားတော့နော်"

ရှိန်းတေဇာ မိခင်အခန်းတံခါးကို ပိတ်ပေးခဲ့ပြီး သူ့အခန်း သို့ ဝင်ခဲ့သည်။ ရေချိုးပြီး အဝတ်လဲကာ အပြင်ထွက်ခဲ့သည်။

ယခင်က ပြည့်စုံခြင်းကြောင့် ကိုယ့်ဘဝ ရပ်တည်မှုအတွက် အသက်မွေးဝမ်းကြောင်းပညာနှင့် အလုပ်ကိစ္စတို့ကို အလေးမထား ခဲ့။

"နေနေ" ကို တွေ့ပြီးနောက် ပျော်ပျော်ပါးပါး အချိန်တွေကို ဖြုန်းတီးနေသော သူ့ကိုယ်သူ သတိပြုမိပြီး ရှက်စိတ်ဝင်ကာ အချိန်မီ ပြောင်းလဲလိုက်နိုင်သည်။

ဒါကြောင့် နေနေကို သူ့ဘဝ၏ဖန်တီးရှင်အဖြစ် သူ စွဲလမ်း သွားသည်။

နေနေအတွက် သူသည် သူရဲကောင်း ဖြစ်ချင်လာခဲ့သည်။ သူ လျှောက်လှမ်းလက်စ လမ်းကြောင်းကိုလည်း ခိုင်မာလာကာ အောင်မြင်မှုပန်းတိုင်သို့ ရောက်အောင် လှမ်းရမည်။

သူ ကားပေါ် တက်ကာ မောင်းမထွက်ခင် နေနေထံသို့ မက်ဆေ့ဂျ် ပို့လိုက်ပြန်သည်။

နေနေ

ဘယ်မှာလဲ။ ဆေးခန်းရောက်ပြီလား။

ခုထွက်လာပြီ။





ဟူ၍. . . ။

ကားမောင်းထွက်ခဲ့သည်။

သိပ်မကြာလှ။ တယ်လီဖုန်းခေါ်သံ ထွက်လာသည်။ ရှိန်း တေဇာ နားကြပ်နှင့် တပ်ကာ နားထောင်လိုက်သည်။

"ဟယ်လို"

"ကိုရှိန်း. . . ကျွန်မ မဟာခြံမှာပဲ ရှိနေသေးတယ်၊ နေ့လည်စာ စားပြီးမှ ကိုမြတ်က ပြန်ပို့ပေးမယ်ဆိုလို့"

"ဟင်. . "

ရှိန်းတေဇာရင်ထဲ စိုးထိတ်ပူပန်မှုက ဝုန်းကနဲ ဖြစ်ပေါ် လာ သည်။ ကိုမင်းမြတ်မောင်က နေနေကို ချဉ်းကပ်နေပြီလား။

"ဒါဖြင့် ကျုပ် အဲဒီကို လာခဲ့မယ်. . . ဒါပဲ"

ပြောပြောဆိုဆို ဖုန်းပိတ်လိုက်သည်။ ပါဝါပါ ပိတ်ထား လိုက်သည်။

အစက ကိုမင်းမြတ်မောင်ကို သူလေးစားခဲ့သည်။ သူ့ အသက်အရွယ်နှင့် အောင်မြင်သော စီးပွားရေးပညာရှင် ဖြစ်နေ ခြင်းကို အားကျခဲ့သည်။

နောက်ပိုင်း နေနေနှင့် ဆက်နွယ်လာလျှင်တော့ ကိုမင်း မြတ်မောင်သည် သူ့အတွက် ပြိုင်ဘက်သက်သက် ဖြစ်လာတော့ သည်။

ဘာပဲဖြစ်ဖြစ် အခြေအနေကို သိရှိရန် သူ မဟာခြံဆီသို့ ကားကို ဦးတည်လိုက်လေတော့သည်။

သူ့စိတ်ထဲ ကိုမင်းမြတ်မောင်နှင့် ရန်ဘက်မဖြစ်ချင်ပါ။ မိတ်ဆွေကောင်းပဲ ဖြစ်ချင်သည်မို့. . .



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသိကြားမလို့ ကိုမြတ် နေနေအပေါ် လုံးဝစိတ်ဝင်စားမှု မရှိပါစေနဲ့ဟု ဆုတောင်းလိုက်မိလေတော့သည်။





www.burmeseclassic.com





# အခန်း(၂၈)

နေရတနာစံနှင့် မင်းမြတ်မောင် ခြံထဲ၌ အေးအေးလူလူ ထိုင်ကာ စကားပြောနေကြသည်။ ကျောင်းတုန်းက ရှေးဟောင်း နှောင်းဖြစ်တွေက များသည်။

"နေနေနဲ့ ရှိန်းတေဇာက ငယ်ပေါင်းတွေလား"

ရုတ်တရက် အဆက်အစပ် မရှိဘဲ မေးလိုက်သော မင်းမြတ်မောင်၏မေးခွန်းကြောင့် နေရတနာစံ အံ့အားသင့်သွားသည်။ သို့သော် မိန်းမသားတို့၏ဉာဉ်အရ ရုတ်တရက် မဖြေသေးဘဲ မေးခွန်းပြန်ထုတ်လိုက်သည်။

"ဘာဖြစ်လို့ မေးတာလဲ ကိုမြတ်"



www.burmeseclassic.com

www.burmeseclassic.com



"ငယ်သူငယ်ချင်းတွေလို ရင်းရင်းနှီးနှီး ရှိကြသလိုမျိုး မေးတာပါ"

"သူ့ကို ကြည့်လို့မရပါဘူး၊ သူက အတင်းလိုက်ရောနေတာ စိတ်ညစ်စရာ သိပ်ကောင်းတာပဲ"

နေရတနာခစ် စိတ်ထဲ ခံစားချက်ကို ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်လေသည်။ မင်းမြတ်မောင် အထင်လွဲမှာကို စိုးရိမ်မိသော စိတ်ကြောင့်လား၊ အမှန်တကယ်ပဲ ရှိန်းတေဇာနှင့် ပတ်သက်ပြီး စိတ်ညစ်နေမှုကြောင့်ပဲလားဆိုခြင်းကိုတော့ သူ့စိတ်သူ ဝေခွဲမရပြီ။

"ဒီလိုဆိုရင် ကောင်းပါတယ်"

"ရှင်. ."

"နေနေ. ."

"ရှင်. ."

နေရတနာခစ် မင်းမြတ်မောင်ကို နားမလည်စွာ ငေးကြည့်လိုက်သည်။

မင်းမြတ်မောင်က ပင့်သက်ရှိုက်လိုက်သည်။

"နေနေ ကျုပ်ကို လက်ထပ်နိုင်မလား"

နေရတနာခစ် ရင်ထဲ ရစ်တာစကေး ပြင်းထန်သည့် ငလျင်တစ်ခု လှုပ်ခါသွားလေသည်။

လွန်ခဲ့သော(၈)နှစ်ခန့်ကာလက မျှော်လင့်တောင့်တခဲ့ဖူးသော စကားက ယခုမှ ကြားရသည်။ ကြားပြန်တော့လည်း လိုချင်မိသော ရင်ကို နွေးထွေးလှုပ်ရှားတုန်ယင်စေမည့် "အချစ်" ဆိုသော စကားမပါ။ သူ မြီးကောင်ပေါက်ဘဝက မျှော်လင့်ခဲ့ဖူးသော အိပ်မက်မင်းသားကြီးကို စူးစမ်းသော မျက်ဝန်းနှင့် ကြည့်လိုက်မိ





သည်။

မျက်ဝန်းအရောင်၌ နွေးထွေးမှု မပါ။ အေးစက်နေသော မာန်တက်နေသည်။ ယုံကြည်မှုအပြည့် ရှိနေသည်။

ဘာကြောင့်ရယ် မသိ။ နေရတနာခစ် မျှော်လင့်ထားခဲ့သော သာယာကြည်နူး ရင်ခုန်လှိုင်း ရိုက်ခတ်မှုတို့ ဘာကြောင့် မဖြစ်ပေါ်လာသည် မသိ။

"ဖြေလေ နေနေ"

"ကျွန်မ စဉ်းစားဦးမယ်"

နွေးထွေးမှု ဖြစ်ထွန်းမလာသော မိမိရင်တွင်းဝေဒနာကို သပ်မံ၍ဆန်းစစ်ဖို့ ကာလတစ်ခုတော့ လိုအပ်သည်ဟု နေရတနာခစ် သုံးသပ်မိသဖြင့် တုန့်ပြန်ဖြေလိုက်သည်။

"ဘာ. . . စဉ်းစား. ."

မင်းမြတ်မောင် စကားမဆုံးလိုက်ရ။ ခြံထဲသို့ ဝင်လာသော ရှိန်းတေဇာ၏ကားကို နှစ်ယောက်သား မြင်တွေ့လိုက်ရသည်နှင့်. .

"ဟာင်. ."

နေရတနာခစ် ရင်ထဲ 'ဒိန်းကနဲ' မြည်ဟီးသွားသည်။ ဒင်း ဘာလာရှုပ်ပြန်ပြီလဲ။ သိပ်ကို ပြောရဆိုရ ခက်သည့်လူ။

မင်းမြတ်မောင်အကြည့်တွေက နေရတနာခစ်ပေါ်သို့ ဆိုက်ရောက်သွားသည်။

ဒင်းတို့ အချိန်းအချက် လုပ်ပြန်ပြီလားဟူသော အတွေးနှင့်အတူ နေရတနာခစ်ကို မသက်သာသောအကြည့်နှင့် ကြည့်မိသည်။

အစက ဒီမိန်းကလေး သိပ်ဖြူစင်ခဲ့သည်။ သူ့ရင်ထဲ ရွှလမ်းခဲ့ဖူးသည်။ ဖခင် ချမှတ်ပေးသောလုပ်ငန်းကို မအောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



သနွေ့ အချစ်ရေးကို မစဉ်းစားဘူးဟူသော ဦးနှောက်နှင့် ပယ်ဖျက်ခဲ့လေသည်။

ယခု ဖခင်လည်း မရှိတော့သည့်နောက်ပိုင်း သူ့ဘဝကို အထီးကျန်စွာ မကုန်ဆုံးချင်တော့။

မိသားစုတစ်ခုကို တည်ထောင်တော့မည်ဟု ပိုင်းဖြတ်လိုက်သည်နှင့် သူ့ရင်ထဲ၌ တိမ်းညွှတ်ခဲ့ဖူးသော မိန်းကလေးတို့အား သတိရလိုက်သည်။

သို့သော် ယခုတော့ သူ့နှလုံးသားထဲ ရှုပ်ထွေးကုန်လေပြီ။

မင်းမြတ်မောင်၏မသက်သာသောအကြည့်ကို နေရတနာစံ ရင်ဆိုင်လိုက်ရသောအခါ နေရတနာစံ၏ဒေါသက ရှိန်းတေဇာ အပေါ်သို့ ဆိုက်ရောက်သွားလေတော့သည်။

"ဒီကို ဘာလိုက်လုပ်ပြန်ပြီလဲ မသိဘူး"

"မင်းခေါ်လိုက်တာ မှတ်လား"

"ဒီမှာ ရှိတယ်လို့ပဲ အသိပေးလိုက်တာပါ၊ မခေါ်ပါဘူး. . . သူ့ဘာသာသူ လာတာ"

မင်းမြတ်မောင် ရင်ထဲ မျက်ကနဲ ဖြစ်သွားသည်။ လူတွင်ပါလို့ နွားကျားကိုက်သည့်အဖြစ်ပေပဲ။ နေရတနာစံဆိုသော မိန်းကလေး မဖြူစင်တော့ဘူး။ ဆယ်ကျော်သက်ဘဝနှင့် အရွယ်တော် အစိတ်ဟိုင်းလာသည့်အချိန်နှင့်ဆိုတော့ အတွေ့အကြုံတွေကလည်း စကားပြောသည်ပေါ့။ မိန်းမတွေ၏သဘောက စောကြောရ ခက်သည်မို့ နေရတနာစံ သူ့အပေါ် တွယ်ငြိခဲ့ဖူးသည်ကို ယုံစား၍ မရနိုင်တော့ဟု သဘောပေါက်လိုက်သည်။

ရှိန်းတေဇာက ပြုံးပြုံးရွှင်ရွှင်နှင့် သူတို့ထံသို့ ခြေလှမ်းတဲ့





နှင့် လျှောက်လာလေသည်။

ဩော်. . . မိစုံဖစုံ ပညာဂုဏ်၊ နေဂုဏ်နှင့် ပြည့်စုံသော ထီးတရ မင်းသားတစ်ဦးလို ယုံကြည်မှုအပြည့် ရှိနေသော ရှိန်းတေဇာကို မင်းမြတ်မောင် အားကျခြင်း၊ နာကျင်ခြင်းနှင့် အကဲခတ်နေမိသည်။

"ကိုမြတ် နေကောင်းတယ်နော်၊ ကျွန်တော်လည်း ဗီဇာကိစ္စ အလုပ်များနေလို့ ဒီဘက် ခြေဦးမလှည့်ဖြစ်ဘူး။ စိတ်ကတော့ အမြဲ ရောက်ပါတယ်ဗျာ"

အမေတူသား၊ အမေ၏အလှတွေဟူသမျှ စုပြုံရထားသော၊ အချစ်ဟူသမျှကိုလည်း စုပြုံရထားသော ရှိန်းတေဇာကို မနာလိုသည်း ဖြစ်မိသလို ခံစားနေရသည်မို့ သူ့မျက်နှာက အပြုံးရိပ်တို့ နှင့်တီး၍ မရတော့ချေ။

"ကျေးဇူးတင်ပါတယ်၊ လာ. . . အိမ်ထဲ သွားကြရအောင်"

ပြောပြောဆိုဆိုပင် သူက ဦးဆောင်၍ အိမ်ဘက်သို့ လျှောက်ခဲ့လေသည်။ သူ့နောက်ပါးမှ ခိုတွယ် လိုက်ပါလာသော အသံများကို မကြားချင်ဘဲ ကြားနေရလေသည်။

"ဘာလိုက်လုပ်တာလဲ. . . ဘာကိစ္စ ဒီလောက် အရေးကြီးနေလို့လဲ"

"ဖိုးဖြူနဲ့ စနိုးကိစ္စကို အမေက တာဝန်မယူနိုင်ဘူးဆိုလို့ အမိကိုပဲ အကူအညီတောင်းပါရစေ"

"မကူညီနိုင်ဘူးလို့ ပြောထားပြီးသားပဲ"

"ဒီလို ကွက်ကြားမိုး မရွာပါနဲ့ အမိရယ်၊ တိရစ္ဆာန်ချင်း အတူတူ ကြွက်ကလေးတွေကိုတော့ မေတ္တာမိုး မရွာနိုင်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တော့ မတရားပါဘူး"

"ဪ. . . ခွေးတွေ ကြောင်တွေကို လုံးဝလက်မခံနိုင်ပါဘူးဆိုတဲ့ ရှင်ကျတော့ကော တော်တော်ကြီးမားတဲ့ မေတ္တာရှင်ကြီးပေါ့"

အငေါ်အတူးလေးများနှင့် စကားနိုင်လုနေကြသည့် ရှိန်းတေဇာနှင့် နေရတနာခစ်တို့၏ခင်မင်မှု အတိုင်းအတာကို မင်းမြတ်မောင် ခန့်မှန်းကြည့်ရင်း ရင်ထဲ မသက်သာစွာ ခံစားနေရသည်။

"ဟုတ်တယ်. . . ခုဆိုရင် ခွေး၊ ကြောင် မကတော့ဘူး ရှိသမျှ အကောင်ပလောင်တွေ မွေးလည်း လက်ခံပါတယ်၊ တိရစ္ဆာန်ရုံတစ်ရုံ ဆောက်ပေးဖို့တောင် ဝန်မလေးတော့ပါဘူးဆိုတဲ့အကြောင်းလည်း အမိကို ပြောပြချင်လို့လေ"

"ဟင်. ."

နေရတနာခစ် ရင်ထဲ ဒိန်းကနဲ ဖြစ်သွားလေသည်။

"ကျုပ် လက်နက်ချပါတယ်၊ အမိအဖော်တွေရဲ့သဘောထားထားတဲ့ဆန္ဒကို သူတို့ ကျေနပ်သွားအောင် ကျုပ်လက်ခံလိုက်ပြီ"

"အံမယ်. . . ဖိတ်စာတစ်ခြမ်း ရိုက်လို့ရမလား၊ ကျွန်မဘက်ကတော့ မပြောင်းလဲဘူး"

နေရတနာခစ်က မိခင်၏ပြောင်းလဲသွားသော သဘောထားကြောင့် မိခင်အပြစ် မဖြစ်စေရန် သူပဲ ခေါင်းခံလိုက်လေသည်။

"ရပါတယ်. . . တကယ်ပဲ ဖိတ်စာတစ်ခြမ်း ရိုက်ထားရအောင်၊ အင်ဂေ့ချ်(စေ့စပ်)ထားကြရအောင်လို့ ညှိနိုင်းကြမယ်လေ ကိုယ်က ရှေ့ပြေးသတင်း လာပေးထားတာ"

"အို. . . ဘယ်ဖြစ်မလဲ၊ လက်မခံနိုင်ပါဘူးရှင်၊ ဒါ ကလေး





ကစားစရာကိစ္စ မဟုတ်ဘူးနော်"

နေရတနာခစ်၏ရင်ထဲ သပွတ်အူလို ရှုပ်ထွေးကုန်သည်။

"အချစ်" ဆိုတာ နက်ရှိုင်းခြင်း၊ ရှုပ်ထွေးခြင်းနှင့် ပဟေဠိဆန်ခြင်းတို့နှင့် အဆုံးအစ မရှိပြည့်နှက်နေလိမ့်မည်ဟု သူ ယခင်က သိခဲ့။ အခုတော့. . .

သူ့နှလုံးသားက လက်ခံနိုင်သောသူကို သူကိုယ်တိုင်ပင် အတိအကျ မသိရှိသေးပါလားဟု သဘောပေါက်လိုက်သည်။

"အမိ လက်မခံနိုင်လည်း လက်ခံရမှာပဲ၊ မေမေတို့က ဒီရက်အတွင်း အမိတို့ဆီ လာကြောင်းလမ်းမယ်တဲ့၊ ကိုင်း. . . ငြင်းဖို့ မကြိုးစားပါနဲ့"

"စိတ်ပိန်ရပါလားနော်"

ဟုသာ နေရတနာခစ် ညည်းတွားလိုက်နိုင်လေသည်။

သူတို့ ထပ်မံ၍ စကားမဆက်ကြတော့။ အဘယ်ကြောင့်ဆိုသော် မင်းမြတ်မောင်၏အိမ်တံခါးဝသို့ ရောက်လာသောကြောင့်ဖြစ်သည်။

ဧည့်ခန်းထဲမှာ တရင်းတနှီးနှင့် ရွှန်းရွှန်းဝေ စကားပြောနေကြသော ဒေါ်မင်းနုနှင့် ဒေါ်ခိုင်ဇာဝင်းကို မြင်တွေ့လိုက်ရတော့ ရှိန်းတေဇာ အံ့အားသင့်သွားသည်။

ဒေါ်ခိုင်ဇာဝင်းက ဘာလာလုပ်ရတာလဲ။

ရှိန်းတေဇာ မကျေမနပ် ဖြစ်သွားသည်။ သို့သော် ပြုံးရွှင်စွာဖြင့်. . .

"ဟော. . . အန်တီဝင်းပါ ပါလာတာလား၊ ကျွန်တော်က နေနေတစ်ယောက်ထဲ လာတယ် ထင်လို့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခိုင်ဇာဝင်းက အံ့အားသင့်သွားရာမှ မပြုံးချင်ပြုံးချင်နှင့်. . .

"မောင်ရှိန်းဝေဇာပါလား. . . ဘာကိစ္စ လာတာလဲဟဲ့"

"နေနေလေ. . . အပြန်လာကြိုပေးပါဆိုလို့ ကျွန်တော်လာကြိုတာပါ၊ အန်တီ ပြန်ချင်တဲ့အချိန် အသင့်ပါပဲ"

ဟု မှုသားနှင့် ချည်နှောင်လိုက်သည်။

အချစ်နှင့်စစ်မှာ တရားသည် မတရားသည်မှ မရှိဘဲ၊

ချက်ဆိုရင် နားခွက်က မီးတောက်တတ်သော ရှိန်းဝေဇာက ဒေါ်ခိုင်ဇာဝင်း၏ခြေလှမ်းကို ရိပ်စားမိပြီး တမင်ပြောချလိုက်သည်။

နေရတနာစံ၏ပါးစပ်က ပွင့်အာလာပြီး အသံမထွက်ဘဲ မျက်စောင်းနှင့်သာ တုန့်ပြန်လိုက်နိုင်သလို. . .

ဒေါ်ခိုင်ဇာဝင်းကလည်း မျက်စိမျက်နှာပျက်ကာ. . .

"သမီးကလည်း အလကား၊ မောင်ရှိန်းဝေဇာကို ဒုက္ခသွားပေးတယ်၊ မောင်မြတ် ပြန်ပို့ပေးမယ့်ဟာကို. . ."

"ဩော်. . . အန်တီဝင်းရယ်၊ မဟာရဲ့သူဌေးကြီးကို ဒရိုင်ဘာ မလုပ်ခိုင်းပါနဲ့ဗျာ၊ ကျွန်တော်ရှိနေသားနဲ့ အားနာစရာဗျာ"

ဟု ပြုံးပြုံးလေးနှင့် တုန့်ပြန်လိုက်လေသည်။

ဘယ်သူ့ထံမှ ဘာအသံမထွက်နိုင်ကြတော့ဘဲ ရုတ်တရက်ငြိမ်ကျသွားသည်။

ဒေါ်မင်းနု ရင်ထဲ ပင့်သက်ရှိုက်ကာ သူ့တူတော်မောင်မင်းမြတ်မောင်အတွက် စိတ်မကောင်းဖြစ်သွားသည်။

ကံဆိုးလိုက်တဲ့ သားလေးပါလားကွယ်။ မိခင်မေတ္တာ






ရှေ့ရာမှာ (၅၂၈)ကော၊ (၁၅၀၀)အချစ်မှာပါ ကံခေရှာပါလားဟု ရင်ဝယ် မသက်မသာ ခံစားရင်း. . .။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၉)

ဒေါ်ခိုင်ဇာဝင်း၏ရှုံ့တွပြီး ပျက်ယွင်းသွားသော မျက်နှာအနေအထားကြောင့် ရှိန်းတေဇာရင်ထဲ ခိုးလိုးခုလု ဖြစ်သွားရလေသည်။

ထို့ကြောင့် သားအမိနှစ်ယောက်စလုံးကို ရန်ကုန်သို့ အပြန်အမိအရ ခေါ်ဆောင်ခဲ့လိုက်သည်။

ကိုမင်းမြတ်မောင်ကတော့ သူ့ရင်ထဲ ဘာရှိနေသည်ကို အကဲခတ်၍မရအောင် တည်တံ့ကြည်ကြည်နှင့်ပင် ကားနားအထိ လိုက်လံပို့ဆောင်နှုတ်ဆက်ပြီး ကျန်ရစ်ခဲ့လေသည်။

မဟာခြံထဲက လွန်မြောက်လာသည်နှင့်. . .





"မင်းတို့ချင်းက လူကြီးတွေ စီစဉ်ထားတဲ့ကိစ္စ ဖျက်သိမ်းပြီးကြပြီ မှတ်လား။ ခု. . ဘာလို့ အဆက်အသွယ် လုပ်နေကြသေးတာလဲ"

ဟု ဒေါ်ခိုင်ဇာဝင်းက အားမနာစွာဖြင့် ရှိန်းတေဇာတို့ မေးလိုက်လေသည်။

ရှိန်းတေဇာက အပြုံးလေး ဖန်တီးရင်း. . .

"ကျွန်တော်တို့ ညှိနှိုင်းလို့ မပြေလည်သေးတာပဲ ရှိတာပါ။ တစ်ယောက်ယောက်က အလျှော့ပေးလိုက်မလားလို့ မာနပြိုင်နေကြတာပါ။ ခု. . ကျွန်တော်ကပဲ အလျှော့ပေးလိုက်ပါပြီ"

"ဟင်. . ဘယ်လို. . ဘယ်လို"

ဒေါ်ခိုင်ဇာဝင်း နားထဲ ရှုပ်ထွေးသွားလေတော့သည်။

နေရတနာစံက ရှိန်းတေဇာကို အံ့အားသင့်စွာ ကြည့်ပြီး. .

"ရှင်. . ဘာတွေ ပြောနေတာလဲ"

"ကျွန်တော် နေနေနဲ့ စေ့စပ်သွားချင်ပါတယ် အန်တီ၊ ဖေဖေနဲ့မေမေကလည်း သဘောတူပါတယ်၊ ဒါကြောင့် အန်တီ့ဆီမှာ ခွင့်တောင်းတာပါ"

ရှိန်းတေဇာက ဘယ်သူကိုမှ မမှုဘဲ သူပြောလိုရာကိုသာ နှုတ်ပြောချလိုက်လေသည်။

နေရတနာစံကတော့ ရှိန်းတေဇာ၏တဇွတ်ထိုးနိုင်မှုကို သိထားပြီး ဖြစ်သဖြင့် ဘာမှမပြောတော့။

ဒေါ်ခိုင်ဇာဝင်းမှာ "ဟင်းကနဲ" နေအောင် သက်ပြင်းချလိုက်သည်။

ရှိန်းတေဇာဆိုလျှင်လည်း ဆိုဖွယ်ရာမရှိ။ အသူတော့သေး



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးနှင့် ရွှေ စိန်ရတနာဆိုင်ပိုင်ရှင်၏ တစ်ဦးတည်းသောသား ဆရာဝန်တစ်ဦး။ မကြာမီ ဖခင်ကဲ့သို့ သမားတော် ဖြစ်မည့်သူ တစ်ဦး။

မင်းမြတ်မောင်ကတော့ မိဘမရှိတော့ပေမယ့် တစ်ဦးတည်းသော လုပ်ငန်းရှင် သူဌေးတစ်ဦး။

နှစ်ဦးစလုံးကို ချိန်ခွင်ထဲ ထည့်ကြည့်တော့ ပညာဂုဏ်နှင့် မိဘဂုဏ်က ရှိန်းတေဇာက သာနေသည်။

"ဟူး. . . မင်းတို့ လူငယ်တွေက တယ်ခက်တာပဲ၊ မိဘတွေ ပြောဆိုတုန်းကကျတော့ ကဖျက်ယဖျက်၊ ခုကျတော့ တစ်မျိုးဖြစ်ပြန် ကဲ. . ကဲ. . မင်းတို့ သဘောပဲ"

"မဟုတ်ဘူး မေမေ၊ ရှိန်းက သူ့ဘာသာသူ တစ်ဖက်သတ် ဖြစ်နေတာ၊ သမီး သူ့သဘောကို လက်မခံနိုင်ပါဘူး. . . ငြင်းမှာပဲ"

နေရတနာစံ ဖွတ်မှိတ်ပြီး ငြင်းလိုက်ရသည်။ ရင်ထဲမှာတော့ ယောက်ယက်ခတ်လျက် ရှိလေသည်။

"အချစ်" ဆိုသောအရာက သူ့နှလုံးအိမ်တွင် ဘယ်သူ့အတွက် တည်နေတာလဲ။

"ငြင်းတာက နေနေအပိုင်းလေ၊ ကျွန်တော့်အပိုင်းကတော့ လုပ်သင့်လုပ်ထိုက်တာကို ကျွန်တော်လုပ်သွားမှာပဲ"

ရှိန်းတေဇာကလည်း ခပ်ပြတ်ပြတ်ပင်။ တစ်စေ့လေးမှ အလျှော့ပေးမည့်ပုံ မပေါ်။

ဒေါ်ခိုင်ဇာဝင်း ခေါင်းတွေ နောက်လာသည်။ ကံဇာတာက တက်ချင်တော့လည်း သူသဘောကျသည့် သားမက်လောင်းက နှစ်ယောက်တောင် ပေါ်လာပါလား။





"ကဲ. . . ကဲ၊ စကားနိုင်လုမနေကြနဲ့တော့၊ လူကြီးတွေပဲ စကားပြောကြမယ်"

"ဟင်. . . အင်"

နေရတနာစံ အာမေဋိတ်သံလေး မပီမသနှင့် ညည်းတွားလိုက်ရင်း ရှိန်းတေဇာကို မျက်စောင်းထိုးလိုက်လေသည်။

ဒင်းပဲ အမျိုးမျိုး၊ တတ်လည်း တတ်နိုင်လွန်းတယ်။

ရှိန်းတေဇာကလည်း ကားတွင်း နောက်ခန်းကြည့်မှန်မှတဆင့် သူ့အား မျက်စောင်းထိုးလိုက်သော နဂါးမလေး နေရတနာစံကို မျက်စိတစ်ဖက် လှစ်ကနဲ မှိတ်ပြလိုက်လေသည်။

ဘယ်ရမလဲ၊ ရည်းစားများခဲ့ဖူးသော ရှိန်းတေဇာအနေနှင့် မိန်းမတွေ၏သဘောကို ကောင်းစွာ စောကြောမိပြီးဖြစ်ရာ. . .

နေရတနာစံ၏ ပြူးပြူးစူစူ မျက်စောင်းတဝင့်ဝင့်လေးက အမျက်ကြီးသက်သက် မဟုတ်ကြောင်း အကဲခတ်မိပြီးဖြစ်သည်။

အချစ်ရေး၌ လုံးဝအတွေ့အကြုံ မရှိသော မိန်းမသားပီပီ သူ့နှလုံးသား၌ ဖြစ်ပေါ်နေသည့် ချစ်အကွေ့ရာများကို သူကိုယ်တိုင် မဖတ်တတ်သေးရှာသည့် မိန်းကလေးဟု တွက်ဆပြီး နေရတနာစံကို အာလျှင် သူ၏ဘဝခရီးဖော် ဖြစ်စေရမည်ဟု သန္နိဋ္ဌာန် ချလိုက်ပြီး ဖြစ်နေသည်။

"မင်းမိဘတွေ ဘယ်နေ့ လာမှာလဲ"

"မနက်ဖြန်"

"ဗုဒ္ဓေါ"

"ဒီနေ့ မေမေက အန်တီဆီ ဖုန်းဆက်လိမ့်မယ်"

"ဘုရားရေ. . . မင်းဟာက လောလှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



"လောဆို ကျွန်တော်က ကျောင်းသွားတက်စရာ ရှိသေးတာကိုး"

"မင်းကျောင်းပြီးမှဆိုရင် နေနေလည်း သုံးဆယ်ကျော်ရောပေါ့"

"ဒါဆို နေနေကိုပါ လက်ထပ်ပြီး တစ်ခါတည်း ခေါ်သွားမယ်လေ အန်တီ၊ ဒါဆို ကျွန်တော်က ပိုတောင် ကြိုက်သေးတယ်"

"ဘယ်သူက ရှင့်ကို ယူမယ်ပြောလို့လဲ၊ သိပ်လည်း စိတ်ကူးယဉ်မနေနဲ့"

ဒေါ်ခိုင်ဇာဝင်း ရင်ထဲတော့ ဒွိဟစိတ်များနှင့် ဝေခွဲမရအောင် ဖြစ်သွားရလေသည်။

နောက်ဆုံးတော့ သူဆုံးဖြတ်ပေးရမှာထက် ကာယကံရှင်သမီးကိုယ်တိုင် ဆုံးဖြတ်တာကပဲ ပိုမိုမှန်ကန်လိမ့်မည်ဟုသာ အတွေးပေါက်သွားပြီး. . .

"အေးလေ. . . စဉ်းစဉ်းစားစား လုပ်ကြတာပေါ့"

နေရတနာစံ ရင်ထဲ တဒုတ်ဒုတ် ခုန်လျက် အသံကိုပင် ကောင်းစွာကြားနေရသည်။

ရင်ခုန်စရာလား။

ယခင် စိတ်ကူးယဉ်ထဲက အိပ်မက်မင်းသားက စီနီယာ မင်းမြတ်မောင်ပါ။

စောစောက စီနီယာက သူ့အား လက်ထပ်နိုင်မလား မေးခဲ့စဉ်က အံ့အားသင့်မှုသာ ရင်သို့ စွက်ဖက်ခဲ့သည်။

ယခု ရင်ခုန်သံရှိုင်းက ရင်ကို စွက်ဖက်နေလေပြီ။

အချစ်ဆိုတာ တကယ့်ကို တစ္ဆေတစ်ကောင်လို ခြောက်





လှန့် ဖမ်းစားနိုင်စွမ်း ရှိသည်လား။

နေရတနာစံ ဝေခွဲ၍ မတတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၀)

"ဟင်. . ."

ရှိန်းတေဇာ အံ့အားသင့်သွားသည်။

နေမကောင်းဘူးဆိုကာ ဆိုင်သို့ပင် မသွားသော မေမေတကားကို ကိုယ်တိုင်မောင်းထွက်သွားသည်ကို တွေ့လိုက်ရသဖြင့် သူလည်း ကားကို နောက်ကြောင်းပြန်လှည့်ကာ မိခင်ကားနောက်သို့ နောက်ယောင်ခံလိုက်ခဲ့လေသည်။ သို့သော် ကားပြန်ကွေ့ဖို့ လမ်းကြောင်းရှာနေချိန်နှင့် မီးပွိုင့်မိချိန်တို့ကြောင့် မိခင်ကားကို မျက်ခြည်ပြတ်သွားခဲ့သည်။

သူ ဒီည မိဘနှစ်ပါးကို ဖိအားပေးကာ ပူဆာတော့မည်။





မိခင်ကို ကြိုတင်စည်းဝါးရိုက်ထားရမည်။

ဖခင်က ပညာရေးကိုသာ ဦးစားပေးစေချင်သည်။

"ယောကျာ်းဆိုတာ ဘယ်အချိန် ဘယ်အရွယ်မှ အိမ်ထောင်ပြုပြု နောက်ကျတယ်ဆိုတာ မရှိဘူး" ဟူသော ဖခင်လက်ကိုင်စကားကို ချေပဖို့ မိခင်၏နှုတ်ဖျားက သကာစကားလေးများက များစွာလိုသည်။

စောစောက နေရတနာစံ၏မိခင် အန်တီဝင်းက သူ့သမီးရှိရာ ဆေးခန်းကို အရင်ပို့ခိုင်းပြီးမှ သူ့အား အိမ်သို့ ပြန်ပို့ခိုင်းသည်။

ထို့ကြောင့် နေရတနာစံကို သူ ချစ်ခွင့်မပန်လိုက်ရသေး။ ထို့အတွက် သူ ကားကို မိခင်၏ရွှေစိန်၊ ကျောက်ရတနာဆိုင်သို့ ဦးတည်လိုက်သည်။

ယခုခေတ်၌ စုံတွဲလက်စွပ်၊ လက်ထပ်လက်စွပ်ကလေးတွေ ခေတ်စားနေကြသည်။ ကိုးရီးယား ဗွီဒီယိုကားတွေကလည်း တစ်ကမ္ဘာလုံးကို လွှမ်းမိုးထားနိုင်သည်ဆိုတော့ ခေတ်လူငယ် ဖြစ်သော ရှိန်းတေဇာ၏စိတ်ကူး၌လည်း နေနေ ရင်ခုန်သွားစေသော ချစ်ခွင့်ပန်မှုမျိုးကို ပြုလုပ်ချင်သည်။

"ဟင်. . . အစ်ကိုလေး၊ အန်တီ မရှိဘူး"

မိခင်၏အမျိုးနီးစပ် တော်စပ်သော အရောင်းဝန်ထမ်းက သူ့အား မြင်တော့ လှမ်းပြောလိုက်သည်။

"သိတယ်. . . ငါ့ကို ပလက်တီနမ်နဲ့ စိန်လုပ်ထားတဲ့ စုံတွဲလက်စွပ် ပြစမ်း"

ရှိန်းတေဇာ လက်စွပ်များကို ကြည့်လိုက်သည်။ ဖန်စီဆန်ဆန်နှင့် စိန်အကောင်းစားကို ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိခင်၏ပညာကိုလည်း ငယ်ငယ်ကတည်းက စိန်ကျောက်အကဲခတ် အတတ်ကို တတ်မြောက်ခဲ့သူပီပီ အကောင်းစား စိန်မြ သန့်များကိုသာ သူမျက်စိကျခဲ့သည်။

"မေမေ့ Bill(ဘီလ်)ထဲ မှတ်လိုက်၊ ဒီနှစ်ကွင်း ငါယူသွားမယ်"

အသဲပုံ ကတ္တီပါဗူးလေးထဲ သေသေချာချာ ထည့်ပြီး သူ ယူခဲ့လေသည်။

"ဟုတ်ကဲ့ အစ်ကိုလေး"

သူ ရင်ထဲ အလိုလို ကျေကျေနပ်နေမိသည်။ နေရတနာစံ၏တုန့်ပြန်မှုက မည်သို့ရှိမည်ကို သူမသိနိုင်ချေ။

သူ နေနေတို့ ဆေးခန်းမှ မျက်မှန်းတန်းမိနေပြီဖြစ်သော လတ်လတ်အပါအဝင် ဝန်ထမ်းများအတွက် စားစရာ ကိတ်မုန့်ဝယ်ရန် ကော်ဖီဆိုင်အနီး ကားရပ်ရန်နေရာကို ရှာဖွေလိုက်စဉ် . . .

"ဟင် . ."

မိခင်ကားကို သူမြင်လိုက်ရသဖြင့် ဝမ်းသာသွားသည်။

သို့သော် စိတ်ထဲ စနောင့်စနင်း ဖြစ်သွားရသည်။ မိခင်က ကားကို ကိုယ်တိုင်မောင်းခဲ့သည်။ ဒရိုင်ဘာနှင့်သာ သွားသည်။

ယခု သွေးတိုးသည်ဟု အကြောင်းပြပြီး ဆိုင်မသွား။ သူ နှသွေးပေါင်ချိန်ကြည့်တော့လည်း နော်မယ်ထက် နည်းနည်းပိုသည်မှ အပ ရောဂါရှာမတွေ့။ သို့သော် စိတ်ဖိစီးမှု တစ်ခုခုကြောင့် အနားယူခြင်းဖြစ်မည်ဟု ဖေဖေနှင့်သူ ကြိတ်ကာ ကောက်ချက်ချခဲ့သည်။ ရွှေဈေးတွေ ကျလို့များလားဟု ရယ်မောက ကျီစယ်ခဲ့သေးသည်။

ရှိန်းတေဇာ ကားတံခါးသော့ကို သေသေချာချာ ခတ်ခဲ့ပြီး





မှ ကော်ဖီဆိုင်ထဲ ဝင်ခဲ့သည်။ သူ မိခင်ကို လှမ်းမြင်လိုက်သည်။

ဘေးစောင်းအနေအထား။

တပြိုင်နက်ဆိုသလို မိခင်နှင့် မျက်နှာချင်းဆိုင် ထိုင်နေသူကို မြင်လိုက်ရသည်နှင့် သူ့ရင်ထဲ အံ့အားသင့်မှုကြောင့် ဒိန်းတနဲ မြည်သံကြီးက ရင်ဘတ်ထဲ ပေါက်ထွက်မတတ် ပြင်းထန်သွားလေသည်။

မိခင်မျက်နှာတစ်ပြင်လုံး နီစွေးနေသည်။

ထို့အတူ တစ်ဖက်သူ၏မျက်နှာက မာထန်နေသည်။

ဘာသဘောလဲ။

ရှိန်းတေဇာ သိလိုဇောတို့က ထိန်းမရ။ သူတို့စားပွဲသို့ တန်းလျှောက်သွားသည်။

"ဟင် . . . သား"

သူ့အရိပ် မိုးကျလာတော့မှ မိခင်က သူ့အား မြင်တွေ့သွားဟန်တူသည်။ ထိတ်လန့်တကြား ဖြစ်သွားသည်။

"ကျွန်တော်သွားတော့မယ်၊ ကျွန်တော့်မှာ ပြောစရာစကား ကုန်သွားပါပြီ၊ နောင်ကိုလည်း ခေါ်မတွေ့ပါနဲ့တော့၊ ခွင့်ပြုပါ အန်တီ"

ပြောပြောဆိုဆို ထရပ်လိုက်သော မင်းမြတ်မောင်ကို သူမသိ ဘမသိနှင့် ရှိန်းတေဇာက တားမြစ်လိုက်သည်။

"နေ . . နေပါဦး ကိုမြတ်"

"သားခဏနေပါဦး"

မိခင်က ထရပ်လိုက်သည်။ မင်းမြတ်မောင်ကို လုံးဝ အပျောက်အဆုံး မခံနိုင်သည့်အလား ထဆွဲဟန်ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မင်းမြတ်မောင်သည် ခြေလှမ်းကျဲကြီးနှင့် ခပ်သုတ်သုတ်ပင် ထွက်သွားလေသည်။

မိခင်သည် အရုပ်ကြိုးပြတ်သလို ပြန်ထိုင်ချလိုက်သည်။ မျက်ဝန်းထွက်ပေါက်မှ အတားအဆီးမဲ့ သောကမြစ်တို့ စီးဆင်းထွက်ကျလာကုန်လေသည်။

ရှိန်းတေဇာ မိခင်ဘေး ဝင်ထိုင်ရင်း. . .

“ဘာ. . ဘာတွေလဲ မေမေ၊ သား နားမလည်ဘူး၊ ကိုမြတ်နဲ့ မေမေက. . .”

“ခဏ. .”

မိခင်သည် သူ့အား လက်ကာပြပြီး မျက်ရည်များကို သုတ်လိုက်သည်။ ရေနွေးကြမ်းကို သောက်လိုက်ပြီးမှ. . .

“အိမ်ပြန်ကြရအောင် သား၊ ဒရိုင်ဘာကို ဖုန်းဆက်ဖြီး မေမေ့ကား လာယူခိုင်းလိုက်တော့”

“ဟုတ်ကဲ့”

ရှိန်းတေဇာက သူ့ G.S.M နှင့် ဖုန်းလှမ်းဆက်လိုက်ရင်း မိခင်ကို မျက်တောင်မခတ်တမ်း အကဲခတ်နေမိသည်။ ဒီရက်ပိုင်းအတွင်း သူ့အမေ ခံစားနေရသော ဝေဒနာမှာ လူမှုရေးနှင့် ဆက်နွှယ်နေသော ဝေဒနာပင် ဖြစ်လေမည်ဟု သူ ရိပ်စားမိလိုက်သည်။

သို့သော် ဘယ်လိုဆက်နွှယ်မှုလဲဆိုတာကိုတော့ သူလုံးဝ စဉ်းစားမရနိုင်အောင် ဖြစ်နေလေသည်။

“ဖေဖေ ဒီနေ့ညမှ ပြန်လာမှာ မှတ်လား”

“ဟုတ်ကဲ့”

“ဒါဆိုရင် အိမ်ကိုပဲ မောင်းတော့ သား”





“ဟုတ်ကဲ့. .”

နေရတနာစံထံသို့ သွားမည့် အစီအစဉ်ကို ရုပ်သိမ်းလိုက်ရသည်။ မိခင်ကို အကဲခတ်ရင်း ကားကိုသာ ဂရုတစိုက်နှင့် တိတ်ဆိတ်စွာ မောင်းနှင်ခဲ့လေသည်။

မိခင် ခံစားနေရသည်မှာ ရင်ပွင့်မတတ် ဝေဒနာဟု သူ ကောင်းစွာ နားလည်လေသည်။ ထို့ကြောင့် အလိုက်သိစွာဖြင့် ငြိမ်သက်ပေးနေခြင်းက အကောင်းဆုံးဟု ယူဆလိုက်သည်။

လောကကြီး၏ဇာတ်ခုံပေါ်က လူတိုင်းကိုယ်စီ၌ ဝေဒနာတစ်ရပ်မဟုတ် တစ်ရပ်ကတော့ ငြိတွယ်နေတတ်သည်မှ မုချပါလားဟုလည်း ရှိန်းတေဇာ သဘောပေါက်လိုက်သည်။

ပြည့်စုံချမ်းမြေ့သောလူသား ရှိနိုင်ပါ့မလား။ တစ်ခုမဟုတ် တစ်ခုတော့ ချို့ယွင်းချက် ရှိနေတတ်ကြပါလား။

သဘာဝ၏ကောင်းခြင်းလက်ဆောင်တွေကိုချည်းသာ ပိုင်ဆိုင်သော လူသားဟု ကိုယ်ကိုယ်တိုင် ထင်မြင်ထားသော သူ့ဘဝသည်ကော. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

ရှိန်းတေဇာ ဆောက်တည်ရာမရ ခံစားလိုက်ရသည်။

မိခင်တားမြစ်နေသည့်ကြားက အိမ်ထဲမှ ပြန်ထွက်ခဲ့သည်။

မင်းမြတ်မောင်. . . ဒီလူနဲ့ သူ၏ရေစက်က တော်တော်ပါ,ပါလား။

"၁၅၀၀" အချစ်အတွက်လည်း ပြိုင်ဘက်လို ဖြစ်ခဲ့ရပြီ၊

"၅၂၈" မေတ္တာအတွက်လည်း ပြိုင်ဘက်ဖြစ်ခဲ့ရပြီ။

မိခင်၏အတိတ်ကို ပြည်ဖုံးကား ချထားသော ဂုဏ်ပကာသန ခန်းစည်းနောက်ကွယ်က ဇာတ်လမ်းကို သူသိလိုက်ရတော့ ယူကြုံးမရ ခံစားရလေပြီ။





ရှက်ခြင်း၊ ကြေကွဲခြင်း၊ ဒေါသထွက်ခြင်းဟူသော ဝေဒနာရပ်တို့က သူ့ရင်ထဲ သပွတ်အူပမာ ရှုပ်ထွေး၍နေလေပြီ။

သူ ဘာလုပ်ရမည်နည်း။

နောက်ဆုံးတော့ လိုချင်တာဆိုလျှင် "မရ" ဆိုတာ မရှိခဲ့သော သူ့ဘဝအတွက် ခုချိန်မှာ အလိုချင်ဆုံးအရာက ဘာလဲ၊

သူ့မျက်ဝန်းထဲ "နေနေ" ၏ပုံရိပ်က ထင်ဟပ်လာသည်၊

ထို့ကြောင့် ရှိန်းတေဇာ ကားကို နေရတနာစံ၏တိုက်မွေးကုဆေးခန်းရှိရာသို့ ဦးတည်လိုက်လေသည်။

"ဟင်. . . ဘာလာလုပ်ပြန်ပြီလဲ"

"ကိစ္စရှိလို့. . . ခဏလိုက်ခဲ့မှ ဖြစ်မယ်"

ရှိန်းတေဇာ ပရိယာယ်တွေ ဉာဏ်တွေ ဆင်မနေချင်တော့၊ သိုရင်းကို ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

နေရတနာစံ ရှိန်းတေဇာ မျက်နှာပြင်တွင် တစ်ကြိမ်တစ်ခါမှ မတွေ့ရသော သောကရိပ်၊ ကြေကွဲရိပ်တို့ကို တွေ့လိုက်ရသဖြင့် နှိုးရိမ်စိတ်ကလေး ဝင်သွားသည်။

"ဘာကိစ္စဖြစ်ခဲ့လို့လဲ ရှိန်း"

"ကျုပ်ပြောပြပါမယ်. . . လိုက်ခဲ့စမ်းပါ အမိရာ"

ပြောပြောဆိုဆို လက်တစ်ဖက်ကို အတင်းဆွဲကာ ဒရွတ်တိုက် ခေါ်လေရာ. . .

"နေပါဦး. . . မေးတာတော့ မဖြေဘဲနဲ့ ရှင်ဘယ်လိုဖြစ်နေတာလဲ"

"ဖြေမယ်. . . ဖြေချင်နေတာ၊ အမိ လိုက်ခဲ့၊ တစ်နေရာရာသွားပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်က သူတို့ရှိရာသို့ ပြေးထွက်လာပြီး. . .

"ဘယ်လိုဖြစ်တာလဲ မင်းသားရေ. . . ဖြေးဖြေး၊ ဒါ မိန်းကလေး ကာအိန္ဒြေကို ထိခိုက်စေတဲ့ ပုဒ်မနော်"

ဟု နောက်ပြောင်သလို သတိပေးလိုက်လေသည်။

"မတတ်နိုင်ဘူး. . . ကြိုက်တဲ့ပုဒ်မနဲ့သာ တရားစွဲတော့ကွဲ. . . ကားပေါ် တက်နော် အမိ၊ ကျုပ်ပွေ့တင်ရမလား"

နေရတနာစံ ရှိန်းတေဇာ ဖွင့်ထားပေးသော ကားတံခါးအနီး ပေကပ်ကာ ရပ်နေသဖြင့် ရှိန်းတေဇာက တကယ်ပွေ့တင်တော့မည့်ဟန်နှင့် ပြောလိုက်သောကြောင့် နေရတနာစံ ကယောင်ကယာ ကားပေါ်သို့ တက်လိုက်သည်။

ရှိန်းတေဇာက ကားတံခါးကို ဆောင့်ပိတ်လိုက်သည်။

"ဂျိုင်း. . "

"လတ်လတ်. . . ငါ ခဏလိုက်သွားဦးမယ်"

"ကြွ. . . ကြွ"

ရှိန်းတေဇာ ကားပေါ် ရောက်သည်နှင့် ကားစက်နှိုးကာ ဝူးကနဲ မောင်းထွက်ခဲ့လေသည်။

နေရတနာစံက နီစွေးသော ရှိန်းတေဇာ၏မျက်နှာကို ငဲ့စောင်းကြည့်ရင်း ပင့်သက်ရှိုက်လိုက်သည်။

တပြိုင်နက်ဆိုသလို ကိုယ့်ကိုယ်ကိုယ်လည်း အံ့အားသင့်နေမိလေသည်။

ရှိန်းတေဇာကို သူ ဘာကြောင့် စိမ်းစိမ်းကားကား မနေနိုင်ရသနည်း။ ရှိန်းနှင့် ပတ်သက်လာလျှင် အကြောက်အလန့် မရှိ တရင်းတနှီး ရှိသလို ခံစားနေရသည်။ ကြောက်လည်း မကြောက်





စိမ်းလည်း စိမ်းမနေ။

"ဘာဖြစ်နေတာလဲ"

"အေးအေးဆေးဆေး လိုက်ခဲ့စမ်းပါ အမိရာ၊ ကျုပ် ကားကို ဓါတ်တိုင်တစ်တိုင်ကို ဝင်အောင်းပစ်လိုက်မိလိမ့်မယ်"

"ကြောက်စရာကြီးပါလား"

နေရတနာစံက ပခုံးတွန့်ကာ ကြောက်ချင်ဟန်ဆောင်ပြလိုက်သည်။

ရှိန်းတေဇာ ပုံစံက မပြောင်းလဲ တင်းမာနေဆဲပင်။

ကားက မင်္ဂလာဒုံ အဝေးပြေးလမ်းမကြီးပေါ်သို့ပင် ရောက်လာသည်။

"ရှင်ဘယ်သွားမလို့လဲ၊ ကိုမြတ်ဆီ သွားမလို့လား၊ တစ်နေ့ထဲ ဘယ်နှစ်ခါ သွားမလို့လဲ"

"လာပြန်ပြီလား ဒီကိုမြတ်၊ လူတိုင်း ပါးစပ်မှာ မင်းမြတ်မောင်. . မင်းမြတ်မောင်နဲ့ ကြီးစိုးနေပါလား"

ရှိန်းတေဇာက မေးကြောကြီးများ ထောင်ထလာအောင် ဒေါသတကြီး ပြောဆိုလိုက်သဖြင့် နေရတနာစံ အံ့အားသင့်ပြီးရင်း သင့်သွားရသည်။

"ဒါဖြင့် ဘာဖြစ်နေတာလဲ"

"ကျေးဇူးပြုပြီး ငြိမ်ငြိမ်ကလေး လိုက်ပါပေးပါ အမိ၊ ကျုပ်စိတ်တွေ သိပ်ရှုပ်ထွေးနေလို့ပါ၊ ကျုပ်စိတ်တည်ငြိမ်လာတဲ့အခါ ပြောပြပါ့မယ်"

နေရတနာစံ ပင့်သက်ရှိုက်ကာ. . .

"ဟွန့်. . . သူ့သဘောချည်းပဲ၊ နေတောင် ဝင်နေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဟော့တော်. . . ဖုန်းတို့ ပိုက်ဆံအိတ်တို့တောင် ပါမလာဘူး၊ ရှင့်ဖုန်း ခဏပေး၊ အိမ်ကို စိတ်မပူရအောင် ဖုန်းဆက်ပြောထားလိုက်မယ် လတ်လတ်ကိုလည်း ကားပြန်ပို့ခိုင်းထားလိုက်ရအောင်လို့"

ရှိန်းတေဇာ ပြောင်ညာလိုက်သည်။

"ကျုပ်လည်း ဖုန်းပါမလာဘူး"

လက်ကိုင်အိတ်ထဲမှ ဖုန်းခေါ်သံထွက်ပေါ်လာမှာကိုလည်း မစိုးရိမ်ရ။ သူ ပါဝါပိတ်ထားသည်မှာ မိခင်နှင့် စကားပြောကတည်းက ဖြစ်သည်။

ကားလေးက ထောက်ကြံ့ဘက်မှ လှည်းကူးဘက်သို့ဝင် ရောက်လာရာ အမှောင်ထုက ကြီးစိုးစ ပြုလေပြီ။

"ရှင်. . ရှင်. . ကားရပ်၊ ဒီလောက်အဝေးကြီး ကျွန်မ မလိုက်နိုင်ဘူး၊ ရှင် ကျွန်မကို ကားတင်ပြေးတာလား"

အငေါ်တူးသလိုပါ ငေါ့မေးလိုက်သည်။

ထိုအခါ ရှိန်းတေဇာက ဖြေလိုက်သော အဖြေကြောင့် နေရတနာခံ ကြက်သေ,သေသွားလေတော့သည်။

"ဟုတ်တယ်" ဟု. . .။








"သား ပြန်မလာသေးဘူးလား"

ဦးတေဇာက ညစာစားရန် ထမင်းစားခန်းထဲ ဝင်ဝင်ချင်း ရှိန်းတေဇာကို မတွေ့သဖြင့် မေးလိုက်သည်။

ဒေါ်ခတ္တာလှိုင်က. . .

"ညနေကမှ အပြင်သွားဦးမယ်ဆိုပြီး ထွက်သွားတာ ပြန် မလာသေးဘူး၊ သူငယ်ချင်းတွေနဲ့ တွေ့လို့ စားသောက်နေမှာပေါ့"

"ဖုန်းမဆက်ဘူးလား. . . ခါတိုင်း ဆက်နေကျဟာကို"

ရှိန်းတေဇာက ခြေသလုံးအိမ်တိုင်သမားလို ကားတစ်စီး နှင့် သွားချင်ရာသွား၊ လွင့်ချင်ရာ လွင့်နေတတ်သူဖြစ်သည်။ သို့သော် ဘယ်နေရာရောက်ရောက် မိဘကို စိတ်မပူရအောင် ဖုန်း လှမ်းဆက်ပြီး အသိပေးတတ်သူ ဖြစ်သည်။

ယခုတော့ ဒေါ်ခတ္တာလှိုင် ရင်ထဲ မီးတောက်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝ အဖြစ်မှန်ကို သားဖြစ်သူအား အသိပေးလိုက်မိသည်။ သားငယ် အိပ်ခံစားသွားရသလား၊ ရှက်စိတ်တွေနှင့်များ ပေါက်ကွဲလွင့်ပျံ့သွားလေသလားဟု စိုးရိမ်ပူပန်မိလေပြီ။

"လှိုင် ဘာဖြစ်နေတာလဲ၊ ကို မေးနေတယ်လေ"

"ဟင်. . . ကို ဘာမေးလိုက်တာလဲ"

"သားက စေ့စပ်သွားချင်တယ်ဆိုတော့ ဒီကောင်မလေးအပေါ် သူ စွဲစွဲလန်းလန်း ဖြစ်သွားပုံရတယ်နော်"

"ဟုတ်တယ် ကို၊ အဝင်းနဲ့ ရက်ရွေးပြီး ကြောင်းလမ်းဖို့ပြောနေတယ်"

ဒေါ်ခတ္တာလှိုင် ရင်တွင်း ဝေဒနာကို ကွယ်ဝှက်ပြီး ခင်ပွန်းမေးသမျှကို ဟန်မပျက် ဖြေနေရသည်။

ခင်ပွန်းကိုလည်း သား မင်းမြတ်မောင်အကြောင်း ပြောမထွက်နိုင်သေးပေ။

"ဒါဆိုရင်လည်း လုပ်သာ ပေးလိုက်ပါတော့ လှိုင်ရာ၊ တော်ကြာ နောက်ဆံတင်းပြီး စာသင်ရတာ မဖြောင့်ဘဲ ဖြစ်နေဦးမယ်၊ အချစ်ဆိုတာ တစ်ခါတစ်ရံတော့လည်း ခွန်အားတစ်ရပ်ပဲမှတ်လား"

ထိုစဉ် အိမ်ဖော်မိန်းကလေးက ဒေါ်ခတ္တာလှိုင်၏ လက်ကိုင်ဖုန်းကို ယူလာပြီး. . .

"အန်တီဝင်းတဲ့ အန်တီ. . . အရေးကြီးလို့တဲ့"

"ဟုတ်လား. . . ပေးပွေး"

ဒေါ်ခတ္တာလှိုင် ဖုန်းကို လှမ်းယူပြီး ခင်ပွန်းကို တစ်ချက်လှမ်းကြည့်မိသည်။ ဦးတေဇာက ပခုံးတွန့်ပြလိုက်သည်။ တိုက်တိုက်





ဆိုင်ဆိုင် ဆိုသည့်သဘောပင်။

"ဟယ်လို အဝင်း. . . ပြောပါ"

"ခတ္တာရေ. . . ယူ့သားလုပ်ပုံ ကောင်းသေးရဲ့လား"

"ရှင်. . . ဘာဖြစ်လို့လဲ အဝင်း"

ဒေါ်ခတ္တာလှိုင် မျက်လုံးပြူးသွားသည်။ တစ်ပူပေါ် နှစ်ပူဆင့် ဘာတွေများ ဖြစ်ကုန်ပြီလဲ။

"ရှင့်သား ကျွန်မသမီးကို ဆေးခန်းကနေ အတင်းခေါ်သွားတာ ခုထိ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိဘူး၊ သမီးသူငယ်ချင်း လတ်လတ်က ကားပြန်ပို့ရင်း ပြောပြတော့မှ သိတာ"

"ဟင်. ."

ဒေါ်ခတ္တာလှိုင် အံ့အားသင့်ပြီး ပါးစပ်အဟောင်းသားနှင့် ဘာပြော၍ ပြောရမှန်း မသိအောင် ဖြစ်ပြီး ခင်ပွန်းကို ကြည့်လိုက်ပြီး ထမင်းစားခန်း နံရံကပ်နာရီကို ကြည့်လိုက်တော့ ည(၈)နာရီခွဲလုလုပင် ဖြစ်နေလေပြီမို့. . .

"ညစာတွေဘာတွေများ သွားစားကြတာလား မသိဘူး"

"သမီးက လက်ကိုင်အိတ်ကော ဖုန်းရော ကျန်ခဲ့တာ၊ မောင်ရှိန်းက အတင်းလက်ဆွဲခေါ်သွားတာတဲ့"

"ဟုတ်လား. . . ခဏစောင့်ကြည့်ပါဦး၊ ကျွန်မလည်း သားဖုန်းကို ခေါ်ကြည့်ပါဦးမယ်၊ ပြီးတော့မှ အဝင်းကို ပြန်ဆက်သွယ်ပါ့မယ်နော်. . . စိတ်အေးအေးထားပါ"

"ဘယ်ထားနိုင်ပါ့မလဲ. . . ကျွန်မက သမီးရှင်ကိုး ခတ္တာရယ့်"

"စိတ်ချပါ. . . အဝင်းသမီးဟာ ကျွန်မသမီးပဲပေါ့၊ မဲ့တစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက် မစွန်းစေရပါဘူး၊ ကျွန်မတို့ အားလုံး တာဝန်ယူပါ့မယ်၊ ဒါပဲနော်. . . သားဆီကို ဖုန်းခေါ်ကြည့်လိုက်ဦးမယ်”

ဒေါ်ခတ္တာလှိုင် ဖုန်းအော်တိုကို ပိတ်လိုက်သည်နှင့် ခင်ပွန်းက. . .

“ဘာလဲ. . . မင်းသားက လူကြီးတွေ စီစဉ်ပေးတာ မအောင့်နိုင်တော့လို့ ကောင်မလေးကို မ,သွားပြီလား”

“မဟုတ်နိုင်တာ”

ဒေါ်ခတ္တာလှိုင် ခင်ပွန်းကို တုန့်ပြန်ပြီး စကားရှည်ရှည် မပြောနိုင်ဘဲ သားဖုန်းကို ခေါ်ကြည့်လေသည်။ မရ၊ လူကြီးမင်းနှင့် တိုးကာ ပါဝါပိတ်ထားသည်တဲ့။

အကြိမ်ကြိမ် ခေါ်သော်လည်း မရ။

ရပ်နားပြီး ခင်ပွန်းကို ဒေါ်ခိုင်ဇာဝင်း ပြောသမျှ ဖောက်သည်ချလိုက်သည်။

ဦးတေဇာက. . .

“တကယ့်ကောင်ပဲ. . . ခံမပြော နားမထောင်၊ သူလုပ်ချင်ရာကို ဇွတ်လုပ်ထတ်တဲ့ အကျင့်ကတော့ ဘယ်တော့မှ ပျောက်မှာ မဟုတ်ဘူး၊ ဒီလောက်တောင် ဖြစ်နေမှတော့ တစ်ခါတည်းသာ ပေးစားလိုက်တော့၊ ကောင်မလေးကိုပါ တစ်ခါတည်း ခေါ်သွားပါစေတော့”

ဟု ပြောပြီး ထမင်းစားခန်းထဲမှ ထွက်သွားလေတော့သည်။

ဒေါ်ခတ္တာလှိုင် သွေးပင် တိုးလာသည်ထင့်။ ခေါင်းကြောများထွင် တင်းလာလေသည်။ ဒေါ်ခိုင်ဇာဝင်းကို ဖုန်းပြန်ဆက်ပြီး





ခေါ်၍မရသေးသည့်အကြောင်းနှင့် သူတို့ဘက်က သဘောထားတိုလည်း ပြောပြလိုက်တော့. . .

“ဒါကတော့ သမီးနေနေရဲ့ဆုံးဖြတ်ချက်အပေါ်မှာပဲ မူတည်ပါတယ်၊ အဲဒီကိစ္စက ကလေးတွေ ပြန်လာမှပဲ ဆွေးနွေးကြတာပေါ့”

“ကျွန်မ လက်လှမ်းမီသလောက် စုံစမ်းပေးပါ့မယ်၊ သားအတွက် အားလည်းနာတယ်၊ တောင်းလည်း တောင်းပန်ပါတယ် အဝင်းရယ်၊ အဝင်းတို့ ဆန္ဒအတိုင်း ဆောင်ရွက်ပေးပါ့မယ်”

ဒေါ်ခတ္တာလှိုင် တောင်းတောင်းပန်ပန်လေး ပြောလိုက်သည်။

တစ်ဖက်မှ ဖုန်းချသွားသည်နှင့် သားသူငယ်ချင်းများရှိရာသို့ လက်လှမ်းမီသလောက် ဖုန်းဆက်ကာ မေးမြန်းရသည်။

ဘယ်သူကမှ ဒီနေ့ သားနှင့် ဆုံတွေ့ခြင်း မရှိကြောင်းသိရတော့ ဒေါ်ခတ္တာလှိုင် ခွန်အားမရှိသလို အရုပ်ကြိုးပြတ် ဖြစ်သွားရသည်။

သားကြီးမင်းမြတ်မောင်ဆီသို့ ဖုန်းဆက်ကြည့်ရန် စိတ်ကူးဆိုက်ပြီးမှ တွေဝေသွားရသည်။

အကယ်၍များ နေရဘနာစံကို သားကြီးကပါ မေတ္တာမျှနေသည်ဆိုပါက သားကြီး ခံစားသွားနိုင်သည်။ ဗူးလေးရာ ဖရုံဆင့်ဆိုသလို သားကြီးအပေါ် ဝေဒနာတွေ ဆင့်ကာဆင့်ကာ ကျရောက်လာမည်ဆိုပါက သူနှင့် ရှိန်းတေဇာသည် မတရားလွန်းရာကျမည်။

“ပူမနေစမ်းပါနဲ့ လှိုင်၊ ယောကျ်ားလေးပဲ. . . အန္တရာယ်မရှိပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ကို အဲဒီလို တစ်ဖက်သတ် မပြောပါနဲ့၊ မိန်းကလေးရှင် ဘက်ကို မိန်းမသားချင်း စာနာပေးရမှာ ကျွန်မတာဝန်ပဲ"

ခင်ပွန်းအပေါ် အလိုမကျစွာဖြင့် ပြန်ပြောလိုက်မိလေသည်။

နောက်ပြီးမှ သူ့အတိတ်ဟောင်း၏ အမွေအနှစ် ဖြစ်သော သားကြီးမင်းမြတ်မောင် ရှိနေသေးခဲ့သည့်အကြောင်း ခင်ပွန်းကို ဖွင့်ဟဝန်ခံရန်ကိစ္စ ရှိသေးသဖြင့် ပြန်လျှော့လိုက်ကာ. . .

"တော်ကြာ အဖေလို ပညာစုံပြီး ပြန်လာမှ မိဘပေးစားတာကို လွယ်လင့်တကူ လက်ခံလိုက်လို့. . ."

ခင်ပွန်းက စကားဆက်၍မပြောတော့သော သူ့အား ချစ်စိတ်ရည် မပြယ်သေးသည့် မျက်ဝန်းအစုံနှင့် ကြည့်ကာ. . .

"အဲဒီတော့ ဘာဖြစ်သလဲ. . . ဆက်ပြောလေ၊ စားရမှာလည်း သဲတရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီတဝင်းဝင်းမို့ ရေဆေးပြီး စားလိုက်တဲ့လူ ဘာဖြစ်သလဲ၊ ခုထက်ထိ ကိုကတော့ အဟာရသိန္နိ ပြီးနေတာပဲ"

နောက်ပြောင်ကျီစယ်လိုက်သည်ကို ဒေါ်ခတ္တာလှိုင် ရင်ထဲ မလုံအိုးမို့ တုတ်မိုးရှုံနှင့် ရင်ထုမနာဖြစ်ပြီး မျက်ရည်များက ဒလဟော စီးကျလာလေသည်။

"ဟောဗျာ. . . ဒါက ဘာဖြစ်ရတာတုံး မိန်းမရဲ့"

သူ့အတွက် ထာဝရ သမားတော်ပါပဲ။ ရင်ထဲက ဝေဒနာတွေကို ပျောက်ကင်းအောင် ကုစားပေးနိုင်သော ထာဝရ သမားတော် ခင်ပွန်း၏ရင်ထွင်း ခိုဝင်ကာ. . .

"ကိုက အဲဒီလိုပြောလေ ကို့အတွက် လှိုင်က ရင်နာလွန်းလို့





ကိုယ့်ကိုယ်ကိုယ်တောင် ခွင့်မလွှတ်နိုင်ဘူး၊ ကိုလည်း လှိုင့်ကို ခွင့်မလွှတ်ပါနဲ့. . . အပြစ်ပေးပါ"

"ဘာအပြစ်လဲ လှိုင်ရဲ့၊ ကို့ကို ပြောစရာရှိ ပွင့်ပွင့်လင်းလင်း ပြောပါ၊ လှိုင့်မှာ ဒီရက်ပိုင်း ပြဿနာတစ်ခုခု ရှိနေပြီဆိုတာကို သိနေတယ်၊ လင်မယားကြားမှာ လျှို့ဝှက်အပ်တဲ့အရာ မရှိအပ်ဘူး၊ တိုင်း. . . အားရအောင် ငိုပြီးရင် ကို့ကို ပြောပြ၊ ငိုလိုက်ဦး. . . ငိုလိုက်ဦး"

ဒေါ်ခတ္တာလှိုင် ရင်ထုမနာ ဖြစ်ရသည်။ မိမိကိုယ်မိမိ ချစ်တဲ့ခေသည်ဟု ပြောလို့လည်းမရ။ မိမိအပေါ် သိပ်ချစ်တတ်သော ယောကျ်ားနှစ်ယောက်စလုံးနှင့် ဆုံစည်းခွင့်ပေးသော ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့ရင်း. . .

ခင်ပွန်းအား မင်းမြတ်မောင်အကြောင်း ပြောပြလိုက်သောအခါ စကားဆုံးသည်နှင့် သူ့ခင်ပွန်း၏ရယ်သွေးသွမ်း ပြောဆိုက်သော စကားကြောင့် ဒေါ်ခတ္တာလှိုင် ခင်ပွန်းကို ထရှိုးဦးချရန် ကြံရွယ်လိုက်သော်လည်း သူ့ချစ်ခင်ပွန်းက သူ့အား ရင်ခွင်မှ ရုန်းထွက်ခွင့် မပြုချေ။

"ဒါများ ဘာဖြစ်လို့ ပူပန်နေရတာလဲ လှိုင်ရာ၊ ကိုတို့သားမှာ သားချင်း အရင်းမရှိပေမယ့် အဖေတူ အမေကွဲ အစ်ကို တစ်ယောက် ရှိလာတာ ဘယ်လောက်ကောင်းလိုက်သလဲလို့၊ အကောင် ရှိန်းကိုက ကံကောင်းတဲ့ကောင်ပဲ၊ ဟင်း. . ဟင်း. . ဟင်း"

ဟူ၍. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

အဝေးပြေးလမ်းမကြီးပေါ်၌ ကားအသွားအလာကလည်း ကျဲပါးလှသည်။

အချိန်ကလည်း ညဉ့်နက်ပိုင်းသို့ တဖြည်းဖြည်း ချဉ်းကပ်နေလေပြီ။

"အိမ်က စိတ်ပူနေလောက်ပြီ၊ ကျွန်မကို ပြန်ပို့ပေးပါတော့ ရှိန်း"

အကြမ်းနည်း သုံးကြည့်ခဲ့ဖူးသည်၊ မရ။ ရလိုက်သည့် တုန့်ပြန်မှု ရလဒ်က ကြမ်းတမ်းသောအနမ်းများနှင့် ရူးသွပ်သော တဖွဖွ ရေရွတ်မှုများသာ ဖြစ်ခဲ့သည်မို့။





"အမိကို ကျုပ်ချစ်တယ်၊ လုံးဝ လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး၊ အမိ ကျုပ်ကို ချစ်တယ်မှတ်လား"

"ဟုတ်ပါတယ်. . . အမိ ကျုပ်ကို ချစ်တယ်၊ ကျုပ်ရင်ထဲက အလိုလို သိနေတယ်"

"ပြောပါ. . . ကျုပ်ကို ချစ်တယ်၊ လက်ထပ်မယ်လို့သာ ပြော၊ ဟင့်အင်း. . . ကတိပေး၊ ဒါဆို ကျုပ်ကိုယ်တိုင် ချက်ချင်းကားကို ပြန်လှည့်မောင်းပြီး အမိကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးပြီး မိဘတွေဆီ ခွင့်တောင်းမယ်"

တဖက်သတ်ဆန်သော အပြောများနှင့် အနမ်းများကို နေရတနာစံ လက်မခံခဲ့၊ တတ်နိုင်သမျှ ရုန်းကန်ရှောင်ထွက်ခဲ့သည်။

ထို့ကြောင့် နေရတနာစံ ဗျူဟာပြောင်းလိုက်သည်။ ရှိန်းတေဇာကို ဆန့်ကျင်မနေတော့။ အပျော့ဆွဲလေးနှင့်. . .

"ရှိန်း. . . ဘာဖြစ်လို့ ဒီလောက်တောင် အလျင်စလို ဖြစ်နေရတာလဲ၊ လူကြီးတွေက သဘောတူထားပြီးသားဟာပဲ"

ကားကို လမ်းဘေးတွင် ရပ်ထားပြီး ကျယ်ပြန့်သော လယ်ကွင်းများနှင့် မိုးကုတ်စက်ဝိုင်း ထိစပ်နေမှု ငေးကြည့်ရင်း ရှိန်းတေဇာက. . .

"ကျိုက်ထီးရိုးဘုရား သွားဖူးကြရအောင်"

မထူးတော့ပြီမို့ နေရတနာစံ ငြင်းဆန်မနေတော့။ ဘုရားဖူးသွားတာက အခြားသွားနေသည်ထက် အကောင်းဆုံး ဖြစ်သည်ဟု ယူဆကာ. . .

"ကျွန်မ ငြင်းနေရင်လည်း ရှင်က လက်ခံမှာ မဟုတ်တဲ့ အတူတူတော့ ကောင်းတယ်. . . Good တယ် ထင်ရင် Go သာ



www.burmeseclassic.com

www.burmeseclassic.com



Do"

ဟု အငေါ်တူးလေးနှင့် ပြောလိုက်တော့. . .

ရှိန်းတေဇာ ရင်ထဲ အတန်ငယ် ပေါ့ပါးလန်းဆန်းသွားပြီး

"ဒါဖြင့် မောင်းပြီနော် နေနေ"

"မောင်းပေါ့"

ကားကလေးသည် ဝေါမြို့ကို လွန်မြောက်နေပြီး မကြာခင် စစ်တောင်းတံတားကို ဖြတ်ကျော်ကာ သိမ်ဇရပ်မြို့ထဲသို့ ဝင်ရောက်လာလေသည်။

မနားတမ်း တောက်လျှောက်ပင် မောင်းခဲ့ပြီး ကျိုက်ထိုမြို့ ဝင်ခါနီး "စိမ်းလဲ့တင်" ၌ ခေတ္တနားကာ စားသောက် အပေါ့အပါး သွားပြီး တောက်လျှောက်ပင် ကင်မွန်းစခန်းသို့ မောင်းခဲ့လေသည်။

ထို့နောက် ဂေါပကရုံးသို့ ဝင်တွေ့ရာ တောင်တက်ကား၌ နောက်ခန်း၌ လိုက်ပါခွင့် ရသဖြင့် နှစ်ယောက်သား သဘောကျစွာ ဖြင့် လိုက်ပါခဲ့သည်။

ရှိန်းတေဇာက ကားဆင်း ကားတက်သည့်အခါ သူ့အား ပွေ့ချီမတတ် ဖေးမ လက်တွဲပြီး လက်ကို မလွှတ်တော့။

"ပျော်စရာကြီးနော် နေနေ"

ဟု ရှိန်းတေဇာ၏မှတ်ချက်ကို နေရတနာစံ လက်ခံလိုက် ချင်ပြီ။

"အင်း. ."

တောင်အတက်လည်းဖြစ်၊ ညချမ်းလည်းဖြစ်၍ နွေဦး အဝင်ဖြစ်သော်လည်း စိမ့်စိမ့်ကလေး အေးနေရာ. . .

"ဆောရီးနော် နေနေ၊ အမိ ချမ်းနေတော့မှာပဲ၊ ကျွန်





အသားယူတာ မဟုတ်ဘူးနော်၊ လူကြားထဲ ရှုန်းမနေနဲ့"

ဟု ပြောကာ အသာအယာပင် လက်တစ်ဖက်နှင့် ထွေး ဖိတ်ထားလိုက်လေတော့သည်။

နေရတနာစံ ရုန်းကန်ရန် သတိမရတော့။ နွေးထွေးသော ရင်ခွင့်ကို ခိုလှုံခွင့်ရသဖြင့် အချမ်းလည်းပြေ၊ ရင်ထဲလည်း နွေး ထွေးလေတော့သည်။

အမေ့ရင်ခွင်နဲ့လည်း မတူ၊ သူငယ်ချင်းတွေနှင့် ပူးပူးကပ် ကပ် ခရီးသွားခဲ့ခြင်းမျိုးက နွေးထွေးမှုမျိုးလည်း မတူ။ ကြောင် ကလေးတွေ၊ ခွေးကလေးတွေနှင့် ပွေ့ပိုက်သော နွေးထွေးမှုမျိုးနှင့် လည်း မတူ။

တော်တော်လေးကို ထူးခြားသော ခံစားမှု ပေးသည့် ရင်ခွင်နွေးနွေးဖြစ်သည်။

ရင်ထဲ တသိမ့်သိမ့်နှင့် ကြည်နူးမှုသံစဉ်လေးများကလည်း ဖြစ်ထွန်းလေသည်။

"ဟန်းနီးမွန်းခရီးလို့ သဘောထားကြည့်စမ်း နေနေ"

"သွား. ."

ရှက်စနိုးနှင့် ရှိန်းတေဇာ လက်ခုံကို ဆွဲဆိတ်လိုက်မိသည်။ ဒေါသထွက်ဖို့ပင် မေ့လျော့သွားလေသည်။

"ကန်တော့ပါဘုရား. . . ဘုရားဖူးသက်သက်ပါ၊ သစ္စာ ဆိုင်တည်ဖို့ အခွင့်အခါသင့်ပြီ၊ ဘုရားဖူးခွင့် ကြုံခြင်းဖြစ်၍ ဘုရား သည့်တော်ကို ကံကောင်းခြင်းတွေ ပေးသနားတော်မူပါဘုရား"

ဟု ရင်ထဲ ကြိတ်၍ ဆုတောင်းလိုက်လေသည်။

ကျိုက်ထီးရိုး ဘုရားရင်ပြင် ခြေရင်းနားအထိ တောင်တက်



www.burmeseclassic.com

www.burmeseclassic.com



ချောကားက ရပ်ပေးသဖြင့် ရှိန်းတေဇာတို့ အဆင်ပြေစွာပင် ဆင်းခဲ့ကြသည်။

"အေးသေးတယ်နော်"

"ဆိုင်တွေ ဖွင့်ရင် အနွေးထည် ဝယ်ပေးမယ်"

"လုပ်မနေနဲ့တော့. . . သုံးနာရီပဲ ထိုးနေပြီ၊ လာ. . . ဘုရားရှိခိုးမယ်၊ ပြီးတော့ ပြန်ဆင်းမယ်"

သူငယ်ချင်းလည်း မဟုတ်၊ ချစ်သူလည်းမဟုတ်၊ သိကျွမ်းတာ မကြာသေးသော်လည်း ရင်းနှီးမှုက နှစ်ပေါင်းများစွာကတည်းက သိကျွမ်းထားခဲ့သူပမာ နေရတနာစံ ခံစားနေရခြင်းကိုကောင်းစွာသိရှိနေသဖြင့် ကိုယ့်ကိုယ်ကိုလည်း အံ့သြကာ ရှိန်းတေဇာ၏ သူ့အား ပခုံးတွဲဖက်ကာ ခေါ်ဆောင်သွားမှုကို သူ ငြင်းဆန်ရန် မကြိုးစားချင်။ ရင်မှာ နွေးထွေးကာ ကျေနပ်နေမိသည်။

"လေကွယ် နေရာရှာဦးမယ်"

သူတို့ ဘုရားရင်ပြင် လေကွယ်ရာ နေရာကို ရှာပြီး. . .

"နေနေ ဒီကနေ ဝတ်ပြုလိုက်"

ရင်ပြင်တော်၌ ညလုံးပေါက် ဖွင့်ထားသော ရွှေဆိုင်းတို့ကိုလည်းကောင်း၊ ဖယောင်းတိုင် အမွှေးတိုင်တို့ကိုလည်းကောင်း ဝယ်ယူပြီး ဖြစ်သဖြင့် ထွန်းညှိပူဇော်ပြီး ရှိန်းတေဇာက ရွှေဆိုင်းပြားများကို ယူကာ ကျိုက်ထီးရိုးစေတီသို့ ရွှေသင်္ကန်း ကပ်လှူရန် တံတားလေးမှ ကူးသွားလေသည်။

ထို့နောက် ရွှေသင်္ကန်း ကပ်ပြီး သူ့ဘောင်းဘီအိတ်ထဲမှ ကတ္တီပါဗူးကို ထုတ်ကာ. . .

"ဘုရားတပည့်တော် ရှိန်းတေဇာသည် နေရတနာစံ





အပေါ်၌ ရာသက်ပန် လက်တွဲဖော်အဖြစ် ရိုးမြေကျ ပေါင်းသင်းသွားရန် ရည်ရွယ်၍ ချစ်မိခြင်းဖြစ်ပါသည်၊ ဤမှန်ကန်သော သစ္စာစကားကြောင့် နေရတနာစံနှင့် ဖူးစာဖက်ကာ အမြန်ဆုံး ပေါင်းဆုံရပါစေသား"

ကျောက်တုံးစေတီကို ဦးတိုက်ကာ ဆုတောင်းပြီးနောက် ကတ္တီပါဗူးလေးကို ကိုင်ကာ နေရတနာစံထံသို့ ပြန်ခဲ့လေသည်။

နေရတနာစံက မျက်လုံးလေးကို မှိတ်ကာ နှုတ်ခမ်းလေး လှုပ်ရုံပြု၍ ရသမျှ ဘုရားစာတို့ကို ရွတ်ဖတ်သရဇ္ဈာယ်နေလေသည်။

ရှိန်းတေဇာ နေရတနာစံ၏ဘုရားဝတ်ပြုနေပုံကို စေ့စေ့ကြည့်ကာ ကြည်နူးစွာ ခံစားလိုက်ရသည်။

ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးလေးများသည် ဘုရားဝတ်ပြုနေသောအချိန်တွင် အင်မတန် ကျက်သရေ ရှိသော အလှတရားတို့ ဆောင်ကြဉ်းနေပါလားဟု ရှိန်းတေဇာ ကောက်ချက်ချလိုက်လေသည်။

နေရတနာစံ ဦးသုံးကြိမ်ချ အမျှဝေပြီးသွားပြီး မျက်လုံးဖွင့်လိုက်ချိန်၌ မိမိအား မမှိတ်မသုန် စိုက်ကြည့်နေသော ရှိန်းတေဇာကို တွေ့လိုက်ရသောအခါ ရှက်သွေးများ ယှက်သန်းသွားပြီး. . .

"ဟွန်း. . . ဘာကြည့်နေတာလဲ"

"ကျက်သရေ ရှိလို့ ကိုင်း. . . နေနေ၊ ရှိန်း အလေးအနက် တောင်းဆိုပါတယ်၊ ရှိန်းကို လက်ထပ်ခွင့်ပေးပါ"

နေရတနာစံရှေ့ ပုဆစ်ဒူးတုတ် ထိုင်ကာ ကတ္တီပါဗူးလေးကို ဖွင့်ပြရင်း တောင်းဆိုလိုက်သည်။

နေရတနာစံက ကတ္တီပါဗူးထဲမှ စုံတွဲလက်စွပ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာ အံ့အားသင့်သွားလေသည်။ စိန်တစ်ပွင့်ထဲပေမယ့် တန်ဖိုး မသေးလှကြောင်း ကောင်းစွာသိလေသည်။ ငွေရေးကြေးရေးတန်ဖိုး ထက် သူခံစားလိုက်ရသည်က ရှိန်းတေဇာ၏နွေးထွေးသော ကြင်နာယုယမှုများပင်။

“နေနေကို ကိုယ် တန်ဖိုးမဖြတ်နိုင်တဲ့ ချစ်ခြင်းမေတ္တာ တရားနဲ့ ချစ်မိတာပါ။ သေတပန် သက်တစ်ဆုံးအတွက် ရည်ရွယ်ပြီး ချစ်မိတာပါ၊ ဒါကို သစ္စာဆိုရဲပါတယ်၊ နေနေကို လက်လွှတ်ဆုံးရှုံး မှာ ကြောက်လို့ အခမ့် ဆန်ခဲ့တဲ့ ရှိန်းလုပ်ရပ်တွေကိုလည်း ခွင့်လွှတ် ပေးပါ”

နေရတနာခစံ မှင်သက်သွားသည်။ အိပ်မက်ထဲ လမ်း လျှောက်နေသူပမာ ယောင်တီးယောင်နန့်နှင့် ဘယ်လက်ကလေးကို ရှိန်းတေဇာ ဆွဲယူခြင်းကိုလည်း မငြင်းဆန်မိ။

ထို့နောက် ညာလက်သူကြွယ်တွင် လက်စွပ်ကလေး ဝတ် ပေးလာသောအခါ လက်သူကြွယ်တွင် အံဝင်ခွင်ကျ ဖြစ်နေသော သည်။

“ကျေးဇူးတင်ပါတယ် နေနေ၊ ရှိန်းကိုကော ပြန်မဝတ်ပေး တော့ဘူးလား”

နေရတနာခစံ စပါးကြီးမြွေတစ်ကောင်၏ညှို့ချက်မိသူပမာ ဖြစ်နေလေပြီ။

ရှိန်းတေဇာ လက်ထဲမှ ကတ္တီပါဗူးအတွင်း ကျန်ရှိနေသော စိန်လက်စွပ်ကလေးကို ယူပြီး ရှိန်းတေဇာ၏ဘယ်ဘက်လက် သူကြွယ်တွင် ဝတ်ဆင်ပေးလိုက်သည်။

“ဟား. . . ကျေးဇူးတင်လိုက်တာ နေနေရယ်၊ နေနေ နှိုး





တို့ လက်ခံတာပေါ့နော်”

“အင်း. . . ဟုတ်မယ်ထင်တယ်”

နေရတနာခစံ ရှက်ပြုံးလေးနှင့် မတင်မကျ ကလိလိုက် သည်။

သူစိမ်းယောကျ်ားလေးတစ်ဦးနှင့် ညအိပ်ညဉ့်နေ ပျောက် ဆုံးသွားခဲ့သော မိန်းမပျိုတစ်ယောက်ကို ကျန်ဘယ်ယောကျ်ားလေး တမှ ခွင့်လွှတ်နိုင်လိမ့်မည်မဟုတ်။

စိန်နီယာ မင်းမြတ်မောင်ကို စိတ်အာရုံထဲ ပြေး၍မြင် ယောင်ကြည့်ရင်း ပင့်သက်ရှိုက်လိုက်မိလေသည်။

သူနှင့်က နှစ်ပေါင်းများစွာကတည်းက တွေ့ဆုံခဲ့သည်။ မျှော်လင့်ခြင်းတို့ကို အချိန်က တဖြည်းဖြည်း ဝါးမြိုသွားခဲ့သည်မို့. .

စိန်နီယာထံမှ တိတ်တခိုး မျှော်လင့်ချက်တို့သည် ဝေဝါး သွားခဲ့လေပြီ။

ရှိန်းတေဇာက ဘေးဘီသို့ ကြည့်လိုက်သည်။

ရင်ပြင်တော်ပေါ်တွင် အိပ်မောကျနေသူနှင့်၊ မီဒှာန်ပုတီး စိပ်သူများ၊ ဘုရားရှိခိုးနေသူများ သူ့အာရုံနှင့်သူ ရှုပ်နေကြသည်။

ထို့ကြောင့် နေရတနာခစံ၏ဘယ်လက်ခုံလေးကို ဆွဲယူကာ နမ်းရှိုက်လိုက်ပြီး. . .

“ကျန်ဘဝခရီးကို မောင်တို့နှစ်ယောက် လက်တွဲပြီး ရင်ဆိုင်သွားကြရအောင်နော်၊ မောင့်ကို နားလည်ခွင့်လွှတ်ပြီး ချစ်နိုင်အောင် ကြိုးစားပေးပါ နေနေ”

နေရတနာခစံ ခေါင်းညိတ်လိုက်ရုံမှအပ ပြန်မပြောတတ် တော့။ ပြောစရာစကားတို့က ရင်ထဲမှ တိုးထွက်ခြင်းကို မစွမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နိုင်သေးပေ။

မည်သို့ဆိုစေကာမူ ကျိုက်ထီးရိုးရင်ပြင်ဟူသော အောင်မြေပေါ်၌ ရှိန်းတေဇာ၏သစ္စာတိုင် ချစ်ခြင်းမေတ္တာ အငွေ့အသက်တို့က သူ့ကိုပါ လွှမ်းခြုံသိမ်းသွင်း ယူငင်သွားသည်ကိုတော့ဖြင့် နေရတနာခစ် ကောင်းစွာခံစားလိုက်ရလေသည်။







အခန်း(၃၄)

"ဘာလောနေတာလဲ သားရယ်၊ အဖေဆုံးတာ တစ်လတောင် မပြည့်ရသေးဘူးလေ"

"အကြောင်းရှိလို့ပါ ကြီးကြီးရာ"

မင်းမြတ်မောင်က မိန်းမတောင်းပေးပါဟု ပြောလာခြင်းတို့ ဒေါ်မင်းနုက လက်မခံချင်။ ခက်နေသည်က အပွေးမြင် အပင်သိနိုင်သော လူကြီးပီပီ မင်းမြတ်မောင်၏ရှုံးသွပ်နေသော စိတ်ခံစားမှု အခြေအနေကိုလည်း နားလည်နေသည်။

"အိမ်ထောင်ရေးဆိုတာ အရမ်းလေးနက်တယ် သား၊ မင်းနေနေကို တကယ်ချစ်တာကော ဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. ."

မင်းမြတ်မောင် ထိုမေးခွန်းကို သူ့ကိုယ်သူ တစ်ခါမှ မမေးခဲ့ဖူးချေ။

"စိတ်ဝင်စားတယ်"

"စိတ်ဝင်စားရုံသက်သက်ဟာ အချစ်မဟုတ်ဘူးသား"

"အချစ်ဆိုတာကြီးဟာ လောကကြီးအတွက် မရှိမဖြစ် အရာမှ မဟုတ်တာ၊ ဒါကို ကျွန်တော် ထည့်မတွက်နေချင်ဘူး၊ လက်ထပ်သင့်တယ် ထင်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ပြီး သစ္စာရှိရှိ ပေါင်းဖော်သွားဖို့ အိမ်ထောင်ဦးစီး ယောကျ်ားကောင်းတစ်ယောက် ဖြစ်ဖို့ဟာ အဓိက အကျဆုံးပဲမှတ်လား ကြီးကြီး"

"ကိုင်း. . ကိုင်း. . မင်းသဘော၊ မင်းသဘောပဲ ကိုမြတ်ရေ၊ ငါ အပျိုကြီးက အချစ်နဲ့ အိမ်ထောင်ရေးကို ဝေဖန်ဆန်းစစ်နေလို့လည်း မင်းက လက်ခံမှာ မဟုတ်တာ၊ မင်းသဘောပဲ. . . ငါက လိုက်ဆိုလည်း လိုက်ပေးရုံပဲပေါ့"

တူဝရီးနှစ်ယောက် အခြေတင် ပြောဆိုပြီးမှ နောက်ဆုံး ဒေါ်မင်းနုက အလျှော့ပေးကာ မျိုးတော်မောင် ခေါ်ဆောင်ရာသို့ လိုက်ပါခဲ့သည်။

ရက်ရာဇာ၊ ပြဿဒါး ရွေးမနေ၊ မင်းမြတ်မောင်က လောက၌ စည်းစိမ်ချမ်းသာ ငွေဂုဏ် ခနဂုဏ်ကသာ "အောင်မြင်ခြင်း" ကို ရယူနိုင်သည်ဟူသော အယူဝါဒကို လက်ကိုင်ပြုလျက် သူ့ဖခင်၏အတိတ်ကြွေးကို ဆပ်ရန် နေရတနာစံ၏မိဘများအိမ်သို့ ဦးတည်လိုက်လေတော့သည်။

နေရတနာစံ၏အိမ်ခြံဝန်းထဲ ဝင်လိုက်သည်နှင့် ကား





တစ်စီးက အိမ်ရှေ့ဆင်ဝင်အောက်၌ ရပ်ထားသည်ကို တွေ့လိုက်ရသည်။

"ဟင်. ."

ဒေါ်မင်းနုကလည်း ကားကို မြင်လိုက်သည်နှင့် ကောင်းစွာ မှတ်မိလိုက်သည်။ ဒေါ်ခတ္တာလှိုင်၏ကား။ ဒရိုင်ဘာကတော့ ဆင်ဝင်အောက် အုတ်ခုံလေးတွင် ထိုင်ကာ အားကစား ဂျာနယ် တစ်စောင်ကို ဖတ်နေလေသည်။

မင်းမြတ်မောင်၏မျက်နှာသည် ဒေါသကြောင့် နီစပ်စပ် ဖြစ်လာလေသည်။ ရင်ထဲ ဗလောင်ဆူပွက်လျက် ရှိလေပြီ။

သူတို့သားအဖ၏ဘဝကို ဝေဒနာတွေ ရအောင် ဖန်တီးပေးခဲ့သည့် ဤအမျိုးသမီးကြီးကို သူမတွေ့ချင်ပါ။ တွေ့လိုက်တိုင်း သူ့ရင်အစုံက ပေါက်ကွဲထွက်မတတ် ခံစားရဦးမည်ဖြစ်သည်။

"သား. . . အမေဟာ အမေပဲနော်၊ သူ့ခမျာ ဘာမှ မသိခဲ့ရှာတဲ့အတိတ်အတွက် သားမိခင်ကို မပြစ်မှားနဲ့. . . ကံကြီးထိုက်မယ်"

မင်းမြတ်မောင် ဘာမှမပြော။ ကားကို ထိုးရပ်လိုက်ပြီး အိမ်ထဲသို့ ဝင်ခဲ့သည်။ ဒီတစ်ခါ လက်ဆောင်ခြင်းတောင်းနှင့် ထမင်းဘူးလောက် ရှိသော ကတ္တီပါဗူးနီကို ဖဲကြိုးနီနှင့် ပန်းပွင့်ပုံဖော်ကာ ချည်နှောင်ထားသော ဗူးကို ကိုင်ဆောင်၍ မင်းမြတ်မောင် အိမ်ထဲသို့ ဝင်ခဲ့သည်။

ဒေါ်မင်းနုက ခြံထွက် ဟော်လန် သစ္စာပန်း ရောင်စုံစည်းကြီးကို ပိုက်လျက် နောက်မှ လိုက်ဝင်ခဲ့သည်။

"ဟင်. ."



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို မြင်မြင်ချင်း ဧည့်ခန်းထဲ၌ အခြေတင် ဆွေးနွေးနေကြသော ဒေါ်ခိုင်ဇာဝင်းနှင့် ဒေါ်ခတ္တာလှိုင်မှ အံ့အားသင့်ကာ မတ်တတ်ရပ် ကြိုဆိုမိလျက်သား ဖြစ်သွားကြသည်။

"အို. . . ဖုန်းတွေဘာတွေလည်း ကြိုမဆက်ဘဲနဲ့ ပြုန်းစားကြီးပါလား အစ်မကြီးရယ်၊ ကြွပါ. . . ထိုင်ပါရှင်"

ဒေါ်ခိုင်ဇာဝင်းက ပြာလောင်ခတ်သွားသည်။ ဒေါ်မင်းနုလက်ထဲမှ ပန်းစည်းကိုယူ အိမ်ဖော်မလေးများကို ခေါ်ပေး။ မင်းမြတ်မောင်၏လက်ဆောင်ခြင်းတောင်းကို ယူခိုင်းနှင့် ဧည့်သည်အတွက် ကော်ဖီနှင့် မုန့်ပဲသရေစာတို့ ယူရန် အမိန့်ပေးနှင့် တော်တော်လေး အလုပ်ရှုပ်သွားခဲ့လေသည်။

ဒေါ်ခတ္တာလှိုင်မှာ ထပြန်ရနိုး၊ ဆက်ထိုင်ရနိုး ဖြစ်သွားသည်။

ဒေါ်ခိုင်ဇာဝင်းက. . .

"မိတ်ဆက်ပေးရဦးမယ်. . . ဒါက. ."

"ကျွန်တော်တို့ချင်းက သိကြပြီးသားပါ၊ မိတ်ဟောင်းဆွေဟောင်းတွေပဲ အန်တီ၊ ခု. . ကျွန်တော်လာရတဲ့ကိစ္စအတွက် ဒေါ်ခတ္တာလှိုင် ရှိနေတဲ့အတွက် ပိုပြီးတော့တောင် ကောင်းသွားပါတယ်၊ ဂုဏ်သရေရှိ အမျိုးသမီးကြီးရှေ့ သက်သေထားပြီး ကျွန်တော်တို့ လာရင်းကိစ္စကို ပြောဆိုခွင့်ရတာ ကံကောင်းခြင်းလို့ မှတ်ယူရမှာပါ"

မင်းမြတ်မောင်က အပြုံးအရယ်မရှိ မျက်နှာနှင့် သွေးအေးစွာ ပြောလိုက်လေသည်။

ဒေါ်ခတ္တာလှိုင်ရင်ထဲ အသည်းနှလုံးတို့ မွမွကြေ ပျက်သုဉ်း





မတတ် ခံစားလိုက်ရလေသည်။

ဒေါ်မင်းနုက စိတ်မသက်သာစွာဖြင့် ဒေါ်ခတ္တာလှိုင်ကိုပင် မကြည့်ရက်ရှာတော့ပေ။

ဒေါ်ခိုင်ဇာဝင်းမှ ဘုမသိဘမသိနှင့်. . .

"ဟုတ်လား. . . ကောင်းတာပေါ့၊ ဘာကိစ္စများပါလိမ့်"

ဒေါ်မင်းနုကို ကြည့်ကာ မင်းမြတ်မောင်က ခေါင်းညိတ်ပြလိုက်သည်။ သို့အတွက် ဒေါ်မင်းနုမှာ ရှေ့မျက်နှာ နောက်ထားကာ

"ဒီလိုပါ ဒေါ်ခိုင်ဇာဝင်း၊ တူ မင်းမြတ်မောင်အတွက်က ကျွန်မပဲ အဖေ၊ ကျွန်မပဲ အမေ၊ ကျွန်မပဲ ကြီးတော်အနေနဲ့ အုပ်ထိန်းခဲ့ရတာဆိုတော့ မိဘအုပ်ထိန်းသူတို့ရဲ့ဝတ္တရား၊ နောက်ဆုံးဝတ္တရားအရ ထိမ်းမြားခြင်းအတွက် သားနှစ်သက်တဲ့ နေရတနာစံလေးကို လာတောင်းရမ်းတာပါ၊ သမီးတောင်း လာခဲ့တာပဲဆိုပါတော့. . ."

ဒေါ်ခိုင်ဇာဝင်းမှာ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား မသိအောင် မျက်စိမျက်နှာပျက်သွားရသည်။

ဒေါ်ခတ္တာလှိုင်ကလည်း အစောကြီး ရောက်ချလာပြီး သမီးတောင်းသည်။ သားရှင်ဖြစ်၍ လိုအပ်တာ မှန်သမျှ ဆောင်ရွက်ပေးဖို့ လာရောက်တိုင်ပင်သည်။ ကာယကံရှင် လူငယ်နှစ်ယောက်က ပြန်ရောက်မလာသေး။ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပုံများ ဒေါ်ခိုင်ဇာဝင်း ခေါင်းစားသွားသည်။ တိုင်ပင်ရအောင် ခင်ပွန်းကလည်း ဂေါက်ရိုက် သွားနေသည်။

ဒေါ်ခတ္တာလှိုင် စိတ်ကို ထိန်းကာ သားကြီး မင်းမြတ်မောင်ကို ခိုးကြည့်နေမိသည်။ သားငယ်၏တဖွတ်ထိုးစိတ်ကို သိနေသဖြင့် သားကြီးအတွက် ရင်တွင်း မချိအောင် ခံစားနေရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စက သူတို့ ဆုံးဖြတ်၍ မရနိုင်တော့။ ကာယကံရှင် နေရတနာစံအပေါ်၌သာ မူတည်လေသည်မို့. . .

ဒေါ်ခိုင်ဇာဝင်းမှာ. . .

"ဒါကတော့ ဒီလိုရှိပါတယ် အစ်မကြီး၊ သမီးရဲ့ဆန္ဒကို ကျွန်မ မေးကြည့်ရဦး. . ."

ထိုအချိန်တွင် အိမ်ထဲသို့ ဝင်လာသောသူနှစ်ယောက်ကြောင့် အားလုံး၏မျက်လုံးများက ထိုသူနှစ်ယောက်ထံသို့ စူးစူးစိုက်စိုက် ရောက်ရှိသွားလေသည်။

ကြောင်ကလေးများက ပြေးကြိုသလို ခွေးကလေး နှစ်ကောင်က အမြီးနှံ့လျက် အိမ်ထဲ လိုက်ဝင်ရာ နေရတနာစံက. . .

"သွားကြစမ်း ကလေးတို့၊ ဧည့်သည်တွေ ရှိတယ်၊ စကားပြောရဦးမယ်. . သွားကြ. . သွားကြ"

တကယ့်ကို လူစကား နားလည်ကြသည့်အလား ခွေးကြောင်တို့မှာ လာလမ်းအတိုင်း ပြန်လှည့်ကာ ဧည့်ခန်းမှ ဆုတ်ခွာသွားကြလေတော့သည်။

မင်းမြတ်မောင် ရင်ထဲတော့ ဟာကနဲ ဖြစ်သွားသည်။ မနေ့က သူ့ခြံသို့ လာခဲ့စဉ်ကအတိုင်း ဝတ်ဆင်ထားကြသည်ဆိုတော့ သူတို့နှစ်ဦး အခြေအနေက ဘယ်လိုလဲ။

ဟင်းကနဲ နေအောင် သက်ပြင်းချလိုက်သူကတော့ သမီးရှင်ဖြစ်သူ ဒေါ်ခိုင်ဇာဝင်းပင် ဖြစ်လေသည်။

သမီး၏အိမ်ထောင်ရေး သူဖန်တီးပေး၍မရတော့။ သမီးဘာသာ သမီး ရွေးချယ်ပေတော့။

မကွယ်မဝှက်တမ်းပင် မနေ့ကတည်းက ပျောက်ဆုံးသွားခဲ့





သော သူ့သမီးနှင့် ရှိန်းတေဇာအကြောင်း ဒေါ်မင်းနုတို့[illegible] ရဲသေးဘဲ သမီးကို လက်တို့ကာ တီးတိုးမေးရန် တာစူလိုက်[illegible]သည်။

သို့သော် ရှိန်းတေဇာက. . .



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၂၅)

"မေမေ ရောက်နေတာနဲ့ အတော်ပဲ၊ ကျွန်တော့်ကို မိန်းမတောင်းပေးပါတော့"

ဒေါ်ခတ္တာလှိုင် ရင်ဘတ်ကို လက်နှင့် ဖိကာ အသက်ကို ဝဝလင်လင် ရှူလိုက်လေသည်။

ဒေါ်မိုင်ဇာဝင်းကလည်း နားထင်ကို လက်နှင့် ဖိကာ "ဘုရား. . . ဘုရား"ဟု ရင်ထဲက တမိလေသည်။ ယခင်တုန်းက သမီးကို အိမ်ထောင်မပြုမှာ စိုးသဖြင့် စိုးရိမ်ကာ သမက်ရှာပုံတော်ဖွင့်ရသည်ကလည်း မမောနိုင်။ ခုတော့ စန်းပွင့်မယ့် ပွင့်တော့ တစ်ချိန်တည်း တစ်ပြိုင်နက်တည်းဆိုသလို သမီးတစ်ယောက်ထို





တောင်းသူ သားရှင်က နှစ်ဦးဆိုတော့ ခေါင်းစားကာ သွေးပင်တိုးချင်လာလေပြီ။

မင်းမြတ်မောင် ရှိန်းတေဇာကို ကြည့်လိုက်သည်။

ရှိန်းတေဇာက အကြည့်နှင့် ကြိုလေပြီ။

ဒေါ်ခတ္တာလှိုင်က သားနှစ်ယောက်ကြား ဝင်ကာ. . .

"ရှိန်း နောက်ကျသွားပြီမို့ လက်လျှော့လိုက်တော့"

ရှိန်းတေဇာက မိခင်ကို မကျေနပ်စွာ လှမ်းကြည့်လိုက်သည်။ "မေမေ ဘက်လိုက်တယ်" ဟူသော အကြည့်ဖြစ်ကြောင်း ဒေါ်ခတ္တာလှိုင် နားလည်လိုက်လေသည်။

ထိုအချိန်တွင် နေရတနာစံက မင်းမြတ်မောင်ကို ကြည့်ကာ. . .

"ကိုမြတ်တို့က. ."

"ဟုတ်တယ်. . . သမီးနဲ့ လက်ထပ်ခွင့် လာတောင်းတာ"

"ရှင်. ."

နေရတနာစံ အံ့အားသင့်ခြင်းနှင့်အတူ ရင်ထဲ တစ်မျိုးကြီးဖြစ်သွားရသည်။ ဘယ်လိုခံစားချက်မှန်းပင် မသိတော့။ ငယ်စဉ်ကျောင်းတုန်းက မျှော်လင့်ခဲ့ဖူးသော အချစ်တို့ကို မျှော်လင့်ချိန်တုန်းက မရခဲ့၊ လက်လျှော့ပြီး မျှော်လင့်ချက် မထားတော့သည့်အချိန်မှ ရောက်လိုက်သည်ဆိုတော့. . .

မင်းမြတ်မောင်နှင့် မျက်လုံးချင်း ဆုံမိကြသည်။

သို့သော် ရင်ထဲဝယ် မနွေးထွေးတော့။

"ဘယ်က ပြန်လာကြတာလဲ"

မင်းမြတ်မောင်က သူ့လေသံအတိုင်း အေးတိအေးစက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မေးလိုက်လေတော့သည်။

နေရတနာစံက မိခင်ဘေး ဝင်ထိုင်ရင်း. . .

"ကျိုက်ထီးရိုးအထိ ရောက်သွားတယ်"

မင်းမြတ်မောင် ရင်တွင် ပင့်သက်ရှိုက်လိုက်သည်။

"မနေ့ထဲကပေါ့"

"ဟုတ်ကဲ့"

နေရတနာစံ အမှန်အတိုင်းပင် ဖြေလိုက်သည်။ ဘုရားသွားဖူးတာပဲ။ ဘာဖြစ်လို့ သူက စစ်ဆေးနေတာလဲ။ အမေတောင် ဘာမှ မမေးဘဲနှင့်။

"အန်တီကို တောင်းပန်ပါတယ်၊ အန်တီတို့ဆီ ခွင့်မတောင်းဘဲ နေနေကို ကျိုက်ထီးရိုးအထိ ခေါ်သွားမိတဲ့အတွက် ဖုန်းကလည်း ပါဝါကျနေလို့ပါ"

"အန်တီတော့ ဘာဆိုဘာမှ မပြောချင်တော့ပါဘူး ကိုင်း. . . သမီး၊ သမီးကို ကိုမင်းမြတ်ကလည်း လာတောင်းတယ် ခု ရှိန်းတေဇာကကော ဆိုတော့. . ."

ထိုစဉ် မင်းမြတ်မောင်က လက်ကာ,ကာ. . .

"ခဏ. . ခဏ အန်တီ၊ ကျွန်တော့်ကို ပြောခွင့်ပြုပါ"

အမျိုးသမီးကြီး(၃)ဦးစလုံး၏အကြည့်ကော ရှိန်းတေဇာနှင့် နေရတနာစံ၏အကြည့်ကပါ မင်းမြတ်မောင်ဆီသို့ ဆိုက်ရောက်သွားလေတော့သည်။ ဒေါ်ခိုင်ဇာဝင်းက. . .

"ပြောပါ မောင်ရင်"

"ကျွန်တော်တို့စကားကို ပြန်ရုပ်သိမ်းပါတယ်"

"ဘာ. . ဘယ်လို"





"ဟင်. ."

"ဘာစကားကိုလဲ"

"စောစောက ကြီးကြီးက ကျွန်တော့်အတွက် နေနေကို တောင်းပေးတဲ့စကားပါ။ ခု. . အဲဒီစကားကို ကျွန်တော် ရုပ်သိမ်းပါတယ်၊ ကျွန်တော်အနေနဲ့ သူစိမ်းယောကျ်ားလေးတစ်ဦးနဲ့ တစ်ညလုံး အတူပျောက်သွားခဲ့တဲ့ မိန်းကလေးကို ဘာမှမဖြစ်သလို ထိမ်းမြားယူရဲတဲ့သတ္တိမျိုး မရှိလို့ပါ၊ နောက်ဆက်တွဲ အကျိုးအပြစ်တွေက အင်မတန် နာကျင်မှုတွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက်ပါ၊ ဒါပါပဲ ခင်ဗျာ. . . ကျွန်တော်တို့ကို ခွင့်ပြုပါဦး၊ ကြီးကြီး သွားကြစို့"

နေရတနာစံ ဒေါသကြောင့် မျက်ရည်များပင် စို့လာလေသည်။

ရှိန်းတေဇာက မင်းမြတ်မောင်အား စေ့စေ့ကြည့်ကာ ခပ်ပြုံးပြုံးပင် ရှေ့မှ ကာဆီးပြီး. . .

"ကျွန်တော်တို့ရဲ့သန့်စင်မှုကို ဘုရားမှာ သစ္စာဆိုရဲပါတယ်၊ ဒါပေမယ့် စပျစ်သီး ချဉ်တဲ့ မြေခွေးလိုမျိုးတော့ မပြောလိုက်ပါနဲ့ ကိုမြတ်၊ ကျွန်တော် ခင်ဗျားကို လေးစားလက်စနဲ့ လေးစားသွားပါရစေ"

မင်းမြတ်မောင် ယူကျုံးမရခြင်း၊ တွေဝေခြင်းတို့နှင့်အတူ ရှိန်းတေဇာကို ကြည့်လိုက်မိသည်။ ရင်ထဲမှ ကြေကွဲမှုတို့က ဗလောင်ဆူလျက် ရှိချေပြီ။

လောကကြီး၌ အခြားမည်သည့်အရာတွေကိုမဆို ယှဉ်ပြိုင်နိုင်မည်။ ကံတရားကိုတော့ ယှဉ်ပြိုင်၍မရနိုင်ကြောင်း မင်းမြတ်မောင် ကောင်းစွာသဘောပေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆုံးရှုံးခြင်းတွေကို ရင်မှာ ပိုက်လျက် အမုန်းပွား နေမည့်အစား မေတ္တာတွေ ဖြန့်ကျက်လိုက်လျှင် မေတ္တာတွေ ပြန်ရ နိုင်သည်ဟု. . .။

ရှိန်းတေဇာက မင်းမြတ်မောင်၏လက်ကို ဆွဲကာ. . .

"ခင်ဗျားကို အစ်ကိုတစ်ယောက်အနေနဲ့တော့ ကျွန်တော် လေးစားချစ်ခင်သွားချင်ပါတယ် ကိုကို"

သူတို့အချင်းချင်း နားလည်နိုင်သော စကားကို အသက် ငယ်သော ရှိန်းတေဇာကပင် စတင်၍ ငြိမ်းချမ်းရေးစကား ဆိုလေ ပြီ။

မင်းမြတ်မောင် ရင်ထဲ သိမ့်ကနဲ လှုပ်ခတ်သွားသည်။ အစ်ကိုတစ်ယောက်အနေဖြင့် သူကသာ စတင်ခွင့်လွှတ်တာ မေတ္တာပေးသင့်ပါလျက် သူ့ထက် (၅)နှစ်ခန့် ငယ်သော ညီ ရှိန်း တေဇာကို သူရှက်သွားမိသည်။

ဒေါ်ခတ္တာလှိုင်ကို သူကြည့်လိုက်သည်။ သူ၏မွေးမိခင်က မျက်ရည်ပွန်းသော မျက်ဝန်းအစုံနှင့် သူ့အား တောင်းပန်သော အကြည့် မေတ္တာထားသောအကြည့်တို့နှင့် ကြည့်နေသည်။

မင်းမြတ်မောင် ပင့်သက်ရှိုက်လိုက်သည်။

သူ ရနိုင်သောအရာတွေ အများကြီး ရှိနေပါသေးသည်။

မိခင်မေတ္တာ၊

ညီမေတ္တာ။

မင်းမြတ်မောင် ကမ်းလင့်ထားသော ရှိန်းတေဇာ၏လက် ကို ဆွဲကိုင်လှုပ်ယမ်းပြီးနောက် ပွေ့ဖက်ကာ. . .

"ကွန်ကရက်ကျူလေးရှင်းပါ ညီလေး၊ ကိုကို ညီလေးနဲ့





ညီမလေးရဲ့လက်ထပ်ပွဲကို ကြိုဆိုပါတယ်"

နှစ်ဦးစလုံး၏မျက်ဝန်းရိပ်ဝယ် ကြည်နူးမှု၊ ကြေကွဲပွင့်တို့ က ဝေ့သီလျက် ရှိသည်။

နောက်စက္ကန့်အနည်းငယ်အကြာတွင် လူချင်း ခွာလိုက်ပြီး မင်းမြတ်မောင်က နေရတနာ့စံဘက်သို့ လှည့်ကြည့်ကာ. . .

"ညီမလေး နေနေ"

"ရှင်. ."

"ညီလေးရှိန်းကို လက်ထပ်ဖို့ လက်ခံလိုက်ပြီလား"

နေရတနာ့စံ ရှက်ပြုံးလေးနှင့် ခေါင်းညိတ်ရင်း မပီမသ လေး. . .

"ဟုတ်" ဟု ဆိုလိုက်သည်။

"ဒါဆို. . . ရော့၊ ညီမလေးတို့ မင်္ဂလာပွဲအတွက် ကိုကိုရဲ့ လက်ဆောင်ပါ။ အချိန်တွေဘာတွေ ဆွဲမနေနဲ့တော့၊ တစ်ခါတည်း လက်ထပ်ပြီး ညီလေးနောက်ကို တစ်ပါတည်းသာ လိုက်သွားတော့"

နေရတနာ့စံ ရှိန်းတေဇာကို လှမ်းကြည့်လိုက်သည်။

ရှိန်းတေဇာက ရယ်ကာ. . .

"သိပ်ဟုတ်တာပေါ့. . . ဒါ အဖြစ်သင့်ဆုံးကိစ္စပဲ၊ နော်. . မေမေ၊ ဖေဖေကို နားချပေးပါ"

ဒေါ်ခတ္တာလှိုင် ရင်ထဲ၌ ဝမ်းသာဝမ်းနည်း ရှုပ်ထွေးလျက် ရှိသည်။

နေရတနာ့စံက မင်းမြတ်မောင် ကမ်းပေးသော ရတနာသူ့ တို့ လှမ်းကမ်းမခံဘဲ. . .

"ကျွန်မ လက်မခံပါရစေနဲ့ ကိုကို၊ စီနီယာတွေက ရရှိတဲ့



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုအောင်ဦးရဲ့မေတ္တာမျိုးဟာ နေနေအတွက် တန်ဖိုးမဖြတ်နိုင်လို့ ပါ"

နေရတနာခစ်က လက်မခံတော့ ရှိန်းတေဇာလက်ထဲသို့ ကတ္တီပါဗူးကို အတင်းထိုးထည့်ပေးပြီး. . .

"ညီလေး လက်မခံရင် ကိုကို စိတ်မကောင်းဖြစ်မိမှာပဲ၊ ကိုင်း. . . ခွင့်ပြုကြပါဦး"

ရှိန်းတေဇာက ကတ္တီပါဗူးကို မင်းမြတ်မောင် ကျေနပ်စေရန် လက်ခံထားလိုက်သည်။ မင်းမြတ်မောင်အကြည့်က ဒေါ်ခတ္တာလှိုင်ထံသို့ ဆိုက်ရောက်သွားပြီး ပြုံးပြလိုက်သည်။ နေရတနာခစ်နှင့် ဒေါ်ခိုင်ဇာဝင်းတို့ရှေ့မို့ "မေမေ" ဟု နှုတ်ထွက်မခေါ်သော်လည်း ရင်ထဲကတော့ "မေမေ. . . မေမေ" ဟု မြည်တမ်းနေပြီဖြစ်ကြောင်း ဒေါ်ခတ္တာလှိုင် ခံစားမိကာ မျက်ရည်စနှင့် ပြုံးကာ ခေါင်းညိတ်လိုက်လေသည်။

မင်းမြတ်မောင်တို့ တူဝရီး ပြန်သွားကြသည်။ ရှိန်းတေဇာနှင့် ဒေါ်ခတ္တာလှိုင် မျက်စိတဆုံးကြည့်ကာ ကျန်ရစ်ခဲ့လေသည်။

ဒေါ်ခတ္တာလှိုင်ရင်ထဲ ဘယ်အချိန်ရောက်မှ သားကြီးရယ်လို့ လူပုံအလယ် ဖွင့်ချနိုင်မည် မသိသော်လည်း သားကြီးထံမှ နားလည်မှုနှင့် မေတ္တာကို ရရှိလိုက်ပြီဟု ကောင်းစွာ နားလည်သဘောပေါက်လိုက်လေသည်။

"ကိုင်း. . . ညည်းက ဘာဖြစ်လို့ တစောင်းစေးနဲ့ မျက်ချေးဖြစ်နေတဲ့သူကို လက်ထပ်ဖို့ ချက်ချင်းဆုံးဖြတ်ရတာလဲ"

ထိုစဉ် ဒေါ်ခိုင်ဇာဝင်းက နေရတနာခစ်ကို လက်ကုတ်ပြီး အိတ်မေးရာ နေရတနာခစ်က ပြုံးစိစိလေးနှင့်. . .





"သိဘူးလေ. . . သူ့ဖူးစာ ပါလို့နေမှာပေါ့ မေမေရာ"

"ညည်းကြောင်တစ်ရာဗိုလ်တို့၊ ခွေးတစ်ရာဗိုလ်တို့ကို ဘယ်လိုလုပ်မှာလဲ"

"သမီးသူငယ်ချင်းတွေ ကြည့်လုပ်လိမ့်မှာပေါ့ မေမေရာ"

ထိုစဉ် ဒေါ်ခတ္တာလှိုင်တို့သားအမိကလည်း ဧည့်ခန်းထဲသို့ ပြန်လှည့်အဝင်မို့ ဒေါ်ခတ္တာလှိုင်က. . .

"ဟုတ်ပ့ါ အဝင်းရယ်၊ ကျွန်မအိမ်က ကြွက်ဖြူမောင်နှံက အဆစ်ပါသေးတယ်၊ ဒီကြားထဲ အိမ်က ပညာရေးကို အမိက ထားစေချင်တဲ့ လူကြီးကို မနည်းနားချစည်းရုံးရတော့မှာပဲ"

"ဒီအတွက် ဝါရီမများပါနဲ့ မေမေ၊ ဖေဖေက သားတစ်ခါ ပြောပါပဲ၊ အမိက နေနေ မိဘများ ခွင့်ပြုဖို့ပါ"

ဒေါ်ခိုင်ဇာဝင်း မှုမနေနိုင်တော့။ သမီးကညာ အခါမလင့်ဖို့အရေးအတွက် လူငယ်ချင်းက ပြေလည်သွားကြပြီဆိုမှတော့ ဘာကန့်ကွက်စရာ ရှိတော့သနည်း။ လွတ်ထွက်သွားသော မင်းမြတ်မောင်ဆိုသည့် မဟာငါးကြီးကိုလည်း ကြီးမနေနိုင်တော့။

"ခွင့်ပြုပြီးသားပဲ. . . လူကြီးတွေက အစကတည်းက သဘောတူပြီးသားကို၊ မင်းတို့ပဲ ခုတစ်မျိုး တော်ကြာတစ်မျိုး ဖြစ်နေကြတာ၊ ကိုင်း. . လာ. . ခတ္တာရေ၊ ကျွန်မတို့ အခါပေး ပြက္ခဒိန်ကြည့်ပြီး ရက်ရွေးကြရအောင်"

ဒေါ်ခိုင်ဇာဝင်းနှင့် ဒေါ်ခတ္တာလှိုင်က စာကြည့်ခန်းထဲသို့ ဝင်သွားလေသောအခါ ဧည့်ခန်းထဲ၌ နှစ်ယောက်တည်း ကျန်ခဲ့သဖြင့်အတွက် ရှိန်းတေဇာက နေရတနာခစ်အနီးသို့ ကူးပြောင်းထိုင်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"နေနေ. . . မောင်မေးတဲ့မေးခွန်း မဖြေရသေးဘူးနော်"

"ဘာမေးခွန်းလဲ"

"မောင့်ကို မောင်လို့ ဘယ်တော့မှ ခေါ်မှာလဲ"

"လက်ထပ်ပြီးမှ"

နေရတနာခစ် အနည်းငယ် မှုလိုက်ဦးမည်။

"မောင့်နောက်ကို တကယ်လိုက်ခဲ့မှာနော် နေနေ၊ ခွေးတွေ ကလေးတွေအတွက် မောင့်ကို မငြူစူကြေးနော်"

"အြော်. . မိဘတွေကိုတောင် ထားခဲ့နိုင်မှတော့ တိရစ္ဆာန် လေးတွေက အပရိက ဖြစ်သွားပြီပေါ့။ ဘာလဲ. . . ရှင်က မကျေနပ် ဘူးလား. . . အနိုင်ကျင့်ချင်တာလား၊ ဒါဆို ရှင့်နောက် မလိုက် တော့ဘဲ လက်ထပ်ပြီး ဒီမှာပဲ နေခဲ့. . ."

"ဟိုး. . ဟိုး. . လုံး၀. . လုံး၀ ကျေနပ်လွန်းလို့ သွားလေ ရာရာကို ဟောဒီနှလုံးသားနဲ့ အနီးဆုံး အိတ်ကပ်ထဲတောင် ထည့်ပြီး ခေါ်သွားချင်တာပါ အချစ်ရယ်. . . ယုံပါ"

ပြောပြောဆိုဆို ရှိန်းတေဇာက နေရတနာခစ်ကို ပွေ့ဖက် ကာ ရင်ခွင်ထဲ ဆွဲသွင်းလိုက်သောအခါ နေရတနာခစ်က သိမ့်သိမ့်တုန် ကာ နွေးထွေးခဲ့ဖူးသော ရင်ခွင်ဝပ်ကျင်းအတွင်း ဝပ်စင်းခိုလှုံရင်း ဖြင့်. . .။

မြူပုလဲခင်

10:10 AM
5.1.09

☺ အောင်မြင်စာပေ ☺

BURMESE CLASSIC
www.burmeseclassic.com